www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုဂံသားစာပေ မှ ထွက်ရှိပြီး စာအုပ်များ

၁။ ကိုပိုက် (အပျိုမ၊ မေနှင့် တွေ့တုန်းတွေ့ခိုက်၊ ထွေရာတွေးမိ စကားလက်ဆုံ)

၂။ ကိုပိုက် (၂၀၀၁ မှဆိုးများ)

၃။ ကိုပိုက် (ကြုံဆုံခဲ့ရ မှဆိုးဘဝ)

၄။ ကိုပိုက် (ဝိညာဉ်ကလဲ့စား)

၅။ ကိုပိုက် (အင်တြင်းဝက်ပါ)

၆။ ကိုပိုက် (လောကငရဲပြွန်)

၇။ ကိုပိုက် (နားလည်ခြင်း)

### ယခုလ

၈။ ဆွေလှိုင်ဦး (အပြုံးတစ်ရစ် အဆိုးတစ်ရစ် အချစ်တစ်ဖူးငုံ)

ပုဂံသားစာအုပ် (၈)

# ဆွေလှိုင်ဦး

# အပြုံးတစ်ရစ် အဆိုးတစ်ရစ် အချစ်တစ်ဖူးငုံ

စီစဉ်သူ - ကိုကျော်သူမိုး

ပုဂံသားစာပေ

အမှတ် (၁၄)၊ အနောက်ဗဟိုရ်လမ်း၊
ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၆၁၃၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၉၀၀၅၀၅

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်

(ဩဂုတ်လ-၂၀၀၅)

အုပ်ရေ ( ၅၀၀ )

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်တင်တင်ဝေ (၀၃၇၆၀)၊ မိုးမြင့်စာပေ

အမှတ် (၇၅) ၄-လွှာ၊ ဓမ္မစိန္တာလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပလင်

ဇမ္ဗူရာဇ်

မျက်နှာဖုံးပန်းချီ

ရန်နိုင်ဦး

တွန်ပျူတာစာစီ

• *Asia Born*

တန်ဖိုး – ၉၀၀ ကျပ်



'သီတဂူ' ဆိုတာ သာယာတဲ့ မြို့ကလေးပေပေါ့။

စည်ကားတယ်၊ သိုက်မြိုက်တယ်၊ ခမ်းနားတယ်။ နေချင့်စဖွယ် ကောင်းလှတယ်။

သည်မြို့ကလေးရဲ့ နှလုံးသားဖြစ်တဲ့ မြို့လယ်က 'လမ်းမတော်' မှာ.......

### ပထမ

ပထမဆုံး.......

ကျိုးကျိုးကျဲကျဲ မြည်သံနဲ့အတူ နီပြာရောင် စီးယက်ကားကလေးဟာ လေးဘီးစလုံး အလည်ရပ်ပြီး ကတ္တရာလမ်းပေါ်မှာ တစ်ပေလောက် လျှောတိုက်ပြီး တုံ့ခနဲ ရပ်သွားတယ်။ ပြီးတော့...... ကားရှေ့ခန်းတံခါးပွင့်လာပြီး မိန်းမသားတစ်ယောက် ဆင်းလာခဲ့လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် လှသလား ချောသလားဆိုတာ မပြောနိုင်တ အမှန်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမိန်းမသားရဲ့ ခန္ဓာကိုယ် အထက်ပိုင်းကို မမြင်ရလို့ပါပဲ။

အဲသလိုဆိုတော့ ကျုပ်တို့ကို မျက်စိတစ်ခြမ်း ကန်းနေ တဲ့ သတ္တဝါတွေလို့ ထင်ကောင်း ထင်ပေလိမ့်မယ်။

မကန်းပါဘူး။

မကန်းလို့လဲပဲ ဝင်းစိုနေတဲ့ ခြေဖမိုးကစ်ကစ်ကလေးရယ် ဖြူအိနေတဲ့ ခြေသလုံးသား ဝင်းဝင်းကလေးရယ်၊ ငွေကာဒိုက်က လှပနေတဲ့.......။

ဒါတွေကို မြင်နေရတယ်ပေါ့။ တခြားမမြင်ရတာတွေလည်း ရှိဦးမယ်။ သူမ ထဘီဝတ်ထားတယ်။ ဒါကြောင့် မိန်းမသား တာလောက်တော့ အားလုံးက သိကြတယ်။

ဟုတ်တာပေါ့.......။

သည်လိုဖြစ်ရတဲ့ အကြောင်းတရားကလဲ 'ဆော်မော် မော် တော်ကား စက်ပြင်အလုပ်ရုံ'ရဲ့ တည်ဆောက်ထားတဲ့ အနေအထား ကြောင့်လို့ ဆိုနိုင်တယ်။ ဆော်မော် ကားဝပ်ရှော့ဟာ လမ်းမတော် ရဲ့ ပလက်ဖောင်းဘေးမှာ ကပ်လျက် တည်ဆောက်ထားတယ်။ ဒါ ပေမယ့် ဝပ်ရှော့ဟာ ပလက်ဖောင်းနဲ့ တစ်ညီတည်းမဟုတ်တဲ့ မြေ တိုက်သဘောမျိုး။ ပလက်ဖောင်းထက် လေးပေလောက် နိမ့်နေ တယ်။ ပြီးတော့ ဝပ်ရှော့ရဲ့ ရှေ့ပိုင်းမှာရှိတဲ့ ပြတင်းပေါက်ရှည်ကြီး ကို မှန်တွေနဲ့ ကာထားလေတော့ လမ်းပေါ်က သွားလာလှုပ်ရှား နေကြတဲ့ လူတွေ၊ ကားတွေရဲ့ တစ်ဝက်တစ်ခြမ်းကိုသာ အတွင်း က မြင်ရတယ်။

ဒီးယက်ရှင်မကလေးဟာ ဝပ်ရှော့ရှေ့မှာ ကာထားတဲ့ ပြ တင်းရှေ့မှာ ရပ်လိုက်၊ ခါးအထက်ပိုင်းကို မမြင်ရပေမယ့် မြင်ရတဲ့



အောက်ပိုင်းကတော့ သားနားတယ်။

"သူဟာ လက်ပွေ့အိတ်ကြီးကို ဖွင့်တယ်။ ပြန်ပိတ်တယ်"

"ဟော....... လာပြီ၊ ဝပ်ရှော့ရဲ့ ဝင်ပေါက်ကို လျှောက် လာပြီ"

"လျှောက်လာပြီ"

"ဝင်ပြီ....... ဝင်ပြီ....... ဝပ်ရှော့ထဲကို ဝင်လာပြီ"

"ဟိုက်....... သိပ်ချောပါကလား"

မြန်မာ့အသံက တိုင်းဘောလုံးပွဲသတင်း ကြေညာသူသာ ဆိုရင် အဲသလိုပြောမှာ သေချာတယ်။ ဝပ်ရှော့ထဲမှာရှိတဲ့လူတွေ တော်တော်များများဟာ လုပ်လက်စလုပ်ငန်းတွေကို မေ့သွားပြီး ဝင် လာတဲ့ မချောကလေးကို ငေးတယ်။

လှပါ့.......။

မျက်လုံးဝိုင်းကြီးတွေက ကြည်လဲ့နေတယ်။

မျက်တောင်ကော့ကြီးတွေက တဖျတ်ဖျတ်ခတ်လို့။

နှုတ်ခမ်းဖူးဖူးကလေးက မသိမသာ ပြုံးယောင်ရပေမယ့် အဲဒီနှုတ်ခမ်းမှာ လျှို့ဝှက်တဲ့အလှတွေ ကိန်းဝပ်နေတယ်။

နဖူးဝင်းဝင်းကလေးသို့ ထက်ခြမ်းခွဲပြီး ကျသွားတဲ့ မဟူရာ ဆံပင်တွေက လှတစ်မျက်နှာကို ကန့်လန့်ကာ မချနိုင်တော့။ ရွှေစင် နဲ့ နီနုစ်ကို ရောမွှေထားသလို ဝင်းမှိုနေတဲ့ သူ့မျက်နှာက လှရက် စက်ယို့။

ဒါတင်ပဲလား။

မကပါဘူး။ ရင်တွေကလည်းလှ၊ တင်တွေကလည်းလှ။ အဲ....... ခါးကျပြန်တော့ သေးတယ်။ သွယ်တယ်။ ဖူးခနဲမှုတ်လိုက် ရင် ကျိုးသွားမလား အောက်မေ့ရတယ်။

ဝတ်ထားတာက ဖော့ကီမိုနီ။ အပေါ်ပန်းနု အောက်ပန်းနု

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်.......အဲ.......အထူးအထွေ ခံဝတ်စရာမလို။ နဂိုက အလိုလိုပြည့်ပြီးသားဆိုတာကို မြင်ရသူအားလုံးက ဆန္ဒပြုကြမယ်။

ခက်တာက သူ့အသက်။

သူ့အသက်ကို ရုတ်တရက် ခန့်မှန်းဖို့ မလွယ်လှ။ မျက်နှာက နုငယ်ပေမယ့် ကိုယ်လုံးကိုယ်ထည်က အစွမ်းကုန် ဖွံ့ဖြိုးနေလေတော့.......

အင်း.......မျက်နှာက တစ်ဆယ့်ငါးနှစ်ထား။

ကိုယ်ခန္ဓာက အသက်နှစ်ဆယ်။

သည်နှစ်ခုကို သမပြီး နှစ်နဲ့စား။ အား.......ရပြီရပြီ ဆယ့်ခုနစ်နှစ်ခွဲ။ အဲသလောက်ပဲ ရှိဦးမယ်။ ပြီးတော့ နားမှာပန်တဲ့ နားကပ်အပွင့်၊ လည်မှာဆွဲတဲ့ လည်ဆွဲ၊ လက်မှာ ဝတ်ထားတဲ့ ပန်းခက်လက်ကောက်။ ဒါတွေ အားလုံးဟာ ရဲရဲတောက်အောင် ကောင်းတဲ့ ပတ္တမြားတွေချည်းပဲ။ တန်ဖိုးအားလုံးကိုသာ တွက်ရရင် ငါးသောင်းကျော်မလား မသိဘူး။ အဲဒီထက် တန်တာတွေလည်း ရှိဦးမယ်။

မချောကလေးဟာ ကျုပ်တို့တစ်တွေကို မျက်လုံးဝိုင်းကြီးတွေနဲ့ဝေ့ပြီး ကြည့်လိုက်တယ်။ မျက်တောင်ကော့ကြီးတွေကို တဖျတ်ဖျတ် ခတ်လိုက်တယ်။ အမယ်လေး.......ချမ်းလိုက်တာနော်။ ဒီလောက် ပူတဲ့နေရာမှာ ဒီမျက်တောင်တွေ ခတ်တာနဲ့ပဲ အသည်းကို အေးကရော။

မချောကလေးဟာ သူ့ ကိုယ်ခန္ဓာမှာ အနှံ့အပြားကျရောက်နေတဲ့ ကျုပ်တို့ မျက်လုံးတွေကို ပမာမခန့်လုပ်ရင်း မော်တော်ကားဝပ်ရှော့ရဲ့ ပိုင်ရှင်လဲဖြစ်၊ မန်နေဂျင်းဒါရိုက်တာလဲဖြစ်တဲ့ ဦးသော်မော်ရဲ့ စားပွဲကို ဦးခြေရရ လျှောက်သွားတယ်။ ပြီးတော့ ဦးသော်မော်ရဲ့ စားပွဲရှေ့က ကုလားထိုင်မှာ ဒူးတစ်ဖက်ချိတ်ရင်း ထိုင်လိုက်



တယ်။

"ဘာ အကူအညီလိုပါသလဲ ခင်ဗျာ"

ဦးသော်မော်က မချောကလေးရဲ့ ခံ့ထည်တဲ့ အသွင်အပြင်ကြောင့် လေးလေးစားစား မေးလိုက်ဟန်တူတယ်။

"ရှင့်နာမည်က ရွှေစင်ရှိပါ ဦးသော်မော်"

"ဟုတ်ကဲ့ အမိန့်ရှိပါ။ ကျွန်တော် ဘာ အကူအညီပေးရပါ့မလဲ"

"ဦးသော်မော်ရဲ့ မော်တော်ကားဝပ်ရှော့မှာ မာစီဒီးမော်ဒယ် နှစ်ရာ့နှစ်ဆယ် ကားအင်ဂျင်ကို ကျွမ်းကျွမ်းကျင်ကျင်နိုင်တဲ့ မက္ကင်းနစ်များ ရှိပါသလားရှင်"

သူ့အသံလွင်လွင်ကလေးဟာ ပျံ့လွင့်လာတယ်။

"အသေအချာကို ရှိနေပါတယ် ဒေါ်ရွှေစင်ရှိ"

သူမ ပြုံးလိုက်တယ်။ 'ဒေါ်' ဆိုတာ ခံ့အောင် ထည့်လိုက်ပေမယ့် 'ဒေါ်'တပ်ခေါ်ဖို့ နောက်ထပ် အနှစ်သုံးဆယ်လောက် လိုပေလိမ့်ဦးမယ်ဆိုတာ သူမကိုယ်သူမ ရိပ်စားမိပုံရဟန် တူလေရဲ့။

"ရှိလို့ခေါ်ရင်လဲ ဖြစ်ပါတယ် ဦးသော်မော်၊ အဲ.......အဲဒီ မက္ကင်းနစ်ကို ရှိတွေ့နိုင်ပါသလား။ သူ့နာမည်ကကော"

"သူ့နာမည်က ဘခက်ပါ။ စက်နဲ့ ပတ်သက်လာရင်တော့ ဒီမြို့မှာ သူ့ကို မီတဲ့လူ တစ်ယောက်မှ မရှိသေးပါဘူး ရှင်။ ဒါကြောင့် တချို့က သူ့ကို 'စက်ဘခက်'လို့တောင် ခေါ်ကြတယ်"

"စက်ဘခက် ဟုတ်လား ဦးသော်မော်"

"ဟုတ်ပါတယ်၊ စက်ဘခက်ပါ။ သူ အခု ဒီစားပွဲကို လျှောက်လာနေပါပြီ"

ရွှေစင်ရှိဟာ သမင်မလည်ပြန် လှည့်ကြည့်တယ်။

ကျုပ်က အေးအေးဆေးဆေး တစ်လှမ်းချင်း လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။

## ဒုတိယ

"ကျုပ်နာမည် ဘခက်"

တချို့ကလည်း 'စက်ဘခက်' လို့ ခေါ်ကြလေရဲ့။

"ကျုပ်ကို ဘာဖြစ်လို့ စက်ဘခက်လို့ ခေါ်ကြသလဲဆိုတာရယ်၊ ကျုပ်ဟာ ဘယ်လိုအခြေအနေမျိုးကြောင့် 'သီတဂူ'ဆိုတဲ့ နယ်ခြားမြို့ကလေးကို ရောက်နေရသလဲဆိုတာရယ်ကိုတော့ တင်ပြဖို့ လိုလိမ့်မယ်"

အဲ...... ဘာတဲ့၊ အတိတ်...... အတိတ်......

ပစ္စက္ခလမ်းပေါ်က မျှော်ကြည့်လို့ရတဲ့ ကျုပ်ရဲ့ မဝေးကွာသေးတဲ့ ကာလက ဖြစ်ပျက်ကြုံတွေ့ခဲ့တာတွေ ဆိုကြပါစို့။

ကျုပ်ရဲ့နာမည်ရင်းကတော့ ဘခက်ပါပဲ။ ဒါပေမယ့် အကြောင်းသိတွေက ကျုပ်ကို စက်ဘခက်လို့ ခေါ်ကြတယ်။ ခေါ်ကြပါစေလေ......။ ကျုပ်ကိုယ်နှိုက်က စက်နဲ့အကျိုးပေးခဲ့လေတာကိုး။

အဲ...... စက်ဆိုလို့ အပ်ချုပ်စက်တို့၊ ဖိနပ်ချုပ်စက်တို့လို အနုညာတ စက်မျိုးလိုမဟုတ်သလို အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ ဘွဲ့မြူလက်နက် ဘီလူးစက်ဆိုတဲ့ စက်မျိုးလဲမဟုတ်ဘူး။ စက်တွေ အများကြီးရှိတဲ့အထဲက ကျုပ် ကျွမ်းကျင်တာကတော့ မော်တော်ကားစက်၊ သို့မဟုတ်...... အင်ဂျင်။

အဲသည် မော်တော်ကားအင်ဂျင်နဲ့ ပတ်သက်လို့တော့ ကျုပ်က မဟာဝိဇ္ဇာ၊ ဝိဇ္ဇာဆိုလို့ ဆေးတောင်ဝှေးတွေ ဘာတွေ



မကိုင်ပါဘူး။ စပန်နာဘို့၊ ခွတို့၊ ဝက်အူလှည့်တို့ပဲ ကိုင်တယ်။

ဘယ်လောက်ပဲ ပျက်ပျက်၊ ဘယ်လောက်ပဲ ခက်ခက် ဘခက် ပြင်လိုက်ရင် ခေါင်ခေါင်မြည်အောင် ကောင်းလာစေရမယ်။

ကဲ...... လာစမ်း၊ စက်နှိုးစမ်း။

အသံနားထောင်လိုက်တာနဲ့ အဲဒီကားရဲ့ ပင်စတင်ရင်းတွေ ချောင်နေပြီ။ ဆီလိုက်နည်းတယ်။ မီးများတယ်။ ကာဗရိုက်တာ မကောင်းဘူး။ ပါဝါကျနေပြီ အစရှိသည်တို့ကို ဒိုးခနဲ ဒက်ခနဲ အတတ်ပြောနိုင်တယ်။

ဟိုး...... ရှေးရှေးတုန်းက ပေါ်ခဲ့တဲ့ ဖို့တို့၊ ချက်ပလက်တို့ အော်စတင်တို့ကအစ နောက်ဆုံးပေါ် မာစီဒီး၊ တဲအဲယား၊ တိုယိုတာ၊ တိုယိုပက်...... ဘယ်လောက်ပျက်ပျက် လာခဲ့။

ဖင်မလီယာ၊ မာဇဒါ...... လာစမ်းပါ။

ဒါကြောင့် တချို့က ပြောတယ်။

"ဘခက်ဟာ မအေမွေးကတည်းက 'ခွ'ကို ကိုင်ထွက်လာတဲ့သူတဲ့"

ဟုတ်ချင်ဟုတ်မှာ။

သို့သော်လည်း ကျုပ်ကို မွေးပေးတဲ့ လက်သည်ဒေါ်ခွဲမိကလည်း မရှိ၊ မှတ်တမ်းတွေ ဘာတွေကလည်း မရှိတော့ ခေါက်ထားလိုက်တော့။

ကဲ...... ဒီပညာတွေ မင်း ဘယ်ကရခဲ့သလဲ။

ဟုတ်ကဲ့...... ကျုပ်အဖေ ကားဝိဇ္ဇာကြီး ဦးမွှေးရှားဆီကပါ။

ကျုပ်တို့နေတာ သံလွင်မြစ်နဖူးက 'မြနန္ဒာ' ပေါ့။

မြနန္ဒာမှာ ကားဝပ်ရှော့တွေ ပေါပေမယ့် ကျုပ်ဖခင်ရဲ့ 'မွှေးရှားဝပ်ရှော့' လောက် ဘယ်ဟာကမှ နာမည်မကြီးလှဘူး။

ဥပမာ...... ရွှေပြည်တော်ကိုကြည့်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်တော် မော်တော်ကားဝပ်ရှော့ဟာ ကျုပ်တို့နဲ့ အပြိုင်အဆိုင်ပေမယ့် ကျုပ်ဖခင်ပိုင်တဲ့ 'ဇမ္ဗူရှား'လောက်တော့ နာမည်မကြီးလှဘူး။

အဲ...... သို့ပေမယ့်......

ရွှေပြည်တော်ရဲ့ပိုင်ရှင် ဦးအောင်ဇော်ဟာ တပည့်တပန်းပေါတယ်။ ငွေရမယ်ဆိုရင် ဘာမဆို အကုန်လုပ်တယ်။ ခိုးလာတဲ့ကားကိုတောင် လက်ခံပြီး ကိုယ်ယောင်ပြောင်းပေးတတ်သတဲ့။

ပြီးတော့ သူ့တပည့်တွေကလဲ ဂျစ်တူးတူး။ မိုက်ရူးရဲတွေချည်းပေါ့။

ဒါပေမယ့်လို့ ကားပညာနဲ့ပတ်သက်ရင်တော့ 'ဖွဲ'ပါ။

အဖေဟာ ကားပညာကို မချွင်းမချန် သင်ပေးခဲ့သလို ခေတ်ပညာကိုလည်း ကျုပ်ကို သင်ပေးခဲ့ပါတယ်''

အဲသလိုနဲ့ တစ်ခုသော လကွယ်နေ့ည သန်းခေါင်ယံမှာ ကျုပ်တို့ရဲ့ ဇမ္ဗူရှားမော်တော်ကားဝပ်ရှော့ကြီးတစ်ခုလုံး မီးလောင်တယ်။

ကျုပ်ဟာ အဲဒီအချိန်မှာ အိမ်မှာမရှိဘူး။ မိတ်ဆွေတစ်ယောက်ရဲ့ မင်္ဂလာဆောင်မှာ ညဉ့်အိပ်ညဉ့်နေ သွားရောက်ကူညီလုပ်ကိုင်ပေးနေလို့ လွတ်သွားခဲ့တာပေါ့။ ကျုပ် အိမ်ပြန်ရောက်တဲ့အချိန်မှာ အိမ်ဟာ ပြာပုံဖြစ်နေပြီ။ အဲဒီပြာပုံထဲမှာ ကျုပ်မိဘရဲ့ အရိုးပြာတွေလည်း ပါလိမ့်မယ်။ ကျုပ်ဟာ မျက်ရည်ကျတတ်တဲ့ လူမျိုးမဟုတ်လို့ မျက်ရည်မကျပေမယ့် စိတ်ထဲမှာ ထိခိုက်လောက်အောင် ခံစားလိုက်ရတယ်။ မိခင် ဖခင်အတွက် နာနာကျည်းကျည်းလည်း ဖြစ်မိတယ်။

ဘာဖြစ်လို့လဲဆိုတော့ မီးက သာမန်လောင်တဲ့ မီးမဟုတ်ဘူး။ ရှို့မီး။



အဖေ့ဝပ်ရှော့ကို မနာလိုလို့ အပြိုင်အဆိုင်တွေက ရှို့တဲ့မီးကို။

အဲသလို ဘာလို့ ပြောနိုင်သလဲဆိုရင်......

ကျုပ်တို့ မော်တော်ကားဝပ်ရှော့နဲ့ မျက်နှာချင်းဆိုင်မှာ ဒေါ်အေးဘုံဆိုတဲ့ မုဆိုးမကြီးတစ်ယောက်ရှိတယ်။ သူ့ယောကျ်ား ဆုံးသွားကတည်းက ကျုပ်အဖေက ကြည့်ရှုစောင့်ရှောက်ထားတာ။

မီးလောင်တဲ့ ညကတော့ ချေးတွေ သိပ်ပေါင်တာနဲ့ ဒေါ်အေးဘုံဟာ တံခါးကို အသာလှစ်ပြီး ကြည့်သတဲ့။ ကျုပ်တို့ ကားဝပ်ရှော့ရှေ့မှာ မည်းမည်း မည်းမည်းနဲ့ လူနှစ်ယောက်ဟာ ပုံးလိုဟာမျိုးကို ကိုင်ပြီး အပေါက်ဝမှာ သွန်ချသတဲ့။ နောက်ပြီး လမ်းတစ်လျှောက်လုံးကို သွန်ချသွားပြီး မီးခြစ်ခြစ်တာ တွေ့လိုက်ရတယ်ဆိုရင်ပဲ မီးတန်းကြီးဟာ ကျုပ်တို့မော်တော်ကားဝပ်ရှော့ဆီကို ဟုန်းခနဲပြေးသွားတာ မြင်လိုက်ရတယ်လို့ ရဲအဖွဲ့ကို အစစ်ခံတယ်။ ဒါပေမယ့်လို့ အဘွားကြီးဟာ နဂိုကတည်းက မျက်စိမှုန်ရတဲ့အထဲ လမ်းမီးက မလင်းတလင်းဆိုတော့ ဘယ်သူတွေဆိုတာ သဲသဲကွဲကွဲ မသိလိုက်ဘူး။ အဲ......လူနှစ်ယောက်ဆိုတာတော့ သိလိုက်တယ်တဲ့။

အဲသည်မှာတင်......

ကျုပ်ဟာ မွေးသဖခင်၊ မွေးသမိခင်တို့အတွက် လက်စားချေဖို့ အခိုင်အမာ သန္နိဋ္ဌာန်ချလိုက်တယ်။

ဒါပေမယ့်......

ကျုပ်မှာ ဝိုက်ဆံဆိုလို့ ခြူးတစ်ပြားတောင် မကျန်ရစ်ခဲ့ပါဘူး။ ဝတ်ထားတဲ့အကျီ ဘောင်းဘီတစ်စုံနဲ့ ဂျာကင်ကလေးတစ်ထည်ကလွဲလို့ ကျုပ်မှာ ပိုင်ဆိုင်တာဆိုလို့ ဘာမှ မရှိခဲ့တာ အမှန်ပါပဲလေ။

အဲ...... အဖေပေးခဲ့တဲ့ ပညာအမွေအနှစ်ကလေးကတော့

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ထဲမှာ စွဲကျန်ရစ်ခဲ့သပေါ့။

ဘာမှ မည်မည်ရရ အလုပ်မရှိတဲ့ကျုပ်ကို တခြားကားဝပ်ရှော့တွေက ငွေတွေ အောတိုက်ပေးပြီး အပိုင်မွေးဖို့ ကြိုးစားကြပေမယ့် ကျုပ်ကတော့ ဘယ်သူ့အချုပ်အချယ် အထိန်းအကွပ်ကိုမှ မခံဘဲ ကျုပ်ဟာကျုပ် ငွေရှာတယ်။

ငွေရှာတယ်ဆိုတာက အရက်သောက်ဖို့၊ ဖဲရိုက်ဖို့......

ငွေရဖို့ဆိုတာကလဲ သိပ်ခက်တာမှတ်လို့၊ သူတို့တစ်တွေ ပြင်လို့မရတဲ့ ကား။ အပြစ်ရှာလို့ မရတဲ့ အင်ဂျင် ဉ်လို့ မရတဲ့ စက်ဆိုရင် ဘခက်ကို ခြေသလုံးဖက်ပြီး လာ ကြပြီ။

"ကောင်းပြီ၊ ကျုပ် ပြင်လို့ရတယ်ဆိုရင် ပြင်ခထက် နှစ်ဆပေးမလား"

ကျုပ်ကလည်း ခပ်မာမာပဲ။

သူတို့က မငြင်းရဲ၊ သူတို့ ဝပ်ရှော့တွေ နာမည်ပျက်မယ့်ကိစ္စတိုင်း ကျုပ်က အမြဲတမ်း ဝင်ပြီး လုပ်ကိုင်ပေးရတာတွေက အများကြီးမဟုတ်လား။

အဲသလို တစ်လလောက် ပေတေ သုံးဖြုန်းနေလိုက်တယ်ဆိုရင်ပဲ ဖဲသမားလောက၊ အရက်သမားကမ္ဘာမှာ အတော်ကျော်လည်မိတယ်၊ လူဆိုတာ ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းပေ အရက်ကလေး မူးလာပြီ၊ ဖဲကလေး ရှုံးလာပြီဆိုရင် ဇာတိရုပ်ကလေးကတော့ နည်းနည်းပါးပါး ပြတတ်လာကြတတ်တာကလား။

ကျုပ်ဟာ ဖဲဝိုင်းတစ်ဝိုင်းမှာ စွပ်ပရားဆိုတဲ့ ကုလားကလေးတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး ခင်မင်မိတယ်။ ကောင်လေးက အသက်သယ့်ခြောက်နှစ်လောက်ပဲ ရှိဦးမယ်။ အဲသည်နေ့က သည်ကောင်ဖဲအတော်ရှုံးတယ်။ အရင်းပြုတ်သွားလိုက်၊ ကျုပ်က ပြန်ထောင်ပေးလိုက်၊ ပြုတ်သွားလိုက်၊ ပြန်ထောင်ပေးလိုက်နဲ့ အဲ......သူ့ဖဲ



တလဲ သေလိုက်တာ၊ ဒါပေမယ့် နောက်ဆုံးအချိန်မှာ ပြန်ထောင်လာပြီး ငါးရာလောက် အနိုင်ပေါ်သွားတယ်။

"အစ်ကို့ကျေးဇူးနော် စွပ်ပရား ဘယ်တော့မှ မမေ့ဘူး။ အစ်ကို့ကို စွပ်ပရား ဒီကနေ့ တိုက်ပါရစေ"

ဝိုင်းသိမ်းတာနဲ့ ဒီငနဲလေးက ကျုပ်ကို ဧည့်ဝတ်ပြုပါရစေလို့ ဇိတ်ခေါ်တော့တာပဲ။ စွပ်ပရားဟာ ကျုပ်တို့ ဝပ်ရှော့နဲ့အပြိုင်ဖြစ်တဲ့ ရွှေပြည်တော်ဝပ်ရှော့က အလုပ်သင်ကလေးတစ်ယောက်ပဲ။

"နေပါစေကွာ။ မင်းဆီက ဒီလို စားဖို့သောက်ဖို့ မျှော်ကိုးပြီး အရင်းထောင်ပေးတာ မဟုတ်ပါဘူး။ မင်းသိပ်ရှုံးနေလို့"

"ဒီလို သဘောမထားပါနဲ့ အစ်ကို၊ အစ်ကို့ကို စွပ်ပရား မြင်မြင်ချင်း ခင်တယ်နော်။ အစ်ကို စွပ်ပရားနဲ့ လိုက်သောက်ပါ"

"ကဲကွာ......ဒါဖြင့် သွားကြစို့"

ကျုပ်နဲ့စွပ်ပရားဟာ ရှင်ပျော်ပျော်ဘားကို ရောက်ခဲ့ကြတယ်၊ ဖန်တစ်လုံးနဲ့ ကြက်သားလုံးကြော် နှစ်ပန်းကန် ကုန်သွားတယ်ဆိုရင်ပဲ စွပ်ပရား အာတွေ လေးလာတယ်၊ မျက်လုံးတွေ မှေးလာတယ်။ ခေါက်တတ်ကရစကားတွေ ပြောလာတယ်။

"ဒီမှာ စွပ်ပရား၊ မင်းတို့ ကားဝပ်ရှော့အခြေအနေ ဘယ်လိုလဲကွ၊ တော်တော် အလုပ်ကျရဲ့လား"

ကျုပ်က အကဲစမ်းသလို မေးလိုက်တယ်ဆိုရင်ပဲ ငနဲလေးက ဟဲခနဲ ရယ်လိုက်ပြီး......

"ကျတယ် အစ်ကို......သိပ်ကျတယ်၊ ဦးဇမ္ဗူရှား ဝပ်ရှော့မီးလောင်သွားတယ်နော၊ ကျွန်တော်တို့ ဝပ်ရှော့ကို ကားတွေ အများကြီး လာအပ်တယ်။ ငွေတွေ အများကြီးရတယ်။ ဆရာကြီးနော မကြာခင် သူဌေးဖြစ်မယ်"

စွပ်ပရားပြောတဲ့ ဆရာကြီးဆိုတာ ရွှေပြည်တော်ဝပ်ရှော့

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင် ဦးအောင်ဇော်ဖြစ်ကြောင်း ကျုပ်နားလည်လိုက်တယ်။ ဦးအောင်ဇော်ဟာ ကျုပ်အဖေနဲ့ မြို့င်ဘက်ပဲ။ ဒါပေမယ့် ကားပညာနဲ့ ပတ်သက်ရင် က,ကြီး ခ,ခွေးလောက် တတ်တာပါ။ အဲ...... စီးပွားရေးနဲ့ပတ်သက်လို့တော့ အင်မတန် လာဘ်မြင်တဲ့ လူကြီးတစ်ယောက်လို့ အဖေက ပြောဖူးတယ်။

"မင်း အဲဒီဝပ်ရှော့ရောက်တာ ဘယ်လောက်ကြာပြီလဲ စွပ်ပရား"

"သိပ်မကြာသေးဘူး အစ်ကို၊ တစ်လလောက်ပဲ ရှိဦးမယ်"

ဟုတ်မယ်။

ဒါကြောင့်လဲ စွပ်ပရားဟာ ကျုပ်ကို မသ... ပေါ့။

"ပညာကော အတော်ရပြီလား"

"ဘာပညာလဲ အစ်ကို"

"ဟ...... ကားပညာပေါ့ကွ၊ ဝပ်ရှော့နေလို့ ကားပညာတတ်မှာပေါ့"

သည်တော့ စွပ်ပရားက တဟားဟားရယ်တယ်။

"စွပ်ပရားနော် ကားရေဆေး ဆီလိုက်ပဲ တတ်တယ်။ ဒါပေမယ့် ဆရာကြီးနော် စွပ်ပရားကို ကောင်းကောင်း လခပေးကယ်"

သူ့စကားကို ကျုပ်အတော် အံ့ဩရတယ်။

တကယ်တမ်းပြောရရင် ကားပညာ သင်တယ်ဆိုတာ ...ကျွေး ကျွန်ခံသဘောမျိုး တစ်ပြားတစ်ချပ်မှ ရတာမဟုတ်ဘူး။ နည်းနည်းကလေး ပညာတတ်လာတော့မှ မုန့်ဖိုး ပဲဖိုးလောက်ပဲ ပေးတာကလား။

ခုတော့ စွပ်ပရားဟာ အရက်ကလေးသောက်လိုက်၊ ဖဲကလေး ရိုက်လိုက်နဲ့ အင်း...... စဉ်းစားစရာပဲ။

ကျုပ်က ရမ်တစ်ပိုင်းနဲ့ ဝက်အူချောင်းတစ်ပန်းကန် ထပ်



မှာလိုက်တယ်။

"ကဲ...... ချလေကွာ၊ ဒါလောက်ကလေးနဲ့ ခေါင်းနေပြီလား"

ကျုပ်က သူ့ဖန်ခွက်ထဲကို တစ်ဝက်လောက် ငှဲထည့်လိုက်တယ်ဆိုရင်ပဲ စွပ်ပရားဟာ ဖန်ခွက်ကိုပါ မျိုတော့မည့်ပုံမျိုးနဲ့ လည်ချောင်းထဲ သွန်ချပါလေရော။ ကုန်ခါနီးမှ တခွီးခွီး သီးတော့တာပဲ။

သူက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ကျုပ်ဘက်ကို လက်အဆန့် ကျုပ်ကလည်း အယောင်ယောင်အမှားမှားနဲ့ ဝက်အူချောင်းကြော်တစ်ချောင်းကို ကောက်ပေးလိုက်တယ်။ အဲဒီအချိန်မှာ ရေကလည်း အဆင်သင့်မရှိဘဲကိုး။

အရက်သီးတယ်ဆိုတာ အတော်ခံရခက်တာကလား။ ရေရင်လည်း သောက်လိုက်ရမှ၊ တစ်ခုခုရင်လည်း စားလိုက်ရမှ။ အဲသလိုမှမဟုတ်ရင် အသည်းနှလုံးတွေ ပါးစပ်ထဲက ခုန်ထွက်လာမတတ် ခံစားရတယ်။ စွပ်ပရားဟာ ဝက်အူချောင်းကို တဂျွမ်းဂျွမ်း ကိုက်စားလိုက်ပြီလေ။

"ဟော့...... ဟော့...... စွပ်ပရား အဲဒါ ဝက်အူချောင်း"

"ကောင်းတယ် အစ်ကို၊ သိပ်ကောင်းတယ်"

ကျုပ် အံ့ဩသွားတယ်။

ခြော်...... အရက်...... အရက်။ သည်အရည် ဝင်မှဖြင့် မှားတာ မှန်တာ၊ ကောင်းတာ ဆိုးတာ ဘာမှ မဝေဖန် မခွဲခြားဖြတ်နိုင်တော့ပါကလား။

သည်မှာတင် ကျုပ်ကိစ္စကို အမှတ်ရလာပြန်တယ်ပေါ့။ ဦးအောင်ဇော်ဟာ စွပ်ပရားလို ဘာပညာမှ မည်မည်ရရ မတတ်သေးတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ လခတွေပေးပြီး မွေးထားရသလဲ။ သည်မေးခွန်းကို စွပ်ပရားသာ ဖြေနိုင်ပေလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးကွ စွပ်ပရားရဲ့၊ ဦးအောင်ဇော်ရဲ့ ရွှေပြည်တော် ကားဝင်ရှော့ကို မရောက်ခင်တုန်းက ဘယ်မှာများ အလုပ်လုပ်ခဲ့ဖူး သေးလို့လဲ"

စိုက်နေတဲ့ ကုလားခေါင်းဟာ ပြန်ထူလာတယ်။

"စွပ်ပရားနော် ဘယ်မှာမှ အလုပ်မလုပ်ဘူး။ ဒါကြောင့် အိမ်ကရိုက်တယ်။ စွပ်ပရား မီးရထားနဲ့စီးပြီး အိမ်က လစ်လာတယ်။ ဘူတာရုံမှာ အဖမ်းခံရတယ်နော်။ စွပ်ပရား ဒဏ်ငွေမဆောင်နိုင်လို့ ထောင်ကျတော့မယ်၊ ဆရာကြီးနဲ့ တွေ့တယ်နော်။ စွပ်ပရားအတွက် ဒဏ်ငွေဆောင်ပြီး ဒီကိုခေါ်လာတယ်။ အားကြီး သဘောကောင်း တယ်။ စွပ်ပရားနော် ဆရာကြီးခိုင်းတာ အားလုံးလုပ်မယ်"

ကျုပ်က ခေါင်းကို ညိတ်လိုက်မိတယ်။

ဦးအောင်ဇော်ဟာ တပည့်မွေးတဲ့နေရာမှာ သိပ်တော်တယ် လို့ ကြားဖူးပေမယ့် မယုံခဲ့ဘူး။ အခုတော့ စွပ်ပရားစကားတွေက ဟုတ်ကြောင်းမှန်ကြောင်း သက်သေခံနေပြီပေါ့။

"အင်း……ဒါတော့ မင်းစကားတွေကို အယုံရ အခက် သားကလားဟေ့။ ဦးအောင်ဇော်ဟာ မင်းကို တစ်ပြားတစ်ချပ်မှ ပေး မယ်လို့တောင် မထင်ဘူး။ ကိုင်း……ပြောစမ်း စွပ်ပရား၊ မင်းက ဘာလုပ်တတ်လို့ သူက လခတွေ ပေးထားရတာလဲ"

ကျုပ်စကားကို စွပ်ပရားဟာ အတော်ခံပြင်းသွားပုံရတယ်။

အဲသလို ခံပြင်းအောင်လည်း ကျုပ်က ဆွပေးလိုက်တာ ပေါ့။

စွပ်ပရားဟာ တဟားဟားရယ်ရင်း စားပွဲပေါ်က ဒူးယား စီးကရက်တစ်လိပ်ကို နှိုက်ယူလိုက်ပြီး နှုတ်ခမ်းကို တပ်လိုက်တယ်။ ဒါပေမယ့် မှူးနေတော့ စီးကရက်က စားပွဲပေါ် ပြန်ကျသွားလေရဲ့။ သူက ဒုတိယအကြိမ် စီးကရက်ကို ကြိုးစားခဲလိုက်ရင်း အိတ်ထဲ



က မီးခြစ်ကို နှိုက်လိုက်တယ်။

အမယ်……သည်ကုလားက ဖစ်ပိုတွေ ဘာတွေနဲ့။

သူက မီးခြစ်ကို ဖြောင်းခနဲခြစ်လိုက်ရင်း ကျုပ်မျက်နှာနား ကို လာကပ်တယ်။

"ဘာလဲကွ မင်းဟာက"

"စွပ်ပရားနော် အဲသလို မီးခြစ်ခြစ်တတ်တယ်။ ဆရာကြီး နော် ပိုက်ဆံတွေ အများကြီးပေးတယ်"

ကျုပ်တစ်ကိုယ်လုံး မတုန်မလှုပ် ကျောက်ရုပ်။

ဒါပေမယ့် စိတ်က အတွေးကမ္ဘာမှာ ပျံလွင့်နေတယ်။ ကျုပ် အဖေရဲ့ မွေ့ရားကားဝင်ရှော့ကို မီးအရှို့ခံရတုန်းက မျက်မြင်သက် သေဖြစ်တဲ့ ဒေါ်အေးဘုံရဲ့ထွက်ဆိုချက်ကို ပြန်လည် ကြားယောင် လာတယ်။

လာတာက လူနှစ်ယောက်။

ဓာတ်ဆီပုံးနဲ့ ဝင်ရှော့ကိုပက်ပြီး လွတ်လွတ်ကင်းကင်း နေရာရောက်တဲ့အထိ ဓါတ်ဆီတွေကို စီးကြောင်းဆွဲသွားတယ်။

ပြီးတော့ လက်ခနဲ မီးခြစ်လိုက်တယ်တဲ့။

အခုလည်း စွပ်ပရားတစ်ယောက် မီးကလေးခြစ်တတ်ရုံနဲ့ ဦးအောင်ဇော်က လခတွေပေးပြီး မွေးထားပြန်သတဲ့။ အံ့သြစရာပေပဲ။ ဆန်းစရာပေပဲ။

စွပ်ပရားက မီးခြစ်ကို ပါးစပ်မှာ ခဲထားတဲ့ စီးကရက်ဆီ ရောက်အောင် ကြိုးစားပမ်းစား ယူပါသေးတယ်။ ဒါပေမယ့်လို့ တစ်ဝက်မှာပဲ မီးခြစ်လွတ်ကျသွားသလို သူ့မျက်နှာဟာ စားပွဲ ပေါ် မှောက်လျက်သား ဒုန်းခနဲ ကျသွားလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ညိုညိုဇော်တဲ့။ သူက အပျို။

ဒါကို ကျုပ် အသေအချာကို ဆိုဝံ့တယ်။ အသက်က အရွ[...] ရှိမှ တစ်ဆယ့်ခုနစ်နှစ်။ ချစ်စဖွယ်ကောင်မလေးတစ်ယောက် ဆို[...] တော့။

ညိုညိုဇော်ဟာ ရွှေပြည်တော် မော်တော်ကားဝပ်ရှော့ပိုင်[...] ဦးအောင်ဇော်ရဲ့ တစ်ဦးတည်းသော သမီး။ မိတဆိုးလေးမ[...] ဒါကြောင့်လည်း နွဲ့ဆိုး အခရာ့ထိပ်ခေါင်တင် ဖြစ်နေသလားမသိ[...]

"ဟေး...... ဦးဦး"

"တယ်...... ဒီကောင်မလေး။ ထိပ်ထုလိုက်ရ ပုသွားမယ်[...] ဦးဦးလို့ မခေါ်နဲ့။ ဘကြီးလို့ခေါ်"



"ဟင်းနော်...... လူကြီး သူ့ကိုယ်သူ သိပ်ငယ်တယ်များ [...]င်နေသလား။ ကြည့်...... သူ့ရင်ဘတ်ကြီးက ကျယ်လိုက်တာ။ [...]တော့ လက်မောင်းကြီးတွေကလဲ တုတ်လိုက်တာ အလွန်ပဲ။ ဒါနဲ့ [...] သူက ဦးဦးလို့ခေါ်တာ ကျေနပ်တော်မမူဘူး"

ညိုညိုဇော်က မူတူတူ ချွဲတဲတဲ အသည်းယား ပြောဆို[...]ယ်။

"ဟ...... ငါ့အသက်က အခုမှ နှစ်ဆယ်ကျော်ကျော်ကလေး [...]သေးတာ။ ကဲ...... သွားစမ်းပါ။ ဒီမှာ မက်ဂနီတို့ တိုင်ပင်ချိန်နေ[...] မမှန်ရတဲ့အထဲ"

သည်တော့ အပျိုမက ခြေဆောင့်တယ်တဲ့။

ခြေဆောင့်တော့ တစ်ကိုယ်လုံး တုန်လို့ ခုန်ရို့။ နှုတ်ခမ်း[...] [...]လေးကလည်း ဖူးလို့ ငုံလို့။ အင်း...... စိတ်ဆိုးတဲ့ ပုံစံကိုက [...]ရာကောင်းနေပါပကောလား။ မလွယ်ဘူး...... မလွယ်ဘူး။ [...]တ်နဲ့တော့ မလွယ်တော့ဘူး။

"ဦးဦး မကောင်းဘူး"

"ဟ...... ငါ ဘာမကောင်းလို့လဲ"

"သူများကို နှင်နေတာ ကောင်းသလားလို့ သူများက ပျင်း[...] ဦးဦးနဲ့ စကားပြောတဲ့ ဥစ္စာ"

ရော...... ခက်နေပါပကော။

"မိညို......"

"ဟွန့်"

ကျုပ်က ဝက်အူလှည့်နဲ့ ကားအင်ဂျင်မှာ ကပ်နေတဲ့ ဆီ[...] [...]တွေကို ကလော်လိုက်တယ်။

"မိညို ဘာရေမွှေး သုံးသလဲဟင်"

"အီးဗနင်းအင် ပဲရစ်"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က တခစ်ခစ် ရယ်မိရင်း ဝက်အူလှည့်ကို နောက်
အသာဝှက်လိုက်တယ်။

"ဖွတ်...... အီးဗနင်းအင် ပဲရစ်ဆိုတာ အခုခေတ်မှာ
အောက်တောဒီတ်တွေ၊ အခု မောနင်းအင် အင်ဂျင်ပိုင်ဆိုတာ ပေ
နေတယ်။ သိပ်မွှေးတာ"

"တကယ်လား ဦးဦးခက်"

"နှစ်ကယ်ပေါ့ မိညို"

"ဘယ်မှလဲ"

"ဟောဒီမှာ"

ကျုပ်က ဆီချေးတွေ ပေနေတဲ့ ဝက်အူလှည့်ကို မိညို
နှာခေါင်းဝကို တေ့ပေးလိုက်တယ်ဆိုရင်ပဲ မိညိုက အားပါးတရ အမွှေး
လိုက်မှာ နွတ်ခမ်းမွေးတစ်ကြောင်းကို ဖိဆွဲလိုက်လေရဲ့။ ကဲ......
မှတ်ကရော။

"ဟယ်...... ဦးဦး မကောင်းဘူးကွာ"

"ဟ...... ငါ့ကိုယ်ငါ ဘယ်တုန်းက ကောင်းတယ်လို့ ပြော
လို့လဲ မိညို။ အရက်သောက် ဖဲရိုက်နေတဲ့ ဥစ္စာ၊ အဲဒါ မိညို အဖေ
က သူ့ဝပ်ရှော့မှာ လာကူပါဦးဆိုလို့"

"ကြည့်ပါလား"

"ဘာကို ကြည့်ရမှာလဲ၊ အခုလဲ ကြည့်နေသားပဲ"

"တော်ပြီ"

"အဲဒါပဲ ကောင်းတယ်၊ သွားတော့...... စာကျက်တော့
ဒီကားကို ဒီနေ့အပြီး ပြင်ပေးရဦးမယ်"

"ဟွန့် ဟွန့် ......မကျက်ချင်ပေါင်၊ သူများ ဦးဦးနဲ့ စကား
ပြောရတာ ပျော်တယ် သိလား"

ကျုပ် သက်ပြင်းချရပါပြီ။



မိညိုဆိုတဲ့ ညိုညိုဇော်ကို လက်မြှောက်ရပါပြီ။

မိညို။

နာမည်နှင့်လိုက်အောင် အသားက ညိုပေမယ့် ရွှေအိုရောင်
သွဲ့လဲ့သမ်းနေတယ်။ ပြီးတော့ နုးညံ့လိုက်တဲ့ အသား။

ညိုညိုကလေးဝိုင်းပြီး ဝိုင်းဝိုင်းကလေး စက်နေတဲ့ လှ
ပက်ခွက်မှာ နှုတ်ခမ်းရဲယ်၊ မျက်လုံးရယ်၊ အပြုံးရယ်၊ အမဲ့ရယ်
ဘယ်ဟာက အလှဆုံးဆိုတာ ခုံရုံးတင်ပြီး စစ်ဆေးရမလို အခရာ
မလားဆိုရင် ရင်မှိုမှိုသာ ပြင်ထားကြပေတော့...... တော်
တော်လှတဲ့ ကောင်မလေး။

ကျုပ် ရွှေပြည်တော် ကားဝပ်ရှော့ကိုရောက်ပြီး မကြာခင်
မှာပဲ ညိုညိုဇော်နဲ့ ကျုပ် အကျွမ်းတဝင် ခင်မင်မိကြတယ်။

ဟုတ်ပါတယ်လေ။

အခုတော့ ကျုပ်ဟာ ဦးအောင်ဇော်ရဲ့ 'ရွှေပြည်တော် မော်
တော်ကားအလုပ်ရုံ'မှာ ရောက်နေခဲ့ပြီကိုး။

ဦးအောင်ဇော်ဟာ နဂိုကတည်းက ကျုပ်ရဲ့ လုပ်ရည်ကိုင်
ရည်နဲ့ အစွမ်းအစတွေကို သိထားခဲ့တာမို့ ကျုပ်ကို ဝမ်းသာအားရ
သူ့ဝပ်ရှော့မှာ လက်ခံခဲ့တယ်လေ။ သူ့မှာ ဘာရည်ရွယ်ချက်တွေ
ရှိသလဲတော့ မဆိုနိုင်ဘူး။ သို့ပေမယ့် ကျုပ်ဆိုတဲ့ စက်ဘခက်ဟာ
သူ့အတွက် တစ်သိန်းဆိုလဲ ဟုတ်တယ်၊ တစ်သန်းဆိုလဲ ဟုတ်တယ်။
အဲသလောက် တန်ဖိုးရှိနေတော့တာကလား။

တစ်ခုတော့ရှိတယ်။

ကျုပ်လဲ ရွှေပြည်တော် မော်တော်ကား ဝပ်ရှော့မှာ မနေ
ခင်အလုပ်ကို လက်ခံလိုက်တာရော 'မိခြွစ် ခြစ်တတ်ပါတယ်'ဆိုတဲ့
ကုလားကလေး စွပ်ပရားဟာ နောက်တစ်နေ့ကစပြီး စုပ်စ မြုပ်စ
မှာမရနိုင်အောင် ပျောက်သွားတော့တာပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



သည်အကောင် ဘယ်ကို ကိုယ်ဖျောက်သွားတယ် မသိ။

သို့ပေမယ့်လို့ ကျုပ်ဟာ ဦးအောင်ဇော်ရဲ့ မော်တော်ကားဝပ်ရှော့မှာ ရက်ပေါင်း အတော်ကြာကြာ နေခဲ့တယ်။

ကျုပ် တာဝန်က ကားပြင်ဖို့ပဲ။

ဒါပေမယ့် လူကိုတော့ မပြင်တတ်တာ အမှန်ပဲ။ လူတစ်ယောက်ကို ပြုပြင်တယ်ဆိုတာ လွယ်တာမှတ်လို့။ သူ့ရဲ့ဗဟိဒ္ဓအပြင်သဏ္ဌာန်ကို ပြုပြင်ဖို့လွယ်ပေမယ့် အဇ္ဈတ္တအတွင်းသဏ္ဌာန်က ပြုပြင်ဖို့ ခဲယဉ်းသားကလား။

ဦးအောင်ဇော်ဟာ အပြင်ပန်းအနေနဲ့ကတော့ ကျုပ် အပေါ်မှာ ချိုသာလိုက်တာ။ သကာအိုးမှ ဆေးသကြားဖြူးထားသလား အောက်မေ့ရတယ်။ ငွေဆိုရင်လဲ အကန့်အသတ်မထားဘူး။ ကြိုက်သလောက်ယူသုံးဖို့ ကျုပ်ကို အခွင့်အရေးပေးထားသလို သူ့ရဲ့ အချစ်ဆုံး သမီးပျိုလေးဖြစ်တဲ့ ညိုညိုဇော်ဟာ ကျုပ်နဲ့ အရောတဝင်နေတာကို မြင်လျက်သိလျက်နဲ့ ကြည်ကြည်ဖြူဖြူပဲ ခွင့်ပြုထားတယ်ဆိုတာကတော့ အံ့သြစရာပေပေါ့။ အဲ...... ဘခက်တစ်ယောက် ရွှေပြည်တော် မော်တော်ကားဝပ်ရှော့မှာ တွင်ကျယ်လာတာကို နည်းနည်းကလေးမှ ဘဝင်မကျနိုင်တဲ့ လူတစ်ယောက်ကတော့ ရှိတယ်။

သူ့နာမည် အေးကျော်။

ရွှေပြည်တော် ဝပ်ရှော့မှာတော့ အတော်ဆုံး မက္ကင်းနစ် တစ်ယောက်။

ဒါပေမယ့် ကျုပ်ပညာနဲ့စာရင်တော့ ဖွဲပါ။ သူဟာ ကျုပ်ရောက်လာတာကို မကြည်ဖြူသလို ညိုညိုဇော်နဲ့ အရောတဝင်နေတာကိုလည်း သူ့အသည်းထဲမှာ ကျွဲခတ်နေသလား မှတ်ရတယ်။ နည်းနည်းမှ လိုလားပုံမရဘူး။

သို့ပေမယ့် ကျုပ်က ဂရုမစိုက်။



ဘခက်တို့က နည်းနည်းကလေးမှ ဂရုစိုက်လိမ့်မယ်မထင်နဲ့။ သည်မှာတင် သူနဲ့ကျုပ် ထိပ်တိုက် တိုးမိကြပါလေရော။ တစ်နေ့......

အဲ...... တနင်္ဂနွေနေ့ပေါ့။ ကျုပ်တို့ မော်တော်ကားဝပ်ရှော့မှာ ပျံနေအောင်လှတဲ့ မော်တော်ကားတစ်စီး ထိုးရပ်လာတယ်။ ကားက နံပါတ်ပြားအဖြူနဲ့ မြန်မာပြည်မှာ လက်ညှိုးထိုးပြစရာ မရှိသေးတဲ့ နောက်ဆုံးပေါ် ကားအမျိုးအစားပဲ။

ကားပေါ်က အင်္ဂလို ကပြားရုပ်ပေါက်နေတဲ့ ဒရိုင်ဘာဆင်းလာတယ်။ သူ့တစ်ကိုယ်လုံး အဖြူရောင်ယူနီဖောင်းနဲ့ပေါ့။ သူက ကားနောက်ခန်းကို ကမန်းကတန်း ပြေးဖွင့်လိုက်တယ်ဆိုရင်ပဲ အမေရိကန်လား အင်္ဂလိပ်လား မပြောတတ်တဲ့ အနောက်တိုင်းသူ မိဖြူချောတစ်ယောက်ဟာ လက်ပွေ့အိတ်ကြီးကို ကိုင်ပြီး ဆင်းလာလေရဲ့။ ပေါင်ဖြူလို့ ရင်ဖုံးပြီး တင်တွေက ထူးထူးခြားခြား စွင့်လို့။

"ဘာကိစ္စရှိပါသလဲ ခင်ဗျာ"

ဦးအောင်ဇော်က သူကိုယ်တိုင်ပဲ ဝပ်ရှော့ထဲက ထွက်ပြီး ခရီးဦးကြိုပြုတယ်။

အင်း...... သူတို့ပုံစံတွေဟာ အပျံစားတွေဆိုတော့ မြတ်မြတ်ကလေးရမယ့် အကွက်ပေကို။ ဦးအောင်ဇော်ရဲ့ နောက်က ပျာပျာ ပျာပျာနဲ့ ကပ်ပါသွားသူကတော့ အေးကျော်ပေါ့။

ကျုပ်ကတော့ စားပွဲမှာထိုင်ရင်း အေးအေးဆေးဆေး ဒူးနှံလို့ပေါ့။ ပေါင်ဖြူမကလေးက ရွှတ်ရွှတ်ရှက်ရှက် အင်္ဂလိပ်လို မှတ်တယ်။ သူမစကားကို ကုလားဒရိုင်ဘာက ဘာသာပြန်ဆရာ လုပ်တယ်။

"ဒီကားမျိုးကို ပြင်နိုင်တဲ့သူ ဒီဝပ်ရှော့မှာ ရှိသလားတဲ့"

"အား...... ရှိပါတယ်။ ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဇော်က ဘာမှမဖြေရခင် သူ့နောက်က ရပ်နေတဲ့ အေးကျော်က ဖြေတယ်။ ဦးအောင်ဇော်ဟာ အေးကျော်လောက် ကားအကြောင်း နားမလည်ပေမယ့် ကားစက်ဖုံးကို ဖွင့်မကြည့်ဘဲ လွယ်လွယ်ကူကူ ခေါင်းညိတ်လိုက်တဲ့ အေးကျော်ကို သိပ်ကျေနပ်ပုံ မပေါ်လှဘူး။

"မင်းကလဲ စက်ဖုံးတောင် ဖွင့်မကြည့်သေးဘဲနဲ့ ဘာပျက်တယ်ဆိုတာ မေးပါဦးလား"

"ရပါတယ် ဆရာဇော်၊ ဒါလောက်တော့ အေးကျော် တာဝန်ထားပါ။ ကဲ...... ခင်ဗျား ကားပိုင်ရှင်ကိုပြောပါ။ ဒီကားကို အေးကျော် ပြင်ပေးနိုင်ပါတယ်လို့"

အေးကျော်က ဒရိုင်ဘာကို တဆက်တည်းပြောလိုက်တယ် လေ။ ကျုပ်ကတော့ သူတို့ပြောတာတွေကို အသာနားထောင်နေရုံကလွဲပြီး လှုပ်လှုပ်ရှားရှား မလုပ်ပါဘူး။

"ဒီကားကို သူတို့ ကောင်းကောင်းပြင်နိုင်ပါတယ် ခင်ဗျာ"

ဒရိုင်ဘာက သူ့သခင်မကို အင်္ဂလိပ်လိုပြောတယ်။ ကျုပ်ကလည်း အင်္ဂလိပ်ဘုန်းတော်ကြီး ရှင်မိခေလ (စိန့်မိုက်ကယ်) ကျောင်းထွက်ဆိုတော့ ဒွတ်ဒွတ်ဒက်ဒက် ရွှတ်ရွှတ်ရွက်ရွက်တွေ တတ်သဗျ။

"ဒီလိုဆိုကောင်းပါလေရဲ့ရှင်၊ ကဲ...... ရှင်က ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပြီး တစ်နာရီအတွင်းပြီးအောင် ပြင်နိုင်းပါ။ ကျွန်မ အထဲမှာထိုင်ပြီး စောင့်နေမယ်"

ဂါ(ဝ)န်တိုနဲ့ ပေါင်ဖြူမက အဲသလိုပြောပြီး မော်တော်ကား ဝပ်ရှော့ထဲကို ဝင်လာလေရဲ့။ ကျုပ်ကလည်း ပါးစပ်ယားနေတာ ကလား။

"ဟလို...... မစ်(စ်)၊ ကောင်းသောညနေခင်းပါ"



ကျုပ်ကစပြီး နှုတ်ဆက်လိုက်တယ်ဆိုရင်ပဲ ပေါင်ဖြူမက အံ့ဩသလို ပြုံးသွားတယ်။

"အို...... ဟုတ်ကဲ့ရှင်၊ ကောင်းသောညနေခင်းပါပဲရှင်၊ ကျွန်မ ဒီမှာထိုင်ခွင့်ပြုမယ်လား"

"အသေအချာပါပဲ ခင်ဗျာ၊ ကျွန်တော် ဖိတ်ခေါ်တော့မလို့ ပါပဲ၊ ထိုင်ပါဦး"

ကျုပ်နဲ့သူနဲ့ အဲသည်ကစလို့ လေပေးဖြောင့်နေတုန်း အေးကျော်နဲ့ ဦးအောင်ဇော်ဟာ ချွေးတလုံးလုံးနဲ့ ကားကို နိုက်နေကြလေရဲ့။ ကျုပ်က ပေါင်ဖြူမလေးကို သူ့ကားရဲ့ အခြေအနေကို မေးကြည့်တယ်၊ ကားစက်က မြန်မာပြည်မှာ မရှိဖူးသေးတဲ့ (ဝင်တယ်လ် ပတ်လည်စက်)တဲ့။

အလိုလေ...... အောင်ဇော်တော့ ပြာပုံခိုးပြီ။

အဲဒီ 'ရိုထရီ အင်ဂျင်' ပတ်လည်စက်အကြောင်း ကျုပ်ဟာ နိုင်ငံခြားကလာတဲ့ မော်တော်ကားနဲ့ ပတ်သက်တဲ့ မဂ္ဂဇင်းတွေထဲမှာ အတော်လေ့လာဖူးခဲ့တယ်။ ဒီစက်ရဲ့ တည်ဆောက်ပုံ၊ လည်ပတ်ပုံ ဆီပေး မီးပေးစနစ်နဲ့ အကယ်၍ ပျက်ခဲ့လျှင် စက်အစိတ်အပိုင်းတွေကို ဘယ်လိုစစ်ဆေးရမယ်၊ ဘာတွေကို ပြင်ရမယ်ကအစ ကဃ နဇာ လေ့လာထားခဲ့ဖူးတယ်။

အေးကျော်ဟာ ရိုးရိုးပင်စတင် အင်ဂျင်၊ ဒီဇယ်အင်ဂျင် လောက်သာ ကိုင်ခဲ့ဖူးတာကလား။ ပတ်လည်စက်ဆိုတာ ဒီအကောင် အိပ်မက်ထဲမှာတောင် ထည့်မက်ဖူးမှာ မဟုတ်ဘူး။ အင်း...... စောင့်ကြည့်ကြသေးတာပေါ့။

ပေါင်ဖြူမကလေးဟာ ကျုပ်ရဲ့ သွက်လက်တဲ့ အမူအရာ ချိုသာတဲ့စကားနဲ့ ရင်အုပ်မားမားပြည့်ပြည့်ကြီးတွေ ကြည့်ပြီး မျက်လုံး ပြူးကြီးတွေ ဝိုင်းစက်လာတယ်။ ပြီးတော့ သူက မိတ်တွေဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆက်လို့။

သူ့နာမည်က ကော်ရယ်တဲ့။ အဲ......မြန်မာလိုဆိုတော့ ခင်သန္တာရယ်ပေါ့။

ဒါကို ချောင်တစ်ချောင်ကနေ ကြည့်နေတဲ့ ညိုညိုဖော်က မကျေနပ်ဘူး။ နှုတ်ခမ်းမဲ့ပြလို့ပြ၊ မျက်စောင်းတွေ ထိုးလို့ထိုးနဲ့ သည်ကောင်မလေး တစ်မျိုးဖြစ်နေတယ်။

အဲသည်အချိန်မှာပဲ ဦးအောင်ဇော်ရဲ့ မကျေမနပ် ရှုမှုကြိမ်းမောင်းသံကို စပြီး ကြားရတော့တာပဲ။

"ဒါကြောင့် ငါ အစကမပြောဘူးလား အေးကျော်၊ ကဲ...... အခု မင်းဘာလုပ်မလဲ၊ ကောင်းပြီကောင်းရဲ့ တာဝန်ခံလိုက်ပြီးမှ မပြင်နိုင်ရင် ငါ့ဝပ်ရှော့ နာမည်ပျက်ပြီပေါ့ကွ"

"ဒီအင်ဂျင်မျိုးမှ ကျွန်တော် မတွေ့ဖူးတာပဲ ဆရာဇော်"

သည်တော့ ဦးအောင်ဇော်က ဒေါသတကြီး အော်တယ်။

"အေးလေကွာ...... အစကတည်းက မင်းကို ဘောနက် ကာဗာ ဖွင့်ကြည့်ပါဦးလို့ ပြောသားပဲ၊ ကဲ...... အခု မင်းဘာလုပ်မလဲ၊ တောက်...... တော်တော် သောက်သုံးမကျတဲ့အကောင်"

"ဒါတော့ ဆရာဇော်ရယ်၊ ကျွန်တော်လဲ ရိုးရိုးစက်......"

"တော်ကွာ...... ခွေးမသား။ ငါလုပ်မိလိမ့်မယ်၊ သွား...... ဘခက်ကို သွားခေါ်ခဲ့"

"ကျွန်...... ကျွန်တော်...... မခေါ်ချင်......"

"ဘာကွ...... ဘာလဲ၊ မင်းက ဘခက်ကို ဆရာတင်ရမှာ ဒန်လေးနေသလား။ သွား...... ခြေသလုံးဖက်ခေါ်ခဲ့"

အေးကျော် မျက်နှာဟာ နီရဲသွားတယ်။ ခံပြင်းနာကျည်းတဲ့ အရိပ်အငွေ့တွေလည်း ယှက်သန်းလာတာ တွေ့ရတယ်။ သူက ဟက် ခနဲ ခပ်ကျဲကျဲရယ်လိုက်ပြီး......



"ဒီမှာ ဆရာဇော်၊ ကျွန်တော့်အပေါ်မှာ ဒါလောက် မမောက်မာသင့်ဘူးဆိုတာ ဆရာဇော် နားလည်တယ်မို့လား"

အေးကျော်စကားကို ဦးအောင်ဇော် အံ့ဩသွားသလို ကျုပ်လည်း အံ့ဩရတယ်လေ။ ပြီးတော့ သူ့အမူအရာက လက်နှစ်ဖက်ကို ခါးမှာထောက်လို့၊ သူ့မျက်နှာကလည်း မထီလေးစား။

ကျုပ်ကတော့ ဦးအောင်ဇော်ဟာ အေးကျော်ခေါင်းကို ခုနဲ့ ခေါက်လိုက်ပြီ ထင်လိုက်တာ။

ဒါပေမယ့် ဟုတ်တယ်။ ဒါပေမယ့် ဦးအောင်ဇော်ရဲ့ မျက်နှာဟာ ဆိုးဆိုးရွားရွား ပျက်သွားပြီး ခေါင်းကြီး ငိုက်စိုက်ကျသွားတယ်။ ဘယ်လိုဖြစ်သွားတာပါလိမ့်။

"အေးကွာ...... ငါ မှားသွားတယ်။ ငါ မင်းကို တောင်းပန်ပါတယ် အေးကျော်၊ စိတ်မရှိပါနဲ့ကွာ"

အေးကျော်ဟာ မထီပြုံးလေးပြုံးလာပြီး ပြန်ပြောလိုက်သေးတယ်။

"နောက်ကို ဒီလို ဘယ်တော့မှ ဆက်ဆံဖို့ မကြိုးစားပါနဲ့ ဆရာဇော်" တဲ့။ အင်း...... ကျားက သမင်မကို ကိုက်ရမယ့်အစား သမင်မက ကျားကို ပြန်ကိုက်နေပြီ။

ဝပ်ရှော့ရှေ့က ရှုရှုညံညံအသံကြောင့် ခင်သန္တာက ကျုပ်ကို မေးတယ်။

"ဘာဖြစ်ကြတာလဲ ဟင်......"

"ဩော်......ဘာမှ မဖြစ်ပါဘူး။ သူ့တပည့်ကို စိတ်တိုင်းမကျလို့ ဆူနေတာပါ။ ကဲ...... လာလေ၊ ခင်သန္တာကားကို သွားကြည့်ရအောင်"

ကျုပ်က စကားနည်း ရန်စဲဖြစ်ပါစေတော့လို့ ဝပ်ရှော့ရှေ့ကို ထွက်ခဲ့တယ်။ ကျုပ်နောက်က ခင်သန္တာ၊ သူ့နောက်က အသား

www.burmeseclassic.com

www.burmeseclassic.com



ညီမလေး မိညိုရယ်ပေါ့။

"ရပြီလား ဆရာဇော်"

"အား...... ဘခက်၊ စက်က တို့မကိုင်ဖူးတဲ့ စက်ကွ၊ မြင်တောင် မမြင်ဖူးဘူး"

ဦးအောင်ဇော်က ကျုပ်ကို အားကိုးတကြီး ကြည့်ရင်း ပြောတယ်။

"ဆရာဇော် ဘယ်မြင်ဖူးမလဲ၊ အဲဒါ ရှိထရိုဝင်ကယ်လ် အင်ဂျင်လို့ ခေါ်တယ်"

"ဟေ...... ဟုတ်လား။ မင်း...... မင်း မြင်တတ်သလား"

"ခြော်...... ဆရာဇော်ကလဲ၊ ကျုပ်နာမည် စက်ဘခက်ပါ လို့ဆိုနေ"

ကျုပ်က အေးကျော်ကိုကြည့်ရင်း ခနဲ့လိုက်တယ်။

"ကဲ...... ဘယ်လိုဖြစ်တာတဲ့လဲ"

"မောင်းရင်းမောင်းရင်း ပါဝါ ကျသွားသတဲ့ကွ"

ကျုပ်ဟာ ကားပေါ်ကို ခွေ့ခနဲ တက်ထိုင်လိုက်ပြီး စက်နှိုး ကြည့်တယ်။ နှိုးပေမယ့် အင်ဂျင်သံက အမယ်ကြီးအို ချောင်းဆိုးနေ သလိုပဲ။ ဒါနဲ့ အင်ဂျင်ကိုကြည့်တယ်။ ဒီအင်ဂျင်မျိုးက ပင်စတင် အင်ဂျင်လို ဘိုလီမိုလီ မများဘူး။ သူ့ဟာနဲ့သူ အထာသိဖို့ပဲ အရေး ကြီးတယ်။ တချက်တွေ ဓာတ်အစ်စိုက်ပြီး ဆေးကုသလိုပေါ့။ ခြေမ က အကြောကို အပ်နဲ့စိုက်လိုက်တာနဲ့ မျက်စိနာ ပျောက်တယ်ဆို မဟုတ်လား။

ကျုပ်လဲ စာအုပ်ထဲမှာ ဖတ်ထား၊ လေ့လာထားတဲ့ နည်း ကလေးနဲ့ ရစ်ပြီး ကလိလိုက်တယ်။ အင်း...... ဘုရား သိကြား မ,ပါစေ။

ကျုပ်ဟာ ဒုတိယအကြိမ် ကားပေါ်တက်ပြီး စက်နှိုးလိုက်



တယ်။

အမယ်လေး...... ဝေါခနဲ...... ဝေါခနဲ၊ ကောင်းလိုက်တဲ့ စက်၊ ဝရက်တောင်ပေါ်အထိ တက်ဦးမလား။

"အိုး...... ယူ သိဝ်တော်ပါကလားဟေ့။ ကဲ...... မနေ့ကျ ကျွသလောက် ပြင်ခအပြင် အဲဒီ မကြွင်းနှစ်အတွက် အပိုဘောက်ဆူး နှစ်ရာပေးခဲ့ပါရစေ"

ခင်သန္တာက ကျုပ်ကို အားပါးတရ ချီးကျူးရင်း ဦးအောင် ဇော်ကို ပြောတယ်။ ကျုပ်က ဘာသာပြန်ပေးရတာပေါ့။ ပြီးတော့ ဦးအောင်ဇော်ကို မြန်မာလို ဆက်ပြောရတယ်။ အဲ...... ခပ်တိုးတိုး ပေါ့။

"ကားပြင်ခကို သုံးရာကျတယ်လို့ပြော၊ ဆရာဇော်။ တော် တော်ကြာ ဘောက်ဆူးက ကားပြင်ခထက် များနေလို့ ဆရာဇော့် ခင်ရှေ့ သိက္ခာကျနေဦးမယ်"

ညိုညိုဇော်ကတော့ ထွက်သွားကဲ့ ပေါင်မြူမကလေးရဲ့ ကားကို မလိုတမာ ကြည့်နေတုန်း။

အင်း...... ခက်ပါ့။

သည်အရွယ်ဆိုတာကလည်း လှုပ်ခတ်လွယ်တယ်၊ ရူးလွန် လွယ်တယ်၊ ကြက်ကြွရွကလေးရယ်ဆိုတော့ မလွယ်ဘူးပေါ့။ သူသာ ကျုပ်ကို ဦးဦး...... ဦးဦးနဲ့ ကလေးလို ဆက်ဆံနေပေမယ်လို့ သူ့ ခန္ဓာကိုယ်က တထွားကြီး။

အသက်ကလည်း သိပ်ကွာတာမှတ်လို့။ သူက ဆယ့်ခုနစ်၊ ကျုပ်က နှစ်ဆယ့်တစ်၊ စုစုပေါင်း သုံးဆယ့်ရှစ်။

ထားတော့...... ထားတော့၊ ဒါတွေ ထားလိုက်ပါဦး။

အခု အရေးကြီးတာ အေးကျော်နဲ့ ဦးအောင်ဇော့်ကိစ္စ။

အေးကျော် ဘာဖြစ်လို့ ဦးအောင်ဇော့်ကို မောက်မောက်

www.burmeseclassic.com

www.burmeseclassic.com



မာမာ ဆက်ဆံရသလဲ။ ဦးအောင်ဇော်ကရော အေးကျော်ကို ဘာဖြ
လို့ မျက်နှာသေကလေးနဲ့ တောင်းပန်နေရသလဲ။ ရွှေပြည်တော်
မော်တော်ကားဝပ်ရှော့မှာရှိတဲ့ အလုပ်သမားတိုင်းဟာ ဦးအောင်ဇော်
ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ပြားပြားဝပ် ရှိသေလေးစားကြလျက်
နဲ့ အေးကျော်ဟာ မောက်မာနိုင်ခဲ့တယ်ဆိုတော့ ဦးအောင်ဇော်အပေါ်
မှာ နိုင်ကွက်ကလေးတစ်ခု ကိုင်ထားနိုင်လို့ဖြစ်မှာပေါ့။

လူနှစ်ယောက် ဓာတ်ဆီတစ်ပုံးနှင့် မီးခြစ်တစ်လုံးဟာ ကျ
တို့ ဝပ်ရှော့ကြီးကို မီးဟုန်းဟုန်း တောက်စေခဲ့တယ်။ ဘာမှမလု
တတ်ဘဲ မီးခြစ် ခြစ်တတ်ရုံ ကုလားကို ဦးအောင်ဇော်က ငွေ
ပေးထားတယ်။ ကျုပ်ရောက်လာတော့ ဒီကောင်ပျောက်သွားတယ်

အေးကျော်ကိုလည်း ကြောက်နေရတယ်။

ဟာ....... ဒါ သဲလွန်စပဲ။

သို့သော်လည်း ကျုပ်ဟာ ကိုယ့်ကို လာကိုက်နေတဲ့ ခြ
ကိုတောင် ပိုင်မှရိုက်သတ်တာကလား။ မပိုင်သေးသမျှတော့ ချ
ကပဲ ချီသွေးပေတော့ ဘခက်ရေ။

အဲဒီညနေမှာ ကျုပ်သွေး ဘယ်လောက်နီသလဲဆိုတာ အေး
ကျော်က လာစမ်းတယ်။

"ဟော့....... ဘခက်"

ကျုပ် ကားတစ်စီးရဲ့ အင်ဂျင်ကို နှိုက်နေတုန်း အေးကျော်
နဲ့သူ့တပည့်နှစ်ယောက် ရောက်လာတယ်။ အမယ်....... သူ့လူတွေ
လက်ထဲမှာ စပန်နာတွေ၊ ခုတွေနဲ့။

"ဆိုပါ ကိုအေးကျော်"

ကျုပ်ကလည်း အေးတိအေးစက်ပါပဲ။

"မင်း နေတာထိုင်တာ ကြည့်နေရင် ကောင်းမယ်။ ဒီဝပ်ရှော့
ကိုလာပြီး လူစွာလုပ်နေလို့ မရဘူးဆိုတာ မင်းကို ပညာပေးမလို့"



"ခင်ဗျာ"

ကျုပ်က ခြေနှစ်ချောင်းကို အသာခွဲပြီး အေးအေးဆေးဆေး
တော်တပ်ရပ်လိုက်တာနဲ့ သူ့တပည့်တစ်ယောက်က ကျုပ်နောက်
ရောက်သွားပြီ။

"အင်း....... မင်းလဲ လူတစ်ယောက်ကို ယဉ်ယဉ်ကျေးကျေး
ဆက်ဆံတတ်အောင် သင်ပေးဖို့လိုနေပြီ အေးကျော်"

"ဘာ......."

သူက ရိုင်းတော့ ကျုပ်ကလည်း ခပ်ရိုင်းရိုင်း ပြန်ပြောလိုက်
တယ်ဆိုရင်ပဲ သူ့မျက်နှာပေါ်မှာရှိတဲ့ အကြောတွေအချဉ်တွေဟာ
ဆင်းခနဲ ရှုန်းစန့်သွားတယ်။

အဲသည်အချိန်မှာ ကျုပ်နောက်က ဝှီးခနဲ အသံသဲ့သဲ့ကြား
လိုက်တာနဲ့ ကျုပ်ဟာ ကိုယ်ကို ဘယ်ဘက်ကို တိမ်းပြီး ညာခြေ
ထောက်က အေးကျော်ရဲ့ အရှိက်ကို ပစ်သွင်းလိုက်ရဲ့။ အဲဒါ ဂျပန်
ထို 'မေဂါရီကစ်'တဲ့ပေါ့။ မြန်မာလိုပြန်တော့ ဆောင့်ကန်တာပေါ့
ဗျာ။

နောက်ကကောင်ရဲ့ ရိုက်ချက်ဟာ လွဲသွားသလို အေးကျော်
ဟာ ကျုပ်ရှေ့မှာ ဒူးထောက်လျက်ပေါ့။

"ဟော့ကောင်တွေ....... တွေ့လား။ မင်းတို့ဆရာ ငါ့ကို ရှိခိုး
တော့မလို ဒူးထောက်နေပြီ၊ ကဲ....... မင်းတို့ကော စမ်းဦးမလား"

ဟိုနှစ်ကောင် လူ့ဘဝက ပိုးဟပ်ဖြူဘဝကို ကူးသွားပြီ။

အေးကျော်မျက်နှာကလည်း ရှုံ့လို့၊ လိမ်လို့။

"ဟေး....... ဒီသိပ်ကြည့်ကောင်းတာပဲ၊ ဦးဦးက ဓာတ်လိုက်
သွားနေတာပဲကွ......."

လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့အတူ ညိုညိုဇော်ရဲ့ ဝမ်း
သာအားရ အော်သံကို ကြားလိုက်ရတယ်။ သည်ကောင်မလေး ဘယ်

www.burmeseclassic.com



အချိန်ကတည်းက စောင့်ကြည့်နေတယ်မယ်။

"ကိုအေးကျော်၊ ဒါတော့ ရှင်တို့လွန်တာပေါ့"

သူကလေးက ခါးထောက် နှုတ်ခမ်းစူရင်း ကက်ကက်လ
အောင် ရန်တွေ့ပါလေရဲ့။

"လာပါ မိညိုရယ်၊ ဒီကောင်တွေကို အဖက်လုပ်ပြီး ပြေ
မနေစမ်းပါနဲ့"

ကျုပ်က ညိုညိုဖော့်လက်ကိုဆွဲပြီး ခေါ်ခဲ့တယ်။

"မဟုတ်ဘူး ဦးဦး။ မိညို စောင့်ကြည့်နေတာ ကြာလှပြ
သူတို့က ဦးဦးကို ရန်စပြီး ဆော်မလို့ သိလား။ နေ့လယ်က ဂေါ
မရဲ့ကားကို ဦးဦးက ဝင်ပြင်ပေးလိုက်တာကို သူက မကျေမန
ဖြစ်နေတာ ဦးဦးရဲ့ သိလား။ ဦးဦးသာ ခံရရင် မိညိုလဲ ဝင်ဆော
မှာပဲ"

ဩော်...... အတော်ခက်တဲ့ မိန်းကလေး။ သူ ကျုပ်ကိ
ဘာဖြစ်လို့ သံယောဇဉ်ရှိနေပါလိမ့်။ ကျုပ်ကို သူက ကန့်ကလ
လုပ်တယ်။ အရောတဝင်နေတယ်။ ဘာသဘောလဲကွယ်။

"မိညို"

"ဟင်...... ဦးဦး"

ကျုပ်ရင်ထဲမှာ အောင့်သက်သက်နဲ့ အခံရ ခက်သွားတယ
ဦးဦး...... ဘာဦးဦးလဲ။

"နင် ငါ့ကို ဦးဦး...... ဦးဦးနဲ့ မခေါ်စမ်းပါနဲ့ မိညို။ ငါ့
အသက်က အခုမှ နှစ်ဆယ့်တစ်နှစ်ပဲရှိသေးတာ"

"ဟွန့်...... သူ့နာမည်ကြီးက ကိုကခက်တဲ့ ကဗျာလဲ မဆေ
ဘူး။ ဘာဘာလို့ခေါ်ရင်လဲ မကောင်းဘူး။ ခက်ခက်လို့ခေါ်လို့လ
မကောင်းဘူး။ အလကားနာမည်ကြီး၊ သိပ်တုံးတာပဲ။ မိညိုတော့
ဦးဦးလို့ပဲခေါ်မှာ သိလား"



ခက်လိုက်တဲ့ မိညို။ မင်းအမူပိုနေတာကို လေးလေးက ရှောင်
ပါမှ။ ဒါမှမဟုတ်ပါလျှင် ကျုပ်ကလည်း ရဟန္တာမဟုတ်၊ သင်းကလေး
ကလည်း သစ်တုံးမဟုတ်လေတော့ ချစ်ကြ၊ ကြိုက်ကြ၊ ငြိကြ၊ ထိ
ကြရင် ကျုပ် ရည်မှန်းချက်တွေ ပျက်လိမ့်မယ်။

ကျုပ် ရွှေပြည်တော်ဝပ်ရှေ့ကို ရောက်လာရတဲ့အကြောင်း
ကလည်း ကျုပ်မိဘတွေအတွက် လက်စားချေမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့
မဟုတ်လား။

အဲဒီတော့ ဦးအောင်ဖော်ရဲ့ သွေးသားနဲ့ပတ်သက်ပြီး သံ
ယောဇဉ်မဖြစ်ချင်ဘူး။ ရင်ထဲက ဆန္ဒ နှလုံးသားရဲ့အလိုကို ဦးနှောက်
က လက်မခံတဲ့အခါ ရင်ထဲက အလိုလို ပင်ပန်းလာရပါတယ်။ သည်
တော့ သူ့ကိုရှောင်ရတယ်။

"မိညိုကို ဘာဖြစ်လို့ ရှောင်ဖယ် ရှောင်ဖယ်လုပ်နေရတာ
လဲဟင်၊ ဦးဦးကို မိညို ခင်သလို မိညိုကို ဦးလေးခက် မခင်ဘူး
မဟုတ်လားဟင်"

မိညိုကလဲ အဲသလိုမေးတော့ ကျုပ် ဘာမှ မဖြေတတ်ပြီ။
ကျုပ် သူ့ကိုရှောင်နေတာ ကြာပြီလေ။

"ပြောစမ်းပါ ဦးဦးခက်ရယ်၊ ဦးဦးခက် မိညိုကို မုန်းနေ
တယ် မဟုတ်လားဟင်"

ကျုပ် သက်ပြင်းချမိတယ်။ အဲဒီလို ကျုပ်က ဘာမှ ပြန်
မပြောလေ မိညိုရဲ့အမူအရာက မချင့်မရဲ ဖြစ်လေပဲ။

"ဟုတ်တယ်မဟုတ်လား ဦးဦးဟင်၊ ပြောစမ်းပါ၊ မိညိုကို
မုန်းတယ်လို့ ပြောလိုက်စမ်းပါ"

"ခက်တယ် မိညိုရယ်"

ကျုပ်က မိညိုကို ကြင်ကြင်နာနာ ကြည့်ရင်း ညည်းမိ
တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ခက်တာလဲဟင်၊ မုန်းနေလို့ မဟုတ်လား"

"ကိုယ် မိညိုကို မမုန်းပါဘူး။ ကိုယ့်ညီမလေးထက် ပိုပြီး တောင် ခင်ပါသေးတယ် မိညို၊ ဒါပေမယ့်......."

သည်တော့ မိညို မျက်လုံးဝိုင်းကြီးတွေက တလက်လက် တောက်ပလာတယ်။

"ဒါပေမယ့် ဘာဖြစ်လဲဟင်"

"မိညိုကို ခင်ချင်တိုင်း ခင်ရအောင်၊ ချစ်ချင်တိုင်း ချစ်ရ အောင် ကိုယ့်မှာ အခွင့်အရေးမပေးဘူး မိညို"

"ဟင်......."

"ဟုတ်တယ်....... မိညို၊ မိညိုဟာ အခုနေသာ ကိုယ့်ကို ခင်တွယ်နေပေမယ့် တစ်နေ့မှာ ကိုယ့်မျက်နှာကို မကြည့်ချင်လောက် အောင် မုန်းတီးနာကျည်းလာလိမ့်မယ်"

မိညို မျက်နှာကလေးဟာ တွေဝေသွားတယ်။ အစဉ်းစား ခက်တဲ့ ပုစ္ဆာတစ်ပုဒ်ကို တွက်နေရသလို မျက်နှာလေး အိုသွားရှာ တယ်။ ဒါပေမယ့် သူ့ခမျာ အဖြေမထုတ်တတ်ရှာပါဘူး။

"ဘာဖြစ်လို့ မိညိုက ဦးဦးခက်ကို မုန်းနေရမှာလဲဟင်"

"ဒီလိုရှိတယ် မိညို၊ လူ့ဘဝဆိုတာ ဒီကနေ့နဲ့ မနက်ဖြန် မတူအောင် အပြောင်းအလဲမြန်တယ်။ အခြေအနေတွေဟာ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်း တစ်ခုနဲ့တစ်ခု မတူအောင် ဖြစ်ချင် ဖြစ်သွားတာ၊ ဒီကနေ့ အသည်းနစ်အောင် ခင်တွယ်နေပေမယ့် မနက်ဖြန် မကြည့်ချင်အောင် မုန်းတီးနာကျည်းသွားတတ်ကြတာ ကလား မိညို"

"ဟင်....... ဦးဦးစကားကို မိညို နားမလည်ပေါင်၊ မိညို ကတော့ ဦးဦးကို အမြဲခင်တွယ်နေမှာပဲ"

မိညိုက ကလေးဆန်ဆန် ပြောလာပြန်တယ်။ ကျွဲဝိုက



နှစ်သိမ့်စွာ ပြုံးလိုက်ရင်း ဆိုရတယ်။

"အဲသလို ကြားရတာကို ဝမ်းသာပါတယ် မိညို၊ မိညိုရဲ့ စိတ်ထားဟာ အမြဲတမ်း တစ်သမတ်တည်း ထားနိုင်ပါစေလို့လဲ ကိုယ် ဆန္ဒပြုပါတယ်"

မိညိုက ပြုံးလာတယ်။

"အဲ....... မိညို သိထားဖို့ကတော့ ကိုယ်ဟာ မိညိုကို ဘယ်တော့မှ မမုန်းဘူးဆိုတာကိုပါပဲလေ"

သည်တော့လည်း မိညို မျက်နှာကလေးဟာ ဝင်းပပ ရွှန်း မြလို့သွားတယ်။ အဲသလိုနဲ့ ကျွဲဝိုဟာ ဦးအောင်ဇော်ရဲ့ ရွှေပြည်တော် သစ်ရွာမှာ သုံးလေးလ ကြာခဲ့ရတယ်။

အဲ....... တစ်နေ့တော့ ကျွဲဝို ကားမြင်နေတာကို မိညို ရောက်လာပြီး စကားရောဖောရော လာလုပ်တယ်။ မူတယ်၊ ချွဲတယ်။

ဒါကို ခပ်လှမ်းလှမ်းက စောင့်ကြည့် အကဲခတ်နေတဲ့ အေး ကျော်က မနာလိုပေဘူး ထင်ပါရဲ့။ မိညိုကလည်း မိညိုပဲ။ ဝင်ရှော မှာ လူရှင်းပြီဆိုရင် ကျွဲဝိုအနား ရောက်လာပြီ၊ ကျွဲဝိုမိုလို့ ကားအင် ချင်နှိုက်နေပြီဆိုရင် ကူရှင်ပေါ်လာထိုင်ပြီ။

ဦးအောင်ဇော်ဟာ တစ်ဦးတည်းသော သမီးကလေးမို့ ငယ် သေးကတည်းက အလိုလိုက်ခဲ့လေတော့ ညိုညိုဇော်ဟာ မိတဆိုး ကလေးဖြစ်နေတယ် ထင်ပါ့။

ဪ....... ဒါနဲ့ ညိုညိုဇော့်မိခင်ဟာ ညိုညိုဇော် သုံးနှစ် သမီးလောက်က ဆုံးပါးသွားတယ်လို့ သိခဲ့ရတယ်။

ဦးအောင်ဇော်ဟာ မိညိုတစ်ယောက် ကျွဲဝိုနဲ့ ရောရောနှော နှောနေတာကို ဘယ်လိုမှ မကန့်ကွက်ပေမယ့် အေးကျော်ကတော့ ဟိုကတည်းက မိညိုကို အရချိုင်ချင်နေသူဆိုတော့ မနာလိုတော့ဘူး ပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com





အင်း……သူ့အနေနဲ့ကလည်း မိညိုကိုသာ ရရင် ရွှေပြည်တော်ဝင်ရှေ့ကြီးတစ်ခုလုံးရတာနဲ့ အတူတူပဲ မဟုတ်လား။ အဲသည်တော့ ကျုပ်ကို ရန်လိုပြီပေါ့။ ကျုပ်ဟာ သူ့အတွက် မဟာတံတိုင်းကြီးပဲ။

သည်မှာတင် အေးကျော်ဟာ တံတိုင်းကြီးကို ဖြိုဖို့ ကြိုးစားလိမ့်မယ်ဆိုတာ ကျုပ် အတပ်ပြောရဲတယ်။ ကျုပ်သာ မရှိခဲ့ရင် ဦးအောင်ဇော်ကို သူက နိုင်ကွက်ကိုင်ပြီး ညိုညိုဇော့်ကို ချိုင်နိုင်တယ် မဟုတ်လား။

အေးကျော်ဟာ ကျုပ်နဲ့ မိညို စကားပြောနေတဲ့ ဝိုလီဂျုံဆီကို လျှောက်လာတယ်။ ကျုပ်က သူ့ကို အဖက်လုပ်ပြီး ခေါ်လားပြောလား မလုပ်တော့ မိညိုကို စကားစတယ်။

"မိညို"

"ဘာလဲ၊ လူကို မိညိုလို့ မခေါ်ပါနဲ့လို့ ကိုအေးကျော်ကို ဘယ်နှစ်ခါပြောရမလဲ။ ကျွန်မနာမည် ညိုညိုဇော်ရှင့်"

လူကြီးရှက်တော့ ရယ်ဆိုသလို အေးကျော်က ဟက်ခနဲ ရယ်လိုက်တယ်။

"မကြိုက်ရင်လဲ မခေါ်ရုံပေါ့ ညိုညိုဇော်၊ ဒါနဲ့ ညိုညိုဇော် ဒီမှာ ဘာလုပ်နေတာလဲ"

"ကိုအေးကျော် မျက်စိပါတယ် မဟုတ်လား။ ပွဲလို့ ကားပြင်တာ လာကြည့်နေတာပေါ့"လို့ မိညိုက အငေါ်တူးလိုက်တယ်။

"ကားပြင်တာများ အဆန်းလုပ်လို့ နေ့တိုင်း မြင်တွေ့နေရတဲ့ဟာများ"

"အို်း……ဆန်းတာပေါ့၊ သိပ်ဆန်းတာပေါ့၊ ဆန်းလို့လဲ ဟိုတစ်လောက ဂေါ်ရာမရဲ့ကားကို ကိုဘခက် ပြင်ပေးလိုက်တာကောင်းသွားတာပေါ့"

သည်တစ်ခါတော့ အေးကျော်ဟာ အောင့်သက်သက်နဲ့တော်ခံလိုက်ရပုံပဲ။ သူ့အနေနဲ့ မိညိုကို ဘာပြန်ပြောရမှန်းမသိအောင် အခက်တွေ့သွားသလို တော်တော်လည်း ရှက်သွားပုံရတယ်။ သည်တော့ ကျုပ်က ပြောလိုက်ရတယ်။

"မိညို……သွားတော့၊ စာကျက်"

သည်တော့ မိညိုက နှုတ်ခမ်းစူတယ်။

"ဟွန့်……သူများမှ မကျက်ချင်တဲ့ဥစ္စာ၊ တဆိတ်ရှိ စာပဲ ကျက်ခိုင်းနေကာပဲ၊ သူများကို သူငယ်တန်းကျောင်းသူလေး အောက်မေ့နေသလား မသိဘူး။ သွားပါ့မယ်……သွားပါ့မယ်"

ခြေဆောင့်လို့ နှုတ်ခမ်းစူရင်း မိညို ထွက်သွားလေရဲ့။

"ဘယ်ပြောလည်ပါလား ကိုဘခက်၊ ကောင်မလေးက ခင်ဗျားကို သိပ်ကာစ်တာပဲ"

အေးကျော်က ပြောတယ်။

သည်ကောင် ကျုပ် ပညာပေးပြီးကတည်းက ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်လာပြီ။ ဒါပေမယ့် အိပ်နေတဲ့ မြွေပွေးကို အထင်သေးလို့ မရပါဘူး။

"ဒါပေါ့……ဒါပေါ့၊ သူ့ကုသိုလ်နဲ့သူပဲ။ ဘာလဲ……မင်းက နာလို့ဘူးလား"

"အား……မနာလိုစရာမရှိပါဘူးဗျာ"

သူက မရယ်ချင့်ရယ်ချင် ရယ်တယ်။

"ဒါနဲ့ အေးကျော်၊ မင်းတို့ဝပ်ရှော့မှာ အရင်က ကုလားသားတစ်ယောက် ရှိဘူးပါမဟုတ်လား။ သူ့နာမည်က စွပ်ပရားတဲ့"

အေးကျော်မျက်နှာ ကွက်ကနဲ ပျက်သွားတယ်။

"အလကားကုလားပါ ကိုဘခက်ရာ၊ ဆရာဇော်က ရေစေ့ဆီလိုက်ကလေးဘာလေး နိုင်းကောင်းမလားလို့ ခေါ်ထားတာ၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကောင်က သောက်ပျင်း"

"ဒါပေမယ့် ဒီကုလားလေးက ဇစ်ပိုမီးခြစ်တွေ ဘာတွေ ကွ"

"ဗျာ....... နေစမ်းပါဦး ကိုဘခက်ရ။ ခင်ဗျားနဲ့ စွပ်ပရာ က ဘယ်တုန်းက သိလိုက်တာလဲ"

ကျုပ်ဟာ မြားတစ်စင်းကို ရမ်းပစ်လိုက်တယ်။

သည်မြားဟာ အေးကျော်နဖူးကို စူးနေပြီပေါ့။ ဇစ်ပိုဆို တာနဲ့ သူ့ရင်တွေ ဖိုကုန်ပြီ။

"အရက်ဆိုင်းတစ်ခုမှာ ဆိုပါတော့၊ အမယ်....... ဒီကောင် က အပြောအဆိုလဲ မဆိုးလှဘူးကွ"

"ခင်....... ခင်ဗျားကို ဒီကုလားက ဘာတွေများ အာလူး ပေးသွားလို့လဲ"

ကျုပ်က ဟက်ခနဲ ရယ်လိုက်မိပြီး သူ့မျက်ခွက်ကို စိုက် ကြည့်လိုက်တယ်။ သူ့အသံတွေ မှုမမှန်တော့ဘူး။

"သူပြောတာတွေကတော့ အများကြီးပဲ အေးကျော်၊ ရုံ လို့"

"စွပ်ပရားပြောတာတွေကို မယုံပါနဲ့ ကိုဘခက်၊ ဒီကုလား က ပေါက်ကရလေးဆယ် သိပ်ပြောတတ်တယ်"

မြတ်စွာဘုရား။

စွပ်ပရား ပြောတာတွေတဲ့။

"စွပ်ပရားပြောတာတွေ ဟုတ်လား။ နေစမ်းပါဦး။ စွပ်ပရား က ဘာတွေပြောသွားတယ်ဆိုတာ မင်းက ဘယ်လိုလုပ် သိလဲ၊ ဘာဖြစ်လို့ မယုံနိုင်းနေရတာလဲကွ ဟေ......."

ဒုတိယမြားတစ်စင်းဟာ အေးကျော်ကို စိုက်ဝင်သွားပြန် ပြီ။



သူ့စကားတွေ ကျွံသွားပြီဆိုတာ အေးကျော် သိလိုက်ပုံပဲ။ သူ့က ကမန်းကတန်း.......

"အား....... မသိပါဘူးဗျာ။ စွပ်ပရား ဘာတွေပြောခဲ့မှန်း တကယ့်ကို မသိပါဘူး"

အေးကျော် မျက်နှာပျက်လာပြီ။

ကျုပ်က သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း မေးလိုက် တယ်။

"ဒီမှာ အေးကျော်၊ ဆရာဇော်ဟာ မင်းကို ကြောက်လန့် နေရတယ်ဆိုတာ ဆရာဇော့်အပေါ်မှာ နိုင်ကွက်တွေများ တွေ့ထား လို့လား"

"ဆရာဇော်က ကျွန်တော့်ကို ဘာဖြစ်လို့ လန့်နေရမှာလဲ ဗျ"

သူက မကျေမနပ်သံနဲ့ ပြန်မေးတယ်။

"ဒါတော့ ငါဘယ်သိမလဲ အေးကျော်၊ ငါသိတာကတော့ ဆရာဇော်ဟာ မင်းကို အတော်လန့်နေပုံရတယ်။ သတိထားနေနော်။ တော်တော်ကြာ စွပ်ပရားလို ရထားကြိတ်ခံနေရဦးမယ်"

"ဘာ....... စွပ်ပရား ရထားကြိတ်ခံရတယ် ဟုတ်လား"

သူ့အသံက မသိမသာ တုန်ယင်နေသလိုပဲ။

"ဟုတ်တယ်လေ၊ ဒါကို မင်းမသိတာတော့ အံ့ဩစရာပဲ အေးကျော်၊ စွပ်ပရားဟာ မြနန္ဒာနဲ့ ရေဖလာအကြားက ရထားလမ်း ပေါ်မှာ အိပ်ပျော်နေရင်း ရထားကြိတ်သွားတာတဲ့ကွ၊ ဒီငနဲလေးကို ဘယ်သူကများ မီးရထားသံလမ်းပေါ်မှာ သိပ်ထားပါလိမ့်"

သူက စိတ်မဝင်စားသလို ဟက်ခနဲ ရယ်လိုက်ပြီး.......

"စွပ်ပရား ရထားကြိတ်ခံရတာနဲ့ ကျွန်တော်က ဘာလို့ သတိထားရမှာလဲ ကိုဘခက်၊ ခင်ဗျား ကျွန်တော့်ကို တောင်ပြီး‌ရေ

www.burmeseclassic.com

www.burmeseclassic.com



မရစကားတွေ ပြောမနေစမ်းပါနဲ့"

"ဒီလိုဆိုလဲ ကောင်းပါလေ့ကွာ"

ကျုပ် သူ့အနားက ခွာခဲ့တယ်။

အင်း...... အေးကျော်ကိုတော့ အပယ်သွင်းခဲ့ပြီ။ ပယောဂစွဲမစွဲတော့ စောင့်ကြည့်ရဦးမှာပေါ့။ တကယ်တော့ စွဝ်ပရား ဘယ်ရောက်နေတယ်ဆိုတာ ကျုပ် မသိတာအမှန်ပဲ။ အေးကျော်ဟာ ဦးအောင်ဖော်ကို ခပ်လန့်လန့်ဖြစ်ပုံရတယ်။ ကျုပ်ကတော့ ကိုယ်နဲ့ဘာမှမဆိုင်သလို ဘာသိဘာသာ နေလိုက်တယ်။ ဒါပေမယ့် အေးကျော်ဟာ ကျုပ်ကိုလည်း အလစ်ပေးဝံ့ပုံမပေါ်လှဘူး။ အင်း...... ကျုပ်တွေးထင်ခဲ့သလို အေးကျော်နဲ့ စွဝ်ပရားဟာ ကျုပ်တို့ မော်တော်ကားဝပ်ရှော့ကို မီးရှို့ခဲ့တဲ့သူတွေဖြစ်ပြီး ဦးအောင်ဖော်က အခါပေးဦးပုညလုပ်ခဲ့တယ်ဆိုရင်တော့ မကြာခင် အဖြေပေါ်လာရတော့မှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် ရမ်းပြီးပစ်ခဲ့တဲ့ မြှားချက်တွေက အေးကျော်ကို စူးနေပြီလေ။

တစ်နေ့ပေါ့။

ကျုပ်လည်း အားတာနဲ့ မြနန္ဒာကန်ကို ထွက်ခဲ့တယ်။ ဘရန်ဒီတစ်ပိုင်း၊ ဒိန်ခဲတစ်ဘူးနဲ့ ပေါင်မုန့်လေးချပ်၊ ငါးမျှားတံဘစ်ချောင်း ပါခဲ့တယ်။ ဒါဆို ကျုပ်အတွက် တစ်နေ့တာ အချိန်ဖြုန်းဖို့လုံလောက်သွားပြီပေါ့။

လူသူကင်းရှင်းပြီး အရိပ်ကောင်းမယ့်နေရာ ရောက်တယ်ဆိုရင်ပဲ အေးအေးလူလူထိုင်ရင်း ဘရန်ဒီပုလင်းဖြူးလေးကို ထုတ်ပြီး တစ်ကျိုက်မြို့လိုက်တယ်။ ချိုမြပူရှိန်းတဲ့ အယ်လ်ကို ဟောကလည်ချောင်းထဲကို ရှာတလေး လျှောသွားလေရဲ့။ အား...... ကောင်းလိုက်တဲ့ အရသာ၊ နောက်ပြီးတော့ ဒိန်ခဲတစ်ဖဲ့ကို မြုံ့ရင်း ကျပန်းငါးမျှားတံကို ဆင်တစ်လိုက်တယ်လေ။



ဒိန်ခဲနဲ့ ပေါင်မုန့်ကို ရောနယ်လို့ ငါးမျှားချိတ်မှာ ငါးစာအဖြစ် ဖန်တီးလိုက်ပြီး စိမ်းမြနေတဲ့ ရေပြင်ထဲကို ပစ်ချလိုက်တယ်။ ရေအောက်က ငါးကတော့ အစာဖုံးတဲ့ ငါးမျှားချိတ်ကို မြင်မှာ မဟုတ်သေမယ့် ကျုပ်ကတော့ ရေပြင်ပေါ်မှာ ပေါ်နေတဲ့ ခေါင်းတောင်ဖော့မြှော်ကလေးကို အာရုံစိုက်နေခဲ့တာပေါ့။

စီးကရက်နှစ်လိပ်နဲ့ ဘရန်ဒီသုံးငုံလောက် ကုန်သွားတယ်ဆိုရင်ပဲ ဖော့ကလေးဟာ မသိမသာ လှုးလွန့်လာလေရဲ့။

သနားစရာ ငါးသတ္တဝါ။

အစာကိုမင်ပြီး အန္တရာယ်ကို မမြင်နိုင်လေဘူးထင်ရဲ့။ အင်းအသိဉာဏ်ရှိတဲ့ မနုဿ လူသတ္တဝါတောင် လောဘ၊ ဒေါသ၊ မောဟ ရှုက်ဖမ်းလျှင် မြင်လျက်နှင့် ကန်းသေးတာပဲ။

ရေပြင်ပေါ်မှာ ပေါ်နေတဲ့ ဖော့ကလေးဟာ ရုတ်ခနဲ မြုပ်သွားတာနဲ့ ကျုပ်က ငါးမျှားတံကို သုတ်လိုက်ရင်ပဲ ဒုတ်ခနဲ လက်ထဲမှာ ခံစားလိုက်ရတယ်။

ပြီး......

ငါးဟာ ကြောက်အားလန့်အား ဝေါခနဲ ဆွဲပြေးတယ်၊ ကျုပ်က စက်သီးက ကြိုးကို လျှော့ပေးတယ်။ ပြေးလေဦးတော့ မဂေမာသမျှ ပြေးလေဦးတော့။ အဆွဲကြမ်းပုံ တောက်ရင် ဧကန္တ ငါးကြင်းဖြစ်ရမယ်။

နာရီဝက်နီးပါး လျှော့လိုက် တင်းလိုက် ကစားလိုက်တယ်ဆိုရင်ပဲ ဒီအကောင် ခေါင်းပေါ်လာပြီး ပါးစပ်တွေပြဲပြီး ဟောဟဲနိုက်နေပြီ။ ကျုပ်က ကာမ်းစပ်ကို မျှဉ်းဆွဲပြီး ငါးဗိုက်အောက်ကို လက်ဝါးနဲ့ အသာပင့်လို့ ကုန်းပေါ်ကို ပစ်တင်လိုက်တယ်။ အား..... အတော်ကြီးတဲ့အကောင်၊ အနည်းဆုံး ငါးပိဿာတော့ ရှိမယ်။

ကျုပ်က အနီးအနားမှာရှိတဲ့ ထင်းချောက်တွေကိုစုပြီး မီးဖို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုဖန်တီးလိုက်တယ်။ နောက်ပြီး ငါးကြင်းကို ပါးစပ်က အမြီးထိ တံစို့ထိုးပြီး ကင်လိုက်တယ်။ တဖျစ်ဖျစ်တောက်လောင်နေတဲ့ မီးအရှိန်နဲ့ ငါးကြင်းရဲ့အကြေးခွံဟာ မီးကျွမ်းပြီး ကွာကျသွားတဲ့နောက်တော့ နီရဲမွှေးကြိုင်နေတဲ့ ငါးကြင်းတစ်ကောင်ဟာ အရက်နဲ့မြည်းဖို့ အဆင်သင့်ဖြစ်သွားပြီလေ။

အဲသည်အချိန်မှာ တံငါလှေကလေးကိုလှော်လို့ သူရောက်လာတယ်။ ညိုညိုဖော်ရယ်ပေါ့။

"ဟေး......ဦးဦး။ အမယ်လေးဟယ် ရှာလိုက်ရတာ အမောပဲ၊ ငါးမျှားသွားတယ်ဆိုလို့ တံငါတဲက လှေငှားပြီး တစ်ကန်လုံး ပတ်ရှာနေတာ၊ သူများဖြင့် လှေလှော်ရတာနဲ့ လက်ကို ညောင်းလှပြီ သိလား"

မိညိုက ကျုပ်ကိုမြင်တယ်ဆိုရင်ပဲ ကမ်းစပ်မရောက်ခင်ကတည်းက လှမ်းအော်တယ်။

လာပြန်ပြီ ဒီကောင်မလေး။

ပြေးလေ လိုက်လေ၊ ရှောင်လေ ရှာလေဆိုသလိုပါပဲကလား။

ညိုညိုဖော်ဟာ ဝမ်းလုံး တံငါလှေကလေးကို လှော်ရင်း ကျုပ်ထိုင်နေတဲ့ ကမ်းကို ဦးတည်လာနေတယ်။

ကန်ရေစိမ်းမြ ကြေးမုံပြင်မှာ ဖြူလွလွ သူ့အသွင်က အထိုင်ထင်လို့ပေါ့။

ဟုတ်တယ်။ နှင်းမင်းသမီးကလေးလား မှတ်ရအောင် သူ့တစ်ကိုယ်လုံး ဖွေးဖွေးဖြူလို့။ ထဘီအဖြူ၊ အကျီအဖြူ၊ ဒါပေမယ့် သူ့ခေါင်းက နှင်းဆီပန်းပွင့်ကြီးကတော့ ငှားစွင့်နီရဲနေလေရဲ့။

"တစ်ယောက်တည်း မိမ်ကျနေပြီပေါ့လေ ဟုတ်လား။ ဒါပဲနော်...... သူများမောတာတွေ ပြန်လျော်ပေးရမယ်"



ကျုပ်က ဘာမှပြန်မပြော၊ ပြုံးရင်းနဲ့ သူ့ကို ကြည့်နေမိတယ်။ မိညိုဟာ ကစားစရာ အသစ်အဆန်းတွေ့တဲ့ ကလေးမလေးလို ကြည့်ရှုင်နေတယ်။

"ဟေး...... မိညို၊ ဒီနားက ရေနက်တယ်နော်၊ သတိထားဆင်း"

ကမ်းစပ်ကို လှေဦးမတင်ခင် မတ်တစ်ရပ်လိုက်လို့ ကျုပ်က သတိပေးလိုက်ပါရဲ့။ ဒါပေမယ့် လှေက ဝမ်းလုံးလှေဆိုတော့ မတ်တစ်ရပ်တယ်ဆိုရင်ပဲ လူးလိမ့်သွားတယ်။

"အို...... အမယ်လေး...... ဦးဦး လှပ်ပါဦး"

"ရပ်နေ...... ရပ်နေ၊ မလှုပ်နဲ့။ ကိုယ်လာခဲ့မယ်"

ကျုပ်က ရေစပ်ကို ပြေးဆင်းပေမယ့် မမီတော့ပါဘူး။

မိညိုဟာ လှေပေါ်မှာ ယိုးဒယားကရင်း ရေထဲကို ဝုန်းခနဲ ကျသွားတယ်။

မြတ်စွာဘုရား......

ကျုပ်ဟာ ရေထဲမှာ ယက်ကန်ယက်ကန်နဲ့ ဝိုးဝိုးဝါးဝါးဖြစ်နေတဲ့ ညိုညိုဖော်ဆီကို အလောတကြီး ကူးခတ်သွားပြီး ဆွဲမိဆွဲရာ ဆွဲခဲ့တော့ သူကလည်း ဖက်မိဖက်ရာ လှမ်းဖက်ပြီး ကမ်းစပ်ကို လာတယ်။

အင်း...... ရင်မောပါ့။

"မရပ်ပါနဲ့ဆိုတာ နားမထောင်ဘူး။ ဘာလဲ...... အိမ်က ရေမျိုးခဲ့ရဘူးလား"

ကျုပ်က ကရုဏာဒေါသော ပြောမိတယ်ဆိုရင် မိညိုက ခေါင်းဘတ်ကို တအုံးအုံးထုရင်း......

"ဟင်း...... သူများဖြင့် ရေမွန်းလို့ သေတော့မယ် သူက ဒေါသထဲ အပြစ်တင်နေသေးတယ်။ ကဲ...... ကဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲမနေနဲ့။ ကိုယ့်ကိုယ်ကိုလဲ ပြန်ကြည့်ဦး"
ဟုတ်တယ်။

"ကြည့်ပါလား ပြောပြန်ပြီ၊ ဟွန့်"

အင်း...... မိန်းကလေးတွေ တက်ထ္ဘုန်ထဘီကို ဝတ်[illegible] မသင့်ဘူး။ သည်ထက် ထူထူထဲထဲဘက်ဖို့ တော်ပြီ။

"ကဲ...... မိညို၊ အရေးထဲ စိတ်ကောက်မနေစမ်းပါနဲ့ ရော့...... ဟော့ဒီ ကိုယ့်စပို့ရှပ်ကို ဝတ်ထား။ တော်ကြာ မိညို အအေးမိနေဦးမယ်၊ ဟောဟို ချုံကွယ်မှာ သွားဝတ်"

ကျုပ်က ဝတ်ထားတဲ့ တာလွန်စပို့ရှပ်ကို ချွတ်ပေးလိုက်တယ်။ သူက မျက်လုံးလေး ကလယ်ကလယ်နဲ့။

"ရော့...... ယူလေ၊ ဘာလဲ...... အခုမှ ရှက်နေသလား သွားဝတ်ပါ၊ ကိုယ် ချောင်းမကြည့်ပါဘူး"

"သွား...... မပြောနဲ့"

မြန်နန္ဒာဟာ အနောရတ္တရေအိုင်လို ကြည့်မြဲနေသလို အ[illegible] အုပ်ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းရှိလှတဲ့ သပြေ၊ ရေသဖန်း၊ တောယ[illegible] တွေနဲ့ စိမ်းညို့လို့နေလေရဲ့။ တိတ်ဆိတ်ငြိမ်သက်တဲ့ ဝန်းကျင်[illegible] နှင်မှာ သပြေခက်ကလေးတွေရဲ့ လှုပ်ခတ် လှုးလွန့်သံကလွဲလို့ ဘာ[illegible] မှမကြားရ။

သာယာပါဘိ။

ငြိမ်းအေးပါဘိ။

"ဦးဦး......"

အသံက တိုးညှင်းတယ်။ ရှက်ရွံ့နေတယ်။ ဒါပေမယ့် [illegible] ကို မမြင်ရ။ သူက စိန်နားပန် ချုံအကွယ်ရဲ့ ဟိုဘက်မှာ။ ကျုပ်[illegible] သည်မှာဘက်မှာ။ သူ ဘာတွေလုပ်နေပါလိမ့်။

"ဘာလဲ မိညို"



"ဟိုလေ...... အဝတ်တွေ လှန်းထားခဲ့မယ်နော်"

"အမိသာဘော"

"လှကို မရယ်ရဘူးနော်"

"အင်းပါ"

"လာတော့မယ်နော်"

"အင်း"

သူ့ယောင်မယ်လေးတစ်ယောက်။

ဩော်...... ဩော်...... မဟုတ်သေးပါဘူးလေ။ ဒါက သူ ယောင်တော့မှ မဟုတ်တာပဲ။ မြန်နန္ဒာကန်စပ်မှာ[illegible]ဟာ။

ကပိုကရို မိညိုက တစ်လှမ်းချင်း လျှောက်လာတယ်။ စပို့ရှပ်က ပွပေမယ့် အလှအပတွေက ဝိုးတဝါး မြင်နေရတယ်။

"အင်း...... ညည်းတော့ နေရင်းထိုင်ရင်း အနောက်တိုင်း သူ ဖြစ်သွားပြီ"

"ဘာဖြစ်လို့လဲ"

ကျုပ် မျက်နှာလွှဲလိုက်တယ်။ ငါးမျှားတံကို ပြန်ကိုင်ရတယ်။ ငါးစာတပ်ပြီး ရေထဲကို ပစ်ချလိုက်တယ်။

"ဦးဦးကြောင့် ဒီလိုဖြစ်ရတာ။ သူများ သိပ်ရှက်တာပဲ"

"ကိုယ့်ကြောင့် ဟုတ်လား။ ဘယ့်နှယ်ကြောင့် ကိုယ့်ကို အပြစ်တင်နေရတာလဲ မိညိုရယ်၊ ကိုယ်က မိညိုကို ဘာများ ပြောမိဆိုမိလုပ်မိလို့လဲ"

"တော်ပါ...... သူများကတော့ ဦးဦးကို အရေးကြီးတဲ့ စကားတွေ ပြောစရာရှိလို့ အမောတကော လိုက်ရှာနေရတာ"

"အရေးကြီးတဲ့စကား...... ဟုတ်လား မိညို"

"ဟုတ်တယ် ဦးဦးရေ၊ မိညိုတော့ ဦးဦးနဲ့ပတ်သက်ပြီး ထူးထူးဆန်းဆန်းစကားတွေ ကြားလာခဲ့ရတယ်၊ ကြားတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကလဲ တမင်နားထောင်နေလို့တော့ မဟုတ်ဘူး။ မတော်တဆ တိုက်ဆိုင်ပြီး ကြားလာခဲ့ရတာ''

''ဘယ်လိုစကားတွေများလဲ မိညို''

ကျုပ်က စိတ်ဝင်စားစွာ မေးလိုက်မိတယ်။

မိညိုဟာ ပိုက်ထားတဲ့လက်နှစ်ဖက်ကို ခြေသလုံးပေါ်ကို ဖက်ရင်း သူ့မေးစေ့လေးကို ဒူးပေါ်မှာတင်ရင်း ငေးငေးကလေး ငိုင်လို့၊ ခဏကြာတော့မှ ပြောတယ်။

''ဒါကို ဦးဦးကို ပြန်ပြောသင့် မပြောသင့် မိညို စဉ်းစားနေမိတယ်လေ၊ မိညိုစကားကိုကြားရင် ဦးဦး အံ့သြမလား မသိဘူး''

မိညိုက သူမရဲ့ပေါင်ကို လက်ဖဝါးလေးနဲ့ပွတ်ရင်း ဆိုပြန်တယ်။

''မိညို တစ်ခုမေးမယ်နော်။ ဦးဦးဟာ ဖေဖေ့ဝပ်ရှော့ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ''

သူ့မေးခွန်းကို ကျုပ်အံ့သြရတယ်လေ။ ဒါပေမယ့် ကျုပ်က ဣန္ဒြေမပျက် ပြန်ပြောလိုက်ပါတယ်။

''ကိုယ့်မှာ ဘာရည်ရွယ်ချက်တွေမှ မရှိဘူး မိညို။ ကဲ...... မိညို ဘာတွေကြားလာခဲ့တာလဲဆိုတာ ပြောပြစမ်းပါဦး မိညို''

''ဒီလို ဦးဦးရေ။ ဒီနေ့ အားရက်ဆိုတော့ ဝပ်ရှော့မှာ ဘယ်သူမှမရှိဘူး။ မိညိုလဲ သူငယ်ချင်းတစ်ယောက်အိမ်ကို သွားလည်တယ်။ ပြန်လာတော့ ဝပ်ရှော့တစ်ခုလုံး တိတ်လို့။ ဒါနဲ့ မိညိုလဲ အထဲကို ဝင်ခဲ့တယ်။ အဲဒီမှာတင် ဖေဖေ့အလုပ် ရုံးခန်းထဲက တိုးတိုးတိတ်တိတ် ကျိတ်ပြီးစကားပြောသံတွေ ကြားရလို့ ဘယ်သူများပါလိမ့်ဆိုပြီး တံခါးဝကကပ်ပြီး နားထောင်မိတယ်။ ကိုအေးကျော်နဲ့ ဖေဖေပေါ့။ သူတို့ချင်း ကျိတ်ပြီး စကားများနေတာ''

ကျုပ်ဟာ ညိုညိုဇော်ပြောတဲ့ စကားတွေကို စိတ်ဝင်စား



စွာ နားထောင်နေမိတယ်။

''ကိုအေးကျော်အသံက ဒေါသဖြစ်နေတဲ့အသံမျိုးပဲ၊ သူက ဖေဖေ့ကို စွပ်စွဲတယ်။ စွပ်ပရားကို ခင်ဗျား နုတ်ပိတ်လိုက်ပြီ မဟုတ်လား။ စွပ်ပရားပြီးရင် ကျွန်တော့်အလှည့် လာတော့မှာပေါ့။ ခင်ဗျားကြီး သစ္စာမရှိဘူးတဲ့။ အဲသလို ကိုအေးကျော်ကပြောတော့ ဖေဖေ ရှူးရှူးရှားရှားဖြစ်သွားပြီး မင်းကို ဒါတွေ ဘယ်သူကပြောသလဲ။ အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းပါနဲ့လို့ပြောတော့ ကိုအေးကျော်က မနိုးမခန့် ရယ်တယ်''

''ဒါနဲ့ အေးကျော်က ဆရာဇော့်ကို ဘာပြန်ပြောသလဲ မိညို''

''ကျုပ်တို့ကိစ္စတွေ အားလုံးကို ဘခက်သိနေပြီ။ ဒီကောင် ရွှေပြည်တော်ကို ရောက်လာတာ အကြောင်းရှိတယ်၊ ဒါကြောင့် အစကတည်းက ဒီအကောင်ကို လက်မခံပါနဲ့လို့ ကျုပ်ပြောတယ် မဟုတ်လား ဆရာဇော်တဲ့၊ နောက်ပြီး စွပ်ပရားဟာ ဦးဦးနဲ့တွေ့ပြီး အကြောင်းစုံ ပြောသွားတယ်လို့ ကိုအေးကျော်က ဖေဖေ့ကို ပြောတယ်၊ ဦးဦးမှာ ဖေဖေတို့နဲ့ပတ်သက်ပြီး ဘာတွေ ပြဿနာရှိခဲ့သလဲ ဟင်''

ညိုညိုဇော်က မေးတယ်။

ကျုပ်က ဘာမှ အဖြေမပေးဘူး။

''ဆက်ပြောပါ မိညို။ မိညိုစကားတွေဟာ စိတ်ဝင်စားဖို့ သိပ်ကောင်းတယ်။ နောက်တော့ ဒီအကြောင်းတွေ မိညို သိလာရမှာပေါ့ကွာ''

''သူတို့ပြောကြတာတွေကတော့ အစုံပဲ ဦးဦး။ စွပ်ပရားလဲ ပါတယ်။ ဟိုကိစ္စဆိုတာလဲ ခဏခဏ ကြားရတယ်။ ပြီးတော့ ဦးဦး နာမည်လဲ ကြားရတယ်။ နောက်တော့ သူတို့အချင်းချင်း ခိုးတိုး

www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးနဲ့ ဆက်ပြောကြတယ်။ အသံက သိပ်တိုးသွားလို့ မိညို ဖြ
သသ မကြားရတော့ဘူး"

အင်း....... ပေါ်လာပြီ။

ဒါလောက်ဆိုရင် အေးကျော်နဲ့ ဗွစ်ပရားဟာ ကျုပ်မိဘ
ပါးကို မီးလောင်တိုက်သွင်းခဲ့ကြတဲ့ လက်ပါးစေတွေဖြစ်ပြီး ဦးအောင်
ဇော်က ကျုပ်ဖခင်ရဲ့ ဖမ္မာရှားမော်တော်ကားဝပ်ရှော့ ကြီးမှားနေတာ
ကို မနာလိုတဲ့အတွက် သူတို့နှစ်ယောက်ကို ငွေပေးပြီး ခိုင်းခဲ့တာပေ
ပြီးတော့ ဦးအောင်ဇော်ဟာ မန္တလေးတည်းက မြေအောက်
လောကီက ဓုစရိုက်သမားတွေနဲ့ အဆက်အသွယ်ရှိကြောင်း ကြားမှ
ထားတာကလား။

ကျုပ်ဟာ အံတင်းတင်းကြိတ်ပြီး လက်သီးကို ကျစ်ကျစ်ပါ
အောင် ဆုပ်မိတယ်။ သူတို့တစ်တွေကို လက်စားချေဖို့လည်း စိတ်
မှာ ကျိတ်ပြီး သန္နိဋ္ဌာန်ချမိတယ်။

"ဘာဖြစ်တာလဲ ဦးဦးရယ်၊ ဦးကိုကြည့်ပြီး မိညိုတောင်
ကြောက်သွားတယ်"

ဪ....... ဟုတ်သားပဲ။

"ကျုပ်အနားမှာ သူရှိနေပါသေးတကား"

ကျုပ်ဟာ ပတ်ဝန်းကျင်ကို တခဏ မေ့သွားမိလေရဲ့။ သူ.....
သူ ကျုပ်အပေါ်ကို သံယောဇဉ်တွယ်နေတဲ့ မိန်းကလေး။

ဒါပေမယ့် သူက ကျုပ်ရဲ့ရန်သူဖြစ်တဲ့ ဦးအောင်ဇော်ရဲ့
သမီး။ ခက်လှချည်လား မိန်းကလေးရယ်။ မင်းမျက်နှာကို ကိုယ်
ဘယ်လိုကြည့်ရပါ့။

ဖူး....... ကျုပ်ဟာ သက်ပြင်းကြီးကို တအားမှုတ်ထုတ်လိုက်
မိရင်း ဘရန်ဒီပုလင်းကို တငွပ်ငွပ် မော့ချလိုက်တယ်။

အမယ်လေး....... မူးလိုက်တာ။



အယ်လ်ကိုဟောမဲ့ ဒေသွေးကို့မူစေတတ်တာကလား။ မွေး
နေတဲ့ သွေးဟာ ပူလာပြီ။

"ဟင်.......ဦးဦး ဘာဖြစ်နေတာလဲလို့ မိညိုမေးတာ ဖြေ
ပါဦးလား"

ကျုပ်က သူ့မျက်နှာလေးကို ပြုံးပြီး ကြည့်လိုက်တယ်။

ညိုညိုဇော်ဟာ သစ်တုံးပေါ်မှာ ဒူးကလေးစေ့လို့ ထိုင်နေ
လေရဲ့။ သူ့မျက်လုံးတွေဟာ ညှို့မှိုင်းနေသလို ကျုပ်အကြည့်က ရီ
ဝေလာတယ်။

လက်စားချေတယ်ဆိုတာ ရှေးတုန်းကဆို ကျူပင်ခုတ် ကျူ
ငုတ်မကျန်စေရဆိုတယ် မဟုတ်လား။ ကျုပ် မလိမ္မာချင်တော့ဘူး။

"ဘာမှမဖြစ်ပါဘူး မိညို။ ကိုယ်က အေးကျော်ထက်စာရင်
ကားပြင်တဲ့နေရာမှာ တော်တယ်မဟုတ်လား။ ဒါကို သူက မနာလို
ဖြစ်နေတာ။ နောက်ပြီး မိညိုက ကိုယ်နဲ့ခင်ခင်မင်မင်နေတာကို သူက
သဘောတွေ့ပုံ မရလှဘူး။ အဲဒီတော့ မိညို ဖေဖေကို မဟုတ်တမ်း
တရမ်းတွေ တွန်းနေတာဖြစ်မှာပေါ့။ သူက မိညိုကို သဘောကျနေ
ပုံ ရတယ်"

"ဟွန့်.......မိညိုတော့ အဲဒီ ကိုအေးကျော်ကို စိတ်တောင်
မကူးဘူး သိလား။ လူပုံကိုက မိန်းမလို မိန်းမရ ကချွဲကလျနဲ့....."

ညိုညိုဇော်က ကျုပ်ရဲ့ အဝတ်ဗလာဖြစ်နေတဲ့ ရင်အုပ်
မားမားကြီးတွေကို မွေ့ခနဲကြည့်ရင်း ဆိုတယ်။

"ဒါဖြင့် မိညိုက ဘယ်သူ့ကိုများ စိတ်ကူးနေလို့လဲဟင်"

ဒီတော့ ကျုပ်ဟာ မျက်တောင်းလှလှစတိကို အလူးအလဲ
ခံလိုက်ရတယ်။

"တော်ပါ။ သူများပြောတာက တစ်မျိုးပါ"

"ကဲ....... "

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး....... နာလိုက်တာ၊ လက်ပြတ်ကြီးနဲ့ ကျွတ် ....... ကျွတ်"

"နာမနေနဲ့ မိညို၊ နှုတ်ခမ်းတွေ ပြာနေပြီ၊ ပြီးတော့ ဟော ဒီ ငါးကြင်းကင်ကို ချိုချဉ်နဲ့ စားကြည့်စမ်း၊ နတ်သုဒ္ဓါထက် ဆယ်ဆ သာတယ်"

ကျုပ်က ပြောပြောဆိုဆို ငါးကြင်းကင်ကို တစ္ဆမ်းရှမ်း ကိုက်စားပြလိုက်တယ်။

"အမယ်လေး....... သွားရည်ကျလိုက်တာဟာယ်"

"ဒါဖြင့်....... ရော့"

"အင်းပါ"

ကျုပ်ဟာ ညိုညိုဖော့ကို ချိုချဉ်ခွက်နဲ့ ငါးကြင်းကင် လှမ်းပေးလိုက်တယ်။

"ရော့....... ရော့....... အဲဒါစားလိုက်"

ညိုညိုဖော်ဟာ ငါးကြင်းကင်ကို ဖဲ့စားရင်း ပြုံးလာတယ် လေ။

"အင်း....... သိပ်အရသာရှိတာပဲ"

အဲသည်အချိန်မှာ ရေပြင်ပေါ်က ဖော့ကလေးဟာ လှုပ် လာပြန်တယ်။ လာပြန်ပြီတစ်ကောင်။

"ခေါင်းထဲက တစ်မျိုးပဲ ဦးရယ်။ ပြီးတော့ ရယ်ချင်သလို ပဲ"

"ဒါဖြင့် ဒီနားလာထိုင်ပါလား မိညို"

ကျုပ်က ငါးမျှားတံကို အသာကိုင်ရင်း ကျုပ်ထိုင်နေတဲ့ မြက်ခင်းပြင်ကို ခေါ်လိုက်တယ်။ သူက စဉ်းစားနေသလိုပဲ။

"လာလေ မိညို၊ ငါးမိတော့မယ်"

"ဟုတ်လား"



မိညိုဟာ သစ်တုံးပေါ်က ထ,လာပြီး ကျုပ်ဘေးမှာ ဒူး တလေးနှစ်ဖက်ကွေးရင်း ပုဆစ်တုပ်လျက် ထိုင်လာတယ်။ အဲသည် အချိန်မှာပဲ ဖော့ကလေးဟာ မြုပ်သွားလေရဲ့။

မိပြန်ပြီ။ ဒီတစ်ခါမိတဲ့ အကောင်က အကြီးကြီး။ ဆွဲအား သည်း သန်တယ်။

"မိပြီလား"

"အင်း....... မိပြီ"

ကျုပ်က စက်သီးက နိုင်လွန်ကြိုးတွေကို တဝေါဝေါ လျှော့ပေးရင်း အတံကို ထိန်းကိုင်ထားတယ်။ ညိုညိုဖော်က တခစ် ခစ်ရယ်ရင်း ဝမ်းသာအားရ ကြည့်နေတယ်လေ။

"မိညို ကိုင်ကြည့်မယ်လေ"

ညိုညိုဖော်က ငါးမျှားတံကို လက်ကမ်းရင်း ပြောတယ်။

"ရော့....... သူက အတင်းဆွဲရင် ကြိုးလျှော့ပေး။ လျော့ သွားရင် ပြန်ရစ်ယူ။ တအားဆောင့်ဆွဲရင် ကြိုးပြတ်သွားလိမ့်မယ်"

ကျုပ်က သူ့ကို ငါးမျှားတံပေးရင်း ညွှန်ကြားလိုက်တယ်။ ညိုညိုဖော်ဟာ ငါးမျှားတံကို လက်နှစ်ဖက်နဲ့ ကိုင်ရင်း မနိုင်မနင်း ဖြစ်လို့ရယ်ပေါ့။ သည်တော့လည်း ကျုပ်က ကားမောင်းသင်ပေး သလို သူ့ပခုံးလေးကို သိုင်းဖက်ရင်း ငါးမျှားတံကို ကူကိုင်ပေးရ တယ်။

ခဏကြာအောင် အလျှော့အတင်း လုပ်ပေးလိုက်တယ် ဆိုရင်ပဲ ငါးတော့ မောမမော မပြောတတ်ပေမယ့် ကျုပ်ရင်တွေ မောလာတယ်။

ကျုပ်ဟာ ဝင်းစိုတဲ့ လည်တိုင်ကြောကို ခပ်ဖွဖွလေး ငုံ့ရင်း နမ်းမိတယ်။ သူ့နားရွက်လှလှလေးနောက်ကို မွှေးမိတယ်။

ငါးမျှားတံကို ကူကိုင်ပေးနေတဲ့ ကျုပ်လက်တွေဟာ လျော့

www.burmeseclassic.com

နံလျှာရဲ့ ဖြစ်လာတယ်။

"ဟေး...... ဦးဦး။ ဟိုမှာကြည့်ပါဦး။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး"

"ဟော...... ဟော...... ဆွဲပြေးပြန်ပြီ"

မိညိုက ပြောရင်းဆိုရင်း လှုပ်ရှားလာပြီး ကျုပ်ကို မော့ကြည့်တယ်။ အနမ်းတစ်ခုဟာ မမျှော်လင့်ဘဲ ပေါ်ပေါက်ခဲ့ရတယ်။

"အို......"

သူ့တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားလေရဲ့။ ဘာတတ်နိုင်မလဲကွယ်။

ဒါပေမယ့် ကျုပ်မကြည့်ပါဘူး။

"ဦးဦး...... အို...... ဒီမှာ လက်ညောင်းလှပြီ။ ကူကိုင်ပါဦးဆိုနေ၊ သူများ လွှတ်ချလိုက်မယ်နော်"



# အခန်း (၂)

မိန်းကလေးဆိုတာ သည်နှယ်ပင်။ ချစ်ရင်လည်း မျက်ရည်၊ မုန်းကြပြီဆိုတော့လည်း မျက်ရည်ကျ၊ ကျုပ်ဟာ ကမ်းစပ်က သစ်ပင်နဲ့ငြိနေတဲ့ ငါးမျှားတံကိုကြည့်ရင်း ဝမ်းသာအားရ ပြောလိုက်တယ်။

"မိညိုရေ...... ငါးမိနေတုန်းပဲ ထင်တယ်"

ကျုပ်က ငါးမျှားတံကိုကိုင်ပြီး စက်သီးကိုရစ်တင်လိုက် တယ်ဆိုရင်ပဲ ငါးဟာ မရုန်းမကန် ပါလာတယ်။ သူ့ခမျာ ရုန်းရ ကန်ရနဲ့မောပြီး မလှုပ်နိုင်တော့ဘူး ထင်ပါရဲ့။

ညိုညိုဇော်ဟာ သစ်တုံးကိုမှီရင်း ငြိမ်ငြိမ်ကလေးထိုင်ကြည့်ထိုင်နေပါ။

ကျုပ်ဟာ နိုင်လွန်ကြိုးကို အခုံးအဝထိ ရစ်ယူလိုက်ပြီး ငါးကို ကုန်းပေါ် ပစ်တင်လိုက်တယ်။ တော်တော့်ကို ကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ.......ပြန်ကြရအောင် မိညို"

"အင်းလေ.......ဟုတ်တာပေါ့၊ ပြန်ကြရမှာပဲပေါ့"

သူ့အသံက တစ်မျိုး။

သည်တော့ မျက်စောင်းထိုးတယ်၊ ချစ်မျက်စောင်းဆိုတာ ဒါမျိုး ထင်ပါ့။

သည်လိုကျ ပြန်တော့လည်း။ ချစ်စဖွယ် သနားစဖွယ်ပါ တကား။

ကျုပ်တို့နှစ်ယောက် မြနန္ဒာ ကန်ပေါင်ရိုးက လျှောက်ကြ တော့ နေလဲ ဝင်တော့မယ်။ ငါးမျှားတံကို ထမ်း၊ သူ့လက်ကလေးကို ဆွဲပြီး လေညင်းနုနုကို ဖြတ်ပြီး လာတယ်ပေါ့။

"ဦး......."

"ဘာလဲ မိညိုရယ်"

"ဦး မိညိုကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားဟင်၊ မိညို တော့ အသည်းရော နှလုံးရော ဦးကိုပုံခဲ့ပြီနော်"

ကျုပ်ပြုံးမိသည်။

"ဘာရယ်တာလဲ၊ သူများက တကယ် ပြောနေတဲ့ဥစ္စာ"

"ကိုယ်လဲ မိညိုလိုပါပဲကွယ်"

"ယုံရမှာလား ဦးရယ်၊ မိညို အသည်းကွဲအောင်တော့ မလုပ်ပါနဲ့နော်"

"တကယ်ပါ မိညို၊ မယုံရင် နောက်တစ်ခါ ငါးမျှားလိုက်ခဲ့ ဦးလေ"

"ကြည့်ပါလား။ သူများက အကောင်းပြောတာ"

"ဩော်.......ကိုယ်က မကောင်းတာ ပြောနေတာမှ မဟုတ် တာ၊ ဘယ်နှယ့်လဲ.......ငါးကြင်းသား စားလို့အရသာ ရှိတယ် မဟုတ် လား"



"သွား......."

မိညိုက နှုတ်ခမ်းစူရင်း ကျောကို ထုတယ်။ ချစ်စဖွယ် စကားလေးတွေလည်း ဆိုကြတယ်။ မြနန္ဒာကန်ပေါင်ရိုးက ရွာပြီး မြို့ထဲကို ဝင်မိတယ်ဆိုရင်ပဲ ညိုညိုဖော်က ပြောတယ်။

"မိညို ရှေ့က အရင်ပြန်နှင့်မယ်နော်။ အတူတူပြန်လို့ မဖြစ်ဘူး"

"ဟုတ်တာပေါ့၊ ကိုယ်လဲ ဘားဝင်ပြီး တစ်ခွက်တစ်ဖလား မော့လိုက်ဦးမယ်"

"သိပ်မသောက်နဲ့ကွယ်"

သူက ညှိုးညှိုးငယ်ငယ်ကလေးပြောရင်း ကျုပ်ကို လမ်းခွဲ သွားလေရဲ့။

ကျုပ်လဲ ရှင်ပျော်ပျော်ဘားကို ခြေဦးလှည့်လိုက်တယ်။ အဲသည်မှာတင် မလှမ်းမကမ်းက လျှောက်လာတဲ့ အေးကျော်နဲ့ ရင်ဆိုင်မိတော့တာပဲ။

သူ့မျက်နှာက မချိုမချဉ် စပ်ဖြဲဖြဲနဲ့။

"တစ်ယောက်တည်းလားဗျ"

"မင်းအမြင်ပဲ မဟုတ်လား အေးကျော်"

"အေးလေ.......ဟုတ်တာပေါ့၊ အခုတော့ တစ်ယောက် တည်းပေါ့။ ဒါနဲ့ ခင်ဗျား ဘယ်ကပြန်လာတာလဲ ကိုဘခက်"

ကျုပ်ကို သူက စစ်လားဆေးလား လုပ်နေပါပကောလား။

သည်အကောင် ကျုပ်နဲ့ ညိုညိုဖော် တွဲလျှောက်လာတာ ကို တွေ့သွားပြီ ထင်တယ်။

ကျုပ်က ဆွဲလာတဲ့ငါးကို မြှောက်ပြရင်း 'မြနန္ဒာကလို့ ခပ်ပြတ်ပြတ် ပြောလိုက်တယ်။

"ဩော်...... ဩော်...... ငါးမျှားသွားတာကိုး။ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ပြေလည်ရဲ့လား”

“ဒီမှာ အေးကျော်၊ မင်းက ငါ့ကို ဒါလောက် မေးမြန်းနေတာ မင်းကိုယ်မင်း စစ်ဆေးရေးအရာရှိ မှတ်နေလို့လား”

“ဟာ……ဒီလိုသဘောမျိုးနဲ့ မေးတာ မဟုတ်ပါဘူးဗျာ၊ ကဲ……သွားလိုက်ဦးမယ်နော်”

အေးကျော်ဟာ ပြောပြောဆိုဆို ဓွေ့ခနဲ လစ်ထွက်သွားတယ်။ ဒါပေမယ့် သူ့မျက်လုံးထဲမှာ စဉ်းလဲကောက်ကျစ်တဲ့ အရိပ်အငွေ့တွေ ယှက်သန်းနေလေရဲ့။

အင်း……အခုတော့ မပီပိုးတဝါး အရိပ်တွေဟာ အကောင်ထင်ခဲ့ပြီလေ။

သို့ပေမယ့်……

နှယ်လတ်ဆတ်လွန်းတဲ့ ညိုညိုဇော်ရဲ့ နှလုံးသားကို ကျွန်ုပ် ပိုင်ခဲ့ပြီ၊ ဆိုင်ခဲ့ပြီ။ နှလုံးသားပါမက ဘဝကြီးတစ်ခုလုံးကိုပါ ခြယ်လှယ်ခဲ့ပြီမို့ ကျွန်ုပ်မှာ စဉ်းစားမရ ကျပ်လှပါတယ်။ တကယ်တမ်းပြောရရင် သည်ကောင်မလေးကို ကျွန်ုပ် တွယ်တာနေမိပါပြီ။ ချစ်နေမိပါပြီ။

ဒါပေမယ့် မုန်းတီးနာကျည်းတဲ့ စိတ်ကလည်း တစ်ဖက်က လွန်ဆွဲလို့နေတယ်။ အပြစ်ကင်းစင်လှတဲ့ ညိုညိုဇော့်ဘဝကို မှန်တိုင်းထန်အောင် ကျွန်ုပ် မလုပ်သင့်ဘူး။ မလုပ်သင့် မလုပ်ထိုက်တာကို စိတ်မိုက်ရိုင်းက အနိုင်ယူခဲ့ပြီး လွန်မိပြီ။ ဩော်……သနားစရာ ညိုညိုဇော်ရယ်။

ကျွန်ုပ် ရှင်ပျော်ပျော်ဘားထဲကို ရောက်ခဲ့တယ်။ ဒါပေမယ့် လို့ ကျွန်ုပ်ဟာ ရှင်ပျပျမရှိလှဘူး။ အရက်ကို တစ်ခွက်ပြီးတစ်ခွက် လည်ချောင်းထဲကို ဆက်တိုက်ကြီး သွန်ချနေမိတယ်။

ကျွန်ုပ် အတွေးတွေဟာ မပီမသ မကြည်မလင် ဖြစ်လာတယ်။



ကျွန်ုပ် သွေးတွေဟာ ဆူဝေလာတယ်။ ကျွန်ုပ်အမြင်တွေဟာ မပီပိုးတဝါး ဖြစ်လာတယ်။ အရက်ပုလင်းတွေဟာ တစ်လုံးပြီးတစ်လုံး ကျွန်ုပ်စားပွဲကို ရောက်လာနေတယ်။

“ဆရာ သိပ်များနေပြီ၊ ကြာရင် ဒေါင်းသွားလိမ့်မယ်”

စားပွဲထိုးကုလားလေးက ကျွန်ုပ်ကို သတိပေးနေရဲ့။

“ဟေ့ကောင်……ယူမှာသာ ယူခဲ့စမ်းကွာ၊ များတာ နည်းတာ မင်းအလုပ်မဟုတ်ဘူး။ သောက်ဖို့က ငါ့တာဝန်၊ ရောင်းဖို့က မင်းတို့တာဝန်၊ ဟား…… ဟား…… ဟား။ သွားကွာ…… တစ်လုံး ထပ်ယူခဲ့စမ်း”

ကျွန်ုပ်က သူ့ကို အော်ဟစ်လိုက်တယ်။

ဝါရွှေရွှေပုလင်းတစ်လုံးဟာ ကျွန်ုပ်ရှေ့ကို ရောက်လာပြန်တယ်။

သည်ကတစ်ခေါက် ကျွန်ုပ် လည်ချောင်းထဲကို စီးဝင်သွားလေရဲ့။

လောကဟာ ဝိုင်းကြီးပတ်ပတ် ချာချာလည်လာပြီ။

ညိုညိုဇော်……။

ဦးအောင်ဇော်……။

အေးကျော်၊ စွပ်ပရားနှင့်……

မီးတဟုန်းဟုန်းတောက်နေတဲ့ ဖမ္ဘူရှားဝပ်ရှော့ဟာ ကျွန်ုပ်မျက်လုံးထဲမှာ ထင်ဟပ်လာတယ်။ သည်တော့ မျက်လုံးတွေ မှုန်လာတယ်။ ဦးနှောက်တွေ ဆူလာတယ်။ ရင်တွေက ပွင့်ထွက်မတတ် ခံစားလာရတယ်။ သတိ သမ္ပဇဉ်ကလည်း ထိန်းချုပ်လို့ မရနိုင်တော့သလို ကစဉ့်ကလျားဖြစ်နေပြီ။

အိုး…… မူးလိုက်တာ။

ကျွန်ုပ်မျက်လုံးတွေ ဖွင့်လို့မရတော့အောင် မျက်ခွံတွေက

www.burmeseclassic.com

www.burmeseclassic.com



ဝိသာလေးနှင့် ဝိထားသလို လေးလှပါဘိ။

သည်နောက် ကျုပ် ခန္ဓာကိုယ်ကြီးဟာ မဟာသမုဒ္ဒရာထဲက ဝဲဩဃထဲမှာ ရောက်နေသလို ချာချာလည်နေတယ်။ သတိသမ္ပဇဉ်ကလည်း ဦးနှောက်ထဲမှာ မြဲမနေတော့ဘူး။ နောက်ဆုံးတော့ အမှောင်ကမ္ဘာထဲကို ဦးထိုးကျွမ်းစိုက်ကျသွားတာကိုတောင် မသိလိုက်တော့ဘူးလေ။



## အခန်း (၃)

မိုးကြိုးပစ်သံ တစ်ချက်ကြားလိုက်ရတယ်။

သည်အသံနှင့်အတူ ကျုပ်ရဲ့ အသိတရားဟာ လှုပ်နိုးလာတယ်။

အစပထမတော့ မြင်ကွင်းက ဝိုးတဝါးဖြစ်နေတယ်။ စကားသံတွေက မပီမသ ဖြစ်လို့နေတယ်။

"ဦး....... ဦးဦး"

ညိုညိုဇော်ရဲ့ အော်သံနှင့်အတူ ကျုပ်ရဲ့ လွင့်ပါးနေတဲ့ သတိသမ္ပဇဉ်တွေကို တစ်ပိုင်းတစ်စ စုစည်းလို့ ရလာတဲ့အချိန်မှာ ကျုပ်ခေါင်းပေါ်မှာ ရေတွေ လောင်းချတာကို ခံလိုက်ရတယ်။

ကျုပ်လက်ထဲမှာ ယမ်းငွေ့ဝေဆဲ သေနတ်တစ်လက်။

ကျုပ်ရှေ့မှာတော့ အေးကျော်ဟာ ပုံပျက်ပန်းပျက် လဲကျလို့ သူ့ရင်ဘတ်မှာတော့ ဆေးနီတွေ လောင်းချထားသလို သွေးတွေ ဒလဟောထွက်လို့ နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား....... ဘာတွေများ ဖြစ်ကုန်ပါလိမ့်။

ညိုညိုဇော်ဟာ ကျုပ်လက်ထဲက သေနတ်ကိုတစ်လှည့် ကျုပ်ကိုတစ်လှည့်ကြည့်ရင်း ပြောတယ်။

"အမယ်လေး....... ခုက္ခပါပဲ ဦးဦးရယ်၊ ကိုအေးကျော် ဦး ပစ်သတ်လိုက်ပြီ ဟုတ်လား"

"ဟင်....... အေးကျော်ကို ကိုယ်ပစ်သတ်လိုက်တယ် ဟုတ် လား မိညို"

"ဦး....... သတိထားပါဦး....... ခုက္ခတော့ ရောက်ကုန်ပြီ ဖေဖေလဲ မရှိဘူး"

"ဦးအောင်ဇော်ကော"

"မိညိုလဲ မသိဘူး။ သေနတ်သံကြားလို့ မိညို ပြေးထွ အလာမှာ အခုမြင်တဲ့အတိုင်း တွေ့တာပဲ"

ကျုပ်ဟာ အခြေအနေကို ရုတ်ချည်း အကဲခတ်လိုက်တယ် ကျုပ်ရောက်နေတာ ဦးအောင်ဇော်ရဲ့ဝပ်ရှော့က ရုံးခန်း။ ကျုပ် ကို ထားတာက ဦးအောင်ဇော်ရဲ့လိုင်စင်နဲ့ ကိုင်တဲ့ပစ္စတို သည့်အပြင် လွှဲလို့ ကျုပ် ဘာမှမသိဘူး။ သည်အချိန်မှာပဲ ဝပ်ရှော့ရှေ့က လူ တွေ ကြားရတယ်။ တံခါးခေါက်သံတွေ ကြားရတယ်။

"ဦး....... ဘာငိုင်နေတာလဲ ပြေးကြစို့"

"ပြေးစို့ဟုတ်လား။ ကိုယ်ဘာလုပ်မိလို့လဲ"

"ဦး....... လူသတ်လိုက်ပြီ၊ ကိုအေးကျော်ကို သတ်လို ပြီ"

"သတ်လိုက်တယ် ဟုတ်လား"

"အင်း....... လာ....... အချိန်မရှိဘူး။ အိမ်ရှေ့မှာ ရဲ ရောက်နေပြီ"

ကျုပ်က ပစ္စတိုကို ခါးကြားထိုးထည့်လိုက်ရင်း သူ့နော



ကို ပါလာခဲ့တယ်။ ဝပ်ရှော့ရဲ့တံခါးကို ထုရိုက်ဖွင့်နေသံတွေကလဲ ကျွှာပုက်မတတ်ပဲ၊ ကျုပ် ဦးနှောက်ထဲမှာလဲ ရှုပ်လို့ထွေးလို့ ညဟာ မှောင်နေတုန်းပဲ။

ကျုပ်ဟာ ညိုညိုဇော်ခေါ်သွားတဲ့ ဝပ်ရှော့ရဲ့နောက်ဖေး ပေါက်ကနေ အမှောင်ထဲကို ရောက်ခဲ့တယ်။

ညိုညိုဇော်ဟာ ကျုပ်ကို လက်တွဲထားတယ်။

ကျုပ်တို့နှစ်ယောက် အလဲလဲ အကွဲကွဲ ပြေးခဲ့ကြပေမယ့် ကျုပ်ဟာ အိပ်မက်ထဲမှာ လမ်းလျှောက်နေရသလို ဘာမှ သဲသဲကွဲ ကွဲမရှိလှဘူး။ ခေါင်းထဲက မူးဝေနောက်ကျိနေတယ်။

"ဘယ်ကိုသွားမှာလဲ မိညို။ ကိုယ်တော့ ဘာတွေဖြစ်ကုန် မှန်းကို မသိတော့ဘူး"

"ဒါတွေ နောက်မှပြောပါ ဦးရယ်....... အခု သူတို့နဲ့ဝေးတဲ့ နေရာကို ရောက်ဖို့ အရေးကြီးပါတယ်"

သူ့အသံက ငိုသံပါနေတယ်။

ကျုပ်တို့နောက်က ဆူညံတဲ့ ရဲကားဥသြဆွဲသံတွေ ကြားနေ ပြီ။ ဟုတ်တယ် ပစ္စက္ခအခြေအနေမှာတော့ ကျုပ် ဘာမှ ဝေခွဲ ဆုံးဖြတ်လို့ မရသေးဘူး။ ညိုညိုဇော်ပြောသလို တစ်နေရာရာကို လွတ်လွတ်ကျွတ်ကျွတ် ရောက်ချင်တယ်။ ကျုပ်တို့အရပ်အနားမရှိ ပြေးခဲ့ကြတယ်။

"မောလိုက်တာ ဦးရယ်"

ညိုညိုဇော့်အသံက တစ်ဆို့နေတယ်။

"ကိုယ်တို့ မြို့ပြင်ရောက်လာပြီ"

"ဟုတ်တယ်ဦး။ ဆက်ပြေးရရင် မိညိုရင်တွေ ကွဲထွက် သွားမယ်"

ကျုပ်တို့နှစ်ယောက်စလုံး 'မြနန္ဒာ' မြို့အပြင်က အဝေးပြေး

www.burmeseclassic.com

www.burmeseclassic.com



ထပ်စာအကြီးရဲ့ နံဘေးမှာ ရောက်ခဲ့ကြတယ်။ ကျုပ်ဟာ ညိုညို
[illegible]ကို အသာထွေးပွေ့ရင်း လမ်းဘေးက ချုံအကွယ်မှာ
ထိုင်လိုက်တယ်။ ကျုပ် ခေါင်းထဲမှာတော့ အယ်လ်ကိုဟောင့်ငွေ့
ဝေနေတုန်းပဲ။ ဘာမှသဲသဲကွဲကွဲ မရှိလှဘူး။

"ကိုယ်တော့ ဘာတွေဖြစ်ကုန်မှန်း မသိတော့ဘူး မိညို
ကိုယ်မှတ်မိတာကတော့ မိညိုနဲ့ကိုယ် ဒီနေ့ မြန်နွာကန်မှာ ငါးမျှား
ပြန်လာပြီး ရှင်ပျော်ပျော်တားမှာ အရက် ဝင်သောက်တာလောက်ပဲ"

"ကိုအေးကျော်ကို ဦး ပစ်သတ်လိုက်တာကကော"

"အေးကျော်ကို ကိုယ်မသတ်ဘူး မိညို"

"ဒါပေမယ့် မိညိုကတော့ ဦးဟာ အဲဒီသေနတ်ကြီး
ကိုင်လျက်တွေ့တာပဲ။ အဲဒီအချိန်မှာ ကိုအေးကျော်ဟာ သွေးအိုင်
ထဲမှာ လဲနေပြီ"

"ကိုယ်......အေးကျော်ကို မသတ်ဘူးဆိုတာ ကိုယ်ဘယ်
နှစ်ခါပြောရမလဲ မိညို"

မိညိုမျက်နှာဟာ သိပ်ပျက်နေပါတယ်။

ကျုပ်ဟာ ခါးကြားထဲမှာ ထိုးထားတဲ့ သေနတ်ဒင်ကို
ကိုင်မိတယ်။ အေးစက်တဲ့သေနတ်ဒင်ရဲ့ အထိအတွေ့ကြောင့်
ကိုယ်လုံး ဖျင်းခနဲဖြစ်သွားလေရဲ့။ ဒီသေနတ်ဟာ ဦးအောင်ဇော်
သေနတ်။

ဒီသေနတ်ဟာ ကျုပ်လက်ထဲရောက်နေပြီး ဦးအောင်ဇော်
ပျောက်နေတယ်။ ပြီးတော့ ကျုပ်ဟာ မူးပြီး လူ့လောကနဲ့ အဆက်
အသွယ်ပြတ်နေခဲ့တာဟာလဲ စဉ်းစားစရာပဲ။ သို့ပေမယ့် ခေါင်း
မှာ ရှုပ်ထွေးနေတယ်။ ဘာကိုမှ တိတိပပ အဖြေရှာလို့ မရ
လောလောဆယ် အခြေအနေကတော့ ကျုပ်ဟာ လူတစ်ယောက်
ကို သတ်ပြီး ထွက်ပြေးနေတဲ့လူလို့ အားလုံးက ထင်ကြတော့မယ်



"ဦးအောင်ဇော် ဘယ်သွားနေသလဲ မိညို"

"ဖေဖေ ခရီးထွက်သွားတယ်။ ဘယ်ကိုရယ်လို့တော့ မိညို
မသိဘူး။ ကားမောင်း သွားမယ်တယ်ဆိုတာလောက်ပဲ မိညိုသိတယ်"

အဲသည်အချိန်မှာပဲ ခပ်ဝေးဝေးက မော်တော်ကားမီးကို
လှမ်းမြင်ရတယ်။

"ရဲကား လိုက်လာပြီထင်တယ် မိညို"

ကျုပ်က သူ့ပခုံးကိုဖက်ရင်း လက်တစ်ဖက်က ပစ္စတိုကို
ဆွဲထုတ်လိုက်မိတယ်။

"ပစ်လားခတ်လားတွေ မလုပ်ပါနဲ့ဦး။ တော်ကြာ တစ်မှား
က နှစ်မှားဖြစ်နေဦးမယ်။ မိညိုတော့ သိပ်ကြောက်တာပဲ ဦးရယ်"

သူ့အသံက ငိုသံပါနေတယ်။

ဒါပေမယ့် ကျုပ်ထင်သလို ရဲကားမဟုတ်မှန်း ကားရဲ့ စက်
သံနဲ့ အသွားနှုန်းကို အကဲခတ်ရင်း သိလာရတယ်။ ကုန်ကားကြီး
တစ်စီးဟာ ဟဲဟဲအော်မြည်ရင်း ကုန်းထက်ကို ခပ်ဖြည်းဖြည်း တက်
လာလေရဲ့။ သည်မှာတင် ကျုပ်ခေါင်းထဲကို အကြံတစ်ခု လက်ခနဲ
ဝင်လာတယ်။

သည်ကားနဲ့ မြန်နွာက ဝေးတဲ့နေရာကို ပြေးမယ်။ အဲသည်
ကတဆင့် ကျုပ် ပြဿနာကို ရှင်းမယ်ပေါ့။ သို့ပေမယ့် ညိုညိုဇော်
က တစ်ဒုက္ခ။

"ကိုယ်သွားတော့မယ် ညိုညို"

"ဟင်......"

"ဟုတ်တယ်......ကိုယ်သွားမှဖြစ်လိမ့်မယ်။ ကိုယ့်ကိုယ်
နိုက်က ဘာမှမသိသေးတဲ့ လူသတ်မှုတစ်ခုမှာ ခေါင်းလျှိုပြီး မခံချင်
ဘူး မိညို၊ အဲဒီတော့ ကိုယ့်အတွက် မိညို ဒုက္ခတွေ့လိမ့်မယ်
မိညို ပြန်တော့နော်"

www.burmeseclassic.com

www.burmeseclassic.com



"မိညို မပြန်နိုင်ဘူး ဦး။ ဘာပဲဖြစ်ဖြစ် ဦးနဲ့ပဲ လိုက်ခဲ့တော့မယ်၊ မိညို ဦးကို မခွဲနိုင်ဘူး။ ဦးကို မိညို ချစ်တယ်"

ကျုပ်ဟာ တဖြည်းဖြည်းနီးကပ်လာတဲ့ ကားမီးရောင်ကို ကြည့်ရင်း သက်ပြင်းချမိတယ်။

"မလိုက်ပါနဲ့ မိညိုရယ်၊ ကိုယ် သွားပါရစေတော့"

"ဟင့်အင်း မိညို ဦးနဲ့ပဲ လိုက်ခဲ့မယ်။ လိုက်ပါရစေ ဦးရယ်၊ မိညိုကို ခွဲမထားခဲ့ပါနဲ့နော်"

တောင်းပန်ခယခြင်းတွေ နှောနေတဲ့ ညိုညိုဖော့အသံကြောင့် ကျုပ်ရင်တွေ မောလာရပြီ။

"လိုက်ခဲ့မယ်နော် ဦး"

ကျုပ်က သူ့နဖူးလေးကို အသာမွှေးလိုက်ရင်း ခေါင်းညိတ်လိုက်တယ်။

လရောင်ဆမ်းထားတဲ့ ကားလမ်းမကြီးပေါ်မှာ ကုန်ကားမည်းကြီးဟာ တအိအိမောင်းလာတယ်။

ကျုပ်က ညိုညိုဖော့ကို လမ်းဘေးမှာစောင့်နေဖို့ ပြောပြီး လမ်းပေါ်ကို ဈာတ်ခနဲ ခုန်တက်လိုက်တယ်။ လက်တစ်ဖက်ကို မြှောက်ယမ်းပြလိုက်တယ်ဆိုရင်ပဲ ကားအရှိန်ဟာ တဖြည်းဖြည်းနှေးပြီး ဘီးလိမ့်တာရပ်သွားလေရဲ့။

ဒါပေမယ့် ကားကြီးမှ ရှေ့မီးကြီး နှစ်လုံးရဲ့ စူးရှတဲ့အလင်းရောင်ကြောင့် ကျုပ်မျက်လုံးတွေဟာ ပြာဝေသွားတယ်။

ကျုပ် မှားသွားပြီ။ ရဲတွေဟာ မြန်နန်းကထွက်သမျှ လမ်းတွေအားလုံးကို လှူခွဲပြီး လိုက်နေပြီကပဲ။

ကားခေါင်ခန်းပေါ်က မာကျောတဲ့ အသံတစ်ခုကို ကြားလိုက်ရတယ်။

"ဟေ့ကောင်...... လက်မြှောက်ထား။ တို့ပြည်သူ့ရဲတွေ"



ကျုပ်ဟာ ခါးကြားထဲက ပစ္စတိုကို မိုက်မိုက်ကန်းကန်း ဆွဲထုတ်လိုက်သလို ခန္ဓာကိုယ်ကိုလည်း ကားလမ်းပေါ်မှာ လှဲသိပ်လိုက်တယ်။ ကျုပ်လက်ထဲက ပစ္စတိုသေနတ်ဟာ အသံနှစ်ချက်ထွက်သွားသလို ကားရှေ့မီးလုံးတွေဟာ တခွမ်းခွမ်းကွဲသွားတယ်။

ကျုပ်မှန်သွားပြီ။

သူတို့ပစ်လိုက်တဲ့ ကျည်ဆန်တစ်တောင့်ဟာ ကျုပ်ရဲ့ ဘယ်ဘက်လက်မောင်းကို ပွတ်ခနဲ ဆောင့်ဘွန်း ထိုးခွဲသွားတယ်။

ကုန်ကားကြီးဟာ ရှေ့ကိုလိမ့်လာတယ်။ ကျုပ်ကို ကြိတ်သတ်တော့မယ်။ ကျုပ်က ကိုယ်ခန္ဓာကို ဆတ်ခနဲ လိမ့်ရှောင်လိုက်ပြီး ထပြေးခဲ့တယ်။ ကျုပ်နောက်က အော်သံတွေ၊ သေနတ်သံတွေ လိုက်လာတယ်။

ဘယ်ကိုလဲ။

ကျုပ်မသိပြီ။

ခြေဦးတည့်ရာကို ကျုပ် ထွက်ပြေးခဲ့တယ်။

ခလုတ်၊ ကန်သင်း။ ကျင်း။ ချိုင့်၊ ဆူးချုံ၊ သစ်ပင်တွေကို အတင်းတိုးလို့ ဖြတ်ခဲ့တယ်။ ကျုပ်ဟာ မြန်နန်းတောင်ရိုးပေါ် လျှောက်ပြေးနေသလို သူတို့တစ်တွေကလည်း ကျုပ်နောက်က ထပ်ကြပ်ကွာ လိုက်နေကြတယ်။

ဒါပေမယ့် အသံတွေဟာ တဖြည်းဖြည်းဝေးပြီး ကျန်ရစ်ခဲ့ကြတယ်။ သည့်အတူ ကျုပ်နှလုံးသားတွေ ပေါက်ကွဲထွက်မတတ်နာကျင်လာတယ်။ ကျုပ် တစ်ကိုယ်လုံး ခေါက်တည်လို့မရအောင် မောဟိုက်နေပြီ။ ကျုပ် ဒူးတွေဟာ တဆတ်ဆတ်တုန်လာတယ်။ ခန္ဓာကိုယ်ကို သယ်ပိုးနိုင်လောက်အောင် အင်အားမရှိတော့ဘူး။

ကျုပ်ဟာ လေးဘက်ထောက်ရင်း တောင်ထွတ်တစ်ခုပေါ်ကို ခဲခဲယဉ်းယဉ်း တက်ခဲ့တယ်။ ကျုပ် မျက်စိတွေဟာ ပြာဝေလို့

www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ သို့ပေမယ့်လို့ သတိသမ္ပဇဉ်ကို အတင်းထိန်းချုပ်ရင်း တော ပေါ်ရောက်အောင် အံကိုခဲရင်း ကုတ်ကပ်တက်ခဲ့တယ်။

ရောက်ပါပြီ။

လရောင်ဟာ အမှောင်ကို အန်တုနေလို့ အရာရာဟာ မှုန် တဝါး။

ကျုပ်အောက်က တောင်စောင်းမှာ ကားလမ်းတစ်ခုရှိနေ တယ်။ တောင်ကိုပတ်ပြီး ကွေ့ကွေ့ကောက်ကောက် ဖောက်ထား တဲ့ လမ်းပဲ။

ကားလမ်းနဲ့ ကျုပ်ရပ်နေတဲ့ တောင်ထွတ်ဟာ ပေလေးဆယ် လောက် မြင့်နေလေရဲ့။ ကျုပ်ရဲ့ခြေထောက်ဟာ လုံးဝန်းတဲ့ ကျောက် ခဲကြီးတစ်လုံးကို တိုက်မိတယ်။ ကျောက်ခဲဟာ ဆင်ခြေလျှောတစ် လျှောက် တဝုန်းဝုန်းလိမ့်ဆင်းသွားပြီး ကားလမ်းနံဘေးအထိ ကျသွား ပုံရတယ်။

သည်စဉ်မှာပဲ ကားတစ်စီးရဲ့ မီးရောင်ကို လှမ်းမြင်ရတယ်။

ကားဟာ ကွေ့ကွေ့ကောက်ကောက် ဖောက်ထားတဲ့ တောင်ပတ်လမ်းတစ်လျှောက် မောင်းလာတယ်။ မကြာခင် ကျုပ် အောက်တည့်တည့်က ကားလမ်းကို ရောက်လာတော့မယ်။ သို့ပေ မယ့်လို့ ကျုပ်မှာ ကားလမ်းအထိရောက်အောင် ဆင်းနိုင်တဲ့အင်အား မရှိတော့ဘူး။

ကျုပ် အံတစ်ချက် ကြိတ်လိုက်တယ်။

"နေရစ်ခဲ့တော့ မိညိုရေ"

ကျုပ်ဟာ ကိုယ်ခန္ဓာကို ဆင်ခြေလျှောတစ်လျှောက် လှိမ့် ချလိုက်တယ်။ ကျုပ်တစ်ကိုယ်လုံး တွန်းထိုးဆောင့်ကန်ခံနေရသလို ဆင်ခြေလျှောတစ်လျှောက် လိမ့်ဆင်းသွားတယ်။ တိုက်မိ၊ ခိုက်မိ၊ ပွန်းမိ၊ ဆောင့်မိတာတွေကလည်း မရေမတွက်နိုင်အောင်ပါပဲ။



...ာက်ကို ဘယ်တော့များမှ ရောက်ပါ့မလဲ။

တစ်သက်လား...... တစ်ကမ္ဘာလား...... တစ်လောကလား။

နောက်ဆုံးတော့ ကျုပ်ဟာ မာပြင်းတဲ့ ကတ္တရာလမ်းမနဲ့ ...ောင့်မိပြီး လမ်းအလယ်ကို လိမ့်သွားသလို ကျိုးကျိုးကျဲကျဲ ဘရိတ် ...ုပ်သံကို ကြားလိုက်ရရဲ့။

ကျုပ်ဟာ ရပ်သွားတဲ့ ကားရဲ့ရှေ့ တစ်ပေလောက်မှာ ပက် ...က်လဲနေတယ်။ တစ်ကိုယ်လုံး မလှုပ်ရှားနိုင်ပေမယ့် အသိဉာဏ် ...တော့ ယှဉ်တွဲနေတုန်းပဲ။ ကားတံခါးဖွင့်တယ်။ လမ်းပေါ်မှာ ခြေ ...တခွပ်ခွပ် ကြားရတယ်။ ကျုပ်ဘေးကို ရောက်လာတယ်။

"ရှင် ကားလာတာ မမြင်ဘူးလား"

ဪ...... မိန်းမသားတစ်ယောက်ပေပဲ။

မြူသလား မည်းသလား ရုပ်သွင်က မသဲကွဲပေမယ့် မိန်းမ ...တာ ယောကျ်ားထက်တော့ နုလုံးသားပျော့စမြဲ။

"ဒီမယ်...... ပြောနေတာ မကြားဘူးလား"

"ကြားပါတယ်၊ ကားလာတာလဲ မြင်ပါတယ်။ ဒါကြောင့် ...တောင်ကုန်းပေါ်က လှိမ့်ချလာတာ"

"ဟင်...... သွေးတွေနဲ့ပါလား"

"ဟုတ်တယ်၊ အမိမှ မကယ်ရင် ကျုပ် ဒီကားလမ်းမပေါ် ...ာပဲ သေတော့မယ်"

"ရှင်"

"ကျုပ်...... ကျုပ်...... နောက် တစ်မိနစ်လောက် ပိုပြီး စကား ပြောနိုင်တော့မှာ မဟုတ်ဘူး။ အခုတောင် မျက်လုံးတွေ ဝါးလာ...

ဟုတ်တယ်။

ကျုပ်ဟာ နောက်ဆုံးစက္ကန့် ရောက်နေပြီဖြစ်တဲ့ မြဲနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သတိကလေးကို ကြိုးကြိုးစားစား ဖမ်းဆွဲပြီး သူ့ကို မော့ကြည့်လိုက်တယ်။ သူ ကျုပ်ပခုံးနံဘေးမှာ ရပ်နေတယ်။

ထဘီ၊ အကျီ၊ ရင်ဖုံး၊ မျက်နှာ ဒါတွေက မတ်မတ်ကြီး ရောနေတယ်။ ရင်နှစ်ခုကြားက မျက်နှာက ပိုးတဝါး မပီတပီ။

ကားမီးက ကြည်ပေမယ့် ကျုပ်မျက်လုံးတွေက မကြည်။

သူက ကျုပ်ကို တွဲထူတယ်။ ကျုပ်ကလဲ ခက်ခက်ခဲခဲ ကြိုးစားထတယ်။ ကျုပ်လက်မောင်းကို သူက ပခုံးနဲ့သိုင်းဖက်ပြီး ကားပေါ်ကို တွဲတင်တယ်။ သနပ်ခါးပုံရပေမယ့် နူးနူးညံ့ညံ့ပဲ။ ပြီးတော့ သူ့ဆီက ရနံ့တစ်မျိုးကို ထူးထူးခြားခြား ရှူရှိုက်မိတယ်။

ရနံ့က ထူးခြားပေမယ့် ကျုပ် စိတ်မဝင်စားနိုင်ပါ။

ကားကူရှင်ပေါ် ရောက်တာနဲ့ ကျုပ်က ခဲခဲယဉ်းယဉ်း စကားတစ်ခွန်း ဆိုမိရဲ့။

"ကျေးဇူးတင်ပါတယ် မေခလာရယ်"

နောက်တော့ လောကနဲ့ အဆက်အသွယ် ပြတ်သွားတော့တာပါပဲ။



## အခန်း (၄)

"သီတဂူ......"

သည်မြို့ကို ရောက်လာလိမ့်မယ်လို့ ကျုပ် မထင်ခဲ့ အမှန်ပါ။ သို့ပေမယ့် ကျုပ်ဟာ သီတဂူကို အသေအချာကို ရောက်နေတယ်။ ကျုပ်ကို ဟိုး......မိုင်နှစ်ရာလောက်ပေးတဲ့ 'မြနန္ဒာ'ကနေ သီတဂူကိုရောက်အောင် ဆောင်ကျဉ်းလာတဲ့ မေခလာကို ကျေးဇူး အနန္တတင်ရပေမှာပေါ့။

မေခလာဟာ ကျုပ်ကို သီတဂူက ကိုယ်ပိုင်ဆေးတိုက် တစ်ခုမှာ အပ်နှံသွားလေရဲ့။ ဆေးဖိုး ဝါးဖိုးကအစ ပေးသွားလေရဲ့။ ကျုပ်သတိရတဲ့အချိန်မှာတော့ မေခလာမရှိတော့ပါဘူး။

ဟုတ်တာပေါ့။

ကျုပ်ဟာ နှစ်ဆယ့်လေးနာရီလုံးလုံး မေ့မြောနေခဲ့တာကိုး။ ကျုပ် သတိရတဲ့အချိန်မှာတော့ ကျုပ် ခုတင်ဘေးမှာ မှင်သေသေမွှေး ဗရပျစ်နဲ့ ခပ်ဝဝလူတစ်ယောက်ကို တွေ့ရတယ်။ သူ့မျက်နှာဟာ နီရဲပြီး ထစ်အစ်နေသလို အရက်နံ့သင်းသင်းကို ရှူရှိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် ဒေါက်တာ ဝင်းညို၊ အေးလေ.......ဒါတွေ မောင်ရင်သိဖို့ မလိုပါဘူး။ ကဲ....... မောင်ရင့်ကို အမျိုးသမီးတစ်ယောက်က လွှန်ခဲ့တဲ့နှစ်ဆယ့်လေးနာရီလောက်က ကျုပ်ကို လာအပ်သွားတယ်။ မောင်ရင် နေကောင်းရင် ကျုပ်ဆီက သွားနိုင်ပြီ"

အဲသည်လို သူက စကားစတယ်။

ကျုပ် အကျိုးအကြောင်း မေးကြည့်ပေမယ့် သူ့ဆီက ဘာမှ သဲသဲကွဲကွဲ မသိရပါဘူး။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နဲ့ ခပ်ချောချောအမျိုးသမီးတစ်ယောက်က ကျုပ်ကို လာပို့သွားတယ် ဆိုတာလောက်ပဲ ပြောနိုင်တယ်။

သီတဂူလို ဝေးလံတဲ့ နယ်ခြားမြို့ကလေးမှာ နားလည်မှုနှင့် ဆရာဝန်လုပ်နေဟန်တူရဲ့။

အခုတော့ ကျုပ်ရဲ့ မဝေးလှတဲ့ အတိတ်ပိုင်းမှာ သွေးစွန်းတဲ့ လူသတ်မှုတစ်ခု ငြိစွန်းလို့နေပြီ။

တကယ်ဆိုတော့ ကျုပ် မှားခဲ့ပါတယ်။

ကျုပ်ဟာ ထွက်ပြေးဖို့မသင့်ဘူး။

အမှားအမှန်ကို တိတိလင်းလင်း ရင်ဆိုင်ဖို့ကောင်းခဲ့တာပေါ့။ နောက်ဆုံးတော့ ကျုပ်ဟာ ဦးအောင်ဇော်ရဲ့အကွက် စေ့စေ့စနစ်ကျကျ စီစဉ်ထားတဲ့ ကြိုးစင်ကို လည်စင်းခံခဲ့တာဆိုတာ သိလာရတယ်။

ညိုညိုဇော်....... ။

သူက ကျုပ်ကို သေနတ်တစ်လက်နဲ့ ထွက်ပြေးဖြစ်အောင် ဖန်တီးခဲ့တယ်။ ကျုပ်ဟာ ကျုပ်မိဘအတွက် လက်စားချေဖို့ ဦးအောင်ဇော်ထံရောက်ခဲ့ပေမယ့် ဦးအောင်ဇော်ဟာ ညိုညိုဇော်ကို အစာတပ်ပြီး ကျုပ်ကို မှားခဲ့တယ်။ ကြိုးစင်ပို့ဖို့ စီစဉ်ခဲ့တယ်ဆိုတာ အခုတော့ ကျုပ် သိလာရပြီ။



ပိုင်ပါပေ့ ဦးအောင်ဇော်။

နေသေးသပ ချုံထဲကပေါ့။ ကျုပ်ချိတွေကို မြဲမြဲထက်အောင် သွေးထားမယ်။ တစ်ကွေ့တော့ ကားခနဲနေအောင် တွေ့ရသေးတာပေါ့ ဦးအောင်ဇော်ရယ်။ ကျုပ်ဟာ ဒေါက်တာဝင်းညိုရဲ့ ကုသချက်ကြောင့် နာလန်ထလာတယ်။ ဒဏ်ရာလဲ သွေးလွန်တာကလွဲလို့ အရိုးတွေ၊ အကြောတွေ ထိတာမှ မဟုတ်ဘဲ။ သည်တော့လည်း သူ့အနေနဲ့ သိပ်ခက်ခက်ခဲခဲ ကုစရာမလိုဘူးပေါ့။

ကျုပ်ဟာ ဒေါက်တာဝင်းညိုရဲ့ မထင်မရှား ဆေးခန်းကဆင်းခဲ့တယ်။ အဲ....... သည်ဒေါက်တာ မဆိုဘူး။

အရက်သောက်ပေမယ့် သစ္စာတော့ အရှိသားကလား။

"ရော့....... ဒါ မောင်ရင့် ပစ္စည်းမို့လား"

သူက ကျုပ်ကို ပစ္စည်းတစ်ခု ထုတ်ပေးတယ်။

ပစ္စတိုတစ်လက်။

ဟုတ်တယ်။ ကျုပ်နဲ့ ပါခဲ့တဲ့ ဦးအောင်ဇော်ရဲ့ ပစ္စတိုပေါ့။

ကျုပ်က ပစ္စတိုကို ဂျာကင်အောက်ကို ထိုးထည့်ပြီး ဒေါက်တာကို ပြုံးပြလိုက်တယ်။ အဲ....... သူက ပြောသေးတယ်။

"အေး....... နောက်လဲ လာပေါ့ကွာ။ ငါက နလုံးသားထဲကို ဝင်နေတဲ့ ကျည်ဆန်တွေ ဘာဲတွလဲ ခွဲထုတ်ပေးတတ်သကွ"

အဟုတ်....... ရယ်စရာ။

နလုံးသားထဲ ကျည်ဆန်ဝင်မှတော့ သေပြီပေါ့။

"အလကားပြောတာပါ မောင်ရင်ရာ"

သူက ပြောလိုက်သေးတယ်။

အင်း....... အခုတော့ သီတဂူမှာ ကျုပ်တစ်ယောက်တည်း ရင်ဘတ်ထဲမှာ ပစ္စတိုတစ်လက်။

သူ....... ဘယ်မလဲကွယ်။ ကျုပ်ကို ကယ်ခဲ့တဲ့ 'မေလာ'

www.burmeseclassic.com

www.burmeseclassic.com



ရယ်ပေါ့။

ကျုပ်ဟာ သီတဂူမြို့ကလေးထဲကို လျှောက်ခဲ့တယ်။ တောင်ပတ်လည်ဝိုင်းနေတဲ့ နယ်ခြားမြို့ကလေး သီတဂူဟာ နှင်းမှုန်ပျပျအောက်မှာ ငြိမ်လို့ရယ်။

ချမ်းမြေ့စရာကောင်းလိုက်တဲ့ သီတဂူပါပဲ။

ပြီးတော့ သီတဂူဟာ အရောင်းအဝယ်ကောင်းတဲ့ မြို့၊ စည်ကားတဲ့မြို့။ လမ်းဆုံကျတဲ့မြို့ဆိုတော့ ခေတ်မီတိုက်တာ အိမ်ခြေတွေကလည်း အပြည့်ပါပဲကလား။ ကျုပ်ဟာ လူစည်ကားတဲ့ ဈေးဝိုင်းကို ရောက်ခဲ့တယ်။ ကျုပ်မျက်လုံးတွေကလည်း အရပ်ရှစ်မျက်နှာကို အရှာထွက်ကြတယ်။

သူ့ကိုပေါ့။

ကျုပ်ကို သီတဂူအရောက် ဆောင်ကျဉ်းလာတဲ့ မေခလာ မင်းသမီးကလေး။

သို့ပေမယ့် အဲဒါမဟုတ်တာက ခက်ပါတယ်။

အတ္တလန္တိတ်သမုဒ္ဒရာ ရေခဲပြင်အောက်က အပ်တစ်စင်းကို ရှာရတာထက် ပိုပြီးခက်ပါလိမ့်မယ်။

မေခလာကို ကျုပ် တိတိပပ မြင်ဖူးတာမှ မဟုတ်တာ။

သူနဲ့ကျုပ်တွေ့တော့ ကျုပ်မျက်လုံးတွေ ဝါးနေပြီ မဟုတ်လား။ အဲ.....တစ်ခုတော့ ပြောစရာ ကျန်သေးရဲ့။

ရနံ့......ဟုတ်တယ်။ မေခလာ့ကိုယ်က ကြိုင်သင်းတဲ့ရနံ့ လှိုင်လှိုင်ကို ကျုပ် မှတ်မိပါတယ်။ ရှူရှိုက်ကြည့်ရင် သိပါလိမ့်မယ်။

မဖြစ်သေးပါဘူး။ တွေ့သမျှမိန်းကလေးရဲ့အနံ့ကို လိုက်ရှူနေလို့တော့ မဖြစ်သေးပါဘူး။

ကျုပ်ဟာ သတင်းစာတစ်စောင်ကို ဝယ်လိုက်ပြီး ချောင်ကျကျ ဘားခန်းတစ်ခုထဲကို ဝင်လိုက်တယ်။



စူးရှတဲ့မျက်လုံးအစုံဟာ ကျုပ်ကိုယ်ကို ထိုးဖောက်သွားသလား ထင်မှတ်ရအောင် လူတစ်ယောက်ရဲ့ ကြည့်ရှုမှုကို ခံလိုက်ရတယ်။

သူက အခန်းထောင့်မှာ ထိုင်နေတယ်။ သူ့ရှေ့မှာ အိုးဘရန်ဒီတစ်ဝက်နဲ့ မီးခိုးတလူလူ လွင့်နေတဲ့ သောက်လက်စ စီးကရက်။

ကျုပ်က ဘီယာတစ်လုံးနဲ့ အာလူးကြော်တစ်ပန်းကန် မှာရင်း လွတ်နေတဲ့ စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ သတင်းစာ ဖတ်တယ်။ ဘီယာ မြိုတယ်။ အာလူးကြော် ဝါးတယ်။

ရော......ကြည့်နေတုန်းပါပဲကလား။

ဟုတ်တယ်။ သူ့ပုံက ခွံ့ခွံ့ကျည်ထည်၊ နဖူးပြောင်ပြောင် မိုက်ရွဲရွဲနဲ့ပဲ။ ကျုပ်က မျက်စိလွှဲလိုက်ပြီး သတင်းစာ ဆက်ဖတ်တယ်။ ကျုပ်နဲ့ပတ်သက်တဲ့ သတင်းများ ပါမလားလို့ပေါ့။ ဒါပေမယ့် ထူးထူးထွေထွေ ဘာမှမပါပါဘူး။

ဟင်......ဘယ်လိုပါလိမ့်။

သည်တစ်ခါတော့ ကြည့်ရုံတင်မက သူက စားပွဲက ထလာတယ်။ ကျုပ်က ဂျာကင်အောက်က ပစ္စတိုခင်ကို အသာစမ်းလိုက်တယ်။ သူဟာ ကျုပ်စားပွဲကို တည့်တည့်ကြီး လျှောက်လာလေရဲ့။

"ကျုပ်ကို ဒီမှာ ထိုင်ခွင့်ပြုနော် မောင်ရင်"

သူက နှစ်လိုဖွယ်ပြုံးရင်း ဝင်ထိုင်တယ်။ လက်ထဲမှာလည်း အရက်ခွက်နဲ့။

"ထိုင်နိုင်ပါတယ်။ ဒါ ကျွန်တော်ပိုင်တဲ့ ဆိုင်မှ မဟုတ်ဘဲ။ ကုလားထိုင်အားနေတယ်ဆိုရင် ဘယ်သူမဆို ထိုင်နိုင်တာပဲ မဟုတ်လား"

သူက ပြုံးရာကနေ ဟက်ခနဲ ရယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင့်နာမည်က ဘခက်မဟုတ်လား၊ စက်ဘခက်လေ၊ မြန်နှာက ဇမ္ဗူရှားဝပ်ရှော့ပိုင်ရှင် ဦးဇမ္ဗူရှားရဲ့သား"

ကျုပ်တစ်ကိုယ်လုံးမှာရှိတဲ့ အကြောအချဉ်တွေကို တစ်နေရာက စုဆွဲလိုက်သလို တင်းခနဲ ဖြစ်သွားလေရဲ့။ ကျုပ် သူ့မေးခွန်းကိုဖြေဖို့ စဉ်းစားနေမိတုန်းမှာပဲ သူက ဆက်ပြောတယ်။

"မောင်ရင့်ဖခင် ဦးဇမ္ဗူရှားဟာ ကျုပ်နဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ပါပဲ။ အရင်ကတော့ ကျုပ် မြန်နှာကိုရောက်တိုင်း မောင်ရင်တို့ဝပ်ရှော့ကို အမြဲရောက်တာကလား။ အဲဒီကတည်းက မောင်ရင့်ကို မြင်ဖူးနေတာ။ မောင်ရင်ကတော့ အမှတ်မဲ့မို့ ကျုပ်ကို သတိပြုမိဟန်မတူဘူး။ အင်း……ဦးဇမ္ဗူရှားအကြောင်း ကြားရတာ ကျုပ် စိတ်မကောင်းပါဘူးကွယ်"

ကျုပ်ဟာ သူ့စကားဆုံးတာနဲ့ သက်ပြင်းလေးလေး ချလိုက်မိတယ်။

တော်သေးရဲ့။

"ဟုတ်ပါတယ် ဦး။ ကျွန်တော်လဲ ဝပ်ရှော့ မီးလောင်ပြီး ဖေဖေတို့ ဆုံးပြီးကတည်းက စိတ်လေလေနဲ့ မြန်မာပြည်အနှံ့ လျှောက်သွားနေတာ အခုထိပါပဲ"

ကျုပ်က မယုတ်မလွန် ဆိုလိုက်တယ်။

"အင်း……ဒီလိုလဲ စိတ်ထင်ရာ လျှောက်လုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ ဘခက်ရာ၊ လွန်ပြီးတာတွေ လွန်ပါလိမ့်စေပေါ့။ မောင်ရင့်အနေနဲ့ တစ်နေရာရာမှာ အခြေချပြီးနေဖို့ သင့်တယ်"

သူက အရက်တစ်မြှုံကို စုပ်လိုက်ပြန်တယ်။

"မောင်ရင် တတ်ထားတဲ့ ကားပညာနဲ့ဆိုရင် ဘယ်နေရာရောက်ရောက် ထမင်းတစ်လုပ်တော့ အေးအေးဆေးဆေး စားနိုင်ပါတယ် ဘခက်။ အဲဒီတော့ တစ်နေရာရာမှာ အခြေချဖို့ စိတ်ကူး



ပါ။ အင်း……သီတဂူလိုနေရာမျိုးမှာ မောင်ရင်ရှိရင်တော့ လက်ဖျားမှာ ငွေသီးနေမှာပဲ"

နောက်တော့ သူနဲ့ကျုပ် တွေ့ရာလေးပါး ပြောဖြစ်ကြတယ်။ သောက်ရင်းစားရင်း ရင်းနှီးခဲ့ကြတယ်။ သူ့နာမည်က ဦးသော်မော်တဲ့။ သီတဂူမှာ ခေတ်အမီဆုံးဖြစ်တဲ့ မော်တော်ကားဝပ်ရှော့တစ်ခုကို သူကပိုင်ထားတာကလား။ သူက ကျုပ်ကို သူ့ရဲ့မော်တော်ကားဝပ်ရှော့မှာ ပျော်သလောက်လုပ်ဖို့ အကြံပေးတယ်။

သည်အကြံ မဆိုးလှပါဘူး။

လောလောဆယ် နားခိုဖို့နေရာကလေးတစ်ခု ကျုပ်မှာ လိုအပ်နေတုန်း ဦးသော်မော်နဲ့တွေ့တာ အခွင့်အလမ်းဖြစ်သွားတာပေါ့။ ပြီးတော့ ကျုပ်မှာက နောက်ပိုင်းရှင်းတာ မဟုတ်တော့ သီတဂူလို ဝေးလံတဲ့နေရာမျိုးမှာ ခိုအောင်းပြီး ပြဿနာကို စောင့်ဆိုင်းဖြေရှင်းတာ အကောင်းဆုံးပဲလို့ ကျုပ် ယူဆလိုက်တယ်။

"ကောင်းပြီလေ၊ ကျွန်တော် ဦးသော်မော်ရဲ့ ဝပ်ရှော့မှာ ဝင်လုပ်ပေးပါ့မယ်။ ဒါပေမယ့် ကျွန်တော့်ကို အချုပ်အချယ်တော့ မလုပ်ပါနဲ့။ ကျွန်တော် ပျော်သလောက်ပဲ လုပ်ပါရစေ"

"ကောင်းပါတယ် ဘခက်၊ မောင်ရင်ရှိနေရင် ကျုပ်ဝပ်ရှော့တော့ တစ်ရှိန်ထိုး နာမည်တက်လာဦးမှာပဲ၊ မောင်ရင်သဘောကျသလိုသာနေပါ။ လခကိုလဲ ကြိုက်သလောက်တောင်းပါ"

"ငွေရေးကြေးရေးကို ကျွန်တော် စကားမပြောပါဘူး။ ဦးသော်မော် သင့်တော်မယ်ထင်သလိုသာ ပေးပါ။ အဲ……လွတ်လွတ်လပ်လပ်တော့ နေပါရစေ"

ဦးသော်မော်နဲ့ ကျုပ်ဟာ နာရီပိုင်းမကူးခင် အလုပ်ဖြစ်သွားကြတယ်။ ကျုပ်ဟာ သာမန်ဝရမ်းပြေးဘဝက ဦးသော်မော်ရဲ့မော်တော်ကားဝပ်ရှော့ မက္ကင်းနစ်တစ်ယောက်အဖြစ် တခဏ ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပြီပေါ့လေ။

ဦးသော်မော်ဟာ ကျုပ်အပေါ်မှာ အတော့်ကို စေတနာ
ကောင်းရှာပါတယ်။ ကျုပ်အတွက် သီတဂူမြို့အစွန်မှာ သီးသန့်အိမ်
ကလေးတစ်လုံး ငှားပေးတဲ့အပြင် တစ်လကို အသပြာငါးရာကြီးများ
တောင် ချီးမြှင့်ခဲ့တာကလား။

သူ့အနေနဲ့ ကျုပ်ရဲ့ နောက်ကြောင်းရာဇဝင်ကို ပြည့်
လုံလောက်အောင် မသိသေးသမျှ ကာလပတ်လုံးတော့ ကျုပ်အပေါ်
မှာ ကောင်းနေဦးမှာပေါ့လေ။

သည်လိုနဲ့ ကျုပ်ဟာ သီတဂူမှာ သောင်တင်ခဲ့ရတယ်။

သည်အတောအတွင်း မြန်နွာကာသတင်းကို စုံစမ်းရသ
မေခလာကို ရှာရတာကလည်း ကျုပ်မှာ အမောသားကလား။ သ
ပေမယ့်လို့ မြန်နွာက အေးကျော်အသတ်ခံရမှုဟာ သီတဂူကို ရော
မလာသလို မေခလာကိုလည်း မတွေ့တာအမှန်ပဲ။

ကျုပ်က သူ့ကို မှတ်မိတာမှ မဟုတ်ဘဲကလား။ မရှိ
ပစ္စည်းတစ်ခုကို ရှာရသလို ရှာတဲ့သူမောရုံကလွဲလို့ ဘာများတတ်နို
ဦးမှာတဲ့လဲ မေခလာရယ်။

သည်လိုနဲ့ ရက်တွေ၊ လတွေ အစားပြန်မရအောင် ကု
လွန်ရပြီပေါ့။ ဒါတွေက ကျုပ်ရဲ့ မဝေးလှတဲ့အတိတ်က အစိတ်အပိုင်း
ကလေး။

ယခုတော့......

တတိယ

"စက်ဘခက်ဆိုတာ သူပါပဲ ဒေါ်ရွှေစင်ရှို"

အမျိုးသမီးက ကျုပ်ကို သမင်လည်ပြန် ကြည့်တယ်။ သူ



အကြည့်က တစ်မျိုးကလေး။

ကျုပ်က အေးအေးဆေးဆေးပဲ သူတို့ရှိရာကို လျှောက်
သွားတယ်။ အပေါ်ပိုင်းဗလာကျင်းပြီး ဆီချေးတွေ ညစ်ထင်နေတဲ့
ချင်းဘောင်းဘီနဲ့မို့ ကျုပ်ပုံက သားသားနားနား မရှိလှပေမယ့် ရင်
အုပ်မားမားတွေကတော့ တခမ်းတနားပါပဲ။

"ဪ...... ရှင်လား"

သူက အံ့ဩဝမ်းသာဟန်နှင့် ကြိုနှင့်တယ်။

"ဟုတ်ပါတယ်၊ စက်ဘခက်ဆိုတာ ကျွန်တော်ပါ"

"အင်း ကိုဘခက်လို ကားဝိဇ္ဇာတစ်ယောက်နဲ့ တွေ့ရတာ
အင်မတန် ဝမ်းသာလှပါတယ် ကိုဘခက်"

ကျုပ်က ဘာမှမတုံ့ပြန်ဘဲ ဦးသော်မော်ရဲ့ စားပွဲဘေးမှာ
ထိုင်လိုက်တယ်။ ခင်စောစောက သည်အမျိုးသမီးနဲ့ ဦးသော်မော်တို့
ပြောကြဆိုကြတာတွေကို ကြားထားပြီးရလို့ ဘာကိစ္စနဲ့ ကျုပ်ကို
ခေါ်တယ်ဆိုတာ သိပြီးသားပေါ့လေ။

ဒါပေမယ့် အမျိုးသမီးက သိပ်လှလွန်းတယ်။ တောင့်လွန်း
တယ်။ ဖြောင့်လွန်းတယ်။ ပြီးတော့ တော်တော်မာနကြီးတဲ့ အသွင်
သဏ္ဌာန်မျိုး။

နာမည်က ခင်ဆန်းဆန်း။

အဲ...... ဘာတဲ့၊ ဪ...... ရွှေစင်ရှို......။

"ဒီလို ဘခက်ရေ......ဟောဒီက ဒေါ်ရွှေစင်ရှိုက သူ့ရဲ့
ကားစီးမော်ဒယ် နက်ရှာနစ်ဆယ်ကို အင်ဂျင်ခေါင်းချင်းလို့တဲ့ကွ၊ သီ
တဂူမှာဆိုရင် မာစီဒီးကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်နိုင်တဲ့လူဆိုလို့
မင်းတစ်ယောက်ပဲရှိတာ မဟုတ်လား"

"ဟုတ်ကဲ့ ဦးသော်မော်"

ကျွန်တော်က ခေါင်းညိတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သည့်မှာတင် မချောကလေးက ပြောတယ်။

"တစ်ခုတော့ ရှိတယ် ဦးသော်မော်၊ ရှီက ဒီမြို့က မဟုတ်ဘူး။ မိုင်းမြိုင်မြို့ကပါ။ ရှီရဲ့ကားကလဲ မိုင်းမြိုင်မှာပဲ။ အဲဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား။ ရှီ သူ့ကို မိုင်းမြိုင်ကို ခေါ်သွား... ပေ၊ ကားပြင်ပြီးတဲ့အထိ တစ်နေ့နှစ်ရာဆိုရင် ဦးသော်မော် ကျေ... လောက်ပါရဲ့နော်"

ရော…… သည့်အမျိုးသမီးက ကျုပ်ကို ကျွန်ဝယ်သ... ဝယ်နေပါပကော။

ရွှေစင်ရှီဟာ ပြောပြောဆိုဆို လက်ပွေ့အိတ်ကြီးကို ... ဖွင့်လိုက်တယ်။ အထဲမှာ ငွေစက္ကူအခေါက်လိုက် အထပ်လိုက်... ပေါ့။

ပြီးတော့ မိုင်းမြိုင်ဆိုတာကလည်း သီတဂူနဲ့ မိုင်သုံးဆ... လောက် ဝေးတဲ့မြို့။

"ဘယ့်နှယ်လဲ ဦးသော်မော်"

ရွှေစင်ရှီက ဦးသော်မော်ကို မေးတယ်။ ဦးသော်မော်... ကျုပ်ကို မော့ကြည့်တယ်။

တစ်နေ့နှစ်ရာဆိုတာ မက်လောက်စရာပါပေပဲ။ ဦးသေ... မော်လည်း မက်ပေမပေါ့။

ကျုပ်က ခေါင်းကို ညင်သာစွာ ယမ်းလိုက်ပါတယ်။

"ဆောရီးပဲ ဦးသော်မော်၊ အဲဒီကားကို တစ်နေ့တစ်ထော... ရလဲ ကျွန်တော် ပြင်မပေးနိုင်ဘူး"

"ရှင်……"

"မရှင်ပါနဲ့ ရှီ အဲ……ဒေါ်ရွှေစင်ရှီ၊ လောကမှာ ငွေ... တိုင်းမရတဲ့ပစ္စည်းတွေထဲမှာ ဘခက်လဲ အပါအဝင်ပဲ။ ဝမ်းနည်း... တယ်"



သူ့မျက်နှာမှာ အပြောင်းလဲလေးလေးတစ်ခု သိသိသာသာ ...ဖြစ်သွားလေရဲ့။ အပြုံးကလေးတစ်ခုပေပဲ။

အဲသည့်အပြုံးလေးက ကျေနပ်နှစ်သိမ့်ပြုံးကလေးလား ...ပြုံးကလေးလားလို့ ခန့်မှန်းလို့ မရပေမယ့် ပါးမို့မို့က ချိုင့်ဝင် ...သွားတယ်။

"ရှီ မှားသွားပါတယ် ကိုဘခက်"

"မမှားပါဘူး ဒေါ်ရွှေစင်ရှီ၊ ဈေးဝယ်နဲ့ ဈေးသည်လိုပေါ့။ ဒေါ်ရွှေစင်ရှီက ကြိုက်ဈေးနဲ့ ဝယ်ပေမယ့် ရောင်းတဲ့သူက မရောင်း ...တဲ့သဘောမျိုးပါ"

"အား……ဘခက်ကလဲကွာ၊ ဘာတွေလျှောက်ပြောနေ ...တာလဲ၊ အားနာစရာကြီး"

ဦးသော်မော်က ကြားဝင်လာတယ်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး၊ လုပ်လက်စကလေးတွေ လက်စ ...သတ်ရသေးလို့"

ကျုပ်က သူတို့နှစ်ယောက်ကို ကျောခိုင်းလိုက်တယ်။

ဦးသော်မော်ကတော့ မျက်နှာကြီးရဲလို့ပေါ့။ ဘယ်တတ် ...နိုင်မလဲလေ။

ရွှေစင်ရှီနဲ့ ဦးသော်မော်ဟာ ခပ်တိုးတိုး စကားပြောနေကြ တယ်။ ခေါင်းခါခါ လည်ခါခါ ဆွေးနွေးနေကြတယ်။

မချောလေးက ဘော့(စ်)ဆိုတော့ ဦးသော်မော်အနေနဲ့ အားနာပါးနာဖြစ်နေဟန်တူရဲ့။ ဒါပေမယ့် ကျုပ် မလုပ်ချင်တဲ့အလုပ် တစ်ခုကို သူ့အနေနဲ့ ခိုင်းဖို့ မလွယ်ဘူးဆိုတာ ဦးသော်မော် သိပါ တယ်။

ကျုပ်ဟာ ပြင်လက်စ ကားအောက်ကို ဝင်လိုက်တယ်။ ဝပ်ရှော့ထဲမှာရှိတဲ့ မက္ကင်းနစ်တွေ၊ အရိုင်ဘာတွေကတော့ ကျုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



နားမလည်သလို ကြည့်နေကြလို့ပေါ့။ သူတို့နားလည်တာက သိ
လှပြီး တစ်ကိုယ်လုံးပျံ့နေတဲ့ သူဌေးမလေး ရောက်လာတယ်။ ကျ
ကို တစ်နေ့ ငွေနှစ်ရာနဲ့ ကားပြင်ဖို့ ငှားတယ်။ ကျုပ်က ငြင်းလိုက်
တယ်။ ဒါကို သူတို့တစ်တွေ အံ့ဩကုန်နိုင်ဖွယ်ဖြစ်နေကြဟန်တူရဲ့

ကျုပ်ဟာ ကားအောက်ကို ပက်လက်ဝင်ပြီး လုပ်လက်
အလုပ်ကို ဆက်လုပ်နေတယ်။ မကြာခင် ခြေသံတချွပ်ချွပ် ကြားလာ
ရတယ်။ ခြေသံဟာ ကျုပ်ဝင်နေတဲ့ ကားဘေးမှာ ရပ်သွားတယ်

ဘယ်သူပါလိမ့်မလဲ။

သည်ဝဝ်ရှော့ထဲမှာ သည်လိုခြေသံမျိုး မကြားဖူး။

ကျုပ်ဟာ ပက်လက်အနေအထားကနေ လက်နှစ်ဖက်
တွန်းပြီး ခေါင်းတစ်လုံးစာ အပြင်ထွက်လိုက်တယ်။

သူ......

ရှိ......

ထဘီ၊ အင်္ကျီ၊ မို့စွင့်ရင်မြွာကြားမှာ ရှိ့မျက်နှာ......

ဒါမျိုးပေါ့...... ဒါမျိုးပေါ့၊ မြန်မာ့ကဗျာ သေပြေးရှင်ပြေး ပြေ
ရတုန်းက ကားလမ်းပေါ်မှာ ကျုပ်က ပက်လက်၊ မေခလာက ကျုပ်
ဘေးမှာ ရပ်လျက်။

အဲသည်တုန်းကလည်း မို့စွင့်တဲ့ ရင်တွေကြားမှာ သူ့မျက်
နှာ။ ယခုလည်းပဲ သည်လိုပဲ။

မျက်နှာကို မမှတ်မိပေမယ့် ထူးထူးခြားခြား ပုံပန်းလှတဲ့
အမူအငံ့ အပြည့်အဝတင်းကို ကွင်းကွင်းကွက်ကွက် မှတ်မိလာတယ်

မေခလာ...... ။

ဟုတ်တယ်၊ မေခလာနတ်သမီးလေးများလား။

သူက အပေါ်စီးက ပြုံးပြတယ်။

"ရှိ...... သွားလိုက်ပါဦးမယ်ရှင်" တဲ့။



နောက်တော့ ပြည့်တင်းတဲ့တင်တွေကို ဝိုင်းကြီးယက်ပက်
ည့်ရင်း တဒေါက်ဒေါက် လျှောက်သွားလေရဲ့။

မေခလာ...... မေခလာ။

ကျုပ်ဟာ ကားအောက်မှ လူးလဲထိုးထွက်ရင်း ဝဝ်ရှော့ရှေ့
အပြေးကလေး ထွက်လိုက်ခဲ့မိတယ်။

မမီတော့ပါဘူး။

ဝူးခနဲ မောင်းထွက်သွားတဲ့ ဇီးယက်ကားရဲ့ နောက်မြီးကို
ာ တွေ့လိုက်ရပါတယ်။ ကားကလေးဟာ ကျုပ်ရဲ့မြင်ကွင်းက
ွက်ပျောက်ကွယ်သွားတယ်။ ရော...... နံပါတ်တောင် မမှတ်
ရပါကလား။

ကိစ္စမရှိ၊ နီပြာရောင် ဇီးယက်ကားပဲ။ ဒီလိုကားမျိုး မိုင်း
င်လိုနေရာမျိုးမှာ များများစားစားရှိလှမည်မဟုတ်ပါ။

"ဘယ်လိုဖြစ်တာလဲ ကိုဘခက်"

ကျုပ်နဲ့ခင်တဲ့ မက္ကင်းနစ်တစ်ယောက်က မေးတယ်။

"မေခလာလားလို့ပါကွာ"

"ဗျာ...... ဘယ်က မေခလာလဲ၊ နေကမင်းသားကို သမု
ာထဲက ကယ်တဲ့ မဏိမေခလာနတ်သမီးကို ပြောတာလား"

သူက ကျုပ်ကို ကြောင်စီစီကြည့်ရင်း ဆိုတယ်။

ကျုပ်က ဘာမှအဖြေမပေးမိ။ သည်တော့ သူက ပြော
ယ်။

"ခင်ဗျား တော်တော်ကြောင်တဲ့လူ" တဲ့။

ထားပါတော့...... ထားပါတော့။

အရေးကြီးတာက မေခလာကို မတွေ့တွေ့အောင် ရှာ
ုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"မိုင်းမြိုင်......"

သည်မြို့အကြောင်းကို မပြောကပဲ ကျွန်ုပ်အကြားဖူးသော

ကျောက်တွင်းတွေ၊ သတ္တုမိုင်းတွေ၊ ကျောက်စိမ်းကြေ တွေ ရှိနေတဲ့ တောင်ပေါ်မြို့ကလေးပေပဲ။

အဲသည်မြို့ကလေးမှာ ထမင်းကြမ်းခဲကိုစားပြီး နေ့ ညချင်း အနာထပိဏ်သူဌေးဖြစ်ချင်တဲ့သူတွေ၊ သူဌေးဖြစ် ကြနေတဲ့သူတွေ အနန္တရှိနေသလို ငွေအရင်းအနှီးတွေ တစ် ကြီးနဲ့ အပွကြီးမှုနေသူတွေကလည်း မရှားဆိုပါတော့။

ကျွန်ုပ်ဟာ ဦးသော်မော်ထံက ဝီသိဂျစ်ကိုစွဲပြီး မိုင်းမြိုင် ဦးတည်လိုက်တယ်။ ဘီတာဂူကထွက်စတော့ မြေအပြင်က မြို့ ယောင်ထင်ရပေမယ့် နှစ်မိုင်လောက်လည်း မောင်းမိရော အတ အဆင်း အကွေ့အကောက်တွေ ထူပြောလာတော့တယ်။



လေဟာ အေးစိမ့်လာသလို ထင်းရှူးနံ့နဲ့ ယူကလစ်နံ့တွေ ရောစွက်လာလေရဲ့။ စိမ်းလန်းတဲ့တောနဲ့ တောင်ကမ်းပါးနီနီ ဟာ ကားလမ်းဘေးမှာ စီရရီတန်းလို့ရယ်။

သာယာပါဘိ။

အေးချမ်းပါဘိ။

သည်လိုသာယာတဲ့ ဝန်းကျင်မျိုးကို မြန်မာ့ကန်နံ့ဘေးမှာ တွေ့ခဲ့ ခံစားခဲ့ရတယ်။ ထိတွေ့ခဲ့ရတယ်။ သူ...... သူ မီညို။

ဦးအောင်ဇော်ရဲ့သမီး။

ကျွန်ုပ်ဘဝကို ဖျက်ဆီးပြီး ကျွန်ုပ်လည်ပင်းကို ကြိုးကွင်းစွပ် တဲ့ ဦးအောင်ဇော်ရဲ့သမီး။ သင်းကလေးကလည်း အဖေတူကလေး ဘာမှန်းမသိတဲ့ လူသတ်မှုတစ်ခုမှာ သေနတ်တစ်လက်နဲ့ ထွက် ပြေးအောင် စွမ်းဆောင်ခဲ့တဲ့ ညိုညိုဇော်ရယ်ပေါ့။ တတ်လည်း တတ် ပါပေ့ မီညိုရယ်။

ကျွန်ုပ်ဟာ ခက်ခဲကြမ်းတမ်းတဲ့ ကားလမ်းကို ကျွမ်းကျွမ်း ကျင်ကျင်မောင်းခဲ့တယ်။ ဒါဟာလည်း ကျွန်ုပ်ရဲ့ ထူးခြားတဲ့အရည် အသွေးတစ်ခုပဲဆိုပါတော့။ ဘယ်လောက်ပဲ လမ်းကြမ်းကြမ်း ဘယ် လောက်ပဲ အကွေ့အကောက် အတိမ်းအစောင်းတွေ များပါလိမ့် ဝတီယာရင်နဲ့ လက်နဲ့ ထိမိကိုင်မိတာနဲ့ အဲသည်ကားဟာ ကျွန်ုပ် ရာ သွားစေရမယ်။

သို့ပေမယ့်လို ဘဝခရီးကြမ်းကိုတော့ ကျွမ်းကျွမ်းကျင်ကျင် ထိန်းသိမ်းနိုင်တာ အမှန်ပါပဲလေ။ ကြည့်...... အခု လူသတ် ဝရမ်း ပြေး ကိုယ့်ကိုယ်ကို တကယ်ပဲ လူသတ်မိသလား။ ထောင်ချောက် ဝင်မိသလားဆိုတာ တိတိပပ မသိရသေးတဲ့ဘဝ။ ဘယ်ပဲဖြစ်ဖြစ် ဦးအောင်ဇော်ရဲ့ ပယောဂနဲ့ ညိုညိုဇော်ရဲ့ အကြံအဖန်တွေ ပါ ည်မလွဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အင်း…… တစ်နေ့တော့ တွေ့ကြမည်။

ယခုတွေ့ချင်နေသည်မှာ ရှီ…… ရွှေစင်ရှီ။

မိုင်းမြိုင်ရောက်တော့ နေညိုပြီ။ တောင်တန်းပြာအထ မှာ မေးတင်လို့ ကြည့်နေတဲ့ နေဝန်းနီကို နှုတ်ဆက်ရင်း မိုင်းမြိ ကို ဝင်ခဲ့ပြီပေါ့။

ကျုပ်ဟာ ဂျစ်ကို ဆယ့်ငါးမိုင်နှုန်းလောက် မောင်းရင် မိုင်းမြိုင်ရဲ့ ညနေချမ်းထဲမှာ သူ့ကို ရှာမိတယ်လေ။

မေခလာ…… သို့မဟုတ်ပါလေလျှင် ဗီးယက်ကားပြ ကလေး။ ဒါပေမယ့် မြို့အနှံ့ လမ်းတွေသာ ကုန်ခဲ့ပေမယ့် ဗီးယ ကားပြာကိုလည်း မမြင်။ မေခလာကိုလည်း မတွေ့။

ဒါနဲ့ ဂျစ်ကို မော်တော်ကားတာယာ ပြုပြင်တဲ့ ဆိုင်တ ဆိုင်ရှေ့မှာ ထိုးရပ်လိုက်တယ်။ ဆိုင်ထဲက သွက်လက်ဖျတ်လ ပုံရတဲ့ ချာတိတ်တစ်ယောက် ပြေးထွက်လာလေရဲ့။

"လေဖြည့်မလား အစ်ကို"

"အေး…… လေနည်းနေတယ် ထင်လို့ကွ။ ပေါင်ချိန်လေ ဘာလေး တိုင်းကြည့်စမ်းပါဦး"

ငနဲကလေးက ခါးကြားမှာ ထိုးထားတဲ့ လေပေါင်ချိန်တံ ဂေ့ချ်နဲ့ ဂျစ်ကားဘီးတွေကို လိုက်တိုင်းကြည့်တယ်။

"နောက်ဘီးတစ်လုံးပဲ နည်းနည်းဖြည့်ရမှာပါ အစ်ကို"

"အေးကွာ…… လုပ်စမ်းပါဦး"

သူက လေပိုက်ကိုဆွဲပြီး ကားဘီးကို လေဖြည့်ပေးတယ်

ကျုပ်က အိတ်ထဲက ငါးကျပ်တန်တစ်ရွက်ကို သူမြင်သာ အောင် ထုတ်ကိုင်ရင်း သူ့ဘေးမှာ ဒူးထောက်ထိုင်လိုက်တယ်။

"ငါ့ညီက ဒီမြို့သားလား"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော် ဒီမှာမွေးတာပဲ"



"ဒီဆိုင်ရောက်တာကော ကြာပြီလားကွ"

"မအေ မွေးကတည်းက ဆိုပါတော့အစ်ကို၊ ဘာဖြစ်လို့ ……ဲ"

"ဘာမှမဖြစ်ပါဘူးကွာ၊ ရော့…… ကျသလောက်ယူ၊ ဒို ……တော့ မင်းအတွက် မုန့်ဖိုး ပဲဖိုးပေါ့ကွာ"

ချာတိတ်ရဲ့ မျက်နှာကလေးက ဝင်းလက်သွားတယ်။

လေထိုးပြီးတဲ့တိုင်အောင် ပိုက်ကိုကိုင်ရင်း ကျုပ်အနားမှာ ……ပ်နေတုန်းပဲ။ ကျုပ်က ဂျစ်ကားပေါ်ကို ခြေထောက်တင်ရင်း စီး ……ရက်တစ်လိပ်ကို မီးညှိလိုက်တယ်။

"အစ်ကို့ကို ဒီမြို့မှာ မတွေ့ဖူးပါဘူး"

"ဘယ်တွေ့ဖူးပါမလဲကွ၊ အစ်ကိုက ဒီမြို့က မဟုတ်ဘူး။ ……ဲ…… ဒါပေမယ့် ဒီမှာ အစ်ကိုနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ……နေလို့ကွ၊ မင်းသိသလား မပြောတတ်ဘူး။ သူ့မှာ ခိုပြာရောင် ……ယက်ကားလေး ရှိတယ်လေကွာ"

ချာတိတ်မျက်နှာက တွေဝေသွားတယ်။

"ဗီးယက်ကားအပြာ ဟုတ်လားအစ်ကို၊ ဗီးယက်ဆိုလို့ ……ါက်တာဦးဘင်လှရဲ့ ဗီးယက်ကားအဖြူရယ်၊ ဈေးဆိုင်က ဦးအရှောင် ……ရဲ့ ကားအနီရယ် အဲ…… နှစ်စီးပဲရှိတယ်။ အစ်ကိုပြောတဲ့ ဗီးယက် ……ားအပြာဆိုတာ ဒီမြို့မှာ မရှိပါဘူး။ ဒါနဲ့ အစ်ကို့မိတ်ဆွေက ဘယ် ……ုလဲဟင်……"

သူ့စကားကို ကျုပ် အံ့ဩရတယ်။

ရွှေစင်ရှီက မိုင်းမြိုင်မှာ နေတယ်လို့ ပြောခဲ့တယ်။ ပြီးတော့ ……ုမောင်းလာတာက ဗီးယက်ကားအပြာ။ တကယ်လို့သာ မိုင်းမြို ……ာ ဗီးယက်ပြာရှိခဲ့လို့ရှိရင် သည်ချာတိတ် မြင်ဖူးတွေ့ဖူးရမှာ ……သေ ……ချာပေါ့။

www.burmeseclassic.com



"သူက အမျိုးသမီးတစ်ယောက်ကွ။ သိပ်လှတယ်လေ အဲ…… နှာမည်က ခပ်ဆန်းဆန်းပဲ မရွှေစင်ရှိတဲ့"

"မရှိစင်ရွှေ…… ဟုတ်လား"

"ရွှေစင်ရှိပါ ချာတိတ်ရ"

သည်တော့ ငနဲကလေးက ရယ်ကျဲကျဲနဲ့ ပြန်ပြောတယ်

"ဒီမှာအစ်ကို…… မိုင်းမြို့င်မှာ အစ်ကိုပြောတဲ့ ရွှေစင်ရှိ မရှိဘူး။ ငွေစင်ရှိလဲ မရှိဘူး။ ကြေးစင်ရှိလဲ မရှိဘူး။ အဲ…… ဗီးယ ကားအပြာဆိုတာတော့ ဝေလာဝေး။ ဒီမြို့မှာ ဗီးယက်နစ်စီး၊ ဖ မလီယာ ခြောက်စီး၊ ဝိလီဆယ့်တစ်စီး၊ အီဖုးစူးကိုးစီး၊ တိုယိုတ ပစ်ကတ် ငါးစီး၊ မာဇဒါ ဆယ့်သုံးစီး၊ ချက်ပလက်ခေါင်းတို……

"ဟော့ကောင်…… တော်တော့ကွာ၊ ငါ့ကို ယာဉ်ထိန်း အောက်မေ့လို့ ဒါလောက် အစီရင်ခံနေရတာလား"

ကျုပ်က စီးကရက်လွှင့်ပစ်ရင် အော်လိုက်မိတယ်။

သည်တော့ ငနဲလေးရဲ့မျက်ခွက်က သနားစရာ ညှိုးငယ် သွားရှာတယ်။

"ကျွန်တော်သိတာ ပြောမိတာပါ အစ်ကိုရယ်၊ အစ်ကိုပြော တဲ့ ဗီးယက်ကားအပြာနဲ့ ရွှေစင်ရှိဆိုတဲ့ အမျိုးသမီးဟာ မိုင်းမြို့င်မှာ မရှိတာကို သက်သေထူချင်လို့ ကျွန်တော်သိတာတွေ လျှောက်ရွတ် နေမိတာပါ"

သူက မျက်နှာငယ်လေးနဲ့ ဆိုရှာတယ်။

ဟုတ်ပေမပေါ့။

သူ့စကားကို ကျုပ်ယုံမိပါတယ်။ သူ့အသွင်သဏ္ဌာန်က လည်း တကယ့်ကို ရိုးရိုးသားသားမဟုတ်လား။

"ကဲ…… အစ်ကို သွားမယ်ကွာ ဟုတ်လား။ ဒါနဲ့ မင်း နှာမည်"



"ဇော်ရှင်းပါ အစ်ကို"

ကျုပ်က ခေါင်းညိတ်ပြီး ဂျစ်ကားပေါ်ကို တက်ထိုင်လိုက် တယ်။ စတတ်တာကို နှိပ် ခေါင်းညိတ်မယ်အလုပ်မှာ ကားတစ်စီး ကျုပ်ကားဘေးမှာ ထိုးရပ်လာတယ်။ သို့ပေမယ့် အေးအေးဆေး ဆေး ရောက်လာတဲ့ပုံမျိုးမဟုတ်။ ကမန်းကတန်း ထိုးရပ်လိုက်ရတဲ့ အခြေအနေမျိုးပေါ့။

သူ့ကားဟာ ဘီးမလိမ့်ဘဲ နှစ်ပေလောက် မြေကြီးပေါ်မှာ လျှောတိုက်ရင်း ဆောင့်ရပ်သွားတယ်။ ငနဲတစ်ယောက်ပေါ့။ အမယ် သားရေဂျာကင်နဲ့၊ တက်ထရက်ဘောင်းဘီနဲ့ စီးကရက်လည်း ပါး စောင်မှာ ခဲထားသေး၊ လူကတော့ ဖြူဖြူချောချောပါပဲ။ တောင့် တောင့်တင်းတင်းရှိပုံပါပဲ။ ဒါပေမယ့် သူ့မျက်လုံးတွေက ဆပ်ပြာ သည်မ လင်ပျောက်သလို ဂနာမငြိမ်လှဘူး။

"ဟော့ကောင်လေး…… ဘီးတွေ လေထိုးစမ်းကွာ"

သူက ခပ်မာမာပြောလိုက်တယ်။ ဇော်ရှင်းဆိုတဲ့ ချာတိတ် က ဘီးလေးဘီးစလုံးကို ပေါင်ချိန်တိုင်းကြည့်ပြီး ပြောတယ်။

"လေထိုးလို့ မရဘူး အစ်ကို"

"ဟ…… ဒါဖြင့် မင်းတို့ဆိုင်က ဘာလုပ်ဖို့ ဖွင့်ထားတာလဲ"

သည်တော့ ချာတိတ်က ရယ်တယ်။

"အစ်ကိုကားက လေတောင်များနေတယ်။ ကျွန်တော် လျှော့ပေးရမလား"

ငနဲသားက ဘာမှပြန်မပြောဘဲ ကားကို ဝူးခနဲ နောက်ဆုတ် ပြီး မောင်းထွက်သွားတယ်။ အင်း…… ဒုက္ခ…… ဒုက္ခ။

"ဇော်ရှင်း…… အဲဒီလူကို မင်းမြင်ဖူးသလား"

ကျုပ်က ချာတိတ်ကို မေးလိုက်မိတယ်။

"ဒါ ပထမဆုံးအကြိမ်ပါပဲ။ တော်တော်တုံးတဲ့လူ"

www.burmeseclassic.com

www.burmeseclassic.com



သည်အကောင် အသံက မကျေမနပ်။ အထာမကြည်။

ကျုပ်က သူ့ကိုပြုံးပြရင်း စတတ်သာကို နှိပ်လိုက်တယ်။

သည်တော့ မှောင်ပြီ။

မှောင်ပြီဆိုသည်က နေပျောက်သွားလို့။ ဒါပေမယ့်...... လပြည့်ညရဲ့လက သာတယ်။ သာပေမယ့် သူ့ခမျာ မပြည့်ဝန်းရှာပါ။ နှင်းပါးပါးက ပဝါခြုံလေတော့ လမျက်နှာက ဝိုးတဝါး ရှက်တရွံ့ မဝံ့တဝံ့ရယ်။ အဲဒီအချိန်မှာ မေခလာကို စောင်ခွေးခွေးမှာ တစ်ကိုယ်လုံးကို ကွေးလို့ အနွေးဓာတ် ရှာလေမလားတော့ မသိပါ။

အေးလေ...... ဒါတော့ ကျုပ်မှ မမြင်ရဘဲ။

မြင်ရ တွေ့ရအောင် ကြိုးစားနေဆဲမှာ နေက ပျောက်တော့ ...... ည...... ။

ည...... ည...... ။

ပြန်မယ့်ခရီးက မိုင်သုံးဆယ်တောင် ဝေးနေလေတော့ အကွေ့အကောက်၊ အတက်အဆင်း၊ အကျဉ်းအကျပ်တွေ မောင်းရရင် အနည်းဆုံးနှစ်နာရီကြာမှ သီတဂူကို ပြန်ရောက်လိမ့်မယ်။

ကဲ...... ဗိုက်ထဲကို ရမ်သုံးပက်လောက် ထည့်လိုက်ဦးမယ်။

ကျုပ်ဟာ ဝီလီကို လူတွေစည်နေတဲ့ ဘား (သို့မဟုတ်) အရက်ဆိုင်တစ်ဆိုင်ရှေ့မှာ ထိုးရပ်လိုက်တယ်။

အမယ်...... လောကစိမာန်ဆိုပါကလား ...... ဘားနာမည်က၊ အင်း...... ဝင်လိုက်ဦးမှ။ ဆိုင်အဝမှာ ကလေးတစ်ယောက်ကို ပွေ့ထားတဲ့ ချာတိတ်မလေးတစ်ဦးကို တွေ့ရတယ်။ ကျုပ်က ကားသော့ကွင်းကို လက်ညှိုးမှာ သွင်းလို့လှည့်ရင်း ဘားအတွင်းကို မြေချလိုက်တယ်။

အဲသည်မှာတင် ဟိုင်နဲ့ကို တွေ့လိုက်ရတော့တာပဲ။

ခပ်စောစောက ကားတာယာဆိုင်မှာ တွေ့ခဲ့တဲ့သူရယ်



ပေါ့။ သူက ရမ်တစ်လုံးကို စားပွဲမှာ မပ်တပ်တင်ထားတယ်။ ဖန်ခွက်ထဲမှာလည်း တစ်ဝက်၊ ခက်တာက သူ့မျက်လုံးတွေပေါ့။

အဲသည်မျက်လုံးတွေက ကျုပ်ကို ခိုးကြောင်ခိုးဝှက် ကြည့်လို့နေကယ်။ အကဲခတ်လို့နေတယ်၊ ကျုပ်ကတော့ အေးအေးဆေးဆေး ငြိမ်းချမ်းရေးပါပဲ။

အဲ...... ဒါပေမယ့် တစ်ကိုယ်လုံး ဝါထိန်နေအောင် နန္ဒင်းတွေ လိမ်းထားတဲ့ မိန်းနေသည်တစ်ယောက်က ကျုပ်ရှေ့မှာ ဗိုက်ပြီး ရပ်လာတယ်။

စောစောက ကောင်မလေးပေါ့။ အသက်က ဆယ့်ရှစ်နှစ်တစ်ရက်လျှော့လောက်ရှိမယ်။

"အစ်ကို......"

သူက ခေါ်တယ်။

"ဟေ......"

ကျုပ် အံ့အားသင့်သွားရင်း အသံထွက်သွားမိရဲ့။

ကျုပ်ရင်မှာ နင့်သွားမိတယ်။

သူ့ရင်ထဲမှာလည်း မွေးကင်းစ ကလေးငယ်ကို ပိုက်ထားတယ်။

"ဒါနဲ့ ဒီကလေးရဲ့အဖေကကော"

သည်တော့ သူက ရယ်တယ်၊ ရယ်ရင်းနှင့် မျက်ရည်တွေ ကျလာတယ်။

သူ့စကားကြောင့် ကျုပ်ရင်မှာ နင့်သွားမိကယ်။ သူ့ကိုလည်း အကဲခတ်မိတယ်။ အဝတ်အစားက သပ်သပ်ရပ်ရပ်ပေမယ့် ဟောင်းနွမ်းလို့နေရှာပါပြီ။

အဲသည်မှာတင် ဘားကောင်တာက တချက်က ဆော်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…… အရူးမ၊ ထွက်သွားစမ်း။ ငါ့ဆိုင်ထဲက ထွက်သွားစမ်း"

အမျိုးသမီးဟာ မျက်တောင်ကော့ကြီးတွေ ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း တရုတ်ကို မကျေမနပ်ကြည့်လို့ ပြန်ပြောတယ်။

တရုတ်ရဲ့မျက်နှာဟာ နီရဲသွားတယ်။

"သွားစမ်း။ ငါဖနိခွက်နဲ့ ကောက်ပေါက်လိုက်ရ"

သူဟာ ကလေးငယ်လေးကို ယုယုယယပွေ့လို့ ဆိုင်ထဲက ထွက်သွားရှာတယ်။

ကျုပ်က ရမ်တစ်ပိုင်းနဲ့ ဝက်အူချောင်းကြော်တစ်ပွဲ မှာရင်း ဘားကောင်တာရှေ့က ခုံကလေးမှာ ထိုင်လိုက်တယ်။

တစ်ခွက်တစ်ဖလား သောက်ပြီးတာနဲ့ အရက်ရောင်းတဲ့ တရုတ်ကို မေးလိုက်မိတယ်။

"အဲဒီကောင်မလေးက ဘယ်သူလဲဗျ"

"အား…… ဆရာကြီးက လူစိမ်းနဲ့တူတယ်။ မင်နီကို ဒီမြို့မှာ မသိတဲ့လူမရှိဘူးဗျ။ ကောင်မလေးက စိတ်မနှံ့ဘူး။ သူ့အဖေနဲ့အမေကို သူ့ရှေ့မှာတင် ဓားပြတွေက ညှဉ်းဆဲပြီး သတ်သွားလို့ စိတ်ထိခိုက်ပြီး ရူးနေတာပါ။ အရူးမကလေးပါ ဆရာရယ်"

ဪ…… အရူးမလေးတဲ့။

ဒါပေမယ့် ကလေးကိုတော့ သံယောဇဉ်အရှိရာသားကပဲ။

"အေးဗျာ…… စိတ်မနှံ့တဲ့သူကို မတော်တရော် လုပ်ကြတာတော့ မကောင်းပါဘူး။ အခုတော့ သနားစရာလေး"

သည်တော့ တရုတ်က ရယ်တယ်။

အင်း…… အခုတော့ ရယ်ပြီပေါ့။ အေးလေ…… ဒါတွေက ကျုပ်နဲ့ဆိုင်တာမှ မဟုတ်ဘဲ။ သူကလေးကလည်း နုနုငယ်ငယ် တောင့်တောင့်ရောင့်ရောင့်ကလေးဆိုတော့ မလွယ်ဘူးပေါ့။ ထားလိုက်တော့…… ထားလိုက်တော့။ လောကမှာ ဒါမျိုးတွေက အများကြီး။



ကျုပ်က ရမ်ကိုမြို့လိုက်ရင်း ဆိုင်ထောင့်ကို ကြည့်လိုက်တယ်။ ရော…… ဟိုငနဲ မရှိတော့ပါကလား။ ဘယ်အချိန်က နတ်ပြည်တက်သွားသလဲ မသိဘူး။

ကျုပ်က နာရီကို ကြည့်လိုက်တယ်။

ညခုနစ်နာရီ။

ရွှေစင်ရှိကို မတွေ့ရမယ့်အတူ ပြန်တာပဲ ကောင်းတယ်။ ခုနစ်နာရီဆိုပေမယ့် မှောင်ပြီ…… လမ်းမီးတွေလဲ လင်းပြီ။

ညက မှောင်နေပြီ။ မီးတွေက လင်းနေပြီ။ လက သာနေပြီ။

ကျုပ်က ကျသလောက်ငွေကို ရှင်းပေးပြီး လောကနိဗ္ဗာန်က ထွက်ခဲ့တယ်။ ရပ်ထားတဲ့ကားနံဘေးကိုလည်း ရောက်ရော ခပ်ဝါးဝါး နှင်းမှုန်အောက်မှာ သူ့ကို တွေ့ရတယ်။

မင်နီ…… ။

"ညည်း ဒီမှာ ဘာလုပ်နေတာလဲ"

"အစ်ကိုကို စောင့်နေတာလေ"

"တော……"

"မဟောနဲ့၊ ခပ်စောစောက ဟောဒီ ကားအောက်ကို လူတစ်ယောက်ဝင်တာ မင်နီ တွေ့လိုက်ရတယ်"

"ဟင်……"

ကျုပ်က ကားပေါ်ကို စေ့စေ့ကြည့်ပြီး ဝင်ထိုင်လိုက်တယ်။ စက်တော့ အနိုးသာ။ ဂီယာသွင်းပြီး လီဗာကို အသာဖိနင်းလိုက်တယ်။ ကားဟာ ရှေ့ကို အနည်းငယ် လိမ့်သွားတယ်။ ဘရိတ်နင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား......ဘရိတ် မမိတော့ပါကလား။ ဘရိတ်ပိုက်ကို ဘယ်သတ္တဝါ ဖြတ်သွားပါလိမ့်။

ကံကြီးပေလို့သာပေါ့။ မင်းနီသာ သတိမပေးရင် အမှုမဲ့အမှတ်မဲ့ ကျုပ်လဲသိမှာမဟုတ်ဘူး။

"မင်းနီ......"

"ရှင်......အစ်ကို"

"ညည်း ဘယ်မှာနေသလဲ"

"ရေပ်မှာ အစ်ကို"

"ဟင်"

"ဟုတ်တယ်၊ မိုင်းမြိုင် သချိုင်းက ရေပ်ဟာ မင်းနီ ...ပဲ"

"ကဲ......ဒါဖြင့် တက်၊ ညည်းကလမ်းပြ၊ အစ်ကို မောင်းပို့မယ်"

သူက ဘာမှမပြောဘဲ ကားရှေ့ခန်းမှာ ဝင်ထိုင်တယ်။

အဲ ကားထွက်ခါနီးမှာ လောကဓမ်မာန်ထဲက အသံတစ်သံသဲ့သဲ့ ကြားလိုက်ရသေး။ "ဗ, သွားပြန်ပြီဟေ့" တဲ့။

သို့ပေမယ့် ကျုပ်ဂရုမစိုက်ပါဘူး။

လူသားရဲ့ မေတ္တာတရားဟာ ကျုပ်ရင်မှာ အပြည့်အသိပ်ရှိနေပါတယ်။ ကျုပ်ဟာ ဘရိတ်မမိတဲ့ကားကို ဂီယာနဲ့ထိမ်းပြီး ခပ်ဖြည်းဖြည်း မောင်းရင်း မင်းနီကို မေးမိတယ်။

"ညည်းကလေး ဘယ်လောက်ရှိပြီလဲ"

"နှစ်လ မပြည့်သေးဘူး"

"အင်း"

သူပြတဲ့ လမ်းအတိုင်း မောင်းခဲ့လို့ မိုင်းမြိုင် တောင်ခြေက သချိုင်းဇရပ်ကို ရောက်ပါပြီ။

မြေပုံမှိုင်းတွေရဲ့ မှိုင်တိုင်ကို သရောင်ပါးနဲ့ နှင်းမှုန်ဝေဝေး



အောက်မှာ မြင်ရတယ်။ လေအဝှေ့မှာ တဂျုံးဂျုံး လွင့်သွားတဲ့ ဇရပ်ခေါင်မိုးက သွပ်ချပ်တွေရဲ့အသံကို ကြားရတယ်။

မင်းနီဟာ ဇရပ်ပေါ်ကို တက်သွားတယ်။ ရေနံဆီမီးခွက်ကလေးကို ထွန်းလိုက်တယ်။ ဖျာစုတ်ကလေးတစ်ချပ်နဲ့ ညစ်ထေးနေတဲ့ စောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံး၊ နွတ်ခမ်းပွဲနေတဲ့ ရေအိုးကလေးတစ်လုံးကို တွေ့ရတယ်လေ။

"အင်း...... ညည်းအိမ်က ခမ်းနားသားပဲ"

သည်တော့ သူက တခစ်ခစ်ရယ်တယ်။

အလို...... ဒုက္ခပါပဲ။

"တော်...... တော် မချော၊ ကျုပ် ပြန်တော့မယ်"

"ဟင်...... ဘယ်ကိုပြန်မှာလဲ"

"သီတဂူ"

"ဟော်တော့...... အဝေးကြီးပါလား။ သီတဂူကို မင်းနီ ရောက်ဖူးတယ်။ အဝေးကြီး"

ဟုတ်တယ်...... အဝေးကြီး။

ဝေးတာက အရေးမကြီး။ ဘရိတ်မပါဘဲ သည်လမ်းကို မောင်းရရင် ချောက်ကြီးရှစ်ထပ်ကို ဖြတ်လမ်းက သွားတာနဲ့ ထူးမခြားနား ဖြစ်လိမ့်မယ်။ အဲသည်တော့ ဘယ်မှာအိပ်မလဲ။

"အစ်ကို ဒီမှာအိပ်ပါလား"

မင်းနီက သူ့ကလေးကို ဖျာစုတ်ကလေးပေါ်မှာ သိပ်ရင်း ကျုပ်ကို ဖိတ်ခေါ်တယ်။

ဒါပဲ ရှိတော့တာ မဟုတ်လား။

"အေး"

ကျုပ်က ခပ်လေးလေးဆိုလိုက်တော့ သူက ဝမ်းသာအားရ ရယ်တယ်။ ခြော်...... မင်းနီရယ်၊ ညည်းဘဝမှာ တွယ်ရာမဲ့လှချည်

www.burmeseclassic.com

www.burmeseclassic.com



လားကွယ်။

ကျွန်ုပ်ဟာ ဖရပ်တိုင်မှာ မှီထိုင်ရင်း ဂျာကင်အိတ်ထဲက ကရက်တစ်လိပ်ကိုထုတ်ပြီး မီးညှိရှိုက်ဖွာလိုက်တယ်။

ဘယ်သတ္တဝါကများ ကျွန်ုပ်ကားရဲ့ ဘရိတ်ပိုက်ကို ဖြ သွားပါလိမ့်။ ခင်စောစောက တွေ့တဲ့ ဆံပြာသည့် လင်မျောက် မျက်လုံးနဲ့လူကို ကျွန်ုပ်မသင်္ကာလှဘူး။ ပြီးတော့ တာယာဆိုင ချာတိတ်စကားအရဆိုရင် အဲသည်သတ္တဝါဟာ မိုင်းမြှင်မှာ လူစိမ် အင်း....... စဉ်းစားစရာပေပဲ။

မိုင်းမြှင်ကိုလာတဲ့ ရည်ရွယ်ချက်က ရွှေစင်ရှို့ကို ပဲ။ အဲ....... အခုတွေ့နေတာက မင်နီ။

"မင်နီ....... ညည်းမကြောက်ဘူးလား"

"ဘာကို ကြောက်ရမှာလဲ အစ်ကို"

သူကပဲ ပြန်မေးရတယ်ရှိသေး။

"သချိုင်းကုန်းကိုပေါ့။ လူသေတွေကို ညည်းမကြောက် လား"

အဲသည်အချိန်မှာပဲ အိပ်နေတဲ့ကလေးက အော်ခနဲ တယ်။

ကလေးဟာ ဆာလောင်မွတ်သိပ်စွာနဲ့ နို့စို့နေရှာတ သနားစရာရယ်ပေါ့။

"ဘာရယ် အစ်ကို"

"ဪ....... ညည်း မကြောက်ဘူးလားလို့"

"လူသေကို ဘာလို့ကြောက်ရမှာလဲ အစ်ကို။ ကြောက် ကောင်းတာက လူရှင်တွေပါ။ အဲဒီအရှင်တွေက ဒက်ဒီနဲ့မာမီ သေအောင်သတ်ကြတာပဲ မဟုတ်လား။ ပြီးတော့ မင်နီ့ကို......

"ဪ....... မင်နီရယ်"



အရူးမဆိုပေမယ့် ညည်းစကားတွေဟာ မှန်လှချည်ကလား၊

"ညည်းကို သူတို့က ဘာဖြစ်လို့ အရူးမလို့ ခေါ်ကြတာလဲ"

"အရူး ဟုတ်လား၊ အင်း....... ဟုတ်မှာပေါ့၊ မင်နီကိုယ် က်က ရူးနေတာကလား။ ဒီမှာ အစ်ကို၊ မင်နီ ရူးနေရတာ သိပ် တ်ချမ်းသာတယ် သိလား။ ဒါပေမယ့် ရူးလိုက် ကောင်းလိုက်ဖြစ် နေတော့ မင်နီ သိပ်စိတ်ညစ်တယ်"

"အခုကော ညည်း ကောင်းနေသလား"

"ကောင်းသလိုလိုပါပဲ"

သူက ကလေးကို ပြန်သိပ်တယ်။

ဒက်ဒီလည်းပါတယ်။ မာမီလည်းပါတယ်။ မောရစ်ဆိုတဲ့ သူ့ချစ်သူလည်း ပါတယ်။ သွေးတွေ စီးကျတာလည်း ပါတယ်။ နောက်တော့ မျက်လုံးတွေ မှေးစင်းရင်း အိပ်ပျော်သွားရှာတယ်။

ကျွန်ုပ်က ကြယ်သီးတွေ ပြန်တပ်ပေးတယ်။

ပြီးတော့ သချိုင်းဖရပ်တိုင်မှာမှီရင်း တစ်မှေးအိပ်မိတယ်။ နီရယ် ညည်းကယ်ပေလို့သာပေါ့။ တစ်ခုတော့ရှိတယ်။ မိုင်းမြှင်မှာ နေပါတယ်လို့ ပြောခဲ့တဲ့ ရွှေစင်ရှို့ဟာ ပျောက်နေတယ်။ လူမသိ သူမသိ ဖြစ်နေတယ်။ နောက်ပြီး ကျွန်ုပ်ကို သေစေချင်တဲ့လူကလည်း မိုးပေါ်က ကျလာသလို ရှိနေလေရဲ့။ အင်း....... ပဟေဠိဆန်ပါဘိ 'မိုင်းမြှင်' ရယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နောက်တစ်နေ့နံနက်မှာ ကားကို ဝပ်ရှော့တစ်ခုမှာ ဝင်ပြင်ပြီး သီတဂူကို ပြန်ခဲ့ပါတယ်။ ကျုပ်ပြန်လာတော့ မင်းနီဟာ ပုံ့ကလေး အိပ်ပျော်နေတုန်းပေါ့။ ကျုပ်ဟာ နှစ်ဆယ်တန်တစ်ရွက်ကို ရေနံဆီမီးခွက်နဲ့ဖိရင်း သူ့ဇရပ်က ထွက်ခဲ့တယ်။ သီတဂူရောက်တော့ နံနက်ဆယ်နာရီ။

"ဆရာ ညက ဘယ်မှာအိပ်သလဲ"

ကျုပ်အတွက် ကူဖော်လောင်ဖက်အဖြစ် ခေါ်ထားတဲ့ တိုင်းကျော်ဆိုတဲ့ ချာတိတ်ပေါ့။ သူက ကျုပ်နဲ့ အတူနေပြီး ထမင်းချက် အဝတ်လျှော်ပေးတယ်။ တိုင်းကျော်က ကျုပ်မျက်နှာကို စပ်ဖြဲဖြဲ ကြည့်ရင်း မေးနေပြီ။

"ငါ ဘယ်မှာအိပ်အိပ် မင်းအပူလား"

"အား...... ဆရာကလဲဗျာ ဒေါ်ချည်းပဲ။ ဘာဖြစ်တာလဲ"

"ငါ ဘာဖြစ်လို့လဲကွ"

သည်တော့ ကောင်လေးက ရယ်သေးတယ်။



"ဟေ့ကောင်...... ဘာရယ်နေတာလဲကွ၊ ဟေ"

"အဟဲ...... ဆရာတို့များ သိပ်ရွံ့တာပဲ"

"ဟေ......"

"မနေ့ညက ဆရာ့ကို အစ်မကြီးတစ်ယောက် လာရှာတယ်။ သိပ်လှတယ်။ ပပဝတီလား အောက်မေ့ရတယ်"

"ဟင်......"

"ပြီးတော့ သူ့နာမည်က အဆန်း ဆရာရဲ့"

သည်အကောင် လုလည်လုပ်ပြီ။ ကျုပ်က စိတ်ဝင်စားဟန် သည်းပြရော စကားဖြတ်ထားပြီး......

"ကျွန်တော် ဆရာ့အတွက် မနက်စာ စီစဉ်လိုက်ဦးမယ်။ ဟဲ...... ဆရာ ရေချိုးနှင့်"

"ဟေ့ကောင် တိုင်းကျော်"

ကျုပ်က အော်လိုက်တယ်။

"ဗျာ...... ဆရာ"

"ပြောစမ်းကွာ...... သူ့နာမည်"

"အယ်...... ဒုက္ခပဲ၊ ကျွန်တော် မေ့သွားပြီ"

ကျုပ် သူ့နားရင်းကို ပစ်တီးချင်လာတယ်။ သူ့ရဲ့ ချစ်စရာ ညာပြကွက်တွေပေါ့။

"ရော့...... ဒီနေ့ ရုပ်ရှင်သွားကြည့်"

ကျုပ်က အိတ်ထဲက ငါးကျပ်တန်တစ်ရွက်ကို ထုတ်ပေးရော သည်ကောင် သွားတွေဖြီးလာတယ်။

"အား...... သတိရပြီ ဆရာ၊ ဟိုလေ...... မဟာဇနကမင်းသား သင်္ဘောပျက်လို့ သမုဒ္ဒရာထဲမှာ လက်ပစ်ကူးပြီး အဆော်ဆိုတဲ့အချိန်မှာ လာကယ်တဲ့ ဟိုလေ...... ဟို"

"မေခလာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သူက သူ့ကိုယ်သူ မေခလာလို့ ပြောသလား"

"ဟုတ်ကဲ့"

"သူတစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ဗီးယက်အပြာလေးနဲ့လား"

"ဟုတ်ကဲ့"

"ငါ့လခွီး ဟုတ်ကဲ့၊ ပြည့်ပြည့်စုံစုံ ပြောစမ်းကွာ၊ မင်းရဲ့ စကားပြောရတာ 'သိပ်လေကုန်တာပဲ'"

"အား...... ဆရာက လျှောက်မေးနေတဲ့ ဥစ္စာ၊ ဒီလိုဆရာရေ့၊ မနေ့ညက ခုနစ်နာရီလောက်မှာ အဲဒီအမျိုးသမီး ရောက်လာတယ်။ ပြီးတော့ ကိုတခက် ဒီမှာနေသလားတဲ့၊ ဘယ်သွားသလဲတဲ့၊ တစ်ယောက်တည်းလားတဲ့။ အို...... စုံလို့ စုံလို့၊ ရည်းစားတွေ ဘာတွေ ရှိသလားတောင် မေးတယ်"

"အင်း"

"ကျွန်တော်က ဆရာမရှိတဲ့အကြောင်း၊ ဘယ်သွားမှန်း မသိတဲ့အကြောင်း၊ ဆရာ့မှာ အတွဲတွေ ဘာတွေ မရှိတဲ့အကြောင်း ပြောပြလိုက်တယ်"

"အင်း...... နောက်တော့ကော"

"အဲ...... နောက်တော့ ပြန်သွားရော၊ ပြန်ခါနီးမှာ ကျွန်တော်က နာမည်မေးတော့ ရုတ်တရက် မပြောဘူး။ ပြုံးနေတယ်။ နောက်တော့မှ မေခလာလို့ပြောလိုက်ပါကွာတဲ့၊ သိပ်လှတာပဲ ဆရာ"

"တော်စမ်းကွာ"

ကျုပ်က အော်လိုက်တော့ သူ့ခေါင်းဟာ မှဝင်သွားတယ်။

"ဘယ်တော့လာဦးမယ် ပြောသလဲ"



"အဲဒါတော့ မပြောဘူး ဆရာ၊ ကဲ...... ကျွန်တော် မနက်စာ ပြင်လိုက်ဦးမယ်"

"ကြွ...... ကြွ"

ကျုပ်က ကုလားထိုင်ပေါ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ အင်း...... ရွှေစင်ရှီဆိုတာ မေခလာ။

သူပဲ အသေအချာဖြစ်ရမယ်။ ကျုပ်ကို မြနန္ဒာက ကယ်သာတဲ့ ကျေးဇူးရှင်မကလေးပေပေါ့။

သူက ကျုပ်ကို ကားပြင်ပေးဖို့ တစ်ထောင့်နှစ်ရာနဲ့ ငှားတယ်။ ကျုပ်က ငြင်းလိုက်တယ်။ သူ့ကို မိုင်းမြိုင်မှာ ရှာတော့ မတွေ့။ သူက ကျုပ်ကို လာရှာတယ်။ ဘယ်လိုသဘောနဲ့ပါလိမ့်ကွယ်။

အဲဒီနေ့ကစပြီး ကျုပ်ဟာ ရွှေစင်ရှီကို မျှော်မိပါတယ်။ ရောက်တဲ့ အရပ်ရပ်မျက်နှာမှာ ရှာမိပါတယ်။ သို့ပေမယ့် ပျောက်သောသူက ရှာလို့မတွေ့လေတော့ ရင်မောရတယ့်ကွယ်။

သည်လိုနဲ့ တစ်ရက်က နှစ်ရက်ကျော်......

နှစ်ရက်က သုံးရက်ကူးပြီး တစ်ပတ်လုံးလုံး အပန်းတကြီး ရှာခဲ့ပေမယ့် မိုင်းမြိုင်က ချာတိတ်ပြောသလို ရွှေစင်ရှီလည်း မတွေ့၊ ငွေစင်ရှီလည်း မမြင်၊ ကြေးစင်ရှီဆိုတာတော့ ဝေလာဝေး။

ကဲ...... အေးအေးဆေးဆေးနေတာပဲ ကောင်းရဲ့။

သည်ကနေ့တော့ ခပ်မှုံမှုံကလေး သောက်လာမိတယ်။

ရေချိန်ရဲ့ ဟိုဘက်နှစ်လက်မလောက် လွန်တဲ့ အထိပေါ့။ ဟော့ဟော့ရမ်းရမ်းတော့ မရှိပါဘူး။ အရက်ဝင်လေ ကျုပ်က တည်ငြိမ်လေပဲ။ အဲ...... နောက်ဆုံး ဒုန်းခနဲ လဲကျသွားတဲ့အထိ ဣန္ဒြေ တစ်စက်ကလေးမှ ပျက်လိမ့်မယ်မထင်နဲ့။

ကျုပ်နေတဲ့ သိတင်္ကျုပြုံအစွန်က အိမ်ကလေးကို ပြန်ရောက်တော့ မှောင်နေပြီ။ ငနဲလေးတိုင်းကျော်လည်း ထမင်းပွဲပြင်ပြီး ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်ရလို့ ငိုက်နေလောက်ပြီ။

အလို.......တစ်အိမ်လုံး မီးတွေပိတ်လို့ တိတ်ဆိတ်နေလိုက်တာ သုသာန်တစပြင်လား အောက်မေ့ရတယ်။ ကျုပ်က တံခါးကို တွန်းဖွင့်ပြီး အတွင်းကို ဝင်ခဲ့တယ်။ အမယ်....... အိမ်တံခါးလည်း စေ့ရုံတင်စေ့ထားပါကလား။ ကျုပ် တံခါးကို ဖွင့်ဝင်ပြီး ဖနောင့်နဲ့ နောက်ပြန် ဆောင့်ပိတ်လိုက်တယ်။ သည်အကောင် တိုင်းကျော် ဘယ်အလေလိုက်နေပါလိမ့်။

မှောင်လိုက်တာ။

"တိုင်းကျော်....... တိုင်းကျော်"

ကျုပ်က ခပ်ကျယ်ကျယ်အော်လိုက်ပေမယ့် ထူးသံမကြားရဘူး။ သို့ပေမယ့် ကျုပ်အသိဉာဏ်မှာ တစ်ခုခု ထူးခြားလာမိတယ်။ ဘာများပါလိမ့်။ ဪ....... ရနံ့။

ကျုပ်အခန်းထဲမှာ ရနံ့တစ်မျိုး သင်းပျံ့နေတယ်။ ခပ်ပြင်းပြင်းနံ့တဲ့ ရမ်လည်းမဟုတ်၊ သင်းသင်းကလေးမွှေးတဲ့ အိုးဘရန်ဒီလည်း မဟုတ်၊ တထောင်းထောင်းထအောင် နံ့တဲ့ ဘီအီးဒီစီလည်း မဟုတ်။

ဟ....... လူနံ့ပဲ။

သည်အနံ့မျိုး ရှူဖူးတယ်။ ဘယ်မှာပါလိမ့်။ ဪ....... မြစ်နွှာလမ်းပေါ်မှာ။

အဲသလိုဆိုရင် အမှောင်ထဲကို သူရောက်နေပြီ။

"ကိုယ် မီးဖွင့်လိုက်ရမလား မေခလာ"

"မဖွင့်ပါနဲ့ ကိုဘခက်၊ လသွက်တော့မှာပဲ"

အမှောင်ထဲက သူ့အသံကိုကြားရတယ်။ လူမမြင်ပေမယ့် ကရစ်တ်သံပေါက်နေတယ်။ ဟုတ်တာပေါ့။ သီတဂူ တောင်စွန်းက လဝန်းထွက်ပြူလာပြီ။ မလင်းတလင်းရောင်ခြည်ဟာ မှန်ပြတင်းက



...ဝင်လာပြီ။

"အင်း....... ရှာတော့ မတွေ့၊ မရှာတော့တွေ့ ဆိုသလိုပဲ။ ...ယ် မေခလာကို ရှာနေတာ ရက်အားဖြင့်ဆိုရင်တော့ ခုနစ်ရက်။ ...... ဒါပေမယ့် ကိုယ်က ခုနစ်သက်လောက် ထင်နေတာ"

ရယ်သံသဲ့သဲ့ ကြားရတယ်။

"မေခလာ မဟုတ်ပါဘူး။ ရှီပါ ကိုဘခက်ရယ်"

"ဒါပေမယ့် ကိုယ်က မေခလာရဲ့အနံ့ကို မှတ်မိနေတယ်။ ...ယ့်ကို မြစ်နွှာလမ်းနံ့ဘေးတုန်းက ကားပေါ်ကို တွဲတင်တုန်းက ...ခဲ့တဲ့ အနံ့ပေါ့"

"ဟောတော့....... ခုကွပါပဲ။ ကဲ....... ဒြော်စမ်း။ ဘာနံ့လဲ"

"ဂိုယာ နံ့ပါတ်ငါး"

"အဟင်းဟင်း....... တော်ပါသေးရဲ့၊ အဲဒီတုန်းက သူ့ကိုယ် ...က သိပ်လေးတာ သိလား။ မနည်းတွဲတင်ရဟယ်"

"ကျေးဇူးတစ်ကုဋေပါပဲ မရွှေစင်ရှီ"

"ဟင်....... စောစောကတော့ မေခလာဆို"

"မရွှေစင်ရှီနဲ့ မေခလာဟာ ကိုယ့်အတွက် မခြားနားပါ ...း မရွှေစင်ရှီ"

"အမယ်လေး....... ရှည်လျားတော်မူလိုက်တာ၊ ရှီဆိုရင် ...တော်ပြီပေါ့"

"ရှီ ရောက်နေတာ ကြာပြီလား"

"ကြာပြီပေါ့ရှင်"

"ကိစ္စက"

"ကိစ္စကတော့ ရှီရဲ့ မာစီဒီးကားကို တစ်နေ့တစ်ထောင် ...ရင်တောင် ပြင်မပေးနိုင်ဘူးဆိုတဲ့ ကိုဘခက်ကို နောက်ထပ် ...ရာ ထပ်ပေးမယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



အလို...... တယ်ဆိုတဲ့စာပါကလား။ သူ့စကားမှာ အသူ
ပါတယ်။ လဝန်းကို ကျောပေးလို့ သူက ထိုင်နေတယ်လေ။

မျက်နှာကို တိတိပပ မမြင်ရပေမယ့် ကိုယ်ဟန်အနေအထ
ကတော့ ပြတ်ပြတ်သားသား မြင်နေရတယ်။

"အဲဒီတုန်းက မေခလာမှန်း မသိလို့ပါ ရှီ"

"သိရင်...... "

"သိရင် တစ်ထောင့်ငါးရာ တစ်ပြားမှ မလျှော့ဘူး"

သည်တော့ သူက ခိုးခိုးခစ်ခစ် ရယ်တယ်။

ကျုပ်က မီးမွှင့်လိုက်တယ်။

အမယ်လေး...... လှလိုက်တာ။

အဲ...... သည်တော့မှ မျက်လုံးချင်းဆုံမိကြတယ်။ သူတော
မပြောတတ်ဘူး။ ကျုပ်တော့ ရင်ခုန်တယ်။

"သူမှုးလာသလား"

"နည်းနည်းပါးပါးပါ ရှီ"

ကျုပ်က မျက်နှာချင်းဆိုင် ဆိုဖာပေါ်မှာ ထိုင်လိုက်တယ်

"ရှီ ပြန်တော့မယ်နော်။ မူးလာတဲ့လူဆိုရင် ရှီ ကြောက်
တယ်"

"ဟင်...... မြန်လှချည်လား။ စကားလေး ဘာလေး ပြော
ပါဦးလား"

"ရှီမှာ ပြောစရာ များများစားစားမရှိပါဘူး ကိုဘခက်ရယ်"

"ဒါပေမယ့် ကိုယ့်မှာ ရှီကို ပြောစရာတွေ အများကြီး
နေတယ် ရှီ။ ဥပမာ ကိုယ့်အသက်ကို ကယ်တင်လာပြီး သိတ္တဂူ
ရောက်အောင် ဆောင်ကျဉ်းလာတဲ့ ရှီကို ကျေးဇူးစကားတွေ မ
သင့်ဘူးလား။ ကိုယ့်ကို ဆရာဝန်လက်မှာ အပ်နှံပြီး ဆေးကုသပေ
ခဲ့တဲ့ ရှီကို အသက်သခင်ရယ်လို့ မဆိုသင့်ဘူးလား"



သူက ဒူးတစ်ဖက်ပေါ်မှာ တင်ရင်း ကျုပ်စကားတွေကို
ခပ်ပြုံးပြုံး နားထောင်နေသည်။

"ကိုယ် သိတ္တဂူရောက်ကတည်းက ရှီ့ကို ရှာခဲ့တာပါ ရှီ။
ဦးသော်မော်ရဲ့ မော်တော်ကားဝပ်ရှော့ကို ရှီ ရောက်လာတဲ့နေ့က
ရှီ့ကို ကိုယ့်အသက်သခင်ဖြစ်တဲ့ မေခလာမှန်း လုံးဝမသိခဲ့လို့ ငြင်း
ခဲ့တာပါ။ တကယ်တမ်းပြောရရင် ရှီ့အနေနဲ့ ကိုယ့်ကို ဘာပဲခိုင်း
ခိုင်း လုပ်ပေးရမယ့်တာဝန် ကိုယ့်မှာ ရှိနေပါတယ် ရှီ"

ကျုပ် စကားလည်းဆုံးရော သူ့မျက်လုံးတွေဟာ တလက်
လက် တောက်ပလာတယ်။

"တကယ်ပြောတာလား ကိုဘခက်၊ ရှီ ဘာပဲခိုင်းခိုင်း
ကိုဘခက် လုပ်ပေးမယ် ဟုတ်လား"

"တကယ်ပါ ရှီ ရှီဟာ ကိုယ့်ကျေးဇူးရှင်ပါ။ ကိုယ့် အသက်
သခင်ပါ"

သူ့အပြုံးက တောက်ပလာတယ်။

"ဒီလိုကြားရတာ ဝမ်းသာပါတယ် ကိုဘခက်ရယ်။ ကဲ......
ဒါနဲ့ ရှီ့ကို မြစ်နားလမ်းဘေးက ကယ်လာတဲ့ အမျိုးသမီးလို့ ကိုဘခက်
ဘယ်လိုလုပ် သိသလဲဟင်။ ရှီ့ကို မှတ်မိလို့လား"

သည်တော့ ကျုပ် ရယ်ရတယ်။

"ဘယ်မှတ်မိပါ့မလဲ။ အဲဒီတုန်းက ကိုယ့်မျက်လုံးတွေက
ပြာနေပြီ။ အဲ...... ဒါပေမယ့် ရှီ့ကို ကိုယ့်ပခုံးဘေးမှာ လာရပ်တော့
ကိုယ် မှော့ကြည့်မိတယ်။ အခု ဦးသော်မော်ရဲ့ဝပ်ရှော့ထဲမှာလဲ ရှီက
ကိုယ့်ပခုံးဘေးမှာ လာရပ်တော့ မှတ်မိသွားတာပေါ့"

ကျုပ်စကားကို သူက နားလည်ဟန် မတူလှဘူး။

အင်း...... ခက်ပါ့။ သူ နားလည်အောင် ဘယ်လိုပြောရ
ပါ့။

www.burmeseclassic.com

www.burmeseclassic.com



"ရှိက ကိုဘခက် သေးမှာ လာရပ်တာနဲ့ မှတ်မိသွားတယ် ဟုတ်လား။ ဘာကို မှတ်မိတာလဲ။ ကိုဘခက် မျက်လုံးတွေ ပြာနေတယ်ဆို"

"ခြော်....... ရှိက ထွားထွားကျိုင်းကျိုင်းရှိတယ် မဟုတ်လား။ အဲဒါနဲ့ မှတ်မိသွားတာ"

"သွား......."

ရှို့မျက်နှာ ဝင်းဝင်းလေးမှာ ရှက်သွေးရောင် ပြေးသွား တယ်။

မျက်စောင်းလှလှလေးရဲ့ဒဏ်ကိုလည်း ခံလိုက်ရတယ်။

"တကယ်ပါ။ အဲဒီနေ့က ကိုယ် မိုင်းမြို့မှာ ရှို့ကို တစ်မြို့လုံးနဲ့အောင် လိုက်ရှာသေးတယ်"

"ဟင်....... ရှို့ကို မိုင်းမြို့မှာ ရှာသေးတယ် ဟုတ်လား"

သူက တအံ့တဩ မေးတယ်။

"ဟုတ်ပါတယ် ရှို့"

သူ့မျက်နှာလေးဟာ မသိမသာ ပျက်သွားတယ်။

"ရှိက မိုင်းမြို့မှာ တစ်ခါတုန်းက နေတာပါ ကိုဘခက်၊ ရှို့ကို ရင်းနှီးတဲ့သူ မိုင်းမြို့မှာ သိပ်မရှိလှပါဘူး။ အဲ....... ဒါပေမယ့် မိုင်းမြို့မှာ ရှို့ရဲ့အစ်ကိုတစ်ယောက်တော့ရှိတယ်။ သူ့နာမည်က ကိုဝမ်းမောင်တဲ့။ အခု ကိုဘခက်ပြင်ဖို့ ကားကလဲ ကိုကိုမောင့်ကားပဲ"

"ရပါတယ် ရှို့။ ဘယ်သူ့ကားပဲဖြစ်ဖြစ် ရှို့နဲ့ပတ်သက်လာရင် ကူညီရမှာပေါ့။ ဒါပေမယ့် တစ်နေ့ ထောင့်ငါးရာနော်"

သည်တော့ သူက တခစ်ခစ် ရယ်ပါလေရဲ့။

"တော်တော်ကို ဈေးကိုင်တဲ့လူ"

တဲ့....... ။

"ရှို့ကို တစ်ခုခု ညွှန်ပြပါရစေ"



"အရည်လား။ အဖတ်လား"

"အရည်သောက်ပြီး အဖတ်စားတာပေါ့။ ကိုယ့်ဆီမှာ ဘော့စ်တစ်ယောက် ပေးသွားတဲ့ ရှန်ပိန်တစ်လုံး ရှိတယ်။ ပြီးတော့ ဝက်အူချောင်းလဲရှိတယ်။ ကိုယ် ကြော်လိုက်မယ်လေ။ သိပ်မကြာပါဘူး"

"ရှန်ပိန်"

"ဟုတ်တယ်"

ကျုပ်က ဗီရိုထဲက ရှန်ပိန်တစ်ပုလင်းကိုထုတ်ပြီး ဖန်ခွက်ထဲကို တစ်ဝက်လောက် လောင်းထည့်လိုက်တယ်။

ကျုပ်က မီးဖိုခန်းထဲက လျှပ်စစ်မီးဖိုကိုဖွင့် ဝက်အူချောင်းကြော်တယ်။ ဟင်းရနံ့ဟာ ညခန်းထဲထိ မွှေးလှိုင်သွားပုံပါပဲ။ ခဏကြာတော့ သူ့အသံကြားရတယ်။

"စားချင်လှပြီ....... မြန်မြန်ကြော်ပါ အိမ်ရှင်မကြီးရဲ့"

"ရပြီ....... ရှို့ရေ"

ကျုပ်ပန်းကန်ထဲကို ကမန်းကတန်းထည့်ရင်း ညခန်းထဲကို ထွက်ခဲ့တယ်။ အမယ်....... သူ့မျက်လုံးတွေ ရီဝေလို့ နေပါပေါ့လား။

"ကဲ....... စားလိုက်ဦး ရှို့ ကိုယ့်မှာ အိမ်ရှင်မ,မရှိတော့ ညှိဝတ်မကျေဘူးပေါ့"

ကျုပ်က သူ့ရှေ့မှာ ဝင်ထိုင်ရင်း ဝက်အူချောင်းကြော်ပန်းကန်ကို စားပွဲပေါ်မှာ တင်ပေးလိုက်တယ်။

လဲ့လဲ့ရွှန်းနေတယ်။ ဖူးဖူးရှနေတယ်။ မပွင့်တပွင့်လေး ပွင့်အာနေတယ်။ အခုမှ အသေအချာကြည့်မိပါတယ်။ ရှို့နှုတ်ခမ်းတွေဟာ ထူထူကလေး အိနေတယ်။ ပါးစပ်က မသိမသာလေး ဟနေတယ်။ ဒါပေမယ့် အဲဒါကလေးကိုက သူ့အလှတစ်ပါးလားတော့ မပြောတတ်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



သူက ဝက်အူချောင်းကြော်တစ်ဖဲ့ကို လှလှပပကလေး တ
ပြတယ်။ ပြီးတော့ ဝေးနေတဲ့ ကျုပ်ကို အငိုက်ဖမ်းလိုက်လေရဲ့။

"ဟေး....... လူကို ဘာလို့ ဒီလောက် စိုက်ကြည့်နေတာ
လဲ၊ ရှီ မနေတတ်တော့ဘူး"

အတော်....... ဟုတ်လား။

ရှက်ရှက်နဲ့ ရယ်ရတယ်။ ချော်လဲ ရောထိုင်လိုက်ရတယ်
ပေါ့။

"ရှီ့ကိုကြည့်တာ မဟုတ်ပါဘူး ရှီ"

"ဟင်....... ကြည့်၊ ပြောင်လိမ်တဲ့ ကိုကိုလိမ်"

"ကိုယ်....... ရှီ့၊ နှုတ်ခမ်းလေးတွေကို ကြည့်နေမိတာ"

"ဟောတော့....... ကိုဘခက်က ရှီ့နှုတ်ခမ်းကို ကြည့်
တယ် ဟုတ်လား"

"အင်းပေါ့....... ရှီ့နှုတ်ခမ်းလေးက လှတယ်မို့လား"

"ဟေး....... မနောက်နဲ့ကွယ်။ ရှီ ချိုချဉ်ဝယ်ပေးပါ့မယ်"

အမယ်....... ရယ်ရသားကလား။

နှစ်ယောက်စလုံး ရယ်မိတယ်။ ဘာကြောင့် ရယ်တယ်
တော့ မသိပါဘူး။

"ကိုယ်က ကလေးမှ မဟုတ်တာ ရှီ"

"အဲ....... အဲဒါကြောင့် ခက်တာပေါ့။ ဟင်း ဟင်း.....
ကဲ....... ရှီက ဧည့်ဝတ်ပြန်ပြုပါရစေဦး။ ကိုဘခက် ရှန်ပိန်က သိ
မပျော်လှဘူး"

သူက ရှန်ပိန်ကို ဖန်ခွက်အပြည့်ဖြည့်လို့ ကျုပ်ကို ကမ်းပေး
တယ်။ ကျုပ် မငြင်းဘူး။ ရှန်ပိန်ဖန်ခွက်ကို နှုတ်ခမ်းမှာတေ့လို့ အသာ
အယာ စုပ်ယူလိုက်တယ်။ ချိုမြမြ ရှတတလေးရယ်။

သူက ကျုပ်ကို ရီရီဝေဝေလေးကြည့်လို့။



ကျုပ် တစ်ခွက် ထပ်သောက်တယ်။

ဟောဗျူ.......

အမယ် 'ကို' တဲ့။ အခေါ်အဝေါ်ကလေးက ပြောင်းလာ
ပကော့လား။

"စေတနာနဲ့ ထည့်ပေးတာပါ ရှီရယ်"

"စေတနာက အရေးမကြီးဘူး။ ရှီ့ကိုယ်တွေ စိုကုန်ပြီ။
သူ မကောင်းဘူးကွယ်....... တယ့်နယ့်လုပ်မလဲ"

ကျုပ်က သူ့ပခုံးလေးကို ထူမလိုက်တယ်။

သူက ကျုပ်ကို မော့ကြည့်လို့.......

ကျုပ် အသည်းနှလုံးတွေ ပြောင်းဆန်ကုန်ပြီ။ ကျုပ်ကလည်း
ရယ်လို့။

"ရှီ"

"ရှင်"

"ရှစ်တယ်"

"ဘာရှစ်တာလဲ၊ စကားမပီတော့ဘူးလား"

"ချစ်တယ်လို့ပြောတာ၊ ရှီနဲ့ရှင်နဲ့ ရောသွားလို့"

သည်တော့ သူက သိမ့်သိမ့်တုန်အောင် ရယ်တယ်။ ရင်
တွေက လျှော်လှုပ်တယ်။

"ရှစ်တယ်လို့ပြောတာတော့ မကောင်းဘူး ရှင်ရယ်"

တော်တော် စကားများတဲ့ ရှီ။

သူငယ်ချင်းရေ၊ တို့တစ်တွေ ငယ်စဉ်တုန်းက 'မျှော့နက်
ဆိုတာ ချိုနဲ့လားကွယ့်၊ မြွေနဂါးတောင် မကြောက်ဘူးကွယ်' ဆိုတဲ့
ကဗျာကလေးတွေ ဆိုခဲ့တယ်။ 'အုန်းလက်နွားကလေးထားမယ်'
ဆိုတဲ့ တေးကလေးတွေ ဆိုခဲ့တယ်။ အဲဒါတွေ အခုနေလှားမရင်
ရွတ်ပြ၊ ဆိုပြတတ်တော့မှာ မဟုတ်တော့ဘူး။ တကယ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



သည်ကဗျာလေးတွေဟာ အသည်းမှာ အမြစ်တွယ်နေတာကတေ
တွေပါ။

ဒါတွေမေ့ပြီဆိုတော့ မှန်တာပေါ့ကွယ်။ နောက်ဆုံးတေ
စားပွဲစွန်းကို တိုက်မိပြန်တယ်။ ရှန်ပိန်ပုလင်း မှောက်သွားပြီ
ကုန်ပြီ။

"မရွှေစင်ရှီ"

ကျုပ်က တိုးတိုးကလေးခေါ်မိရဲ့။

"မ ရွှေ စင် ရှီ"

"ရှည်လျားတော် မှုလိုက်တာကွယ်။ တိုဝှိုပ်တုတ် ရှီ
ရင် အင့်...... ပြီးတာပါပဲ"

"အဲဒီနာမည်ကို ကိုယ်သိပ်ကြိုက်တာပဲ သိလား"

"ရှီတော့ အဲဒီလိုခေါ်တာ မကြိုက်ပေါင်၊ အောင့်သက်
သက်နဲ့ သိပ်အခံရခက်တာပဲ။ ရှီလို့ခေါ်တာပဲ ကြိုက်တယ်"

ရှီက နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ လှဲနေတယ်။

"ဒါပေမယ့် ရှီက ရွှေစင်ရုပ်ကလေးလို ဝင်းပနေတယ်
မဟုတ်လား ရှီ။ တကယ်ကို အကယ်ဒမီရုပ်ကလေး ကျနေတာပဲ"

"သွားစမ်းပါ သိပ်မြှောက်တာပဲ"

"တကယ်ပါ ရှီ။ ရှီဟာ ဒါလောက် လှလိမ့်မယ် မထင်
ဘူး"

"တော်ကွယ်၊ သူများမနေတတ်ဘူး။ ညည်းသည်ကို ဒီလို
ညည်းခံပုံမျိုးနဲ့ဆိုရင်တော့ အခက်ရယ်။ ပါးစပ်က မြှောက်လိုက်ပင့်
လိုက်နဲ့ အင်း"

"ထပါလား ရှီ ကိုယ့်အိပ်ခန်းမှာ သွားအိပ်ပါကလား
ကိုယ် ညည်းခန်းထဲမှာ အိပ်မယ်"

ဆံယဉ်စကလေးတွေ သူ့ရဲ့ဝင်းပတဲ့ နဖူးမို့မို့ကလေးပေါ်



မှာ စီရရီကျလို့ ချွေးစကလေးကလည်း မစိုတစို။

"အိုက်လာပြီ ကိုရယ်၊ ပူတယ် သိလား"

"လရောင်ကတော့ အေးတယ် ရှီ။ ကဲ...... အခန်းထဲကို
ဆူဝင်လာတာ စောင့်ကြည့်ရအောင်နော်"

ဟုတ်ပါရဲ့၊ လရောင်က မှန်ပြတင်းကနေ တိုးဝင်လို့ ရွှေစင်
ရဲ့ ခြေဖျားကို လာနမ်းတယ်။ အဲသည်ကတစ်ဆင့် သလုံးသားဝါ
ဝါ ဟော...... တဖြည်းဖြည်းနဲ့ ဝင်းလာပါပြီ။

ကျုပ်တို့နှစ်ယောက် ရောက်တတ်ရာရာကလေးတွေ ဆိုမိ
ကြတယ်။ မြန်မာ့လမ်းနံ့ဘေးက သေပြေးရှင်ပြေး အဖြစ်အပျက်
တွေကို စားမြုံ့ပြန်မိကြတယ်။ ဒါပေမယ့် သေနတ်တစ်လက်နဲ့ ကျုပ်
အဖြစ်လို့ ပြေးခဲ့ရတယ်ဆိုတာတော့ ပြောမပြမိပါဘူး။ သူကလည်း
မေးပါဘူး။ တစ်ခုတော့ သူကပြောတယ်။

"ရှီ့ကို ကျေးရွာရှင်မလေးလို့ ယူဆသလား အစ်ကို၊ ကို့
အသက်ကို ကယ်တင်ခဲ့တယ်လို့ကော ထင်ရဲ့လား"

"အသေအချာပေါ့ ရှီ၊ ခုတော့ အသက်သခင်မလေး သာ
ကာ ဘဝအရှင်သခင်မလေးဖြစ်သွားပြီလေ"

"ဒါဖြင့် ရှီ့မှာ အကျဉ်းအကျပ် အခက်အခဲရှိနေမယ်ဆိုရင်
ကိုက ကူညီမယ်ပေါ့ ဟုတ်လား"

"ဒါပေါ့ ရှီ၊ ရှီ့အတွက်ဆို ကိုယ် ဘာကိုမဆို အသက်နဲ့
ရင်းပြီး ကူညီရမှာပေါ့"

သည်တော့ ရှီက ရယ်တယ်ကွယ်။ ဘာလို့ရယ်တာလဲ။

"တလွဲမထင်ပါနဲ့ အစ်ကို၊ ရှီ ဝမ်းသာမိလို့ပါ၊ တကယ်
ဝမ်းပြောရရင် ကို့ကို မြင်မြင်ချင်း ရှီ သံယောဇဉ်ဖြစ်မိပါတယ်။
ဒါကြောင့်မို့လဲ ကယ်လာခဲ့တာပေါ့ ကို"

www.burmeseclassic.com

www.burmeseclassic.com



"ရှိ"

"ရှင်"

"ရှစ်တယ်"

"လာပြန်ပြီတစ်ခါ၊ ဘယ်နှစ်ခါများ ရှစ်ဦးမှာလဲရှင်"

နှစ်ယောက်သား ရယ်ရပြန်ပါပြီ။ ပြီးတော့ ရယ်ကြတဲ့အနမ်းသံသံသရာမှာ ရည်ကြာမော။ ဩော်...... သာလိုက်တဲ့ လနှယ်ညကိုမှ အားမနာ။



## အခန်း (၃)

ဟန်းဘားဟော့(စ်)ကားစုတ်ကြီးနဲ့ မာစီဒီးအင်ဂျင်တစ်လုံး။ ကျုပ် မျက်လုံးပြူးသွားတယ်။

"ခင်ဗျားလုပ်ရမယ့် တာဝန်ကတော့ ဟောဒီ ဟန်းဘားဟော့(စ်)ကားပေါ်က အင်ဂျင်စုတ်ကြီးကိုချပြီး အဲဒီမာစီဒီးအင်ဂျင်ကို ဟန်းဘားဟော့(စ်)မှာ တပ်ပေးဖို့ပဲ ကိုဘခက်၊ အဲ...... ခင်ဗျားလို ကားဝိဇ္ဇာတစ်ယောက်အဖို့ သိပ်ပြီး ခက်ခဲလိမ့်မယ်လို့ မထင်ပါဘူး။ ဟုတ်တယ်မဟုတ်လား ကိုဘခက်"

သူ့နာမည်က ဝမ်းမောင်တဲ့။

တခြားလူ ဟုတ်ပါရိုးလား။ ကျုပ်နဲ့ ကားတာယာပြင်တဲ့ဆိုင်တစ်ဆိုင်မှာ တစ်ခါ၊ လောကဇီမာန်ဘားထဲမှာတစ်ခေါက် ဆုံတွေ့ခဲ့တဲ့ ဆံပင်ပြာသည်လင်ပျောက်တဲ့ မျက်နှာပိုင်ရှင်ပေါ့။

သူက ရွှေစင်ရှိရဲ့အစ်ကို။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုဘခက်၊ အဲဒါ မာစီဒီးမော်ဒယ် နှစ်ရှ
နှစ်ဆယ်အင်ဂျင်ပဲ။ ကိုဘခက် ရှိတို့ကို ကူညီရမှာ စောစောက ဖ
ကိုမောင်ပြောခဲ့တဲ့အတိုင်း ဒီကားကို အင်ဂျင်ပြောင်းတပ်ပေးဖို့ပါ
ရှင်"

ရွှေစင်ရှိက သူ့အစ်ကိုရှေ့မှာ ကုန်ခြေမပျက် ခပ်တည်တည်
ဆိုတယ်။

မြတ်စွာဘုရား.......ဒါလောက်စုတ်ပြတ်သတ်နေတဲ့ ကာ
အိုကားစုတ်ကြီးကို မာစီဒီးအင်ဂျင်အသစ်စက်စက် တပ်ပေးရမှာ
ဒုက္ခတော့ ရောက်ကုန်တော့မှာပဲ။

"နေစမ်းပါဦး ရှိ အဲ.......မရွှေစင်ရှိ အဲဒီကားစုတ်ကြီးကို
မာစီဒီးအင်ဂျင်တပ်ပြီး နတ်ပြည်တက်ကြမလို့လား"

ကျုပ်စကားကြောင့် ဝမ်းမောင်ရဲ့မျက်နှာဟာ မည်းသွား
တယ်။

ကဲ....... ဘယ့်နှယ်ရှိစဆိုတဲ့ အမူအရာမျိုးနဲ့ သူ့ညီမကို
ကြည့်တယ်။

"ကိုကိုမောင် မပြောဘူးလား ညီမလေး။ ဒီပုံအတိုင်းဆိုရင်
အလုပ်ဖြစ်မှာ မဟုတ်ပေမယ့်အတူတူ အခြားတစ်ယောက်ကို......"

"အို.......ကိုကိုမောင်ကလဲ၊ သိတ္တမှာ ကိုဘခက်လောက်
တော်တဲ့လူ ဘယ်သူမှမရှိဘူး။ ရှိ စုံစမ်းပြီးပြီ သိလား။ ဒီမယ် ကို
ဘခက်၊ ရှိ ကိုဘခက်ကို တစ်ထောင့်ငါးရာနဲ့ အပြတ်ပြောပြီးသား
မဟုတ်လားဟင်၊ ဘာလဲ.......ကိုဘခက် ပေးထားတဲ့ကတိကို ဖျက်
တော့မလို့လား"

ရွှေစင်ရှိက သူ့အစ်ကိုကို အလိုမကျသလိုဆိုရင်း ကျုပ်ကို
တဆက်တည်း ပြောလိုက်တယ်။ သူ့မျက်နှာမှာလည်း တန်ရာတန်
ကြေးထက် ပိုပေးထားလျက်နဲ့ ကျုပ်က အင်တင်တင်ဖြစ်သွားတာ



ကို အံ့ဩနေပုံရရဲ့။

"ဟုတ်ပါတယ် မရွှေစင်ရှိ၊ ဒါပေမယ့် အမျိုးမတူတဲ့ကား
နှစ်စီး အင်ဂျင်ပြောင်းတပ်တယ်ဆိုတာ ကလေးကစားသလို လွယ်
တာမှ မဟုတ်ဘဲ။ အင်ဂျင်ထိုင်တဲ့မောင်းထိန်းတွေ ပြောင်းရမယ်။
ဖြတ်ရတောက်ရ ဂဟေဆော်ရမယ်။ ဂီယာပေါက်တွေ ပြောင်းပစ်
ရမယ်။ ဝင်ရိုးတွေ ရှပ်တွေ လဲရမယ်။ ပြီးတော့ တပ်ရမယ့်အင်ဂျင်
က နောက်ဆုံးပေါ် မာစီဒီးအင်ဂျင်၊ ကားက ဘိုးတော်ဘုရား လေ၊
ဘက်သွားလောက်တုန်းက ပေါ်ခဲ့တဲ့ ဟန်းဘားဟော့(စ်)"

ငနဲက ကျုပ်ကို စိတ်ပျက်လက်ပျက်နဲ့ ကြည့်နေလေရဲ့။
ရွှေစင်ရှိကတော့ ကျုပ်ကို အားကိုးတကြီး ရှိနေပုံပါပဲ။
"ဒီလိုဆိုရင် ခင်ဗျား ဒီအင်ဂျင်ကို တပ်လို့မရဘူး ဆိုပါ
တော့"

သူက ကျုပ်ကို ခနဲ့ပြီး ပညာကို စော်ကားပြီ။
"ဒီမယ် ကိုဝမ်းမောင်၊ ပစ္စည်းကိရိယာ စုံပါစေ၊ ခင်ဗျား
ကားကို လေယာဉ်ပျံအင်ဂျင် တပ်ဦးမလား"

"ကိုကိုမောင်ကလဲကွယ်....... ညီမပြောတာ နားထောင်စမ်း
ပါဦး။ ဝင်ဝင်မပြောစမ်းပါနဲ့။ ကဲ....... ကိုဘခက်၊ ကိုဘခက် ဘာတွေ
လိုမလဲဆိုတာပြော၊ အကုန်ရစေ့မယ်။ ဘယ့်နှယ်လဲ ဟင်"

ရွှေစင်ရှိမျက်လုံးတွေက ရွှန်းလဲ့လာတယ်။ သည်အကြည့်
မျိုး ရှန်ပိန်သောက်တဲ့ညကလည်း ကြည့်ခဲ့ဖူးပြီ။

"ကောင်းပါပြီ မရွှေစင်ရှိ၊ ကိုယ်လိုချင်တဲ့ပစ္စည်းကိရိယာ
တွေသာရရင် ဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်းတော့
လုပ်နိုင်မှာမဟုတ်ဘူး။ အကူအညီတော့ လိုလိမ့်မယ်။ ဦးသော်မောင်
ရဲ့ဝပ်ရှော့က ကောင်လေးတစ်ယောက်လောက် ခေါ်ရမယ်။
တောက်တိုမယ်ရ နိုင်းဖို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ လုံးဝမဖြစ်နိုင်ပါဘူး ကိုဘခက်၊ ရှိန့်ကိုကိုမော
က ကိုဘခက်ခိုင်းသမျှ ဝိုင်းလုပ်ပေးရင်တော့ မဖြစ်နိုင်ဘူးလားရှင်"

ရွှေစင်ရှိက ကျုပ်စကားကို ခါးခါးသီးသီး ငြင်းတယ်။

အင်း....... အံ့သြစရာပေပဲ။ မိုင်းမြိုင်က သည်ကားကိုဒေါ
ကြီးထဲကို ကျုပ်ကို ခေါ်လာခဲ့တာကိုပဲ ကြည့်ဦးလေ၊ ကျုပ်ကို ရ
မသိ သူမသိအောင် မှောင့်တော့မှ လာခေါ်တယ်"

မိုင်းမြိုင်ရောက်တော့ မြို့အစွန်က တိုက်အိုကြီးတစ်လုံးန
ယှဉ်တွဲနေတဲ့ ကားဂိုဒေါင်ကြီးထဲ ရောက်ခဲ့ရတယ်။ ကားတစ်စီး ပြ
တာကို ဘာလို့များ ဒါလောက် လျှို့လျှို့ဝှက်ဝှက်လုပ်နေကြပါလိမ

အခုလည်းပဲ ကျုပ်စကားကို ရွှေစင်ရှိက ခါးခါးသီးသ
ငြင်းနေပြန်ပြီ။

"ရှိပြောတာ ဘယ့်နှယ်လဲ ကိုဘခက်.......ဟင်"

"ဒီလိုဆိုလဲ ဖြစ်ပါတယ်လေ၊ ဒါပေမယ့် နည်းနည်းပါးပါ
တော့ ပင်ပန်းလိမ့်မယ်။ ကဲ.......ဘယ်တော့ အလုပ်စကြမလဲ"

"အခုပဲ အလုပ်စနိုင်ပါပြီ ကိုဘခက်"

ဝမ်းမောင်က ပြောတယ်။

"ဟင်......."

ရွှေစင်ရှိက ကျုပ်ကို ခပ်ပြုံးပြုံးကြည့်လို့ရယ်ပေါ့။

"ဟုတ်တယ် ကိုဘခက်၊ အခုအချိန်ကစပြီး ခင်ဗျားအလုပ်
စလုပ်နိုင်ပါပြီ။ အဲ....... ကျုပ်တို့ရဲ့အလုပ်သမားဖြစ်သွားပြီ ဆိုပါ
တော့။ ဟဲ ဟဲ.......ဒါပေမယ့် ဒီကားဂိုဒေါင်ထဲက ထွက်ဖို့တော့
ခင်ဗျား စိတ်မကူးလေနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့က ခင်ဗျား
ကို တစ်နေ့တစ်ထောင့်ငါးရာနဲ့ ဈေးကြီးပေးပြီး ငှားခဲ့ပြီးပြီကိုး"

မြတ်စွာဘုရား.......

တစ်နေ့တစ်ထောင့်ငါးရာတဲ့။



ကြေနွ စကားက ရွှေစင်ရှိ ဖန်တီးတာပဲ ဖြစ်ရမယ်။ အင်း
....... ထောင့်ငါးရာ....... ထောင့်ငါးရာ၊ ဟုတ်တာပေါ့။

ကျုပ်က သူတို့နှစ်ယောက်ကို နားမလည်နိုင်သလို ကြည့်
နေမိတယ်။ ငနဲက သားရေအိတ်ထဲကို ညာဘက်လက် နှိုက်ထား
လို့ရယ်။ အတွင်းမှာ လေးပင်တဲ့ပစ္စည်းတစ်ခု ရှိနေပုံပါပဲ။

"ကျုပ်တို့ရဲ့ အပေးအယူကို ကျေနပ်ရဲ့လား ကိုဘခက်"

ဝမ်းမောင်က မေးတယ်။

ကျုပ်က ပခုံးနှစ်ဖက်ကို အသာတွန့်လိုက်မိရဲ့။

"ဒါပေမယ့် ကျုပ်မှာ အင်ကျင်တစ်ဆင်ဖို့ ဘာပစ္စည်းကိရိ
ယာမှ ပါလာတာမှ မဟုတ်တာ။ လက်ချည်းသက်သက် လုပ်လို့
ရတာမှ မဟုတ်ဘဲ"

"ဒီအတွက်တော့ ဘာမှမပူပါနဲ့ ကိုဘခက်၊ လာ....... ရှိ
နောက်ကို လိုက်ခဲ့"

ရွှေစင်ရှိက ရှေ့က လျှောက်သွားတယ်။ ကျုပ်က သူ့
နောက်က၊ ကျုပ်နောက်က ဝမ်းမောင်ပေါ့။

ဂိုဒေါင်ရဲ့ အတွင်းပိုင်းကိုရောက်တော့ သော့ခတ်ထားတဲ့
အခန်းကြီးတစ်ခုကို တွေ့ရတယ်။ ရွှေစင်ရှိက လက်ဆွဲအိတ်ကြီး
ထဲက သော့ကိုထုတ်ပြီး ဖွင့်လိုက်တယ်။

ကျုပ် အံ့သြရပြန်ပါပြီ။

အတွင်းမှာတော့ မော်တော်ကားဝပ်ရှော့ကလေးတစ်ခု ဖွင့်
နိုင်လောက်အောင် များပြားလှတဲ့ ကားပြင်တဲ့ ပစ္စည်းကိရိယာတွေ၊
လေပန့်တွေ၊ အောက်စီဂျင် အဆက်တလင်းဓာတ်အိုးတွေ၊ အင်ဂျင်
အတင်အချလုပ်တဲ့ စက်သီးကအစ စုံလှချည်လား။

"ကဲ....... ခင်ဗျား ဘာလိုချင်သေးလဲ၊ လိုတာပြော၊ အား
မနာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမောင်က စပ်ဖြဲဖြဲ ပြောတယ်။

"ရေခဲစိမ်ဘီယာ နှစ်လုံးလောက်ဗျာ"

]]b m......"

"ခင်ဗျား နားမပင်းပါဘူး ကိုဝမ်းမောင်"

နားလိုခံခက် အမှုက်ထွက်ဆိုတာ သည်လိုမျက်နှာမျိုးပေါ့ သူ့အချိုးက တစ်မျိုးပြောင်းသွားတယ်။

"ဟုတ်တယ် ကိုကိုမောင်၊ ပြီးတော့ ညစာအတွက် ကြည့် ဝယ်ခဲ့လိုက်ပေါ့"

ကျူပ်ကို မကျေနပ်တဲ့ ဝမ်းမောင်ရဲ့အကြည့်ဟာ သူ့ညီမ ကို ကူးပြောင်းသွားလေရဲ့။

"သွားနော် ကိုကိုမောင်၊ ညီမ ဆာလှပြီ"

"ကောင်းပါပြီတဲ့ဗျာ။ သွားဆိုလဲ သွားရတာပေါ့"

ဝမ်းမောင်လည်း ထွက်သွားရော ကျုပ်က ဟန်းဘား ပေါ့(စ်) ကားအိုကြီးရဲ့ ဘောနက်ပေါ်ကို တက်ထိုင်လိုက်ရင်း ... ကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာနေမိတယ်။

"ရင်မောတယ်ကွာ"

"မောရင်လဲ အပန်းဖြေပါဦးလား ကိုရယ်"

ရှီက ကားစက်ဖုံးပေါ်မှာ တံတောင်နှစ်ဖက်ထောက်ရင်း ကြွကြွရွရွကလေးရယ်ပေါ့။

တတ်နိုင်ပါပေ့ ရှီ။

အလှနတ်ဖုရားမကလေးပါပဲကလား။

"ကိုယ်တော့ ရှီတို့မောင်နှမနှစ်ယောက် ဘာတွေလုပ်... မှန်းကို နားမလည်နိုင်တော့ဘူး ရှီ။ သောင်းငါးထောင်ပေးရင် ... ဟန်းဘားပေါ့(စ်)ကားစုတ်ကြီးထက် ဆယ်ဆသာတဲ့ ကားမျိုး... ရနိုင်လျက်သားနဲ့ ဒီကားစုတ်ကြီးကို ဘာလို့ အပင်ပန်းခံပြီး ပြင်...



...မှာလဲ"

ကျုပ်က စက်ဖုံးကို ပုန်းခနဲထုရင်း ခပ်မာမာ ပြောလိုက် ...ရဲ့။ ရှီကတော့ ပြုံးနေလျှက်ပဲ။

"ဒီမယ် ရှီ၊ ပြီးတော့ ရှီတို့ လုပ်ကိုင်နေကြတာက ခိုး ...ကြောင်ခိုးဝှက်နိုင်လွန်းတယ်။ ကိုယ့်ကို ဒီကားကိုဒေါင်ကြီးထဲမှာ ...ဆောင်ချသလို ချထားပြီး ဒီကားစုတ်ကြီးကို ပြင်ခိုင်းနေတာ ဘာ ...အဓိပ္ပါယ်လဲ။ ပြီးတော့ အဓိရဲ့အစ်ကိုက ကိုယ့်ကို ခြိမ်းလား ခြောက် ...လားနဲ့။ အင်း...... အဓိသာမရှိရင် ဒီငနဲရဲ့မေးရိုးကို အစားထိုးလို့ ...ရအောင် ပစ်ချိုးမိမှာ သေချာတယ်"

"ကိုရယ်"

"မကိုရယ်ပါနဲ့ ရှီ၊ ရှီပြောတုန်းက မာစီဒီးကားကို ပြင်ပေး ...ဆို၊ အခုတော့......"

"အခုတော့ ဘာဖြစ်သလဲ ကိုရယ်၊ ဒီကားကြီးကို မာစီ ...ဒီးအင်ဂျင်တစ်ပေးဖို့ ကို့အတွက် ခက်နေလို့လား"

"မခက်ပါဘူး။ ကိုယ်ပြောတယ် မဟုတ်လား။ လေယာဉ် ...အင်ဂျင်တစ်လဲ ရပါတယ်လို့"

"ဒါနဲ့များ ကိုရယ်...... ဘာလို့ ဒေါပွနေရတာလဲလို့။ ရှီ ...က ကိုကို ဆယ်ရက်တွက် သောင်းငါးထောင်ပေးမယ်လို့ ကတိပေး ...ပြီ မဟုတ်လားဟင်"

"ဒါပေါ့...... ဒါပေါ့၊ ခင်ဗျားကလေးကို အသက်သခင် ...တော်ဖုရှင်မကလေးအပြင် ဘဝသခင်မလေးအဖြစ် သတ်မှတ်ခဲ့ပြီ ...မဟုတ်လား။ ပြောတော့ပေါ့"

"ကြည့်...... ခင်ဗျားတွေ ကျုပ်တွေ ဖြစ်ကုန်ပြီ၊ ကဲ...... ...ဆင်းစမ်း"

"ဆင်းပြီး ဘာလုပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှိကို အဲဒီအပေါ်မှာ တင်ပေး"

တတ်လဲ တတ်နိုင်တဲ့ ရွှေစင်ရှိပါပဲ။ သူက မဲ့တရှိ ညိုနေပြီ။ ကျုပ်အသည်းကို ကွဲခတ်ပြီ။ အဲ...... မှားသွားလို့၊ ရွှေစင်ရှိခတ်ပါပြီ။

ကျုပ်က ဘောနက်ကာဗာပေါ်က ဆင်းရင်း သူ့ရဲ့ခါးကျဉ်းကျဉ်ကလေးကို မ,လို့ ကားစက်ခေါင်းပေါ်ကို တင်လိုက်တယ်။ ခါးက သေးပေမယ့် တင်တွေက လေးလိုက်ပါဘိ။ ကျုပ် စိတ်ဆိုးပြေသွားပြီ။

"ဟေး...... ဒီလူကြီး ရှက်ပါတယ်။ ကရို...... ကရို"

သူက ကားစက်ခေါင်းပေါ်မှာထိုင်ရင်း ကျုပ်ကို လက်ညှိုးကလေး ကွေးပြ ဆန့်ပြလေရဲ့။

ဒုက္ခပါပဲ။ ကျုပ်ရင်တွေ ဗိုက်ကုန်ပြီ၊ အလှစကြာရီဆိုသည်မှာ ဒါပဲလား။ ကဲ...... ဘယ်လို လှသလဲတဲ့။

ဟုတ်တာပေါ့။ အလှစကြာရီဆိုတာနဲ့တန်အောင် တစ္ဆေ့ပြပေမပေါ့။ သူက ဟန်ဘားဟော့(စ်) ကားနက်ကြီးရဲ့ စက်ဖုံးပေါ်မှာ ဒူးတစ်ဖက်ကို လက်နဲ့ဖက်လို့ ထိုင်နေတယ်။ ခြေတစ်ဖက်ကို ဆင်းထားတယ်။

ပြီးတော့ မျက်လုံးကလေးက ဝိုင်းလို့။

မျက်တောင်တွေက မှေးစင်းလို့။

နှုတ်ခမ်းကလေးက မပွင့်တပွင့်၊ မငုံတငုံ ဟတတကလေး လှနေလေရဲ့။ ကဲ...... ဘယ်သူမထိဘဲ နေရဲသလဲလို့။

သည်အမျိုးသမီးကို ထိရင် ငရဲကြီးလိမ့်မယ်လို့ ပြောရင် ကျုပ်တော့ သူ့ကိုထိပြီး ရောရုဝတို့၊ မဟာတာပနတို့ အစရှိတဲ့ ငရဲကြီးရှစ်ထပ်ကို ကျွမ်းထိုးချသွားတော့မယ်။

"ကို...... "



"ဗျို"

"ကိုကိုမောင်သွားတာ ငါးမိနစ်လောက်ရှိပြီနော်"

"အင်း...... "

"အသွားအပြန်ဆိုရင် နာရီဝက်လောက်တော့ ကြာမယ်။ ကို...... သောလှပြီလား"

"ခက်တာပဲ ကိုရယ်၊ အဆာပြေကျွေးဖို့ကလဲ ဘာမှမရှိဘူး။ ရှိ သိပ်ဖွားနေတာပဲ"

ဩော်...... တတ်လည်းတတ်နိုင်ပါပေ့ ရှိရယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

အဲသည်နေ့ကစလို့ နိုင်မြိုင်မြို့စွန်က တိုက်အိုကြီးမှာ ကျ
သောင်တင်နေခဲ့ပြီပေါ့။

တိုက်အိုကြီးရဲ့အောက်ထပ်ဟာ ချုံနွယ်တွေနဲ့ပိတ်ဆို့ရှုပ်ထွေ
နေပေမယ့် အပေါ်ထပ်ကတော့ နတ်ဘုံနတ်နန်းပမာ သာယာလှ
ပါပဲ။ ကျုပ်အတွက် တစ်ခန်းရတယ်။ ခုတင်နဲ့ ဒန်းလော့ ရာဘာ
ရာနဲ့ အကျပါပဲ။ ပြီးတော့ သောက်စရာက အစုံ။ ဗိုင်းမွန်းလိ
ရည်ကအစ ဆိုဒါ၊ ဝီစကီ၊ ဗက်ခြောက်ဆယ့်ကိုး။ ဆန်ကိုးဘီယာ
ဂျမေကာကလာတဲ့ ရမ်၊ ပြီးတော့ ပေါ်မောလ်စီးကရက်။

အစားအတွက်ကတော့ ဟိုင်နဲရဲ့ တာဝန်ပေါ့။ ဝမ်းမော
ရယ်ပေါ့။

သည်အကောင်က လိုသမျှ အစားအသောက်ကို နိုင်မြိုင်
မြို့လယ်မှာ သွားဝယ်တယ်။



အစ်ကိုက မြို့ထဲသွားရင်း နမကာ ကျုပ်အနားလာကပ်ပြီး
ဟိုအကောင်ကတော့ သိပ်မကြည်လှဘူး။

သူ့နမနဲ့ကျုပ်နဲ့ ကျန်ခဲ့တာကို ဘဝင်မကျလှဘူး။ အဲ......
ဝယ်လာတဲ့ အစားအသောက်တွေ တဝကြီး စားပြီးရင် ကားကို
ခါင်ကို ဆင်းရတော့တာပဲ။ အဲသည်အချိန်ကစပြီး ဝမ်းမောင်နဲ့
စင်ရှိဟာ ကျုပ်တပည့်တွေ ဖြစ်သွားပြီပေါ့။

မာစီဒီးအင်ဂျင်ဟာ ငါးရက်အတောအတွင်း ဟန်းဘား
ဟော့(စ်)ရဲ့ ကားပေါ်ကို ရောက်သွားပြီပေါ့။ ဒါပေမယ့် မလွယ်လှ
ဘူး။ အင်ဂျင်ရဲ့ မောင်းထိန်းအထိုင်တွေကို ပြောင်းယစ်ရမယ်။
လဝ်(စ်) ပလိပ်တွေလည်း ဖြတ်ရတယ်။ ဂီယာဘောက်စ်တွေ ချိန်း
ရတယ်။ ဖြတ်တန်ဖြတ်၊ တောက်တန်တောက်၊ ဂဟေဆော်တန်
ဆော်ရယ်ပေါ့။

သည်အထဲမှာ ရှိကလည်း ပါသေးတယ်။

သူက ဂျင်းဘောင်းဘီကို ဝတ်လို့ ရင်ခွဲအကျီကို ဗိုက်ပေါ်
မှာ စုစည်းလို့ ဝင်ကူတယ်။ ပုလိုက်လောင်လိုက်တာကလည်း မပြော
ပါနဲ့တော့။ ကျုပ်ဆိုရင် အကျီတောင် မဝတ်နိုင်သလို ဝမ်းမောင်ဆို
တာလည်း ချွေးတလုံးလုံးနဲ့ပေါ့။

တစ်ခုတော့ အံ့ဩစရာရှိလေရဲ့။ ဝမ်းမောင်ဟာ ကျုပ်စကား
ကို ဂျစ်ကန်ကန်နဲ့ နားမထောင်ချင်ပေမယ့် သူ့နမရွှေစင်ရှိက ချော့
ချော့မော့မော့ကလေးပြောရင် နားထောင်လေ့ရှိတယ်။ ခိုင်းတာကို
လုပ်လေ့ရှိတယ်။

ဟုတ်တာပေါ့...... ရှိကိုယ်နှိုက်က ကျုပ်နဲ့အတူ ချွေးတလုံး
လုံးနဲ့ ကူညီလုပ်ကိုင်ပေးနေတာကလား။ ကားရိုဒေါင်က သွပ်မိုးအော
တာ။ ပြီးတော့ အပေါက်က ဝိတ်ထားလေတော့ နေရောင်ခြည်အိုး
ထဲမှာ ထည့်ထားသလိုပါပဲ။ ပုလိုက်လောင်လိုက်တာ။ ရွှေစင်ရှိက

www.burmeseclassic.com

www.burmeseclassic.com



လည်း ကူညီပါရဲ့။ အဲသည်မှာ ဝမ်းမောင်ကို ကျုပ် မသက်ာ[...]
တော့တာပဲ။

အဲသည်လိုဆို သည်လိုမကြည့်သင့်ဘူး။ ကျုပ်က မဆန်[...]
မယ့် သည်အကောင်က ဆန်းနေတယ်။ ပြီးတော့ ဝမ်းမောင်[...]
ရွှေစင်ရှိရဲ့စကားကို မလွန်ဆန်ဝံ့သလို ဘာကိစ္စပဲဖြစ်ဖြစ် ရွှေစင်[...]
ရွှေစင်ရှိဖြစ်နေတယ်။ သိပ်မရိုးဘူး။

သည်ကနေတော့ အင်ဂျင်တပ်လို့ ပြီးသွားပြီ။

ဟန်ဘားဟော့(စ်)ကားစုတ်ကြီးမှာ မာစီဒီးအင်ဂျင်အသ[...]
စက်စက်တစ်လုံး တပ်ပြီးသွားပြီပေါ့။

ကျုပ်က ကားပေါ်ကို တက်ထိုင်ပြီး အင်ဂျင်ရဲ့ စတတ်[...]
မော်တာခလုတ်ကို ဖိနှိပ်လိုက်တယ်။

ကားဟာ ဝူးခနဲ တစ်ချက်တည်း စက်နိုးသွားလေရဲ့။

"ဟေး...... ဒါမှ တို့ကိုဘခက်ကွ၊ စက်ဘခက်ဆို[...]
လောကမှာ တစ်ယောက်တည်းရှိတယ်။ ဒီကားစုတ်ကြီးမှာ မာ[...]
အင်ဂျင်တပ်ပြီး စက်နိုးနိုင်တာ လွယ်တာမှတ်လို့"

ရှိပေါ့။

ကလေးတစ်ယောက်လို အားရဝမ်းသာ အော်တယ်။

အရုပ်သစ်ရသလို ရွှင်မြူးလို့နေတယ်။

ဟိုင်နဲ့ကလည်း တဟဲဟဲရယ်လို့။

"ခင်ဗျားကို ဒီလောက်အထိ ဖြစ်လာလိမ့်မယ်လို့ ကျ[...]
တော်မထင်မိဘူး အမှန်ပဲ ကိုဘခက်၊ ကျွန်တော် သိပ်ဝမ်းသာတ[...]
ပဲဗျာ။ ကျွန်တော်တို့အကြံတွေ အောင်တော့မယ်"

ကျွန်တော်တို့အကြံတွေတဲ့။

မြတ်စွာဘုရား၊ သည်မောင်နှမ ဘာတွေကြံနေကြပါလိ[...]

"အို...... ကိုကိုမောင်ကလဲ၊ ဘာတွေ လျှောက်ပြောနေ[...]



[...]သဲလို့"

ရွှေစင်ရှိက ဝမ်းမောင်ကို ခပ်တည်တည် ပြောလိုက်ရဲ့။
[...]မ်းမောင်ဟာ သူ့ညီမကို ဖျတ်ခနဲကြည့်ရင်း သူ့စကားရဲ့အမှားကို
[...]ိင်လိုက်တယ်။

"ဪ...... ကိုကိုမောင်က ဒီကားကို မောင်းလို့ ရတော့
[...]ယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြောမိတာပါ ညီမလေး"

သည်အကောင် ပြောင်လိမ်ပြီ။

အင်း...... ရေလိုက်ငါးလိုက်တော့ ဆက်နေဦးမှ။ သူတို့
[...]ဘာတွေ ကြံစည်နေကြတယ်ဆိုတာ မသိခင် အရောတဝင် အလိုက်
[...]အထိုက် နေလိုက်ဦးမှ။

"မောင်းလို့တော့ မရသေးဘူး ကိုဝမ်းမောင်"

ကျုပ်က ပြောလိုက်တယ်။

"ဘာဗျ...... စက်နိုးလို့ရပြီပဲ။ ဘာလို့ မောင်းလို့မရရမှာလဲ"

"ခင်ဗျား တယ်ခက်ပါလား။ အခုနေ တက်မောင်းရင် တစ်
[...] ပြုတ်ထွက်ကုန်မှာပေါ့။ ဒီမှာ ကိုဝမ်းမောင်၊ ဒီကားကို မောင်းလို့
[...]အောင် နောက်ထပ်အနည်းဆုံး လေးငါးရက်လောက် ကြာအောင်
[...]ပ်ရဦးမယ်။ ပါဝါချင်း မတူတဲ့အင်ဂျင်ကို လဲတပ်ထားတယ်ဆိုတာ
[...] မေ့မထားနဲ့ဦးလေ"

သည်တော့ ရွှေစင်ရှိက ကြားဝင်လာလေရဲ့။

"နောက်ထပ် ဘာတွေထပ်လုပ်ရဦးမလဲ ကိုဘခက်......
[...]င်"

"မောင်းလို့ရအောင်ဆိုရင် ဒီကားရဲ့ လေးတွေကို ပြောင်း
[...]ရမယ်။ အင်ဂျင်ရဲ့တုန်ခါမှုကို ခံနိုင်ရည်ရှိတဲ့ လေးတွေ တပ်ရ
[...]မယ်။ ပြီးတော့ ကိုယ်ထည်အထိုင် ရှော့(က်)တွေ အပိုထပ်ဆည်
[...]ရလိမ့်မယ် မရွှေစင်ရှိ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ရှိနဲ့ ဝမ်းမောင်ဟာ တစ်ယောက်ကိုတစ်ယော[က်] ကြည့်ရင်း တွေဝေသွားကြတယ်။

"အဲဒါတွေ လဲပစ်ဖို့ ဘယ်နှစ်ရက်လောက် ထပ်ကြာဦးမ[လဲ] ကိုဘခက် ဟင်"

"အင်း...... ပစ္စည်းရှိမယ်ဆိုရင်တော့ အမြန်ဆုံး သုံး[...] ရက်တော့ ထပ်ကြာဦးမယ် မရွှေစင်ရှိ။ အဲဒီလိုမှ မလုပ်ဘဲ ဘီး[...] ရုံတင်ဆိုရင်တော့ တက်မောင်းလို့တော့ရပြီ။ အဲ...... ကျင်းတွေ [...] တွေထဲကျရင်တော့ တစ်စစီ ပြုတ်ထွက်ပြီလို့သာ မှတ်ပေတော့"

"ဟာ...... ဒီလိုဆို ဘယ်ဖြစ်ပါ့မလဲ။ ကျုပ်တို့မောင်း[...] နေရာက လမ်းရှိုးရှိုးမဟုတ်ဘူးဗျ။ ကျင်းတွေ၊ ချိုင့်တွေ၊ တော[...] ကုန်းတွေ၊ ချုံပုတ်တွေထဲကို ဖြတ်မောင်းရမှာ"

ဝမ်းမောင်က အလန့်တကြား ဆိုတယ်။

"အဲဒီလိုဆိုရင် တင့်ကားတစ်စီးသာ ဝယ်လိုက်ပေတော့ ကိုဝမ်းမောင်"

ကျုပ်က ဘုတောလိုက်တော့ သည်ကောင့်မျက်နှာ ရှု[...] သွားတယ်။

"ဟုတ်တယ်...... ကိုဘခက်၊ ဒီကားဟာ တင့်ကားတ[...] နီးပါး ခိုင်ခံ့မှ ဖြစ်လိမ့်မယ်။ ပြီးတော့ ရိုးရိုးလမ်းကောင်းမှာ တစ်[...] ရီ မိုင်ခြောက်ဆယ်၊ ခုနစ်ဆယ်နီးပါး မြန်အောင် မောင်းနိုင်ရမ[...] မယ်၊ အဲ...... တောလမ်းမှာဆိုရင်တော့ မိုင်သုံးဆယ်လောက်[...] တော်ပါပြီ။ ဒီအခြေအနေမျိုးထိရောက်အောင် ကိုဘခက် လုပ်[...] ရလိမ့်မယ်။ ဘယ့်နှယ်လဲ"

ရွှေစင်ရှိက ပြောတယ်။

အံ့ဩစရာပါပဲလေ။ သူတို့တစ်တွေ သည်ကားကြီးနဲ့ [...] လုပ်ကြမလို့ပါလိမ့်။



"ဘာလဲ...... သောင်းဂါးထောင်ဆိုတာ နည်းသေးလို့လား။ မှီတို့ဘက်က နောက်ထပ်ငါးထောင် ထပ်တိုးပေးမယ်ဆိုရင်ကော ဟင်"

ကျုပ် ခဏခဲ့ သူ့ကိုကြည့်လိုက်မိတယ်။

"ကိုယ့်ကို ငွေစကား သိပ်မပြောစေချင်ဘူး မရွှေစင်ရှိ။ ကိုယ်ဟာ ငွေအတွက်တစ်ခုတည်းနဲ့ ဒီကားကို လိုက်လုပ်ပေးတာ မဟုတ်ဘူးဆိုတာ မရွှေစင်ရှိ သိပါတယ်"

ကျုပ်စကားကို ဝမ်းမောင်က ကျေနပ်ပုံမရဘူး။ တကယ် ဘမ်းပြောရရင် မရွှေစင်ရှိဟာ ကျုပ်အသက်ကို မြန်နှာလမ်းပေါ်က ဆယ်လာခဲ့တဲ့ ကျေးဇူးရှင်မဟုတ်ပေလား။ သူ့ရင်ခွင်မှာလည်း အကြိမ်ကြိမ် ရင်ခုန်ဖူးပြီဆိုတော့ သူ့စကားကို ကျုပ်မငြင်းပယ်ရက် ပါ။

ချစ်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့အပြုံး သူ့ အဝေယာ၊ သူ့အလှတွေက ကျုပ်နှလုံးသားမှာ အမြစ်တွယ်လို့ နေ ပါပြီ။

မေတ္တာမပါတဲ့ချစ်ခြင်းမျိုး ဆိုပါတော့လေ။ ဒါပေမယ့် ရွှေစင်ရှိဟာ ကျုပ်ကို စေတနာအရင်းခံနဲ့ တွယ်တာနေခဲ့ပြီဆိုတာ သိစားမိပါတယ်။

"ကောင်းပါပြီ မရွှေစင်ရှိ၊ ဒီကားကို တင့်ကားတစ်စီးနီးပါး ခိုင်ခံ့အောင်၊ လေယာဉ်ပျံတစ်စင်းလိုမြန်အောင် ကိုယ် လုပ်ပေးပါ့ မယ်။ ဒါပေမယ့် ကိုယ်လိုတဲ့ ပစ္စည်းတွေတော့ ရမှဖြစ်လိမ့်မယ်"

"ကိုဘခက်လိုတာ ရစေရမယ်။ ဒီမြို့မှာ မရနိုင်တဲ့ပစ္စည်း ဆိုရင်လဲ တစ်ရက်နှစ်ရက်အတွင်း ရအောင် ဆောင်ကျဉ်းပေးမယ်။ ဆိုတာသာပြော၊ ကိုကိုမောင်က ကိုဘခက်လိုတဲ့ ပစ္စည်းတွေကို ကြားနန်းရိုက်ပြီး......"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ရှိပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်။

ဝမ်းမောင်က သူ့နှမမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်ရဲ့

ဒါကို ကျုပ်က စိတ်မဝင်စားသလို မော်တော်ကားစက်

ကို လှုပ်ပြီး ဟိုဟိုသည်သည် စစ်ဆေးနေလိုက်ရဲ့။

"အဲ...... အမြန်ဆုံးသာရအောင် စီစဉ်ပေးပါ ကိုကိုမော

ဒီကနေ့တော့ အနားယူတဲ့အနေနဲ့ ညီမနဲ့ကိုဘခက် လွင်ပြင်သာ

ယုန်ပစ်ထွက်လိုက်ဦးမယ်နော် ကိုကိုမောင်"

ဝမ်းမောင်က ရွှေစင်ရှိစကားကို ပယ်ရှားဖို့ပုံမရဘူး။ ကျု

က မေးလိုက်ပါတယ်။

"ယုန်ပစ်ထွက်မယ်။ ဟုတ်လား မရွှေစင်ရှိ"

"အင်းလေ...... တရုတ်စာတွေချည်း စားနေရတာ ရှိတေ

ငြီးငွေ့လှပြီ။ တစ်ခါတစ်လေ ယုန်ကင်လေးဘာလေး စားရအော

လို့ပေါ့။ ကိုကိုမောင့်မှာ ပွိုင့်တူးတူးတစ်လက် ရှိတယ် ကိုဘခက်"

ကျုပ်က ကျေကျေနပ်နပ်ပဲ ခေါင်းညိတ်လိုက်ပါတယ်။

သည်ကားကိုဒေါင်ကြီးထဲမှာ ထောင်ချခံနေရတာ လေး

ရက်ကြာပြီဆိုတော့ လတ်ဆတ်တဲ့ လေကောင်းလေသန့်ကလေးမျ

ရှူလိုသေးသည်ပ။

ပြီးတော့ သွားရမယ့်ခရီးက တောထဲ။ သွားရမယ့်အဖေ

ကလည်း မိန်းမလှလေးတစ်ယောက်နဲ့ဆိုတော့ အေးချမ်းသာယာ

လိမ့်မယ်။

ဝမ်းမောင်မျက်နှာကတော့ သိပ်မသာယာလှပေဘူး။ ကျု

ဟာ ကားအတွက် လိုအပ်မယ့် ပစ္စည်းပစ္စယမှန်သမျှ စာရင်းကလေ

တစ်ခုလုပ်ပြီး ဝမ်းမောင်ကို ပေးလိုက်တယ်။

သူတို့မှာ အစွမ်းအစ ဘယ်လောက်ရှိသလဲ။ သူတို့ကို

နောက်ပိုင်းက ကြိုးကိုင်ခြယ်လှယ်နေတဲ့ လူတစ်ယောက် သို့မဟုတ်



တစ်စုရဲ့ လုပ်ရည်ကိုင်ရည် ဘယ်လောက်ရှိမယ်ဆိုတာ ကျုပ်

လိုက်တဲ့ ပစ္စည်းစာရင်းက သက်သေခံလိမ့်မယ်။ တကယ်ဆို

တော့ ဝမ်းမောင်နဲ့ရွှေစင်ရှိဟာ တစ်ဦးဦးရဲ့ အစီအမံကို ရုပ်လုံးဖော်

ရတဲ့ ကိုယ်ပွားတွေပဲ။ ဒါကို ကျုပ် ရိပ်စားမိပါပြီ။

ခပ်စောစောကပဲ ရွှေစင်ရှိဟာ ကျုပ်လိုတဲ့ ပစ္စည်းတွေကို

ကြားနန်းရိုက်ပြီး မှာဖို့ ပါးစပ်က လွှတ်ခနဲထွက်သွားမိတယ် မဟုတ်

လား။ အေးလေ...... ဒါတွေ ထားလိုက်ပါဦး။ တစ်နေ့သိလာရမယ့်

တွေပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"လွှင်ပြင်သာ"

ရွှေစင်ရှိန္ဒဲ့ ကျူပ်ဟာ ဝမ်းမောင်ရဲ့ ဂျစ်ကားနဲ့အတူ 'လွှင်ပြင်သာ'ကို ထွက်ခဲ့ကြတယ်။ မိုင်းမြင်ပြိုင်ပွဲမှာရှိတဲ့ ကျူပ်တို့ရဲ့ တိုက်အိုကြီးက စထွက်ခဲ့တော့ နံနက်ဆယ်နာရီခွဲတော့မယ်။ ရွှေစင်ရှိက သူ့နာရီကို အသေအချာမှတ်ပြီး ပြောခဲ့တယ်။

"အခု ဆယ်နာရီခွဲဖို့ တစ်မိနစ်ပဲ လိုတော့တယ် ကို၊ လွှင်ပြင်သာတောစပ်ကို ဒီကနေ မိုင်သုံးဆယ်တိတိ ဝေးတယ်။ အဲဒီတော့ မိနစ်နှစ်ဆယ်အတောအတွင်း လွှင်ပြင်သာကို ရောက်အောင် မောင်းနိုင်ပါ့မလားဟင်"

"ဘာလဲ ရှိ၊ အခုဟာက မော်တော်ကားပြိုင်ပွဲ လုပ်နေတာမှ မဟုတ်ဘဲ"

သည်တော့ သူက ရယ်တယ်။



"မဟုတ်ဘူးလေ၊ ရှိက ကို ဘယ်လောက် ကားမောင်းကျွမ်းကျင်တယ်ဆိုတာ သိချင်လို့ပါ။ ပြီးတော့ ဒီလမ်းက အကွေ့အကောက် အတက်အဆင်းတွေများတယ်။ နစ်ထပ်ချိုးကွေ့တွေပါတယ်"

ကျူပ်က ပက်ထရိုလီဗာကို တစ်ချက်တော့ကြည့်လိုက်တယ်။ စက်သံကတော့ ပျံ့နေအောင် ကောင်းပါရဲ့။

"လုပ်ပါ ကိုရယ်၊ ရှိက ကားအမြန်စီးရတာ သိပ်ဝါသနာပါတယ် သိလား။ အကွေ့တွေ အကောက်တွေမှာ ရင်ဖိုရတာကိုက တမျိုးအရသာရှိတယ်"

"အင်း...... ရင်မဖိုတဲ့နဲ့ ချောက်ထဲကျလို့ နှစ်ယောက်စလုံး အယူတိမ်းပြီး နတ်စိမ်းတွေဖြစ်ကုန်ရင်ကော"

"အဲဒီတော့လဲ နတ်စိမ်းဘဝမှာပဲ ဇာတ်ပေါင်းကြတာပေါ့ ကို၊ ရှိတော့ ကိုနဲ့သာဆိုရင် ဘယ်ဘဝရောက်ရောက် လိုက်ခဲ့ပါတယ် ဆရာကြီးရဲ့"

"အမယ်...... ဒီလိုဆိုတော့ ရှိက ဘယ်ဆိုးလို့လဲ၊ ရုပ်ရှင်ဇာတ်သိမ်းလုပ်စားဖို့ ကောင်းတယ်။ အပြောအဆို အမူအရာကတော့ အမှတ်ပြည့်ပဲ။ အချဲ့အတာကလဲ ပထမတန်း ပြီးတော့......"

ကျူပ်က စကားဖြတ်ထားတယ်။

"ပြီးတော့ ဘာလဲ၊ ပြော...... ပြော"

"မပြောတော့ပါဘူး ရှိရယ်။ အားလုံး ကောင်းသည်ပေါ့ဟုတ်လား။ ကဲ...... မောင်းမယ်၊ အဲ...... တစ်ခုတော့ ကြိုပြောထားမယ်နော်။ ဒီလမ်းကို ကိုယ်တစ်ခါမှ မောင်းဖူးတာ မဟုတ်ဘူးနော်။ ရှိပြောတဲ့အချိန် ရောက်ချင်မှ ရောက်မယ်"

"အိုကေ...... ကို၊ မမောင်းဖူးတဲ့လမ်းဆိုတော့ ကိုရဲ့အစွမ်းအစကို ပိုပြီး သိရတာပေါ့။ ကဲ...... အခု ဆယ်နာရီခွဲအတိပဲ ထွက်

www.burmeseclassic.com

www.burmeseclassic.com



တော့”

သူက လက်ပတ်နာရီကို ကြည့်ရင်း ဆိုတယ်။

သူ့စကားဆုံးတာနဲ့ ကျုပ်က ထွက်ပြီးသားဖြစ်နေပြီ၊ ဘရိ
ကို အရှင်စမ်းတယ်။ ဂျစ်ကားဟာ စက္ကန့်ပိုင်းအတွင်း အင်ဂျင်
အကုန်ရလာတယ်။

မဆိုးလှဘူး။ တစ်နာရီ မိုင်ခြောက်ဆယ်ကျော်လော
တော့ ဆွဲသွားနိုင်သွားကပဲ။ သို့ပေမယ့် လမ်းက ကျုပ်နဲ့ အကျွ
တဝင်ရှိလှတာ မဟုတ်တော့ သတိထားရပေမှာပဲ။ အဲ...... မိုင်
ကထွက်စတော့ လမ်းဟာ မျဉ်းတစ်ကြောင်းဆွဲထားသလို ဖြောင့်တ
နေတယ်။ ကျုပ်က ကားရဲ့စွမ်းရည်ကို သိရအောင် လီဗာကို အ
နင်းပစ်လိုက်တယ်။ ဂျစ်ကားဟာ လေထုကို ထိုးခွဲလို့ တဟဲဟဲအေ
ရင်း လမ်းပေါ်က ဘီးကြွမတတ် ပြေးတယ်။

ရွှေစင်ရှိရဲ့ ခေါင်းမှာ စည်းထားတဲ့ ပဝါစလေးက လေတ
တာနဲ့ တဖျတ်ဖျတ်လှုးလို့။ သူကတော့ နေကာမျက်မှန်ပိုင်းကြီး
ကနေ ကျုပ်ကို ပြုံးပြုံးကလေး ကြည့်လို့ရယ်ပေါ့။

ဒါပေမယ့် မျဉ်းလိုဖြောင့်တန်းနေတဲ့ လမ်းရဲ့ရှေ့မှာ ရု
တရက် တစ်ဆစ်ချိုးကွေ့တစ်ခု မြင်လိုက်ရတယ်။ ကျုပ်ရဲ့ ကျွ
ကျင်လှတဲ့ လက်နဲ့ခြေထောက်ဟာ ဦးနှောက်က မဆုံးဖြတ်ရခ
အလိုအလျောက် လှုပ်ရှားမိလျက် ဖြစ်သွားတယ်။

ကျုပ်ဟာ ကားရဲ့အမြန်နှုန်းကို ဂီယာနဲ့ထိန်းရင်း ဘရိ
ကို မျဉ်းနင်းပြီး စတီယာရင်ကို ဆွဲကွေ့လိုက်ရဲ့။

ဂျစ်ကားဟာ ကျိုးကျိုးကျွံကျွံ မြည်ရင်း ဘယ်ဘက်ကို ဘီ
နှစ်ဘီးကြွပြီး ကွေ့သွားလေရဲ့။ ဟော...... ရှေ့မှာ ညာကွေ့၊ က
...... လာလေ့။

ရွှေစင်ရှိရဲ့ ရင်တွေဟာ အနိမ့်အမြင့်ဖြစ်သွားကြရဲ့။



အင်း...... ရင်ဖိုရှုံတင်မက ကြွတောင်သွားလိုက်သေး။
ကျုပ်ကတော့ အေးအေးဆေးဆေး လေကလေးချွန်ရင်း ဆက်မောင်း
သာတယ်။

“အဲဒါ အက်စ်တန်းကွေ့လို့ခေါ်တယ် ကို၊ မြန်မာလိုဆို
တော့ ‘လ’ကွေ့ပေါ့။ သူက လကလေးလို ဘယ်ညာကွေ့ရတယ်
ဟုတ်လား”

“ဟုတ်လား ဒါဖြင့် ရှေ့မှာ ဥ,ကွေ့ ရှိဦးမှာပေါ့။ လ,ပြီး
တော့ ဥ,မဟုတ်လား။ အဲ,...... ဥ,ပြီးတော့ အ”

ရွှေစင်ရှိဟာ အခုမှ ရယ်လာနိုင်တော့တယ်။

“ဘာလဲ......ရှိကို ကကြီး ခခွေး သင်ပေးနေတာလား”

“ဟင့်အင်း ကကြီးတော့ မသင်ချင်ဘူး။ ခခွေးကျောင်းပဲ
ဆက်တက်”

‘တော်ပါ ကိုရယ်။ ကဲ......ရှေ့လဲ ကြည့်မောင်း။ တော်
ကြာ ခခွေးကျောင်းကလေး မတက်လိုက်ရဘဲ နေပါဦးမယ် ရှင်ရယ်”

ကားလမ်းဟာ အပေါ်ကို ဖြောင့်မတ်စွာ မြင့်သွားတယ်။
အမြင့်ကို စက်ကုန်တက်သွားလို့ ထိပ်လဲရောက်ရော ပ,စောက်ကွေ့
တစ်ခုဟာ မိုးပေါ်ကကျလာသလို ဖြုန်းခနဲ ပေါ်လာတယ်။

ကျုပ်က မကွေ့တော့ဘူး။ ရှေ့မှာ မြင်နေရတဲ့ လမ်းဖြောင့်
ရောက်အောင် ကျင်းတွေ၊ ချိုင့်တွေ၊ မြေကမူတွေ၊ ခယောင်းတော
တွေကြားထဲက ဖြတ်မောင်းခဲ့တယ်။

အင်း...... ကျုပ်တို့နှစ်ယောက်တော့ ဆီဖြူသီး ဆန်ကော
ထဲ ထည့်လှိမ့်သလို အလူးအလိမ့်ပေါ့။ ရွှေစင်ရှိဟာ ဂျစ်ကားပေါ်
က မကျအောင် မနည်းထိန်းလိုက်လာရပုံပဲ။

လမ်းဖြောင့်လည်းရောက်ရော သူ့မျက်နှာတစ်ခုလုံး ရှုံ့မဲ့
သို့။

www.burmeseclassic.com

www.burmeseclassic.com



သူက မျက်စောင်းလှလှကလေးကို ကျွပ်ဆီကို လွှတ်လိုက်ရဲ့။ ဟုတ်တာပေါ့။ သည်လောက် ဖွံ့ထွားတဲ့တင်တွေနဲ့ ထိုင်နေတဲ့သူက ဆောင့်တယ်ဆိုရင် ကျွပ်ဆိုရင် အရိုးကျိုးလောက်ပြီပေါ့

"အဲဒါ မောင်နှံရုနစ်ဖော်ကွ"

"အင်း"

"ရှေ့မှာ အတက်အဆင်းတွေချည်းနော်။ စဝိ နည်းနည်းလျှော့ဦး"

"ဘာလဲ အစ်ကိုနဲ့ မလိုက်ရဲဘူးလား။ စောစောက ပြောတော့ ဘယ်ဘဝရောက်ရောက်ဆို"

"အို…… ကိုကလဲ၊ ဒီက သူ့ကိုစိုးရိမ်လို့ သိလား"

အင်း…… တတ်လိုက်တဲ့ စကားကလေးနှယ်။

ဟုတ်တယ်။

မောင်နှံရုနစ်ဖော်ကျော့လွန်တာနဲ့ အတက်အဆင်းတွေ ပြောလာတယ်။ တောင်ကုန်းတွေ၊ ချိုင့်ဝှမ်းတွေ၊ ကမ်းပါးတွေ မြှမ်းတီးလာတယ်။ မြေအပြင်ဟာ မတ်စောက်လာသလို လမ်း လည်း ကြမ်းလာလေရဲ့။

ကျွပ်ဟာ မျက်နှာချင်းဆိုင်က လာတဲ့ ကားသုံးစီးကို ခက်ခဲခဲ ပွတ်ကာသီကာ ရှောင်ခဲ့ရတယ်။ ရွှေစင်ရှိုဆိုတာတော့ ပါး က အမယ်လေး တ,မိအောင်ကို မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ် ရတယ်ပေါ့။

အခုတော့ လိုရာခရီးကို ရောက်ခဲ့ရပါပြီ။ ကားစက် လည်း ပိတ်လိုက်ပြီ။

ရွှေစင်ရှိုက သူ့လက်ကနာရီကို ကြည့်လိုက်တယ်။

"အင်း…… နှစ်ဆယ့်ငါးမိနစ်တိတိကြာတယ်။ ဒီစံချိန် အတိုင်းဆိုရင် ကိုဟာ တစ်နာရီမိုင်ခြောက်ဆယ်နှုန်းပါး မောင်းနိုင်



တာပဲ။ မဆိုးပါဘူး။ ဒါဆိုရင် ဖြစ်နိုင်ပါတယ်"

"ဘာဖြစ်တာလဲ ရှို"

ကျွပ်က ကားစက်ပုံးကိုဖွင့်ရင်း မေးလိုက်မိရဲ့။ သူက ပြုံး ရင်း ပြောတယ်။

"ခြေဘ်…… ကားပြိုင်ပွဲဝင်ရင်တော့ ဖြစ်ပြီလို့ ပြောတာပါ။ ဒါ ခရီးဆုံးမရောက်သေးဘူးနော်။ ရှိုတို့ ယှန်ပစ်မယ့်နေရာကို ရောက် အောင် တောလမ်းက မောင်းရဦးမယ် ကို။ အခုဟာက လွင်ပြင်သာ တောစပ်ပဲ ရောက်သေးတာ သိလား။ အဲဒါ လွင်ပြင်သာပဲ"

ရွှေစင်ရှိုက တစ်မျှော်တစ်ခေါ် အပြန့်အပြူးကျယ်လှတဲ့ လွင် ပြင်သာကို ညွှန်ပြရင်း ဆိုတယ်။

လွင်ပြင်သာတဲ့။

ဒါပေမယ့် ကြည့်ရမြင်ရတာကတော့ မသာယာလှပါဘူး။

အပြန့်အပြူးကျယ်တဲ့ မြေပြင်ဟာ ကြည့်လို့ မဆုံးနိုင်အောင် တစ်မျှော်တစ်ခေါ်ကြီးပါပဲ။ သို့ပေမယ့် သစ်ကြီး ဝါးကြီး မရှိသလောက် ရှားပါးပြီး သစ်ပင်ပုကလေးတွေ၊ ချုံပုတ်တွေ၊ တောင်ကမူကလေး တွေကိုသာ မြင်နေရတယ်။ မြေကြီးကလည်း ကျစ်လျစ်မာကျောပုံ ရရဲ့။

အင်း…… သည်လွင်ပြင်သာမှာ ယှန်ပစ်ဖို့ စိတ်ကူးရတဲ့ ရှိုကိုပဲ အံ့ဩရတယ်လေ။

"ကဲ…… ကိုရေ၊ အချိန်ရှိတုန်း မောင်းလိုက်ကြဦးစို့"

"ဒီတောထဲကို ဒီကားနဲ့ ဖြတ်မောင်းမယ် ဟုတ်လား။ မြဘ် ဘူရာ။ လေးတွေကျိုးပဲ့ပြီး တစ်စစီ ဖြစ်ကုန်တော့မပေါ့ရှိုရယ်"

သည်တော့ သူက ကျွပ်ကို အလိုမကျပြန်ဘူး။ နှုတ်ခမ်း ဖူးဖူးကလေးက စူလို့။

"ကိုကလဲကွယ်။ ရသလောက်အထိတော့ မြည်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



မောင်းကြည့်ပါဦး။ မရတော့လဲ ကားကို ရပ်ထားကြတာပေါ့။ မဟု
ဘူးလား။ နန်းကျချောင်းအထိတော့ မောင်းလို့ ဖြစ်ပါလိမ့်မယ်"

"နန်းကျချောင်း"

"ဟုတ်တယ်……ကို၊ လွင်ပြင်သာရဲ့အလယ်မှာ ချေ
ကလေးတစ်ခုရှိတယ်။ အဲဒီချောင်းက ရေလဲသိပ်ကြည်တာပဲ။
ချိုးလို့ ကောင်းတယ်။ ချောင်းကိုကျော်ပြီး မိုင်ဝက်လောက် သွ
လိုက်ရင် ဟောဒီကားလမ်းနဲ့ တစ်ဆက်တည်း ဖြစ်တဲ့ လမ်း
ရောက်သွားရော"

"ဪ……ဒါဖြင့် လွင်ပြင်သာဟာ ဒီလမ်းကို ခြားထ
သလို ဖြစ်နေတာပေါ့ ဟုတ်လား"

"ဟုတ်တာပေါ့ ကို၊ ဟောဒီကားလမ်းက ဆက်မော
သွားရင်လဲ လွင်ပြင်သာရဲ့ ဟိုဘက်ကို ရောက်တာပဲ။ ဖြတ်သွ
ရင်လဲ ဟိုဘက်ကို ရောက်တာပဲ။ ဒါပေမယ့် လမ်းရိုးရိုးအတိုင်း
ရင် ငါးမိုင်လောက် တစ်ပတ်ကြီးပတ်ရမယ်။ အဲဒီကနေ ဖြတ်မော
ရင် တစ်မိုင်တောင် မရှိဘူး"

အံ့ဩစရာပါပဲ။

ရွှေစင်ရှိုဟာ လွင်ပြင်း ရဲ့ အနေအထား၊ လမ်းရဲ့ တ
နေပုံတွေကို တိတိပပ သိနေလေရဲ့။ ဒါဟာ မခွကတည်းက ရော
ဖူး လှေလာဖူးနေလို့ ဖြစ်မှာပေါ့။

ကျုပ်က ဘာမှမပြောဘဲ စက်ပုံးကိုပိတ်လို့ ကားပေါ် တ
ထိုင်လိုက်တယ်။

"ကဲ……ရှိုပြောတဲ့အတိုင်း မောင်းမယ်။ ရှိုက လမ်း
အဲ……ဆောင့်တယ်တော့ မပြောနဲ့နော်"

သူက မျက်စောင်းထိုးတယ်။

"ကဲပါ မောင်းမှာသာ မောင်းစမ်းပါ။ တကတည်းမှပဲ"



ကျုပ်ဟာ ကားကို လမ်းရိုးကတဆင့် တောထဲကို ဖြတ်မောင်းခဲ့တယ်။ ဝင်စကတော့ တောရှင်းပေမယ့် အတွင်းရောက်တော့ ကားတစ်စီးလုံး ပျောက်သွားလောက်အောင် ချုံပုတ်တွေ၊ သစ်ပင်တွေက ရှုပ်လာတယ်။ လမ်းရယ်လို့တော့ မရှိဘူး။

မောင်းလို့ဖြစ်မယ့် မြေပြင်အနေအထားကို ကြည့်ပြီး ခက်ခက်ခဲခဲ မောင်းခဲ့ရတယ်ပေါ့။ တစ်ခါတစ်လေ ကားဟာ ဘီးလေးဘီးစလုံး ကြွသွားသလို တစ်ခါတစ်ရံကျတော့ ကိုင်ရိုက်သလို၊ ဆောင့်ချိုးလိုက်သလို ဂျိုးဂျိုးဂွျတ်ဂွျတ် မြည်သွားလေရဲ့။

အဲ……တစ်နေရာရောက်တော့ ဆက်မောင်းလို့ မရအောင် လေးဆယ့်ငါးဒီဂရီလောက် စောင်းနေတဲ့ ကမ်းပါးစောင်းကွေ့ကလေး တစ်ခုက ပိတ်နေလေရဲ့။ အောက်မှာက ဆယ်ပေလောက် နက်တဲ့ ချောက်၊ အထက်မှာက ကျောက်စိုက်ကျောက်ခဲတွေ၊ ကားတစ်စီးစာ ကတ်ကတ်သတ်သတ် ဖြတ်မောင်းရင်ရပေမယ့် ချောက်ထဲကို လျှောကျမှာ ရာနှုန်းပြည့်ပေါ့။

"ဆက်မောင်းလို့ ရပါဦးမလား ကိုရယ်"

သူက ငယ်သံကလေးနဲ့ ဆိုတယ်။

"သေသေချာချာ ကိုင်ထား ရှို"

ကျုပ်က ကားကို နောက်ပြန်ဆုတ်လိုက်တယ်။ ပြီးတော့ လီဗာကို အဆုံးနင်းပြီး အရှိန်နဲ့ ကမ်းပါးစောင်းကို ကွေ့ပြီး ဖြတ်လိုက်တယ်။

ရင်မောပါ့မိန်းကလေး။

မင်းသာ ယောကျ်ားကလေးဆိုရင် ငွေတစ်သိန်းပေးတောင် ဒီကမ်းပါးကို သက်စွန့်ဆံဖျား မဖြတ်သေးဘူး။

"ဟူး"

သူက သိသိသာသာကြီးကို သက်ပြင်းချလေရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သည်ကတည်းက လွင်ပြင်သာကို ကျူပ်ကို ခေါ်ခဲ့တာဟာ ယုန်လိုက်ဖို့ မဟုတ်တော့ဘူးဆိုတာ ကျူပ် အသေအချာ သိနေပြီ။ ယုန်တစ်ကောင်စားရဖို့အတွက် ဒါလောက် ခွန်စွန်စားစား လုပ်လိမ့်မယ်မထင်ပါဘူး။

အခုတော့ ရွှေစင်ရှိုပြောတဲ့ လွင်ပြင်သာဟာ ကျူပ်အတွက် ပဟေဠိတစ်ပုဒ်ပမာ ဖြစ်နေရပြီပေါ့။

ရှေ့မှာ မောင်းလို့ကောင်းလာတယ်။ မြေကလည်း ပြန့်ပြူးတယ်။ မြက်ခင်းကလေးတွေလည်း ရှိတယ်။

"သိပ်မမြန်တော့နဲ့ ကို၊ ချောင်းထဲကို ထိုးကျသွားဦးမယ် ရှေ့မှာ နန်းကျချောင်း"

သူ သတိပေးလို့သာပေါ့။

ဒါမှမဟုတ်ရင် ချောင်းရဲ့ ဟိုဘက်ကမ်းပါးကို ခုန်ကူးသွားလိမ့်မယ် ထင်တယ်။

ကျူပ်က ကားကို အရိပ်ကောင်းတဲ့ သစ်ပင်ရိပ်မှာ ရပ်လိုက်တယ်။ ရေ ဒီရေတာက တပွက်ပွက်ဆူနေပြီပေါ့။ အငွေ့ထောင်းထောင်း ထနေပြီပေါ့။

"ရောက်ပြီလား မမ"

"ရောက်ပါပြီရှင်"

"အင်း...... ယုန်တစ်ကောင် စားရဖို့အရေး ဒီလောက် စွန့်စွန့်စားစား လာရတာနဲ့ မကာမိပါဘူး။ တကယ်သာ ယုန်ပစ်လို့ ရပါစေ၊ အဲဒီယုန်ကို မစားဘူး"

"ဘာလုပ်မလဲ"

"ရွှေချထားမယ်"

"အယ်...... သူကလဲ ပြောရော့မယ်။ ဒီမှာ ကူချဦးလေ ကွယ်။ ရှိ တစ်ယောက်တည်း ဘယ်သယ်နိုင်ပါ့မလဲ ကို"



ကျူပ်က ဂျစ်ကားနောက်ပိုင်းမှာရှိတဲ့ ဖိုင်ဘာတွေ၊ ငါးသေတ္တာဘူး၊ ပေါင်မုန့်တွေကို ကူချပေးရတယ်။

"လာ...... ဟိုနားမှာ အရိပ်ကောင်းပြီး ရေကူးကန်ကလေး လို ဖြစ်နေတယ် သွားစို့"

နန်းကျချောင်းရဲ့ ကမ်းပါးဟာ ပေနှစ်ဆယ်လောက်ကို နက်တယ်။ အောက်မှာတော့ မြသားပမာ ကြည်လင်နေတဲ့ ရေဟာ တသွင်သွင်စီးလို့။ ကြည့်မြလိုက်တာကလည်း ရေလွှာအောက်က ကျောက်တုံးကျောက်ခဲကလေးတွေကိုတောင် ကြည့်လို့ရရဲ့။ ချောင်းရဲ့ အကျယ်ကတော့ မမှန်ဘူး။

တချို့နေရာတွေမှာ ခုန်ကူးလို့ရပေမယ့် တချို့နေရာတွေက ပေအစိတ် သုံးဆယ် ကျယ်ဝန်းတယ်။

ကျူပ်က သေနတ်ကိုလွယ်ပြီး ပစ္စည်းပစ္စယတွေ မွေ့ပိုက်ပြီး သူ့နောက်က လိုက်ရတယ်ပေါ့။ သူပြောတဲ့နေရာရောက်တော့လည်း သာယာလိုက်ပါဘိ။

ကမ်းပါးအောက်ကို ဆင်းမိတယ်ဆိုရင်ပဲ ကျောက်ရေကူးကန်ကလေးပမာ စမ်းရေအိုင်ကို တွေ့ရတယ်။

နံဘေးမှာလည်း ကျောက်ဖြာတွေ၊ ကျောက်ခတ်တွေ အပြည့်။ တောပန်းစုံဟာ နေရောင်မထိုးလောက်အောင် ကျောက်ရေကန်ကလေးကို မိုးယှက်လို့ပေါ့။ ဒါပေမယ့် နေပြောက်ကလေးတွေက ရေထဲမှာ ဆော့ကစားနေတယ်။

ပွင့်ဖက်ကလေးတွေက ရေကူးနေတယ်။

ပြီးတော့ တသွင်သွင်ကျဆင်းနေတဲ့ စမ်းရေကျသံ သဲ့သဲ့ ကလေး။

"ဒီနေရာလေးက မသာယာဘူးလား ကို"

ရွှေစင်ရှိုက အသင့်ပါလာတဲ့ တာလပတ်ကို ဖြန့်ခင်းဖို့ ဘေး

www.burmeseclassic.com

www.burmeseclassic.com



ဂ ကောက်ချာကြီးတစ်ချပ်ပေါ်မှာ ဖြန့်ခင်းရင်း ကျုပ်ကို မေးတယ်

"အင်း...... သာယာတာကတော့ ဟိမဝန္တာတောထဲ အနောရတ္တရေအိုင်ဘေးမှာ သူယောင်မယ်လေး တစ်ယောက်နဲ့အတူ ရောက်နေရသလိုပါပဲ ရှို"

"သူယောင်မယ်...... ဟုတ်လား။ သူယောင်မယ်ဆိုတာ ဘာလဲ ကို"

ကျုပ်က ပြုံးမိတယ်။

"သူယောင်မယ်ဆိုတာ သစ်ပင်မှာ သီးနေတဲ့ မိန်းမ ကလေးတွေပေါ့ ရှို။ ဒါပေမယ့် သူတို့ဟာ သာမန်အချိန်မှာ အသက် မဝင်ကြဘူး"

"ဟုတ်လား။ ထူးဆန်းလိုက်တာဟယ်။ ကဲ...... ဆိုပါဦး ဘယ်အချိန်မှာ အသက်ဝင်လာသလဲလို့"

"ဝိဇ္ဇာဓော်ကို့ တပသီတွေက တောင်ဝှေးနဲ့ တို့လိုက်မှ အသက်ဝင်လာကြတယ် ရှိရဲ့"

"ကတ်သီးကတ်သတ်"

သူက မျက်စောင်းထိုးတယ်။

"တကယ်ပြောတာ ရှို့ ကိုယ်တိုင်ယယ်တုန်းက အဲသလို ပဲ ပြောတာ ကြားဖူးတယ်"

"တော်ပါ၊ ကဲ...... ရေအရင်ချိုးမလား။ ယုန်အရင်ပစ် မလား"

"ယုန်က ပစ်လို့ကော ရမှာတဲ့လား။ လမ်းမှာ တစ်ကောင် တစ်မြီးမှ မတွေ့ခဲ့တာ"

"ဩော်...... ကားစက်သံကြီးက ဒါလောက် ဆူညံနေတာ ဘယ်တွေ့ပါမလဲ။ ကဲ...... ဟိုနားဒီနား လျှောက်ကြည့်လိုက်ဦး။ ရှို ကို ပြန်လာရင်စားဖို့ ပေါင်မုန့်ကင်ထားလိုက်မယ်။ မီးခြစ်သာပေးခဲ့"



ကျုပ်က ဘောင်းဘီအိတ်ထဲက ရွှန်ဆွန်ရိုဟာမီးခြစ်ကို ထုတ် ပေးပြီး ပွိုင့်တူးတူးကို ကောက်ကိုင်လိုက်တယ်။

"အင်ရှ"အမျိုးအစား ပွိုင့်တူးတူး ရိုင်ဖယ်ကလေးဟာ သေး ငယ်ပေမယ့် ချက်ကောင်းမှန်ရင် လူတစ်ယောက်တော့ တုန်းခနဲ သေနိုင်တယ်။

"ရအောင်ပစ်ခဲ့နော် ဆရာကြီး။ ဒီက မီးမွှေးထားမှာ"

"ဒါပေါ့...... ဒါပေါ့၊ တွေ့ရင်တော့ ရအောင်ပစ်မှာပေါ့ မှ မတွေ့ရင်လဲ ပေါင်မုန့်နဲ့ ငါးသေတ္တာပဲပေါ့"

ကျုပ် ကမ်းပါးကို တက်ခဲ့တယ်။ အပေါ်က စီးကြည့်တော့ ချောင်းကလေးဟာ နှင်းဆီရိုင်း ချုံတွေအောက်မှာ ပျောက်နေသလို ပဲ။

ကျုပ်ဟာ 'လွင်ပြင်သာ'တစ်လျှောက် ခြေသံလုံလုံနဲ့ လျှောက်ခဲ့တယ်။ သို့ပေမယ့်လို့ ယုန်ပစ်ဖို့ထက် ဝန်းကျင်အနေအထား ကို ကြည့်ရှုချင်မြင်ချင်တဲ့စိတ်က ပိုနေတယ်။ ရွှေစင်ရှိုဟာ ယုန်ပစ်ဖို့ သက်သက်တော့ သည်နေရာအထိ ရောက်အောင် အပင်ပန်းခံပြီး လာမယ်မထင်ဘူး။ အကြောင်းတစ်ခုတော့ ရှိရမယ်။

ပြီးတော့ ရွှေစင်ရှိုဟာ လွင်ပြင်သာကို မဆွကတည်းက ရောက်ဖူးပြီးသား။ လွင်ပြင်သာရဲ့ ရေမြေအနေအထားကို ကျွမ်းပြီး သားဖြစ်ရမယ်။

ကျုပ်ဟာ နန်းကျချောင်းရဲ့ အထက်ဘက်ကို ဆန်တက် ပြီး လျှောက်ခဲ့တယ်။ ချောင်းရိုးရဲ့ ကျဉ်းမြောင်းတဲ့နေရာတွေမှာ လူ တစ်ယောက် ခုန်ကူးလို့ရပေမယ့် ကျယ်တဲ့နေရာတွေဟာ ပေသုံး ဆယ်လောက်ရှိတယ်။

ချောင်းရိုးအတိုင်း အတော်ကလေး လျှောက်မိတော့ ကျုပ် ရှေ့က ချုံပုတ်တစ်ခုထဲမှာ လှုပ်ခနဲ တွေ့လိုက်ရဲ့။ မြောင်းထဲ တန်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရော ယုန်ကျားကလေးတစ်ကောင်ဟာ ဇွေ့ခနဲ ပြေးထွက်လာတယ်။

စူးရှတဲ့သေနတ်သံနဲ့အတူ ယုန်ကလေးဟာ ကျွမ်းနှစ်ပတ်လောက် လည်သွားရင်း ဖုတ်ခနဲ ခွေခွေကလေး လဲကျသွားလေရဲ့။

အင်း…… ကျုပ်လက် မဆိုးလှဘူး။ ကျုပ်ဟာ ယုန်ကလေးကို လက်တစ်ဖက်ကဆွဲရင်း ပြန်ခဲ့တယ်ပေါ့။

အင်း…… ယုန်တော့ရပါပြီ။

သံပရာရှာဖို့ပဲ လိုတော့တယ်ပေါ့။

သို့ပေမယ့်လို့ သံပရာသီးထက် အရေးကြီးတဲ့ ဆန္ဒတွေ ကျုပ်ရင်မှာ ကိန်းအောင်းလို့နေတယ်။ သည်ကနေ့တော့ ရင်ဖွင့်ဖို့ အချိန်တော်ပြီ။

ရွှေစင်ရှိနဲ့ တာရင်းရှင်းချိန်တန်ပြီ၊ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြောဖို့ အခြေအနေပေးပြီ မဟုတ်လား။

ကျုပ်ဟာ ရေကူးကန်ကလေးကို ကျောက်ကမ်းပါးကနေ ဆင်းလာခဲ့တယ်ပေါ့။ သူကတော့ ရေကူးနေပြီ။

ကျုပ်ကိုမြင်တော့ သူက ရေအောက်ကို ငုပ်သွားတယ်။ ဒါပေမယ့် ခဏတာအတွင်းမှာ ဝုန်းခနဲ ပြန်ပေါ်လာလေရဲ့။

"ဟေး…… ကို၊ ခဏနေဦးကွယ်"

ကျုပ်က ပြုံးပြုံးလိုက်ပြီး ပါလာတဲ့ ဓားမြှောင်ကို ဆွဲထုတ်လို့ သူ့ကို ကျောပေးလိုက်ရဲ့။ ယုန်ကို အရေခွံခွာမယ်လေ။

ကျုပ်က ယုန်ကို အရေခွံခွာနေတဲ့အချိန်မှာ အဝတ်တွေကို ဝတ်နေတယ်။

"သူ့ သိပ်မကောင်းဘူး။ အသံကလေးဘာလေး ပေးလာရောပေါ့"

အခုတော့ ယုန်လည်း ပြောင်သွားပြီ။ ကင်ဖို့ပဲ ကျန်တော့



တယ်။ ကျုပ်က ယုန်ကို ဝါးခြမ်းနဲ့ညှပ်ပြီး သူ အသင့်ဖိုထားတဲ့ ကျုံးခဲတွေထဲမှာ ကင်လိုက်တယ်။

သူက စိုနေတဲ့ဆံပင်တွေကို မွေးပွမျက်နှာသုတ်ပဝါကြီးနဲ့ သုတ်လို့။

"ကိုက ဘယ်ဆိုးလို့လဲ လက်ဖြောင့်သားပဲ"

"အင်း…… ယုန်တစ်ကောင် စားရဖို့အရေး ဒါလောက် ဝေးလံကြမ်းတမ်းတဲ့ခရီးကို သက်စွန့်ဆံဖျား လာရတာနဲ့ မကာမိပါလား ရှိ"

သည်တော့ ရှိမျက်နှာကလေးက တည်သွားတယ်။

"ယုန်ပစ်ဖို့သက်သက် လာတာလား၊ တခြား ကိစ္စတွေ ကော ရှိသေးလား"

ကျုပ်က မေးလိုက်မိတယ်။

"ယုန်ပစ်ဖို့ရယ်၊ စိတ်ပြေလက်ပျောက် အနားယူဖို့ရယ် ဆိုပါတော့ ကို၊ ဘာလဲ…… ရှိနဲ့အတူ လာရတာ ပျော်စရာ မကောင်းဘူးလားဟင်"

"ကိုယ့်ကို ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဒီကိုခေါ်လာရတာလဲ ရှိရယ်။ ရှိတို့ လုပ်ကိုင်နေကြတာတွေကကော ဘာတွေလဲ၊ ကိုယ်တော့ ဘာမှနားမလည်နိုင်တော့ဘူး"

ကျုပ်စကားကြောင့် ရှိမျက်နှာလေးဟာ ဝေခွဲရ ခက်သလို ဖြစ်သွားတယ်။

"ဒါတွေ နောက်တော့ သိလာရမှာပေါ့ ကို၊ ဒါပေမယ့် ရှိတို့ လုပ်ကိုင်သွားလာဆောင်ရွက်နေတာတွေဟာ အဓိပ္ပာယ်တော့ ရှိပါတယ် ကို။ အို…… ခပ်ရှင်းရှင်းပြောရရင် ကို့အတွက် အကျိုးမဲ့ မဖြစ်စေရပါဘူး။ အဲ…… ရှိတို့နဲ့ ဆက်လက်ပြီး လက်တွဲနေသမျှ ကာလပတ်လုံး ကို့မှာ အကျိုးမယုတ်စေရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက အဆန်းသား။

"ဒါဖြင့် ရှီတို့နဲ့ ဆက်ပြီး အလုပ်မလုပ်တော့ဘူးဆိုရင် ကိုယ့်အတွက် အကျိုးယုတ်မယ်လို့ ဆိုလိုတာပေါ့"

"ဒါကိုတော့ ရှီ မပြောပါရစေနဲ့ ကို။ အခုလဲ ရှီ့အနေနဲ့ မပြောမဖြစ်အောင် ကိုက အတင်းမေးခဲ့လို့ အရိပ်အငွေ့လောက် ပြောပြနေရတာပါ။ တကယ်တမ်းပြောရရင် ရှီ ကို့ကို အသည်းနှင့်အောင် ချစ်ပါတယ်။ ကို့ကို ဒုက္ခရောက်စေမယ့်ကိစ္စမျိုးကို ရှီ မလုပ်လားပါဘူး"

ကျုပ်က သူနဲ့မျက်နှာချင်းဆိုင်လိုက်ပြီး သူ့ပခုံးနှစ်ဖက်ကို လှမ်းကိုင်ရင်း ခပ်မာမာကလေး မေးလိုက်မိရဲ့။

"ကဲ....... ပြောစမ်း ရှီ။ မင်းတို့မောင်နှမ ဒီကားစုတ်ကြီးကို တင့်ကားတစ်စီးလို့ဆင်ပြီး ဘာလုပ်ကြမလို့လဲ၊ အဲဒီအထဲမှာ ကိုယ်က မယောင်မလည်နဲ့ ဘယ်လိုကဏ္ဍက ပါနေသလဲ"

သူ့မျက်နှာလေးဟာ ညှိုးကျသွားတယ်။

"ရှီ ဘာမှမပြောပါရစေနဲ့ဦး ကို၊ ပြောနိုင်ခွင့်လဲ ရှီ့မှာ မရှိခဲ့ပါဘူး။ အဲ....... ရှီ ပြောနိုင်တာတစ်ခုကတော့ ကိုဟာ ရှီတို့နဲ့အတူ ခရီးတစ်ခုကို လက်တွဲပြီး လျှောက်နေပြီ၊ ဒီခရီးရဲ့လမ်းဆုံးကို မရောက်မချင်း လမ်းခွဲပြီး ထွက်သွားလို့ မရတော့ဘူးဆိုတာပါပဲ ကို"

"ဘာ......."

"ရှီ ပြောတာ အရှင်းလေးပါ ကို၊ ပြီးတော့ ဒီခရီးရဲ့ လမ်းဆုံးမှာ ရှီနဲ့ကို့အတွက် အချစ်ကမ္ဘာကလေးတစ်ခုက စောင့်ကြိုနေမယ်ဆိုရင်ကော ကို ရှီ့ကို လက်တွဲဖြုတ်ထားခဲ့မလား"

"အချစ်ကမ္ဘာဆိုတာ ဘာကိုဆိုလိုတာလဲ ရှီ"

"မတောင့်မတ မကြောင့်မကြရတဲ့ သာယာတဲ့ လောကကလေးတစ်ခု ဆိုပါတော့ ကိုရယ်"



"ကိုယ်က ရှီ့ကို လက်တွဲဖြုတ်ထားခဲ့မယ်ဆိုရင်ကော ဟင်"

ရှီဟာ မျက်တောင်ကော့ကြီး တဖျတ်ဖျတ်ခတ်ရင်း ကျုပ်ကို ...ကြည့်တယ်။

သူ့မျက်လုံးတွေ ငြိမ်နေပေမယ့်လို့ အဲသည်မျက်လုံးထဲမှ ...ားလုံးပေါင်း အရောအထွေးမက အဓိပ္ပာယ်ဆောင်နေတယ်။

သူဟာ ကျုပ်ကို မြန်မာ့တောင်စောင်းက လက်တွဲပြီး ခေါ် ...တယ်။ ကျုပ်အသက်ကို ကယ်ခဲ့တယ်။ သေလုမျောပါးဖြစ်နေတဲ့ ...ျုပ်ကို သီတဂူက ဆရာဝန်တစ်ယောက်ရဲ့လက်မှာအပ်ပြီး ကုသ ...းခဲ့တယ်။

မဟာနေကမင်းသား သင်္ဘောပျက်လို့ ပင်လယ်ထဲမှာ လက် ...ပ်ကူးနေစဉ်မှာ မဏိမေခလာနတ်သမီးက ကယ်တင်ခဲ့သလို၊ ရွှေ ...င်ရှီဟာ ကျုပ်အတွက် မေခလာပေပေါ့။

"တကယ်ပဲ ရှီ့ကို လက်တွဲဖြုတ်ရက်သလား ကိုရယ် ဟင်"

ကျုပ် သက်ပြင်းချရပြီ။ ရင်မောရပါပြီ။

"ရှီဟာ ကိုယ့်အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ပါ ရှီ၊ ...ပြီးတော့ ရှီနဲ့ကိုယ်ဟာ သာမန်အဆင့်ထက် ကျော်လွန်တဲ့ ရင်းနှီး ...မှုတွေ၊ သံယောဇဉ်တွေ ထားခဲ့ကြပြီ မဟုတ်လား။ တကယ်တမ်း ...ပြောရမယ်ဆိုရင် ရှီ့ကို ခွဲခွာသွားဖို့ မလွယ်လှပါဘူး ရှီ။ ဒါပေမယ့် ...ကိုယ် ဘာမှမသိတဲ့လုပ်ငန်းတစ်ခုမှာ စမ်းတဝါးဝါး သွားနေရမှာ ...ကိုတော့ မလိုလားတာ အမှန်ပါပဲကွယ်။ ရှီတို့ ဘာတွေလုပ်ကိုင် ...ကြံစည်နေကြတယ်ဆိုတာလောက်တော့ ကိုယ်သိဖို့ မသင့်ဘူးလား ...ရှီရယ်"

ကျုပ်က အကျိုးသင့်အကြောင်းသင့် ရှင်းလင်းပြောပြတာ ...ကို ရှီက နားဝင်လက်ခံပုံပါပဲ။ သို့ပေမယ့်လို့ သူ့မျက်နှာမှာ စိုးရိမ် ...သောကတွေ နွယ်နေတယ်။ တစ်ခုခုကို ပြောဆိုဖို့အတွက် ဝန်လေး

www.burmeseclassic.com

www.burmeseclassic.com



နေဟန်တူတယ်။ နောက်ဆုံးတော့ ရှိုဟာ သူ့စိတ်ကို ပိုင်းဖြတ်လို့ ဟန်နဲ့ ဆိုရှာတယ်။

"ကောင်းပါပြီ ကို၊ မိုင်းမြိုင် ပြန်ရောက်ရောက်ချင်း မို ဘာတွေလုပ်ဆောင်နေကြတယ်၊ ရှိုတို့ လုပ်ကိုင်ဆောင်ရွက်နေ ကိစ္စမှာ ကိုက ဘယ်အခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာကို ပြေ ပြပါ့မယ်။ ဒါကို ရှို ကတိပေးပါတယ် ကို၊ အခုတော့ ရှိုတို့ရဲ့ ချ မြေကမ္ဘာလေးကို မဖျက်ဆီးပါနဲ့ဦး အစ်ကိုရယ်။ ဟောဟိုမှာ ကြ စမ်း"

နှင်းဆီပန်းကလေးတစ်ပွင့်ဟာ အပင်ကကြွေပြီး လေပြ စီးလို့ ချောင်းထဲကို ကျလာလေရဲ့။

အပေါ်ကို မော့ကြည့်တော့ ငှက်ကလေးနှစ်ကော အတောင်ယှက်လို့ တောနှင်းဆီရုံထက်မှာ ကလူနေကြရဲ့ပေါ့။

ရှိုနဲ့ကျုပ် အကြည့်ချင်းဆုံပြီ။ ရင်ချင်းဆုံပြီ၊ အနမ်းကမ္ဘာ ကလေးတစ်ခု သံသရာလည်လာတော့ ရင်မောတာပေါ့။

ခြော်....... ခြော် ဒုက္ခပါဘဲ။ သည်ယုန်ကင်ကလည်း အခုမှ အနံ့တထောင်းထောင်း ထလာလေရဲ့။



## အခန်း (၆)

အပြန်ခရီးမှာတော့ ရှင်လန်းချမ်းမြေ့စရာကလေးတွေ ရင်ခုန်တာကလေးတွေ ဆိုမိကြတယ်။ ပြုံးမိကြတယ်။ စားမြုံ့ပြန် မိကြတယ်။ ယုန်တစ်ကောင်လုံး မီးသွေးခဲဖြစ်အောင် ကင်ခဲ့တဲ့ ကျုပ်ကို သူက ရှက်ပြုံးကလေးနဲ့ အပြစ်ဆိုပြန်တယ်။

ခြော်....... ချစ်သူတို့ဘဝ သာယာချမ်းမြေ့လိုက်ပါဘိ။

သို့ပေမယ့်လည်း မှန်တိုင်းမထန်ခင် သာယာတဲ့ အဖြစ် မျိုးပါ။ လှိုင်းဂယက်မထခင် မြသားပြင်လို ကြည်လင်နေတာမျိုး တွေပါ။

ကျုပ်က လူသတ်ဝရမ်းပြေး။

ရှေ့စင်ရှိုက ဘာမှန်းမသိရသေးတဲ့ ပြဿနာရှင်မကလေး။

အင်း....... တွေ့ကြပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်ညမှာပဲ တိုက်အိုကြီးရဲ့ အပေါ်ထပ်မှာ ဆုံဖြစ်ကြ ပြီပေါ့။ ဝမ်းမောင်ရယ်၊ ကျုပ်ရယ်၊ ကျုပ်နဲ့အကျွမ်းတဝင်မရှိလှသေး တဲ့ ပုဂ္ဂိုလ်တစ်ဦးရယ်၊ အဲ....... ပြီးတော့ ပဲခူးသားမကလေး ရွှေ စင်ရှီရယ်ပေါ့။

ကျုပ်တို့အားလုံး စားပွဲဝိုင်းတစ်ခုမှာ ဝိုင်းထိုင်နေကြတယ်။ စားပွဲပေါ်မှာတော့ အတက်ချီ လက်ဆွဲအိတ်ကလေးတစ်လုံး တင် ထားတယ်။ ပထမဆုံးစပြီး စကားပြောတဲ့သူက ရွှေစင်ရှီပေါ့။

"သူ့နာမည်က ကိုဘခက်၊ စက်ဘခက်လို့လဲ ခေါ်ကြ တယ်။ ရှီတို့ရဲ့ ဟန်းဘားပော့(စ်)ကားကြီးကို လိုချင်တဲ့ အခြေအနေ ရောက်အောင် ဖန်တီးပေးမယ့်သူကတော့ ကိုဘခက်ပါပဲ။ အခု စက်နှိုးနိုင်လောက်တဲ့ အခြေအနေမှာ ရောက်နေပြီ။ ပြီးတော့ ကို ဘခက်ဟာ မိုင်းမြို့ကနေ လွင်ပြင်သာတောစပ်အထိ နှစ်ဆယ့်ငါး မိနစ်နဲ့ရောက်အောင် မောင်းနိုင်ခဲ့တယ်"

ရွှေစင်ရှီက သူစိမ်းပုဂ္ဂိုလ်ကို လေးလေးစားစား အစီရင်ခံ လိုက်တယ်။ အင်း....... သည်လူက ဘယ်သူလဲ၊ ဘာကိစ္စနဲ့ သည် ကိုရောက်လာသလဲဆိုတာကိုတော့ ကျုပ် လုံးဝမသိသေးတာ အမှန် ပဲ။ အသက်အရွယ်အလုံးအထည်က ကျုပ်ထက် ရင့်ရော်တယ်။ သူ့အသွင်က ရေခဲတိုက်ထဲက လူသေလို အေးစက်နေပေမယ့် မျက်လုံးတွေက စူးရှတောက်ပြောင်နေပြီး အရောင်တလက်လက် ထွက်နေတယ်။ သူက ကျုပ်ကို မပြုံးမရယ် ဖျတ်ခနဲ ကြည့်လိုက်ပြီး သူ့မျက်လုံးတွေကို စားပွဲပေါ်က အတက်ချီကော့စ်ပေါ်ကို လွှဲချလိုက် တယ်။

"ဒီနေ့ ရှီနဲ့ ကိုဘခက် လွင်ပြင်သာကိုဖြတ်ပြီး နန်းကျ ချောင်းအထိ ကားနဲ့သွားခဲ့ကြတယ်။ ကိုဘခက်ဟာ ကားကို နန်းကျ ချောင်းအထိ အခက်အခဲမရှိ မောင်းနိုင်ခဲ့ပါတယ်ရှင်"



ရွှေစင်ရှီက ဆက်လက်ပြီး အစီရင်ခံလိုက်တယ်ဆိုရင်ပဲ ခဲ့ဟာ အတက်ချီကော့စ်ကို ခွဲဖွင့်လိုက်ပြီး နှစ်ဆယ်တန် ငွေစက္ကူ ထုပ်တွေနဲ့ မြေပုံကြီးတစ်ချပ်၊ သတင်းစာအဟောင်း နှစ်စောင်ကို ထုတ်လိုက်တယ်။ ဝမ်းမောင်က အခုအချိန်အထိ မတုန်မလှုပ် ကျောက်ရုပ်။

"ကဲ....... ကျုပ် စကားစပြောတော့မယ်။ ကျုပ်မှာ နာမည် ရယ်လို့ အတိအကျမရှိဘူး။ အကြောင်းသိတွေကတော့ ယက္ခလို့ ခေါ်ကြတယ်။ အေးလေ....... ဒါက ပြဿနာမဟုတ်ပါဘူး။ ပြဿနာ က ကိုဘခက်နဲ့ကျုပ် အပြေအလည် ဆွေးနွေးဖို့ပါပဲ"

သူ့စကားက ပြတ်သားသလို မျက်နှာကလည်း တစ်စက်ကလေး မှ မချိုလှဘူး။

"ကောင်းပါပြီ ကိုယက္ခ၊ ကျုပ်ကလဲ ဆွေးနွေးဖို့ အသင့် ပါပဲ"

"ကိုဘခက်ကို ကျုပ်တို့က ကားတစ်စီးကို ပြင်ပေးဖို့ တစ် နေ့ကို တစ်ထောင့်ငါးရာပေးပြီး ငှားခဲ့တယ်။ ဒီနေ့ ငါးရက်မြောက် နေ့မှာ ကားကို စက်နှိုးနိုင်နေပြီ။ ဒီလိုမဟုတ်လား ရွှေစင်ရှီ"

"ဟုတ်ပါတယ်ရှင်"

"ရော့....... တစ်သောင်းငါးထောင်၊ ဆယ်ရက်အတွက်"

ယက္ခဆိုတဲ့ နေ့ကြီးလက်က နှစ်ဆယ်တန်အထုပ်တွေဟာ ကျုပ်ရှေ့ကို ရောက်လာတယ်။ ကျုပ်က သူ့ငွေတွေကို လက်ဖျားနဲ့ တောင် တို့မကြည့်ဘူး။

"ဒီလိုရှိတယ် ကိုယက္ခ၊ ကျုပ်ကို ငှားတုန်းက သာမန် မာစီဒီးတစ်စီး ပြင်ပေးဖို့ သက်သက်ပါ။ အခုဟာက ဟန်းဘား ပော့(စ်)ကားစုတ်ကြီးကို မာစီဒီးအင်ဂျင်တင်ပြီး တင့်ကားတမျိုး လို လုပ်ခိုင်းနေတာ ဘာသဘောလဲ ကိုယက္ခ"

www.burmeseclassic.com

www.burmeseclassic.com



ယက္ခရဲ့မျက်လုံးထဲမှာ လက်ခနဲဖြစ်သွားသလို ဝမ်းမောင်နဲ့ ရွှေစင်ရှိရဲ့မျက်နှာတွေဟာ သိသာလောက်အောင် ပျက်သွားလေရဲ့။ ယက္ခရဲ့အကြည့်တွေက ဝမ်းမောင်ထံ ရောက်သွားတယ်။

"ခင်...... ခင်ဗျားနဲ့ ကျုပ်တို့ အပြေအလည် ပြောပြီးသားမဟုတ်လား ကိုဘခက်"

"ကိုဘခက်နဲ့ ရှိ နားလည်မှု ရှိပြီးသားပါ။ ဒီစကားကိုမေးဖို့ မသင့်ပါဘူး"

ဝမ်းမောင်နဲ့ ရွှေစင်ရှိက ထိတ်ထိတ်ပျာပျာ ဝင်ပြောတယ်။ ယက္ခဆိုတဲ့ ငနဲကြီးဟာ သူတို့မောင်နှမအတွက် ဘုရားတစ်ဆူ ငှတစ်လုံးများ ဖြစ်နေမလားမသိ။

"ကဲ...... ဘယ်လိုလဲ ရွှေစင်ရှိနဲ့ ဝမ်းမောင်၊ ဒါကို ငါချက်ချင်း သိချင်တယ်"

"ရှိတို့ သူ့ကို အသေအချာကို ပြောပြီးသားပါရှင်၊ ဒါနဲ့များတောင် ကိုဘခက်က......"

ရှိရဲ့ တောင်းပန်ယေတဲ့အကြည့်က ကျုပ်ဆီကို ကူးပြောင်းလာတယ်။

"ကောင်းပြီလေ၊ ခင်ဗျားတို့ လိုချင်တဲ့ အနေအထားရောက်အောင် ကျုပ် လုပ်ပေးပါ့မယ်။ အဲ...... ဒါပေမယ့် ကျုပ်ပြောတဲ့ပစ္စည်းတွေ......"

ယက္ခဟာ စားပွဲကို ဝပ်ကြမ်းကြမ်းရိုက်ချလိုက်ပြီး......

"အို...... ဒါတွေ ဘာမှ ပြောစရာမလိုဘူး။ အကုန်ဖြစ်စေရမယ်။ အားလုံး ရစေရမယ်။ ကဲ...... ဘာလိုသေးသလဲ"

သူက ကျုပ်ကို အော်လိုက်တယ်။

ကျုပ်က ပခုံးတွန့်လိုက်မိရဲ့။ အင်း...... ယက္ခဆိုတာ ဘီလူးလား။ သရဲလားဆိုတာတော့ စဉ်းကြည့်ရသေးတာပေါ့။



"လိုသေးတယ် ကိုယက္ခ"

"ဘာ......"

"ခင်ဗျား ကျုပ်ကို ယဉ်ယဉ်ကျေးကျေးဆက်ဆံဖို့နဲ့ လေးလေးစားစား ပြောတတ်ဆိုတတ်ဖို့တော့ လိုသေးတယ်"

သူနဲ့ကျုပ် နှစ်ယောက်စလုံး ပြုံးတူထမိကြတယ်။

ဒါပေမယ့် ကျုပ်က သူ့ထက် တစ်စက္ကန့်ရဲ့ ဆယ်ပုံတစ်ပုံလောက် ပိုမြန်တယ်။ ပြီးတော့ ကျုပ်တို့နှစ်ယောက် အကြည့်ချင်းဆုံကြတယ်။ မျက်လုံးအားပြိုင်ကြတယ်။ စိတ်ဓာတ်အား ဆိုင်ကြတယ်။

သူလှုပ်တာနဲ့ ကျုပ်လုပ်တော့မယ်ဆိုတဲ့ အသိကို ယက္ခရဲ့မျက်လုံးထဲမှာ လက်ခံသွားပြီ။ သူက အေးအေးဆေးဆေး ပြန်ထိုင်သလို ကျုပ်ကလည်း ကုလားထိုင်မှာ ဖင်ချလိုက်ရဲ့။

"အင်း...... ခင်ဗျားဟာ ကျုပ်ထင်ထားတာထက် ပိုပြီးသန်နေပါသေးကလား"

အခုတော့ တဒင်္ဂ တိတ်ဆိတ်သွားတဲ့အခန်းဟာ ပြန်ပြီးအသက်ဝင်လာပြီ။ ရွှေစင်ရှိက ရတယ်။ ဝမ်းမောင်က ခွေနေတဲ့ခရမြွေလိုငြိမ်လို့။

"ကဲ...... အလုပ်ကိစ္စ ဆက်ပြီး ဆွေးနွေးကြရအောင်သား"

"ကောင်းပြီလေ၊ အလုပ်ကိစ္စ ဆက်ကြတာပေါ့"

ယက္ခက အေးအေးဆေးဆေးပြောပြီး သူ့ရှေ့မှာ ခေါက်ပြီး ချထားတဲ့ မြေပုံချပ်ကြီးကို ဖြန့်လိုက်တယ်။

"ဟောဒါ မိုင်းမြိုင်မြို့နဲ့ ပတ်ဝန်းကျင်အနေအထားကို အသေးစိတ်ဆွဲထားတဲ့ မြေပုံပဲ ကိုဘခက်"

ကျုပ်က မြေပုံချပ်ကြီးကို စိတ်ဝင်စားစွာနဲ့ ကြည့်လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဒါ အခု ကျုပ်တို့တစ်တွေ ရောက်နေတဲ့ တိုက်ကြီး ဒါက မြို့လယ်ကောင်၊ ဒီနေ့ ခင်များနဲ့ ရွှေစင်ရှိနဲ့ ယုန်ပစ်ထွက် တဲ့လမ်းက......."

ကျုပ်က ရွှေစင်ရှိကို ဖျတ်ခနဲ ကြည့်မိတယ်။

ယက္ခဟာ ကျုပ်တို့လုပ်တာ ကိုင်တာတွေ အားလုံးကို သိ နေပုံပဲ။

"ဟောဒီက စထွက်တယ်။ ဟောဒါက မောင်နံ့ခုနစ်ဖော် ကျွေ၊ ခင်များကားကို ဟောဒီနေရာလေးမှာ ဒီနေရာကဖြတ်မောင်း တယ်။ လွှင်ပြင်သာတောစပ်၊ ခင်များတို့ ကားရပ်တဲ့နေရာက ဒီ နေရာ၊ အဲဒီကဆက်မောင်းရင် လွှင်ပြင်သာကို ပတ်သွားတဲ့ ဟော လမ်းမကြီးရှိတယ်"

သူက အသေးစိတ် ရှင်းလင်းပြောပြနေတယ်။

"အဲဒီတော့ လွှင်ပြင်သာရဲ့ ဟိုဘက်ကိုရောက်အောင် လမ်း ရိုးရိုးက မမောင်းဘဲ ဟောဒီလွှင်ပြင်သာတောထဲက ဖြတ်သွားရင် အချိန်တိုတိုနဲ့ ဟိုဘက်က 'မဟာရာကမ်းပါးစောင်း'ကို ရောက်သွား နိုင်တယ် ကိုဘခက်၊ အဲ....... တစ်ခုတော့ ရှိတယ်။ လွှင်ပြင်သာ ထဲမှာ ဟောဒီ နန်းကျချောင်းက ဖြတ်နေတော့ ကားမောင်းလို့ မရ နိုင်ဘူး ထင်ရတယ်"

"အဲဒီချောင်းကို ဒီကနေ့ပဲ ရှိတို့ ရောက်ခဲ့ကြတယ်မဟုတ် လား ကိုဘခက်၊ ချောင်းဟာ တချို့နေရာတွေမှာ ကျယ်ပေမယ့် တချို့နေရာတွေမှာ ကားကို စက်ကုန်ဖွင့်ပြီး ဖြတ်ကျော်လိုက် ရနိုင်တယ် မဟုတ်လား။ လူတစ်ယောက် ခုန်ကူးသလိုပေါ့"

ကျုပ် အားလုံးကို သဘောပေါက်လိုက်မိပါပြီ။

သည်ကနေ့ လွှင်ပြင်သာကို ယုန်ပစ်ထွက်ခဲ့တဲ့ ရည်ရွယ်



ချက်နဲ့တကွ ကျုပ်ကို ဒီတိုက်ကြီးကနေ လွှင်ပြင်သာတောစပ်အထိ ခေါ်ချိန်ယူပြီး ကားမောင်းခိုင်းခဲ့တဲ့ ရွှေစင်ရှိရဲ့သဘောကိုလည်း စော ကြောမိပါပြီ။

"ကျုပ် အားလုံးသဘောပေါက်ပါပြီ ကိုယက္ခ။ ဒီနေ့ ရွှေစင် ရှိနဲ့ ကျုပ် လွှင်ပြင်သာကို ရောက်ခဲ့လို့ မြေအနေအထားကိုလဲ သိ ခဲ့ရပါပြီ။ ကဲ....... ကျုပ်မေးတော့မယ်နော်"

"မေးပါ ကိုဘခက်"

"အဲ....... လွှင်ပြင်သာကို ဘယ်လိုကားမျိုးနဲ့ ဖြတ်မလဲ"

"အခု ကိုဘခက်လုပ်နေတဲ့ ဟန်းဘားဟော့(စ်)ပါ"

ရွှေစင်ရှိက ဝင်ပြောတယ်။ ကျုပ်ကလည်း ထင်မိပြီးသား ပါပဲ။

"ဒီကားကို ဘယ်သူက မောင်းမလဲ"

"မောင်းရမယ့်သူကတော့ ခင်များပဲ ကိုဘခက်"

တိတ်ဆိတ်မှုကို ယက္ခက တစ်ခွန်းချင်း ချေဖျက်လိုက် တယ်။

"ဘယ်လောက်ပေးမလဲ"

"တစ်သိန်း"

တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားတယ်။

ယင်တစ်ကောင်ဟာ တဝီဝီပျံလာရင်း နှစ်ဆယ်တန် ငွေ ထုပ်ပေါ်မှာ လာနားတယ်။ အဲ....... သည်ငွေပုံပေါ်မှာ သူကြိုက် တတ်တဲ့ အညှီမရှိလေတော့ ကတိုက်ကရိုက် ထပြန်သွားလေရဲ့။

ငွေကို ယင်မကြိုက်ပေမယ့်.......

လူတွေကတော့ သည်းခြေကြိုက်။

"ရက်ရောလှချည်လား"

"ဟုတ်တယ်၊ မိုင်းမြိုင်ကနေ မဟာရာကမ်းပါးအရောက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းပို့ရမယ့် ကားအရှိင်ဘာခကို ကျုပ်တို့က တစ်သိန်းတိတိ ပေးပါမယ် ကိုဘခက်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလမ်းကို မောင်းနိုင်စွမ်းရှိတဲ့လူဟာ ခင်ဗျားတစ်ယောက်တည်းရှိတာကိုး......"

"တကယ်လို့ ကျုပ်အနေနဲ့ ခင်ဗျားတို့ရဲ့ လုပ်ငန်းကို လက်မခံနိုင်ပါဘူး ဆိုရင်ကော"

သူက ဘာမှမပြော။

ဟောင်းနွမ်းနေတဲ့ သတင်းစာနစ်စောင်ကို ဖွင့်ပြီး ကျုပ်ကို ကမ်းပေးတယ်။

"လူသတ်ဝရမ်းပြေး စက်ဘခက်ခေါ် ဘခက်"

"လူသတ်သမား စက်ဘခက်ကို အလိုရှိသည်"

ကျုပ်ဓာတ်ပုံနဲ့ အဲဒီခေါင်းစဉ်ရဲ့အောက်မှာတော့ ကျုပ်ဟာ ရွှေပြည်တော်မော်တော်ကားဝပ်ရှော့က အေးကျော်ကို သတ်ပြီး ထွက်ပြေးခဲ့ကြောင်း။ မျက်မြင်သက်သေမှာ ရွှေပြည်တော်ဝပ်ရှော့ပိုင်ရှင် ဦးအောင်ဇော်ရဲ့သမီးအရင်းဖြစ်သူ ညိုညိုဇော်ဖြစ်ပြီး တရားခံမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်းတဲ့။

ဪ...... မိညို။

ညိုညိုဇော်ဆိုတဲ့ ရွှေအိုရောင် မိန်းမချောကလေး။

ကျုပ်အသည်းတွေဟာ နာနာကျည်းကျည်း လှုပ်ခတ်သွားတယ်။

အင်း...... အခုတော့ သူတို့တစ်တွေက ကျုပ်ကို မလှုပ်သာအောင် ချည်ပြီး တုပ်ပြီးကြလေပြီတကား။

သည်သတင်းကိုသာ မိုင်းမြိုင်ရဲ့ သိသွားလျှင် ကျုပ်အတွက် လက်ထိပ်ပေါ့။

ရက်စက်ပါ့ ရွှေစင်ရှို။

သည်အကြံအစည်တွေကို မင်းကပဲ သရုပ်ဖော်ခဲ့တာ



ဟုတ်လား။

ရွှေစင်ရှိုက ကျုပ်ကို ရီရီဝေဝေ ကြည့်နေတယ်။

နန်းကျချောင်းမှာတုန်းက သူမပြောခဲ့တဲ့ စကားအချို့ကို သည်း အမှတ်အထင် ရှိလာတယ်။

"ဒီခရီးရဲ့ လမ်းဆုံးမှာ ရှို့နဲ့ကို့အတွက် အချစ်ကမ္ဘာလေး တစ်ခု စောင့်ကြိုနေမယ်ဆိုရင်ကော ကို...... ရှို့ကို လက်တွဲဖြုတ်သွားခဲ့မလား"တဲ့

ပထမတွေ့သူက ညိုညိုဇော်။

အခုတွေ့နေတာက ရွှေစင်ရှို။

သည်မိန်းမသားနှစ်ယောက်က ကျုပ်နဲ့ဖက်လဲတကင်း ပတ်သက်ခဲ့ကြတာတွေချည်းပဲ။ အဲ...... ဒါပေမယ့် ရွှေစင်ရှိုက ကျုပ်နဲ့ အသက်သခင် မဖြစ်လာ။ ညိုညိုဇော်က မာန်နတ်ရဲ့သမီး စိန္တာလာ။

ကျုပ်က ရွှေစင်ရှိုကို ကြည့်လိုက်တယ်။

သူက ကျုပ်ကို ကြည့်နေတယ်။

သူ့မျက်လုံးထဲမယ် ဟိုဟာကို တွေ့ရရဲ့။ မေတ္တာပေါ့...... မေတ္တာ။

"ကောင်းပြီလေ၊ ခင်ဗျားတို့ ပေးအပ်တဲ့အလုပ်ကို ကျုပ်လက်ခံပါပြီ။ အဲ.......ဒါပေမယ့် ကျုပ်ဟာ ကျုပ်အပေါ်ကို ကောင်းတဲ့လူဆိုရင် တာဝတိံသာအထိ ထမ်းတင်ပေးရဖို့ ဝန်မလေးပေမယ့် ကျုပ်အပေါ်ကို ကလိန်ကျလာရင်လဲ ငရဲကြီးရှစ်ထပ်ကို တွန်းချပစ်ဖို့ ဝန်မလေးဘူးဆိုတာတော့ ခင်ဗျားတို့ သိထားကြ"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ရင်မှာ မောတယ်ကွယ်။

ကျုပ်မှာလည်း အသည်းနဲ့ဆိုတော့ ရှိအတွက် ရင်မော
ရတယ်။ ရွှေစင်ရှိအတွက် ရတက်မအေးဖြစ်ရတယ်။ ရွှေစင်ရှိဟာ
သည်အသိုင်းအဝိုင်းထဲမှာ ဘာကြောင့်များ ပါဝင်ပတ်သက်နေရ
လိမ့်။

သူက ကျုပ်အသက်ကို ကယ်ခဲ့ပြီး သီတဂူအထိ ခေါ်လာ
တယ်၊ အခုတော့ သူနဲ့ပတ်သက်ပြီး စနစ်တကျ ပြင်ဆင်စီစဉ်ထား
တဲ့ မဟာအစီအစဉ်ကြီးတစ်ခုထဲမှာ ကျုပ် ပါဝင်လှုပ်ရှားနေရပါပြီ။

"မဟာအစီအစဉ်ကြီး"

ဟုတ်တယ်၊ သို့ကလိုပဲ ကျုပ် ဆိုချင်တယ်။

သူတို့ စီစဉ်ထားပုံတွေ၊ အကွက်ချေ့ချေ့ တွက်ချက်ထား
လာထားပုံတွေဟာ ပိပိရိရိ တိတိကျကျ ရှိလှပါတယ်။

တခြားမကြည့်နဲ့။ ကျုပ်လိုအပ်တဲ့ မော်တော်ကားပစ္စည်း
မှန်သမျှ အချိန်ပိုင်း ရက်ပိုင်းအတွင်း ကျုပ်လက်ကို အရောက်
ဖန်တီးပေးခဲ့တာပဲ ကြည့်တော့။ ပြီးတော့ ဒရိုင်ဘာခကလည်း တစ်
သိန်းကြီးများတောင်တဲ့။



အဲသလိုဆိုရင် သူတို့တစ်တွေဟာ အစိုးအနှ့ထိုက်တန်
တဲ့ ပစ္စည်း။ ဒါမှမဟုတ် ထိပ်တန်းလျှို့ဝှက်ချက်တစ်ခုကို မိုင်းမြို့င်
က လစ်ပြေးဖို့ဆိုတာ သေချာနေတာပေါ့။ ကျုပ်ကို ပြုပြင်တီထွင်
ခိုင်းထားတဲ့ ဟန်းဘားဟော့(စ်)ကားကြီးဟာ အပြင်ပန်းကကြည့်ရင်
ရုတ်ချာပေမယ့် မြို့င်ကားတစ်စီးလို မြန်အောင်မောင်းနိုင်နေပြီ။

ပြီးတော့ မောင်းထိန်းရျာခ်တွေ၊ လေးအပိုတွေ တပ်ဆင်
ထားတဲ့အတွက် လွင်ပြင်သာလို ကြမ်းတမ်းတဲ့နေရာမျိုးကို တင့်
ကားတစ်စီးလို ဖြတ်ပြီး မောင်းနိုင်စွမ်းရှိလိမ့်မယ်။

သို့ပေမယ့် သည်ကားစုတ်ကြီးဟာ မြို့င်ကားတစ်စီးလို မြန်
ပြီး တင့်ကားတစ်စီးလို ခိုင်မာတယ်ဆိုတာ ကျုပ်တို့ လေးယောက်
လွဲပြီး ဘယ်သူကများ သိနိုင်ဦးမှာလဲတဲ့။

ကျုပ်တို့လေးယောက်ထဲမှာ ကိုယက္ခကတော့ အဓိကပေါ့။

ကျုပ်နဲ့သူနဲ့ အပြေအလည် ဆွေးနွေးပွဲပြီးတဲ့နောက် ယက္ခ
ဟာ ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားတယ်။

အခုတော့ တိုက်အိုကြီးပေါ်မှာ ကျုပ်တို့သုံးယောက်နဲ့
ခေါင်ထဲမှာ ကားအိုကြီးတစ်စီးပဲ ရှိတော့တယ်။ ကားကြီးရဲ့ အခြေ
အနေကတော့ မောင်းလို့ရနေပြီ။ သည်ကားကြီးကို ကျုပ်တို့တစ်
တွေ ညဘက်မှာ စမ်းသပ်မောင်းနှင်ကြည့်ကြတယ်။ မောင်းပြီး လို
အပ်တာတွေကို ပြုပြင်ခဲ့လို့ နောက်ဆုံးအဆင့်ကို ရောက်နေပြီပေါ့။

အင်း……မနက်ဖြန်ဆို ဟန်းဘားဟော့(စ်) ကားကြီးဟာ
သူတို့လိုချင်တဲ့ အနေအထားမျိုးကို ရောက်တော့မယ်ဆိုပါတော့။
အကယ်တမ်းပြောရရင် ကျုပ်ဟာ တရားဥပဒေဘောင်အပြင်ဘက်
က လုပ်ရမယ့်လုပ်ငန်းမျိုးကို လုပ်ဖို့လည်း စိတ်မကူးခဲ့ဘူး။

ဒါပေမယ့် ပစ္စက္ခအခြေအနေမှာတော့ ကျုပ်ဟာ ဘဝရိုက်
သာကထဲကို ခြေတစ်ဖက်လှမ်းနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ရှိ...... မင်းကြောင့် ကိုယ့်ဘဝကြီးတစ်ခုလုံး အမှော
ထဲမှာ နစ်လိုက်ရတော့မှာပါကလား။ သို့ပေမယ့် ကိုယ့်ဘဝကို ဘယ
မကျဘူးကွယ်။ ဟင်...... ဘာတတ်နိုင်တော့မလဲ။ သူတို့က ကျ
ကို နိုင်ကွက် အပိုင်ကိုင်ထားနိုင်ပြီ မဟုတ်လား။

ကျုပ်ဟာ သည်ပြသနာရဲ့အစဖြစ်တဲ့ အေးကျော်ကို ဖ
သတ်ခဲ့မှုကိုသာ အပြေအလည် ဖြေရှင်းနိုင်ခဲ့ရင် သည်ဒုစရိုက်
ပယ်ကို ရောက်စရာအကြောင်းမရှိ။ ကျုပ်ဟာ တရားဥပဒေကို မ
စားခဲ့လို့ အခုလို နိုင်ကွက်အကိုင်ခံလိုက်ရတာပေါ့။

လွန်ပါပြီ။ လွန်သွားပါပြီ။

သည်အခြေအနေရောက်မှ သူတို့က ကျုပ်ကို အသက်
လျက်နဲ့ လက်လွှတ်ခံတော့မှာ မဟုတ်တော့ဘူး။

ဟူး...... ရင်မောပါ့။

ကျုပ်လက်က ရာဒီညကြည့်နာရီ ဒိုင်ခွက်က ဆယ့်
ဂဏန်းကို ညွှန်ပြနေလေရဲ့။ တစ်တိုက်လုံး တိတ်ဆိတ်ငြိမ်သက်
က ကြီးစိုးလို့နေတယ်။ အင်း...... သန်းခေါင်ပဲ။

သည်ထက် ညဉ့်နက်စရာအကြောင်း မမြင်တော့။

ကျုပ်ဟာ ခြေကို ခပ်ဖွဖွနင်းရင်း အခန်းထဲက ထွက်
တယ်။ အပြင်မှာလည်း မှောင်လို့။ သို့ပေမယ့် သည်တိုက်ကြီး
ဆယ်ရက်စလုံး အကျွမ်းတဝင်ရှိခဲ့ပြီးသားမို့ တိုက်မှာရိုက်မှာ လဲ
ကို မစိုးရိမ်ရပါဘူး။

ကျုပ် ရွှေစင်ရှိအခန်းကို ခြေသံလုံလုံနင်းရင်း လျှော
ခဲ့တယ်။ ဝင်းမောင်အခန်းက တိုက်ကြီးရဲ့ ထောင့်အစွန်ဆုံးကာ

ကျုပ်ဟာ ရွှေစင်ရှိ အခန်းရှေ့မှာ အသာရပ်လိုက်ပြီး န
စွင့်လိုက်တယ်။ ငြိမ်လို့ တိတ်လို့။ အသက်ရှူသံသဲ့သဲ့ကလေး
တောင် မကြားရ။



တံခါးကို လက်နဲ့အသာတွန်းလိုက်တော့ ကျွီခနဲ မြည်သံ
ဟာ ညဉ့်ယံကို ထိုးဖောက်သွားတယ်။ မြည်လိုက်တာ မီးရထား
ဥသြမှုတ်သလား အောက်မေ့ရတယ်။

သို့ပေမယ့် အတွင်းက လှုပ်ရှားသံကလေးကိုမှ မကြားရ။
သည်တော့ ဟနေတဲ့ တံခါးကြားက ကိုယ်တစောင်းတိုးပြီး ဝင်
လိုက်တယ်။ ခြေဖော့လို့ သူ့ခုတင်ကို လျှောက်သွားမိတဲ့အထိ ပကတိ
ငြိမ်လို့။

မြတ်စွာဘုရား...... မရှိတော့ပါကလား။

ရွှေစင်ရှိတစ်ယောက် ဘယ်ရောက်သွားပါလိမ့်။ ကျုပ် သူ့
အခန်းထဲက ပြန်ထွက်ခဲ့ပြီး ဝင်းမောင်အခန်းကို ရောက်သွားတယ်။
သူ့အခန်းတံခါးကလည်း ပွင့်လို့။ အခန်းထဲမှာလည်း ဘယ်သူမှ
မရှိပြီ။

သည်မောင်နှမ ညသန်းခေါင်မှာ ဘယ်ပျောက်နေပါလိမ့်။

အဲသည်အချိန်မှာပဲ အောက်ထပ်က မသဲမကွဲအသံကို စတင်
ကြားရခြင်းပါ။ ပထမတော့ သစ်ရွက်ခြောက်ပေါ်ကို လေရူပ်တိုက်
သွားတဲ့အသံမျိုး။ ဒါပေမယ့် အသေအချာ နားထောင်ကြည့်လိုက်
တော့ လူနှစ်ယောက် လေသံနဲ့စကားပြောနေမှန်း ပီပြင်လာတယ်။
ဘယ်သူတွေဆိုတာ ပြောဖို့ မလိုတော့ဘူးပေါ့။ သည်တိုက်ကြီးထဲ
မှာ ကျုပ်တို့သုံးယောက်ရှိနေတာကိုး။

ကျုပ်ဟာ တိုက်နောက်ဖေး ကြောင်လိမ်လှေကားက
အောက်ကို ဆင်းခဲ့တယ်။ ပြီးတော့ စကားပြောသံကြားရတဲ့နေရာ
ကို ခြေသံလုံလုံနဲ့ ချဉ်းကပ်ခဲ့မိရဲ့။ မပီမိုးတဝါး ကြားနေရတဲ့ အသံ
တွေဟာ တဖြည်းဖြည်း ပီသလာတယ်။

"အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်ဆိုတာမျိုး ဖြစ်ရေ
မှာစိုးလို့ မောင်က ပြောနေတာ ရှိ"

www.burmeseclassic.com

www.burmeseclassic.com



"ရှီ ပြောပါပကောလား မောင်ရယ်။ ကိုဘခက်ကို ဆက်ဆံနေတာ အလုပ်သဘောကလွဲလို့ ဘယ်လိုမှ ခံစားချက်မရှိပါဘူးလို့၊ မောင်က ဒါပဲ ခဏခဏပြောနေတာပဲ။ ဘာလဲ၊ ရှီ့ကို စိတ်မချဘူးလား။ ရှီ မောင်ကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မကူးဘူး သိလား"

အလိုလေးလေး။

ဆင်ဆိုသည်မှာ နှာမောင်းနဲ့ပါလား။

ရှီတဲ့၊ မောင်တဲ့။

မိုးကြီးတော့ ပစ်ကျနိုတော့မှာပဲ၊ သို့ပေမယ့် မိုးကြီးကလည်း မပစ်လေတော့ သည်မောင်နှမ ဘဂ်လားမောင်နှမ၊ တတ်လဲတတ်နိုင်ပါပေ့ မရွှေစင်ရှီ။ ခင်ဗျားပြောတုန်းကတော့ အစ်ကိုဆို၊ ကျုပ်ရင်နာလာတယ်။ နေဦး...... နေဦး ဆက်နားထောင်လိုက်ဦးမယ်။

"မောင် ရှီ့ကို လက်လွှတ်သွားမှာစိုးလို့ ပြောနေရတာပါ၊ ရှီ စိတ်ပြောင်းသွားမှာစိုးလို့ သတိပေးနေတာ ရှီ"

ဝမ်းမောင်အသံက မာနေတယ်။

"ရှီ့စိတ်ကို ရှီ နိုင်ပါတယ် မောင်၊ အခုကိစ္စမှာ ရှီ ဈွန်းဆောင်ချက်တစ်ခုတည်းနဲ့ ကိုဘခက်ကို ရှီတို့ကိစ္စမှာ အသုံးချနိုင်ခဲ့တာ မဟုတ်လား မောင်၊ ဆရာကြီးကလဲ ပြောထားသားပဲ။ ဒါပေမယ့် ရှီ့ကိုယ်ကို မနစ်မွန်းအောင် ထိန်းပါတယ်။ အဲ...... ရင်းရင်းနှီးနှီးနေတာလောက်တော့ သဝန်မတိုပါနဲ့ မောင်"

"ဒါပေါ့ ရှီ။ ဆရာကြီးအမိန့်ကို မလွန်ဆန်ဝံ့လို့သာပေါ့၊ မောင့်သဘောဆိုရင် အစကတည်းကိုက ဒီကောင်နဲ့ တွဲမလုပ်ချင်ဘူး"

"ကဲပါ မောင်ရယ်၊ ကိစ္စတွေ ပြီးတော့မှာပဲဟာ၊ ဒီအတောအတွင်းတော့ နေလက်စနဲ့ ဟန်ဆောင်ပဲ နေလိုက်ကြပါဦးစို့......



ဟုတ်လား"

တော်လောက်ပါပြီ။

သည်လောက်ဆိုရင် ပြည့်စုံလုံလောက်ပါပြီ ရှီ။

လက်စသတ်တော့ ကျုပ်နှာခေါင်းမှာ နဖားကြိုးအထိုးခံနေရပါပေါ့လား။

ခွား...... ခွား။

ကျုပ်ဟာ တိုက်ကြီးပေါ်ကို တိတ်တိတ်ဆိတ်ဆိတ် ပြန်တက်ခဲ့တယ်။ ကျုပ်ရင်ထဲမှာတော့ စဉ်းစားစရာတွေ၊ တွေးတောစရာတွေ၊ ဒေါသစရာတွေ တစ်လှေကြီးနဲ့ သက်ပြင်းပေါင်း ထောင်သောင်းပါလာခဲ့တယ်။

အိပ်ရာပေါ်ကို ခေါင်းချမိရင်း သက်ပြင်းတစ်လုံး ဦးခံ့ချမိရဲ့။ ငါ ဘာလုပ်ရမလဲ။ ငါ ဘာလုပ်ရမလဲ။ ဆရာကြီးဆိုတာ ဘယ်သူလဲ၊ ဘယ်လောက် အကောင်ကြီးသလဲ။

အင်း...... ဘခက်တော့ သပ်အလျှိုခံလိုက်ရပြီ။ လူလည်အကျခံလိုက်ရပြီ။ ဟုတ်တာပေါ့။ တစ်ခါတုန်းက လောကဗိမာန်ဆိုတဲ့ ဘားထဲမှာ ဝမ်းမောင်နဲ့ကျုပ် ဆုံခဲ့တယ်။

ဘားက အထွက်မှာ ကျုပ်ကားကို ဝမ်းမောင်က ဘရိတ်ပိုက်တွေ ဖြုတ်သွားတယ်ဆိုတာ သေချာလာပြီပေါ့။ သည်အကောင်ဟာ ရွှေစင်ရှီနဲ့ကျုပ် ပတ်သက်မှာကို မလိုလား၊ မရှုစိမ့်နိုင်ဘူး မဟုတ်လား။

ကျုပ် မှားပြီ၊ မှားသွားပြန်ပြီ။

လောက...... လောက၊ အော်ဟစ်ရယ်ပစ်ဖို့ ကောင်းတဲ့ လောကကြီးပါကလားကွယ်တို့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

မိုင်းမြိုင်သချိုင်းဝရောက်တော့ နေဝင်တော့မည်။

သည်တော့လည်း ရောင်ခြည်ဟာ ရင့်ရော်က နုလာပြန်တယ်။ ပူရာက နွေးပြီး နွေးရာက အေးလာလေရဲ့။ လေပြည်ကတော့ ဆော့နေတုန်း မြူးနေတုန်း။

သစ်ရွက်ကလေးတွေက လေပြည်တောမှာ က,ကြတော့ လှုပ်ခုတ်သံသဲ့သဲ့ကြားရသေးတာပေါ့။ ဩော်...... သာယာလိုက်တဲ့ လေပြည်တောပါပဲ။

ကျုပ်ဟာ လေပြည်တောမှာ လျှောက်ခဲ့တယ်။

သည်းဆာနအောက်က သချိုင်းကလေးရဲ့ အလှအပကို အာရုံခံစားမိတယ်။ ကြည့်စမ်းပါဦး။ မှတ်တိုင်ကလေးတွေက ခနော် နီ ခနော်နဲ့၊ ယိုင်နဲ့နေကြတာ၊ မြေပုံမို့မို့ကလေးတွေက စီရရီ ညီညာနေတာ။



"မခင်သစ္စာ အသက် (၁၈)နှစ်"တဲ့။

နာမည်ကလေးက လှပါပေ့။ နာမည်လှသလို လှလည်း ...ယ်ထင်ပါတယ်။

ဟောဟိုနားမယ်တော့ ပုလဲလုံးကလေးလို ဖြူလွှလွှ လှ ...င်းရိုးတစ်လုံး။ အမယ်...... သည်ဘက်ကလည်း လက်ဖျံရိုးနုနု ...လေးတစ်ခုပါကလား။

ဝင်လုဆဲ နေရောင်ခြည်ဟာ ဖြူလွှလွှ ခေါင်းရိုးနဲ့ လက် ...ိုးဖွေးဖွေးကို ရောင်ပြန်ဟပ်နေတော့ 'သော ဒ်စ် မော်ဂန်'ရဲ့ ...ွဗပန်းချီကားတစ်ချပ်လို လှပလို့ နေပါပေ့။

အင်း...... စိတ်ချမ်းမြေ့စရာကောင်းလိုက်တဲ့ မိုင်းမြိုင်မြို့ ...တာဝရ လျှောင်းစက်ရာ မွေ့ရာကလေးပါကလား။

မာနမရှိ၊ မာန်မရှိ။ သောကမရှိ၊ ဒေါသမရှိ။

အဲသည်မှာ မင်းနီဆိုတဲ့ အရူးမကလေးတစ်ယောက်ရဲ့ ဇရပ် ...စ်ဆောင်ရှိတယ်ဆိုတာကို မနွကတည်းက ကျုပ်သိပြီးသားပါ ...။ ဒီမြေ ဒီဒေသမှာ ကျုပ်ရဲ့တစ်ယောက်တည်းသော မိတ်ဆွေ ...ကလေးဆိုပါတော့။

ဟုတ်ပါတယ်လေ။

ဒေါသ မောဟတွေ၊ လိမ်လည်ကောက်ကျစ်တာတွေ၊ ...ို့ဝှက်ကြံစည်တာတွေ၊ ရမ္မက်လွှမ်းတဲ့ အနမ်းတောမှာ ရင်မော ...တာတွေ ပြွမ်းတီးနေတဲ့ ကျုပ်ရဲ့ပတ်ဝန်းကျင်မှ သည်ကလေးမ ...ရာကို အလှရှာဖို့ ကျုပ် တိတ်တဆိတ် ထွက်ခွာလာခဲ့တာပါပဲ။

"အူဝဲ...... အူဝဲ...... အူဝဲ"

ကလေးငိုသံဟာ ကျုပ်နားတွင်းကို ပျံ့လွင့်လာတယ်။

ကျုပ် မင်းနီနေတဲ့ဇရပ်ကို ခပ်သွက်သွက် လှမ်းခဲ့မိရဲ့။ ...လ ...သားအရွယ် ကလေးငယ်လေးဟာ ဖျာစုတ်ကလေးတစ်ခုပေါ်မှာ လူး

www.burmeseclassic.com



လိမ့်ပြီး တက်မတတ် ငိုနေရှာတယ်။ သူ့ဘေးမှာတော့ နှုတ်
နေတဲ့ ရေအိုးကလေးတစ်လုံးနဲ့ ဖောင်စုတ်ကလေးတစ်ထည်
လို့ ဘာမှ မရှိရှာပါဘူး။

ကျွဴပ် အသည်းထဲမှာ နင့်သွားတယ်။ ကျဉ်သွားတယ်
သွားတယ်။ နာသွားတယ်။ သူ့မိခင် အရူးမကလေး ဘယ်ကို
နေပါလိမ့်။

ကျွဴပ်ဟာ ဇရပ်ပေါ်ကို ပြေးတက်သွားပြီး ငိုနေတဲ့က
ကို ကောက်ချီလိုက်တယ်။

ကလေးက ယောကျ်ားကလေး၊ ဖြူဖြူဖွေးဖွေးနဲ့ ချစ်
ကလေး။ ဒါပေမယ့်လို့ ငိုရလွန်းလို့ သူ့မျက်နှာကလေးက နီရဲ
ဆာရှာတယ်ထင်ပါ့။

"သား...... သား...... သားရယ်။ တိတ်ပါကွယ်၊ တိ
တိတ်၊ လူလေးရယ် တိတ်ပါကွယ်၊ မင်းမေမေ ပြန်လာတော့
ကွယ်"

ကျွဴပ်လည်း ပါးစပ်ထဲမှာ တွေ့တာတွေကို ရွတ်ရင်း
တင်ပါးကလေးကို ပွတ်သပ်ရင်း ချော့မိတယ်။

သွားပြီ။ ခပ်စောစောကရှာထားတဲ့ အလှအပတွေ ပျော
ကုန်ပြီ။

"သားသား...... တိတ်...... တိတ်ပါကွယ်"

"ဟော့...... ဒါ ဘာလုပ်တာလဲ၊ ငါ့သားကို အခု ပြ
ထားစမ်း"

စူးရှကျယ်လောင်တဲ့အသံဟာ နွေလယ်ကောင်မှာ မိုးကြိ
ပစ်လိုက်သလို ဇရပ်တစ်ဆောင်လုံး ဟိန်းသွားတယ်။

မျက်လုံးမှာ မီးဝင်းဝင်းတောက်နေတဲ့ ကျားသစ်မ သို့
ဟုတ် မင်းနီ။



"ဟင်...... မင်းနီ"

မင်းနီဟာ ကလေးကို ပွေ့ထားတဲ့ ကျွဴပ်ကို စားတော့ ဝါး
မလို ကြည့်နေတယ်။ သူ့လက်ထဲမှာလည်း အထုပ်ကလေး
ထုပ် ကိုင်ထားတယ်။

"ရှင် မင်းနီ့သားကို အခု ပြန်ချလိုက်စမ်းပါ"

သူက ဒေါသတကြီး အော်လိုက်တယ်။

"ကလေးက သိပ်ငိုနေလို့ပါ မင်းနီ၊ ညည်း အစ်ကို့ကို မှတ်
သိ မဟုတ်လား"

"ချဆို ချထားနော်။ သားကိုထိရင် အသက်ချင်း လဲပစ်
မယ် သိလား။ မင်းနီ့သားကို အခု ချထားလိုက်ပါ"

"အေး...... အေး၊ ချပါပြီ...... ချပါပြီ"

သူ့စိတ်တွေ ဖောက်ပြန်နေပြီဆိုတော့ ကျွဴပ်ကို မှတ်မိ သိ
ရေ။ ကျွဴပ်က ကလေးကို ဖျာစုတ်ကလေးပေါ်မှာ သိပ်ပြီး ဇရပ်
တင့်ကို လျှောက်ခဲ့တယ်။ မင်းနီဟာ သူ့သားလေးဆီကို အပြေး
သွား ရောက်သွားပြီး ဆတ်ခနဲ ကောက်ပွေ့လိုက်ရဲ့။

"သားသား ငိုနေသလားကွယ်၊ မေမေ ဆာလွန်းလို့ သား
ထားပစ်ခဲ့ရတာပါကွယ်။ ရော့...... ရော့၊ မုန့်၊ ဟိုလူကြီးက ငါ့
လေးကို ဘာလုပ်သေးသလဲ ဟင်၊ ပြောစမ်း။ မေမေ့ကို ပြော
မေမေ့ကို ပြောစမ်း"

ကျွဴပ် ရင်မှာ နင့်သွားတယ်။

အရူးမလေးရဲ့ မေတ္တာတရား ကြီးမားလှချေကလား။

မင်းနီဟာ နီရဲတွေပြည့်နေတဲ့ သူ့ရင်ကို လှစ်လို့ သူ့ကလေး
တိုက်နေတယ်။ တစ်ချိန်တည်းမှာပဲ လက်တစ်ဖက်က အထုပ်
လေးကို ဖြေ၊ ပါလာတဲ့ ခေါက်ဆွဲတွေကို အငမ်းမရစား။

သနားစရာကောင်းလိုက်ပါဘိ မင်းနီရယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကလေးမလေးကို ပိုင်ပိုင်နိုင်နိုင် ရက်စက်လိုက်ကြတဲ့ ...တွေကို ဒေါသဖြစ်လာတယ်။

"တောက်......."

ကျွပ် မသိလိုက်တဲ့ ကျွပ်ပါးစပ်က တောက်တစ်ချက် ...ပြင်းခတ်မိရဲ့။

"ဟေး....... လူကြီး။ ဘာလို့ တောက်ခေါက်တာလဲ"

"မင်းနီ့ကို တောက်ခတ်တာ မဟုတ်ပါဘူးကွယ်"

"မင်းနီ....... မင်းနီ....... ရှင် မင်းနီ့ကို သိသလား"

"သိတာပေါ့ မင်းနီ။ အစ်ကို ဒီမှာ တစ်ညအိပ်သွားဖူး...လေ၊ မှတ်မိလား။ အစ်ကို....... အစ်ကို....... မင်းနီ့ အစ်ကိုလေ..."

သူ့မျက်နှာလေးဟာ တစ်စုံတစ်ခုကို မသဲကွဲသလို ...မှုင်တစ်ခုကို အမိအရ တမ်းတနေသလို တွေဝေနေတယ်၊ ...နေတယ်။

"ဟိုလေ..... အစ်ကို၊ မင်းနီ့ကို ကားနဲ့ လိုက်ပို့တယ်လေ..."

"ကားနဲ့ လိုက်ပို့တယ်၊ အရက်လဲ တိုက်တယ်၊ မှတ်... ....... မှတ်မိပြီ၊ အစ်ကိုမဟုတ်လား။ အစ်ကိုလေ....... အစ်ကို..."

"ဝမ်းသာလိုက်တာ မင်းနီရယ်၊ ညည်း စိတ်ပြန်လည်...ပြီလား"

"အင်း......."

ကျွပ်ဟာ မရဲတရဲနဲ့ပဲ မင်းနီတို့ သားအမိနားမှာ ထိုင်လို...တယ်။

"အစ်ကို မင်းနီ့ဆီကို ဘာလို့ လာမလည်တာလဲဟင်၊ ...ဖြင့် အစ်ကို့ကို မျှော်လိုက်ရတာ ရင်ထဲမှာ မောနေတာပဲ သိလား..."

"လာချင်တာပေါ့ မင်းနီ၊ အစ်ကို့မှာ မအားနိုင်လော...အောင် အလုပ်တွေ သိပ်များနေလို့ပါ"



သည်တော့ သူက တခစ်ခစ်ရယ်တယ်။

"အစ်ကိုက ဘာတွေ လုပ်နေရလို့လဲဟင်၊ မင်းနီကတော့ ဟောဒီ သားကလေးကို ချိုချိုး ချော့မော့နေရတဲ့ အလုပ်ပဲ ရှိတယ်။ ဒါပေမယ့် ဗိုက်ကမနေဘူး အစ်ကိုရေ။ ဆာလွန်းလောင်လွန်းတော့ လဲ သားလေးကို ထားပြီး ကြံဖန်ရှာရသေးတယ်။ ခေါက်ဆွဲလေး တစ်ထုပ်စားဖို့အရေး အမယ်လေး......."

"တော်....... တော် မင်းနီ၊ ဒါတွေပြောမနေနဲ့ ရော့"

ကျွပ်နားဟာ မင်းနီ့စကားကို ဆက်ပြီးနားမထောင်ရက်နိုင်တော့ပါဘူး။ အိတ်ထဲက ပါလာတဲ့ ငွေစက္ကူတွေကို ဆွဲထုတ်ပြီး သူ့ကို ပေးမိတယ်။

"ဟင်....... များလှချည်လား အစ်ကိုရယ်၊ မင်းနီ မယူချင်ဘူးကွယ်"

"ယူပါ မင်းနီ၊ ယူပါ၊ အစ်ကို စေတနာသန့်သန့်နဲ့ ပေးတာပါ မင်းနီ၊ မင်းနီ့ကို အစ်ကို့ညီမအရင်းကလေးလို ခင်မင်မိလို့ စေတနာနဲ့ ပေးတာပါကွာ"

သူဟာ မျက်တောင်ကော့ကြီးတွေကို တဖျတ်ဖျတ်ခတ်ရင်း ကြည့်တယ်၊ သူ့မျက်လုံးတွေက ပြုံးလို့၊ ဟော....... ပြုံးနေတဲ့ မျက်လုံးထဲက မျက်ရည်တွေ ကျလာပါပြီ၊ ဒါပေမယ့်လို့ အပြုံးမပျက်။

ပြန်တွေ့ပါပြီ။

ပျောက်သွားတဲ့ 'လောကရဲ့ အလှကလေး'ကို ကျွပ် ပြန်လို့ တွေ့နေပါပြီ၊ သူ့မျက်နှာရဲ့အပြုံးဟာ 'မိုနာလီဇာ'ရဲ့ ကမ္ဘာကျော် အပြုံးထက် နှလုံးအေးစေပါတယ်။ ကြည်နူးချမ်းမြေ့ရပါတယ်။

"အစ်ကို ပြန်တော့မယ် မင်းနီ"

"ဟုတ်ကဲ့"

ကျွပ်ဟာ မိုင်းမြို့င်သချိုင်းရဲ့ တပင်တိုင် မင်းသမီးကလေး

www.burmeseclassic.com

www.burmeseclassic.com



မင်းနီရဲ့ဇရပ်က ဆင်းခဲ့တယ်။ ဒါပဲ…… ဒါပဲ၊ အလှဆိုတာ ဒါ… ရွှေစင်ရှိတစ်ကိုယ်လုံး ရွှေရည်သုတ်ပြီး ရွှေသလွန်မှာ တင်ထား… တောင် မင်းနီတို့သားအမိရဲ့ အလှလောက် ဝိုပြင်လာမယ်မထင်။ … ကိုမြင်ရတာ စိတ်ချမ်းမြေ့ရပါဘိ။ ရင်ဝယ် နွေးရပါဘိ။

သို့ပေမယ့်လို့ ကျုပ်ဘဝက အကျည်းတန်နေပါပြီ။ ရှ… စရာ ကောင်းနေပါပြီ။ အရှုမကလေး မင်းနီလောက်မှ ကျုပ် သ… မရှိတော့ပါကလား။

ကျုပ်ကတော့ လူသတ်မှုတစ်ခုမှာ သတ္တိရှိရှိ ရင်မဆိုင်ရဲ… ထွက်ပြေးလာတယ်။ မိန်းမလှလေးတစ်ယောက်ရဲ့ မာယာတော… မိန်းမူးနေတယ်။ တွေဝေနေတယ်။ ပြီးတော့ ငွေ…… ငွေ။

တစ်သိန်း။ တစ်သောင်း။ ငါးထောင်တိတိရမယ့် ငွေ။

သည်ငွေကို ကျုပ်အသည်းနှလုံးက မမက်မောပေမယ့် ဦး… နောက်က လက်ခံချင်နေပြီ။ သူတို့တစ်တွေဟာ ကျုပ်ရဲ့ ကျွမ်းကျ… တဲ့ပညာကို ငွေနဲ့ဆက်၊ ရမ္မက်နဲ့ဖမ်း။ ခြိမ်းခြောက်မှုနဲ့ မလှုပ်သာ… အောင်တုပ်ပြီး ဒုစရိုက်နယ်ပယ်ထဲကို ဆွဲသွင်းနေပြီ၊ အခုတော့ သ… ယာတဲ့ညနေဟာ ပြီးဆုံးသွားပါပြီ။

ဆည်းဆာပျောက်လို့ အမှောင်ရောက်လာပြီကပဲ။

ကျုပ်ဟာ အမှောင်ထဲမှာ လျှောက်ခဲ့တယ်။ မိုင်းမြို့ငြိ… လယ်က လောကဓိမာန်ဘားထဲရောက်တော့ ညခုနစ်နာရီ၊ လူတွေ… ကလည်း စည်ပါရဲ့။ ကျုပ်ဟာ ချောင်ကျကျစားပွဲတစ်လုံးမှာ မြ… ကွင်းကျယ်ကို မျက်နှာမူပြီး ထိုင်လိုက်တယ်။ ပြီးတော့ ရမ်တစ်ပို့… နဲ့ ဝက်အူချောင်းကြော် တစ်ပန်းကန် မှာလိုက်ပြီး အေးအေးဆေး… ဆေး ဦးနှောက်ဆေးနေလိုက်ပါတယ်။

ရမ်တစ်မြို့၊ အမြည်းတစ်ကိုက်နဲ့ စီးကရက်တစ်ရှိုက် ရှူ… တယ်ဆိုရင်ပဲ ဆူညံနေတဲ့ စကားပြောသံတွေထဲက စိတ်ဝင်စားစရာ…



…စကားအချို့ကို ကြားလိုက်မိရဲ့။

“သိန်းနှစ်ဆယ်ဖိုးလောက် ရှိမယ်၊ အင်း…… ဒါတွေသာ …ရလိုက်ရင်တော့ တစ်သက်လုံး မတောင့်မတ မကြောင့်မကြ နေနိုင် …ပေါ့ကွာ”

“ရဖို့လဲ မလွယ်ပါဘူးကွာ၊ ငါ့အထင်ပြောရရင် သိကြား …င်းကြီး နကင်းကြီးနဲ့ ဆင်းလာတောင် ဖြတ်လုဖို့ လွယ်မှာမဟုတ် …ဘူး”

သူတို့အသံက မကျယ်လှပေမယ့် ကျုပ်ကတော့ ပီပီသသ …ကြားရပါတယ်။ အင်း…… စိတ်ဝင်စားစရာပဲ။ ကျုပ် ရမ်ကို တစ် …ချိုက်မျှိုလိုက်သလို သူတို့စကားလည်း ခေတ္တပြတ်သွားတယ်။

“မင်း စဉ်းစားကြည့်လေကွာ၊ မြရတနာကုမ္ပဏီဟာ ရဲ့ဌာန …နဲ့ ကိုက်သုံးရာတောင် မဝေးဘူး။ ပြီးတော့ ကုမ္ပဏီရှေ့မှာ လက် …နက်ကိုင်အစောင့်ရှိတယ်။ ပစ္စည်းတွေ ရွှေ့ပြောင်းတဲ့အခါမှာ လုံခြုံ …ရေးအစီအစဉ်တွေ လစ်ကွက်ဟာကွက်မရှိအောင် ချထားတယ်”

“အေးလေ…… ဒါကြောင့်၊ အင်း…… ငါတို့ ကုမ္ပဏီနဲ့ …များ ကွာပါ့ကွာ၊ ငါတော့ တို့ကုမ္ပဏီကထွက်ပြီး မြရတနာမှာတောင် သွားလုပ်ချင်တယ်”

“တော်စမ်းပါ သိန်းသန်းရာ၊ တော်ကြာ မျောက်သစ်ကိုင်း လွတ် ဖြစ်နေဦးမယ်။ တို့မိုင်းလဲ ကံထလို့ ကြီးပွားလာရင် မြရတနာ လို ဖြစ်လာမှာပေါ့”

“ဟေ့ကောင်တွေ၊ မင်းတို့ရဲ့ မစားရဝခမန်း စကားတွေကို ဘေးချိတ်ပြီး မျိုလိုက်ကြဦး။ ကဲ….. တင်ငွေ၊ ဒီတစ်ခါ မင်းအလှည့်၊ တစ်ပိုင်းထပ်မှာကွာ”

သည်ကောင်တွေ ရတနာမိုင်းက ဖြစ်ပုံရတယ်။

မိုင်းမြို့ငြိမှာ သတ္တုမိုင်းတွေ၊ ရတနာတွင်းတွေက အများ

www.burmeseclassic.com

www.burmeseclassic.com



သား မဟုတ်လား။ အင်း...... မြရတနာ...... မြရတနာ၊ သိန်း...
ဆယ်။

ကျုပ်ဟာ ရမ်ကို လက်စသတ်ပြီး ဆိုင်ထဲက ထွက်ခဲ့တယ်... ရှိဝေတဲ့ အယ်လ်ကိုဟောရဲ့တန်ခိုးကြောင့် လူက ပေါ့ပါးလာသ... ပဲ။ မိုင်းမြို့အစွန်က ကျုပ်တို့ရဲ့ တိုက်အိမ်ကြီးကို ပြန်ရောက်ဖေ... ကမ္ဘာပျက်နေကြတာကို တွေ့လိုက်ရရဲ့။

ယက္ခ၊ ရွှေစင်ရှိန့် ဝမ်းမောင်တို့ပေါ့။ သူတို့ဟာ ကျ... မပြောမဆို တိုက်ကြီးထဲက လစ်ထွက်သွားတာကို ကျေနပ်ဖေ... မဟုတ်ကြဘူးလေ။ လူပဲဗျာ ဒါလောက် အချုပ်အနှောင်ခံနေရတာ ကြ... တော့လဲ ဘယ်နေချင်တော့ပါမလဲ။

"ခင်ဗျား ဘယ်ထွက်သွားတာလဲ ကိုဘခက်"

ယက္ခရဲ့မျက်လုံးဟာ မီးဝင်းဝင်းတောက်နေတယ်။

"မြို့ထဲ"

ကျုပ်က အေးအေးဆေးဆေးဖြေပြီး စီးကရက်တစ်လိ... ကို နှုတ်ခမ်းမှာ တေ့ပြီး ရိုဟာမီးခြစ်ကို ခြစ်လိုက်တယ်။

"မြို့ထဲကို ခင်ဗျားက ဘာကိစ္စနဲ့ သွားရတာလဲ"

ဒါက ဝမ်းမောင်ရဲ့အမေး။

"အရက်သွားသောက်တာပါ"

"အရက်တွေ ဒီမှာ ရှိသားပဲ"

"အား...... ဟုတ်တာပေါ့"

ကျုပ်က စီးကရက်ကို မီးညှိပြီး အားရပါးရ ရှိုက်ဖွာလိုက်တယ်။ ကျုပ် ပါးစပ်ထဲက မှုတ်ထုတ်လိုက်တဲ့ မီးခိုးလုံးဟာ ဝမ်းမောင်မျက်နှာကို ဖုံးအုပ်သွားတယ်ဆိုရင်ပဲ သည်အကောင် ယမ်းဆုံ မီးကျပြီ။

"ခင်ဗျားကို ဒီက ဘယ်မှမထွက်ရဘူးလို့ ကျုပ်တို့ ပြော...



ထားလျက်နဲ့ လစ်သွားတာ ဘာသဘောလဲ ဘခက်၊ ရဲကို သတင်းသွားပေးတာ မဟုတ်လား"

ဝမ်းမောင်က အော်တယ်။

ယက္ခနဲ့ရွှေစင်ရှိန်က မျက်တောင်မခတ် စိုက်ကြည့်နေတယ်။

ကျုပ် ညာဘက်လက်ဝါးဖောင်းဟာ ဝှီးခနဲ အော်မြည်သွားပြီး ဝမ်းမောင်ရဲ့ ဘယ်ဘက်နားထင်ကို ခုတ်ခနဲ သွားထိတယ်။ ရှူး တိုဆိုတာ အဲဒါပဲ။ ဝမ်းမောင်ဟာ လူ့ဘဝက ဖွဲ့အိတ်ဘဝကို ချက်ချင်း ရောက်ရှိသွားလေရဲ့။

"ဟော့ကောင် ဘခက်"

သူ့လက်ထဲ သေနတ်တစ်လက်။

"သိပ်လဲ ဒေါသမကြီးပါနဲ့ ကိုယက္ခ၊ ကျုပ်ကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ ဒီကောင့်ကို ပညာပေးလိုက်တာပါ။ ကဲ...... မရွှေစင်ရှိ၊ အမိ အစ်ကိုကို ရေတစ်ပုံးလောက် ချိုးပေးလိုက်ပါ။ သတိရလာပါလိမ့်မယ်"

ကျုပ်ဟာ သူတို့ကို ကျောပေးပြီး အပေါ်ထပ်ကို အေးအေးဆေးဆေး တစ်လှမ်းချင်း တက်ခဲ့ပါတယ်။ သူ့လက်ထဲမှာ သေနတ်တစ်လက်။ ဒါပေမယ့် ကျည်ဆန်တော့ ထွက်မလာခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

စားပွဲပေါ်မှာ မြေပုံကြီးတစ်ချပ်။

နိုင်ငံမြို့ပြရဲ့ အနေအထားကို အသေးစိတ်ရေးဆွဲထား တဲ့ မြေပုံပေါ့။ ဘယ်အထိ တိကျမှုရှိသလဲဆိုရင် ဓာတ်တိုင်၊ ကွမ်းယာဆိုင်၊ လမ်းချိုးလမ်းကွေ့ကလေးတွေကအစ ပါလေရဲ့။

စားပွဲဝိုင်းကြီးရဲ့ ဘေးမှာတော့ လူ သိပ်များများစားစား မရှိလှပါဘူး။ ကျုပ်ရယ်၊ ယက္ခရယ်၊ ဟိုမောင်နှမရယ်ပေါ့။ ဝမ်းမောင်မျက်နှာမှာတော့ ကျုပ်ကို ကမ္ဘာမကျေတဲ့ အမူအရာတွေ ထင်ဟပ်လို့နေတယ်။

"ကဲ…… ကျုပ် စကားစပြောတော့မယ်။ ကျုပ်တို့ဟာ လွန်ခဲ့တဲ့ လပေါင်း အတော်ကြာကြာကတည်းက အကြံအစည်ကြီးတစ်ခုကို စတင် အကောင်အထည်ဖော်ခဲ့ကြတယ်။ အခုတော့ အဲဒီ အကြံအစည်ရဲ့နောက်ဆုံးအဆင့်ကို ဆောင်ရွက်ဖို့အားလုံး အဆင်သင့်ဖြစ်နေပါပြီ"



ယက္ခအသံဟာ အေးစေ့းတည်ငြိမ်သလို တက်ကြွမှုအပြည့်အဝရှိနေပါတယ်။

"အဲဒီ အကြံအစည်ကတော့ မြရတနာကုမ္ပဏီပိုင် သိန်းပေါင်းများစွာတန်တဲ့ ကျောက်မျက်ရတနာတွေကို ပိုင်ရှိ အပိုင်စီးဖို့ပါပဲ"

ကျုပ်ဟာ သက်ပြင်းကို မသိမသာ ချလိုက်မိတယ်။

ယက္ခက ကျုပ်တို့သုံးယောက်ရဲ့မျက်နှာကို စူးစမ်းသလို ကြည့်လိုက်ပြီး ဆက်ပြောတယ်။

"ဒါပေမယ့် ကျုပ်တို့ဟာ အလုပ်တစ်ခုကို ဟောဟောဒိုင်းဒိုင်း ဘယ်တော့မှ မလုပ်ခဲ့ဘူး။ မြရတနာကို အချိန်ယူပြီး လေ့လာတယ်။ စုံစမ်းတယ်။ သူတို့ရဲ့ အလေ့အထနဲ့ လုပ်ဆောင်ချက်တွေကို စေ့စေ့စပ်စပ် သုံးသပ်ပြီး ဒီအစီအစဉ်ကြီးကို အကောင်အထည်ဖော်ခဲ့တာဖြစ်တယ်။ ဒါကြောင့်မို့ ကျုပ်တို့ရဲ့ အစီအစဉ်ဟာ ဘယ်လိုနည်းနဲ့မှ တိမ်းချော်လွဲမှားစရာ မရှိပါဘူး"

သူက သိန်းပေါင်းများစွာတန်တဲ့ ရတနာတွေကို သူ့အိတ်ထဲ သပိတ်ဝင်အိတ်ဝင် ရောက်နေတဲ့ ဟန်ပန်မျိုးနဲ့ ဆိုတယ်။ ရွှေစင်ရှိန်နဲ့ဝမ်းမောင်ရဲ့ မျက်လုံးတွေက အရောင်တလက်လက် ထွက်လာကြရဲ့။

"မြရတနာကုမ္ပဏီဟာ ခြောက်လတစ်ကြိမ် တူးဖော်ရရှိတဲ့ ရတနာတွေကို တခြားကိုပို့တယ်။ ပို့တဲ့အချိန်မှာ ကုမ္ပဏီအနေနဲ့ တင်းကျပ်တဲ့လုံခြုံရေးအစီအစဉ်တွေ လုပ်ထားသလို ရဲကားတစ်စီးကလဲ ဒီကနေ သီတဂူအထိ လိုက်ပြီး စောင့်ရှောက်ပေးတယ်"

သူက ဆက်ပြောတယ်။

"သီတဂူကို ရောက်သွားရင်တော့ လုပ်ဖို့ မလွယ်တော့ဘူး။ အဲဒီတော့ ကျုပ်တို့က မြရတနာကုမ္ပဏီကအထွက်မှာ အပိုင်စီးပြီး

www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင်သာလမ်းကနေ သူတို့မလိုက်နိုင်တဲ့ နေရာအထိ ပြေးမယ်၊ အစီအစဉ်ရဲ့ အကြမ်းသဘောကတော့ ဒါပါပဲ။ ကဲ...... ဘယ်လို သဘောရကြသလဲ"

ဝမ်းမောင်က အငမ်းမရဆိုတယ်။

"အင်မတန်ကောင်းတဲ့ အစီအစဉ်ပါပဲ၊ ကျုပ် သဘောတူပါတယ်"

"ရှိကတော့...... အဲ...... သဘောတူပါတယ်"

ရွှေစင်ရှိက ခပ်ဆိုင်းဆိုင်းပြောသလို ကျုပ်ကိုလည်း ကြည့်လို့။

"ကိုတခက်ကကော"

ယက္ခက ကျုပ်ကို မေးတယ်။

"ဆက်လုပ်ပါ ကိုယက္ခ၊ အခုနေမှ ကျုပ် သဘောမတူပါဘူးဆိုလဲ ခင်ဗျားတို့က နောက်ဆုတ်တော့မှာမှ မဟုတ်တဲ့"

"ကောင်းပြီလေ၊ ဒါပေမယ့် တစ်ခုသိထားဖို့ကတော့ ဒီအစီအစဉ်ကြီးဟာ ကျုပ်တို့သုံးယောက်တည်း လုပ်နေတာ မဟုတ်ဘူး။ လူအတော်များများ ပါဝင်ပတ်သက်နေတယ်၊ တစ်ဦးဦးက ချွတ်ယွင်းလို့ဖြစ်စေ၊ တစ်ယောက်ယောက်က နှောင့်နှေးလို့ဖြစ်စေ အားလုံး ကမောက်ကမတွေ ဖြစ်ကုန်မယ်ဆိုတာပဲ၊ ဟောဒီမှာ မိုင်းမြို့ပြင်မြေပုံ၊ ဒါက မြရတနာကုမ္ပဏီ၊ ဟောဒါက ရဲဌာန၊ ရဲဌာနနဲ့ မြရတနာကုမ္ပဏီဟာ ကိုက်သုံးရာပဲဝေးတယ်။ ရဲဌာနထဲမှာ လင့်ရိုဗာနှစ်စီးရှိတယ်"

ယက္ခဟာ မြေပုံကို ခဲတံအနီနဲ့ ထောက်ပြရင်း ကျုပ်တို့ လုပ်ဆောင်ရမယ့်အလုပ်ကို အချိန်၊ နာရီ၊ မိနစ်၊ စက္ကန့်ကအစ အသေးစိတ် ညွှန်ကြားပြသခဲ့တယ်။

အင်း...... တစ်နာရီနီးပါး ရှင်းလင်းပြောပြလိုက်ရင်ပဲ



ကျုပ်တို့အားလုံးဟာ ကိုယ်လုပ်ရမယ့်တာဝန်ကို ခေါင်းထဲမှာ အလွတ်ရသွားပြီပေါ့။

တစ်ခုတော့ အံ့ဩမိရဲ့။ ယက္ခရဲ့ရုပ်ဟာ ဉာဏ်သမားပုံ ပေါက်လှဘူး။ သည်အစီအစဉ်ကြီးကို တစ်နေရာက ကြိုးကိုင်ပြီး ညွှန်ကြားပေးနေတဲ့လူတစ်ယောက် ရှိရမယ်၊ ရွှေစင်ရှိပြောတဲ့ ဆရာကြီးဆိုသူပေါ့။ အဲသည်လူကြီးဟာ ဉာဏ်ကို လွှာပြီး သုံးတတ်ဝဲ့ ဖြစ်ရမယ်ဆိုတာ ကျုပ် အသေအချာ ပြောရဲတယ်။

ကြည့်...... သည်အစီအစဉ်မှာ ပါဝင်ပတ်သက်နေတဲ့ လူချို့ဟာ သူတို့ဟာသူတို့ ဘယ်ကဏ္ဍက ပါတယ်ဆိုတာ သိကြမှာ မဟုတ်ဘူး။ အဲသည်လောက်အထိ သူတို့ဘက်က ပိပိရိရိရှိတယ်။

အခုတော့ ကျုပ်ဘဝဟာ ပဒိုင်းသီးကြီးကြီးကို ကိုင်ထားမိတဲ့ဘဝ ဆိုပါစို့။ ဆုပ်လဲစူး၊ စားလဲရူး၊ မထူးတော့တဲ့ အတူတူ သွားပုံမနေတော့ဘူး။ မီးစင်မကြည့်ဘဲ က,တော့မယ်ပေါ့။

"ကဲ...... အားလုံးနားလည်သဘောပေါက်တယ်ဆိုရင် နက်ဖြန်မှာ ဒီအစီအစဉ်အတိုင်း အတိအကျလုပ်ကြမယ်၊ ကျုပ်တစ်ခုတော့ ကြိုပြောထားနှင့်မယ်။ တကယ်လို့ ကျုပ်တို့အထဲက သစ္စာဖောက်မယ်၊ ကိုးရိုးကားယားလုပ်မယ်ဆိုရင်တော့......"

ယက္ခဟာ သူ့ရင်ဘတ်ကြားထဲက သေနတ်ကို ဆွဲထုတ်လိုက်တယ်။ လူဂါအော်တိုမစ်တစ်ပေါ့။

"ကျုပ်ဟာ လူတစ်ယောက်အသက်ကို သတ်ရဖို့ ဘယ်တော့မှ ဝန်မလေးခဲ့ဘူးဆိုတာ အားလုံးသိထားကြ၊ ဒါပဲ"

ကျုပ် ကျောထဲမှာ စိမ့်သွားတယ်။

ဒါပေမယ့် ယက္ခကိုကြောက်မိသလားလို့ ကိုယ့်ကိုယ်ကို ပြန်ကြည့်မိရဲ့။ ယက္ခကို မကြောက်ပါဘူး။ ကျည်ဆန်တို့ ကြောက်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။

"ကဲ...... ဘာမေးစရာရှိသေးလဲ"

"မရှိပါဘူး ကိုယက္ခ"

"ဒါဖြင့် ကျုပ်နဲ့ဝမ်းမောင်က မြို့ထဲသွားပြီး နောက် အခြေအနေကို လေ့လာမယ်။ ကိုဘခက်နဲ့ ရွှေစင်ရှီက ကားကို လိုလေသေးမရှိအောင် စစ်ဆေးထားပါ"

ယက္ခနဲ့ဝမ်းမောင်ဟာ တိုက်ကြီးပေါ်က ဆင်းသွားကြ ရဲ့။

အင်း...... ယခုတော့ ကျုပ်နဲ့ရှီ။

နှစ်ယောက်ချင်း မတွေ့ရတာလည်း ကြာခဲ့ပြီ။

"ရှီ"

"ရှင်"

ကျုပ်က ခေါ်လို့ သူကထူးတယ်။ ကျုပ်အကြည့်ဟာ မျက်လုံးထဲကတဆင့် နှလုံးသားတိုင်အောင် ဖောက်ထွင်းသွား တယ်။ အင်း...... လှပါပေ့၊ ကြွပါပေ့။ သို့ပေမယ့်လို့ ရှီဟာ ဟောက်မ။

"ရှစ်တယ်လို့ ပြောပါဦးလား ကိုရယ်"

ရှီက ဆိုတယ်။

"ရှစ်တယ်လို့မပြောခင် ရှီ ပါးစပ်ဟထားစမ်း...... ရှီ"

"ဟင်...... ကိုကလဲ၊ ကတ်သီးကတ်သတ်"

"ဟစမ်းပါ ရှီ"

"ကဲ"

"အင်း...... မယုံနိုင်စရာပဲ ရှီရေ"

"အို...... ကိုကလဲ ကြောင်တောင်တောင်နဲ့။ ဘာမှ မသိဘူး"



"ဟုတ်ပြီ...... ရှီ ရှီ့ပါးစပ်ထဲမှာ လျှာတစ်ခုပဲ ကိုယ်တွေ့ ရတယ်။ ဒါပေမယ့် ကိုယ်ကြားဖူးတာကတော့ မြွေဟောက်ဟာ လျှာနှစ်ခွနဲ့တဲ့"

"အို...... အစ်ကို"

ရှီ့မျက်နှာဟာ ငိုမဲ့မဲ့ဖြစ်သွားလေရဲ့။

ကျုပ် ဘာမှ ဆက်မပြောတော့ပါဘူး။ ဒါလောက်ဆိုရင် ဘာယက်ရှင်ဖြစ်တဲ့ ရှီတစ်ယောက် သိလောက်ပါပြီ။

ကျုပ်ဟာ တိုက်ကြီးပေါ်က ရင်နာနာနဲ့ဆင်းခဲ့တယ်။

ကားဂိုဒေါင်ကြီးရဲ့ တံခါးဝရောက်တော့ ရှီ့အသံကို ကြား ရလေရဲ့။ သူ ကျုပ်နောက်က အပြေးကလေး လိုက်လာတာပေါ့။

"ကို...... ကို၊ ရှီ ရှင်းပြပါရစေဦး"

ကျုပ်ဟာ ကားဂိုဒေါင်တံခါးကို ဒုန်းခနဲ ဆွဲပိတ်လို့ အတွင်း က ကန့်လန့်ထိုးလိုက်တယ်။ ဒါပေမယ့် တံခါးကို ထုရိုက်ရင်း အော် နေတဲ့ အသံကို အတွင်းက ကြားနေရရဲ့။

"ကို..... ဖွင့်ပါဦး..... ကို၊ ရှီ ရှင်းပြပါရစေဦး။ ရှီ..... ကိုကို တကယ်ချစ်တာပါ၊ ရှီ့နှလုံးသားထဲက ချစ်တာပါ။ ဒါပေမယ့်....."

ရွှေစင်ရှီဟာ တံခါးကို ထုရိုက်ရင်း အသည်းနှလုံးပေါက် မတတ် ပြောနေတယ်။ ပြောရင်းနဲ့ ရှိုက်နေတယ်။ ရှိုက်ရင်းနဲ့ ငိုနေ တယ်။

ကျုပ်ကတော့ နကမ္ပတိ။ မတုန်မလှုပ်။

ဒါပေမယ့် ရင်ထဲကတော့ လှုပ်တယ်ရှီရေ...... လှုပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

နံနက် ကိုးနာရီတိတိ။

ကျုပ်ဟာ ဟန်ဘားဟော့(စ်)ကားရတ်ကြီးကို မိုင်းမြို
မြို့စွန်မှာရှိတဲ့ ကျုပ်တို့ တိုက်အိုကြီးက စတင်မောင်းထွက်ခဲ့တယ်
ကားကြီးဟာ ဆေးရောင်တွေ ကွက်တိကွက်ကျား။ ဟိုနေရာက ပိ
ဒီနေရာက ချိုင့်နဲ့ ကျက်သရေမရှိလှပါဘူး။ ကားပေါ်မှာတော့ သက်
သတ္တဝါဖြစ်တဲ့ ဘရောင်နီပစ္စတိုတစ်လက် ပါခဲ့တယ်။ ဒီသေနတ်
ကို သူတို့တစ်တွေ မသိအောင် ဖွက်ယူခဲ့တာပေါ့။

ကျုပ်ဟာ ကားကြီးကို မိုင်းမြိုင်မြို့ထဲအထိ မောင်းသွား
တယ်။ အဲ....... မြို့လယ်ကောင်ရောက်ကရော....... သည်ကား
ဖောက်ပြီ။ ချောင်းတဟွတ်ဟွတ်ဆိုးပြီး လမ်းလယ်ကောင်မှာ ရပ်
လိုက်၊ လမ်းဘေးမှာရပ်လိုက်နဲ့ အမြင်ကတ်စရာကောင်းလိုက်ပါဘီ

"ဟေ့လူ၊ ဒါလောက် စုတ်ပြတ်သတ်နေတဲ့ကားများ မောင်း
နေရသေးလားဗျာ၊ ဘာလဲ....... မီးခြစ်ဝိုး မတတ်နိုင်လို့လား"



ယာဉ်ထိန်းရဲသားကြီးက ကျုပ်ကားကို ချီးမွမ်းထောမနာ
လိုက်သေးရဲ့။ တခြားကားတွေကတော့ ကျုပ်ကားက လမ်းပိတ်
နေပြီလားဆိုရင် မျက်စောင်းတခဲခဲ၊ တောက်တခတ်ခတ်။

ဒီလိုနဲ့ မြရတနာကုမ္ပဏီနဲ့ ကိုက်သုံးရာသာဝေးတဲ့ မိုင်း
မြိုင်ရဲစခန်းရှေ့က ကွမ်းယာဆိုင်ကလေးရှေ့မှာ ထိုးရပ်သွားတယ်။
ကွမ်းယာဆိုင်ရှင်ကတော့ ကျုပ်ကား သူ့ဆိုင်ရှေ့ ရပ်သွားတာကို
ကျက်သရေယုတ်တယ်ထင်ပြီး သိပ်မကြည်လှဘူး။

ကားကလည်း အဲဒီအထိ စုတ်ပြတ်သတ်နေတာကိုး။

"ဟေး....... အစ်ကို၊ နင့်ကားစုတ်ကြီးနော် ဒီမှာ မရပ်နဲ့
ကွာ၊ ငါ့ဆိုင်နော် လာဘ်တိတ်သွားမယ်"

ကုလားက အဲသလိုဆိုလိုက်ရင်ပဲ ဆိုင်နံဘေးမှာ ကျားထိုး
နေတဲ့ ကာလသားပေါက်စတစ်သိုက်က ဝါးခနဲ ဟားလိုက်ကြရဲ့၊
ဒါကို မိုင်းမြိုင်ရဲစခန်းရှေ့မှာ ရပ်ထားတဲ့ လင့်ရိုဗာကားပေါ်က ဒရိုင်
ဘာက ပြုံးစိစိနဲ့ကြည့်လို့၊ ကျုပ်က စက်ဖုံးကိုဖွင့်ပြီး ဟိုနှိုက်ဒီနှိုက်
နှိုက်ရင်း နာရီကို ကြည့်လိုက်မိရဲ့။

ကိုးနာရီ ဆယ့်ငါးမိနစ်။

"ဟေး....... ကောင်"

"ဘာလဲအစ်ကို"

"ငါ့ကားကို စက်နှိုးအောင် ဝိုင်းတွန်းပေးမလား။ ငွေ
တစ်ဆယ်ပေးမယ်"

ငွေတစ်ဆယ်ဆိုတဲ့ အသံကို ဆိုင်ဘေးက ကျားထိုးနေ
တဲ့ ချာတိတ်အုပ်စုကလည်း ကြားသွားဟုံပဲ။ ကုလားက ချာတိတ်
တွေကို ပြောလိုက်တယ်။

"ဟေ့ကောင်ကလေးတွေ၊ ဝိုင်းတွန်းကြပါလားကွ၊ ငွေ
တစ်ဆယ်ဆို မနည်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်အုပ်စုဟာ ဝမ်းသာအားရ ထလာတယ်။

"တကယ်ပေးမှာလားဗျ"

"ဟ……တကယ်ပေါ့၊ ကဲ……ကဲ ရော့ကွာ၊ ယူထ

"စက်နှိုးအောင်လဲ တွန်းကြပေါ့……"

သူတို့အားလုံး ခြောက်ယောက်လောက်ရှိတယ်။ အ
က ဆယ့်လေး၊ ဆယ့်ငါး၊ ဆယ့်ခြောက်လောက်။

"ကဲ…… တွန်းပေါ့"

ကားဘီးဟာ လိမ့်စပြုလာပြီ။

ကျုပ်က မြရတနာကုမ္ပဏီရှေ့ကို ကြည့်လိုက်တယ်။
မှာ ဖင်မလီယာကားတစ်စီး ရပ်ထားတယ်။ အဲဒီကားဟာ ရတ
တွေကို သယ်သွားမယ့်ကားပဲ။ အဲ…… အပေါက်ဝမှာ လက်
ကိုင်အစောင့်တစ်ယောက် ရှိနေလေရဲ့။ ဒီကောင်ဟာ လက်ရွေး
သေနတ်သမားတစ်ယောက်ဖြစ်ပြီး သူကိုင်တဲ့ သေနတ်က ဒသ
သုံးရာသုံး စပရင်ဖီးရိုင်ဖယ်။

"နှိုးတော့…… နှိုးတော့၊ အရှိန်ရလာပြီ"

ချာတိတ်တွေက အော်တယ်။ ကျုပ်က ကလပ်ချ်ကို ဆော
လွှတ်လိုက်တယ်။ သို့ပေမယ့် ကားကြီးဟာ တဝ္ဝီဝီမြည်ပြီး ရပ်သွ
လေရဲ့။

"ကဲ…… တွန်းကြဦးပေါ့၊ ဒီတစ်ခါ နှိုးပါပြီကွာ"

ချာတိတ်တစ်သိုက်ဟာ အားစိုက်လို့ တွန်းကြပြန်တယ်

ကျုပ်ရဲ့ ကားစုတ်ကြီးနဲ့ ဝိုင်းတွန်းနေကြတဲ့ ချာတိတ်တ
သိုက်ကို လမ်းပေါ်ကလူတွေက ပြုံးစိစိကြည့်လို့။

ဒီလိုနဲ့ ကားစုတ်ကြီးဟာ မြရတနာကုမ္ပဏီရှေ့က ရပ်ထာ
တဲ့ ကားကလေးရှေ့မှာ ကန့်လန့်ဖြတ်ပိတ်လျက် ရပ်သွားတယ်။

"တော်ပြီဗျာ…… မောလှပြီ၊ ခင်ဗျား ကားစုတ်ကြီးက ထ



တ်လုံး နှိုးမှာမဟုတ်ဘူး။ မီးသာရှို့ပစ်လိုက်တော့"

ချာတိတ်တွေဟာ ပြောပြောဆိုဆို လစ်သွားကြတယ်။

အဲသည်အချိန်မှာပဲ မြရတနာကုမ္ပဏီတံခါးဝက ကိုယ်
တ်ချောက ရိုင်ဖယ်ကိုလွယ်ပြီး ကျုပ်ကားဆီကို လျှောက်လာ
ယ်။

"ဟေးလူ၊ ဒီရှေ့မှာ ကားမရပ်ရဘူးဗျ"

"ရပ်တာမှ မဟုတ်ဘဲ၊ စက်နှိုးလို့မှ မရတာ"

ကျုပ်က နာရီကိုကြည့်ရင်း ဘုတောလိုက်တယ်။

ကိုးနာရီ ဆယ့်ငါးမိနစ်။

ကျုပ်ရင်တွေ တဒိန်းဒိန်းခုန်လာတယ်။

ရှေ့တူရူက လက်ဖွဲ့အိတ်အနက်ကြီးကိုကိုင်ပြီး လျှောက်
လာတဲ့သူက ရွှေစင်ရှိ၊ ကားနောက်က ဆိုက်ကားနင်းလာတဲ့သူက
ဝ်းမောင်။

"စက်နှိုးလို့မရတာ အရေးမကြီးဘူး။ ကျုပ်တို့ကားက အခု
ထွက်မှာ၊ ကဲ…… ခင်ဗျား၊ ကျုပ်တို့နှစ်ယောက် တွန်းရွှေ့လိုက်ရ
အောင်"

"ဒီလိုဆိုလဲ ကောင်းပါလေ့ဗျား"

ကျုပ်က ကားပေါ်က ဆင်းလိုက်တယ်။

အဲသည်အချိန်မှာ ရွှေစင်ရှိက မြရတနာကုမ္ပဏီရဲ့တံခါးဝ
မှာရပ်လို့ မိတ်ကပ်ဘူးဗိုင်းကလေးကို ထုတ်ပြီး မှန်ကြည့်ရင်း မျက်
နှာကို ဟိုတို့သည်တို့ လုပ်လို့ပေါ့။

ကိုးနာရီ မိနစ်နှစ်ဆယ်။

မြရတနာကုမ္ပဏီထဲက လူသုံးယောက် ထွက်လာတယ်။
အလယ်လူရဲ့ ညာဘက်လက်ကောက်ဝတ်မှာ သံမဏိကြိုးကလေး
နဲ့တွဲပြီး သော့ခတ်ကိုင်ထားတဲ့ လက်ဆွဲအိတ်ကလေးတစ်လုံး ပါ

www.burmeseclassic.com

www.burmeseclassic.com



လာတယ်။

သူတို့သုံးယောက် နောက်က ကပ်ပါလာတာကတေ့ ယက္ခ။

စပြီ....... စပြီ။

သည်အချိန်ကစလို့ သံပတ်ပေးထားတဲ့ စက်ရုပ်ကလေး များလို သူ့တာဝန်သူ အလုပ်စကြပါပြီ။

"ကဲ....... တွန်းစို့ဗျို့"

ရှိုင်ဖယ်လွယ်ထားတဲ့ ငနဲက ကားစုတ်ကြီးကို ကုန်းပြီး အတွန်းလိုက်မှာ ကျုပ်က သားရေရှုာကင်အောက်က ရာဘာတုတ် ကို ထတ်ခနဲ ဆွဲထုတ်လိုက်ပြီး သူ့နောက်စေ့ကို ခပ်ဆဆရိုက်ချ လိုက်တယ်။ ခုတ်ခနဲအသံနဲ့အတူ သူ့မျက်နှာက မော်တော်ကားဘေး ကို သွားနမ်းရင်း ဒူးထောက်ကျသွားလေရဲ့။

ရွှေစင်ရှိုက လက်ပွေ့အိတ်ထဲက တစ်စုံတစ်ခုကိုထုတ်ပြီး တံခါးပေါက်က အတွင်းကို ပစ်သွင်းလိုက်တယ်။ အုန်းခနဲအသံနဲ့ အတူ မှိုင်းခိုးတွေ မည်းသွားတယ်။ အဲဒါက မီးခိုးဗုံး။

တစ်ချိန်တည်းမှာပဲ ဆိုက်ကားသမားဝမ်းမောင်က ဟိုသုံး ယောက်ကို အော်တိုမစ်တစ် ပစ္စတိုနဲ့ ရှေ့ချိန်လိုက်တယ်။

"မလှုပ်နဲ့၊ နည်းနည်းလှုပ်တာနဲ့ မသာပေါ်သွားမယ်"

အမယ်....... သည်ကောင်က ကြိမ်းလားဝါးလားနဲ့။

ငနဲသုံးယောက် ပါးစပ်ဟောင်းလောင်း ဟလို့မှ ပြန်မပိတ် ရခင် ယက္ခက နောက်ကနေ ရာဘာတုတ်နဲ့ ဆက်ပြီးဆော်သွား တာများ စိန်ပေဒါကြီးကို သတိရလိုက်ပါဘိ။

အဲ..... ကျုပ်က အစောင့်ငနဲကို နောက်က ရိုက်လိုက်တာ ရယ်၊ ရွှေစင်ရှိုက မီးခိုးဗုံးပစ်သွင်းလိုက်တာရယ်၊ ဝမ်းမောင်က ဟို သုံးယောက်ကို ရှေ့က သေနတ်နဲ့ ထုတ်ချိန်လိုက်တာရယ်။



အဲဒါတွေဟာ ဖယ်ဆက်သလိုပဲ။

ကျုပ် ကားတံခါးကိုဖွင့်ပြီး စတုတ်တာကို နှိပ်လိုက်တယ်။ ...နဲ နိုးသွားတယ်။ ကောင်းလိုက်တဲ့စက်၊ ဝေရတ်တောင်ထိပ် တက် ...လား။

ပထမဆုံး ကျုပ်ဘေးရောက်လာသူက ရွှေစင်ရှိုရယ်ပေါ့။ ...က္ခနဲ့ဝမ်းမောင်ကတော့ လက်မှာတွဲထားတဲ့ ရတနာအိတ်ရဲ့ သံ ...ဦးကို အသင့်ပါလာတဲ့ သံမဏိပလာရာနဲ့ ဖြတ်နေတုန်း။

အဲသည်အချိန်မှာပဲ ရဲကားဥသြသံကို စကြားရတော့တာ ...။ လူတွေကလည်း ရုတ်ရုတ်သဲသဲ ပြေးသူပြေး၊ အော်သူအော်၊ ...သဲသူလဲ၊ ကွဲသူကွဲ။

ရဲကားထွက်လာပြီ။

ဟိုနှစ်ယောက်က အခုထိ လက်ဆွဲအိတ်ကို ဖြတ်လို့မပြီး ...သေးဘူး။ သို့ပေမယ့်လို့ ရဲကားက လမ်းပေါ်မှာဖြတ်ပြေးနေတဲ့လူ ...တွေကို ရှောင်တိမ်းနေရတာနဲ့ မိုင်နှုန်းပြည့် မောင်းနိုင်ပုံမရဘူး။

"မြန်မြန်လုပ်....... မြန်မြန်လုပ်"

ရွှေစင်ရှိုက အော်လိုက်တယ်။

ရဲကားက တဖြည်းဖြည်းနီးလာပြီကပဲ။

ကိုက်နှစ်ရာ၊ တစ်ရာ့ငါးဆယ်၊ တစ်ရာ။

ဒိုင်းခနဲအသံနှင့်အတူ ကျည်တစ်တောင့်ဟာ ကျုပ်တို့ ကား ခေါင်မိုးကို ဖောက်သွားတယ်။ ခုတော့ ရောက်ကုန်ပြီ။

အဲသည်အချိန်မှာပဲ ယက္ခနဲ့ဝမ်းမောင်ဟာ လက်ဆွဲအိတ် ကို ကိုင်ပြီး ကားနောက်ခန်းကို လုံးလားထွေးလား ဒိုင်ဗင်ထိုးဝင် အလာ ကျုပ်ကလည်း လီဗာကိုဖိအနင်း ကားစုတ်ကြီးဟာ အသည် တိုရှမြင်းလို လှစ်ခနဲပြေးထွက်ခဲ့လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



နေရစ်တော့ လင့်ရှိဟာ။

ကျုပ်ရဲ့ကားစုတ်ကြီးဟာ လမ်းကွေ့အထိ မိုင်နှုန်းမြင့် မောင်းလာနိုင်ခဲ့ပြီး ကျိုးကျိုးကျဲကျဲ အော်မြည်ရင်း တစ်စီးလုံး ေ ချလိုက်တယ်။

ဖုန်တွေ တထောင်းထောင်းထရင်း ကျန်ခဲ့တယ်။

နောက်တစ်ကွေ့အထိ ပါဝါတင်ပြီး မောင်းခဲ့ပြန်ပြီ။ သည်တော့မှ ကျုပ်တို့နောက်က ကားပြာကလေး လိုက်လာတာ မြင်လိုက်ရရဲ့။ အင်း…… အပြတ်အသတ် ဖြတ်ထားနိုင်ခဲ့ပြီကဲ ဘာမှစရာလိုတော့သလဲ။

ကျုပ်ဟာ စတီယာရင်ကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ် ရင်း ဟန်ဘားဟော့(စ်) ကားကြီးကို ကလေးကစားသလို မောင်း ခဲ့တယ်။ မြို့ကမထွက်ခင်မှာတဲ့ ရဲကားကို မမြင်ရတော့ဘူး။ အဲ…… မြေပုံထဲမှာ သတ်မှတ်ထားတဲ့ လမ်းတွေကို တစ်လမ်းပြီးတစ်လမ်း ကွေ့လိုက်၊ ချိုးလိုက်မောင်းရင်း လွင်ပြင်သာဘက်ကို ထွက်တဲ့ လမ်း ကို ဦးတည်လိုက်တယ်။

တကယ်တမ်းပြောရရင် လင့်ရှိဟာအင်ဂျင်ဟာ ပါဝါမဆိုး လှပေမယ့် ကားကလည်း ဟောင်း။ စက်ကလည်း ကျနေတော့ ကျုပ်တို့ရဲ့ မာစီဒီးအင်ဂျင်တင်ထားတဲ့ ဟန်ဘားဟော့(စ်)ကို အမီ လိုက်နိုင်ပုံမရဘူးပေါ့။

အခုတော့ မြို့ကထွက်တော့မယ်။ လူတွေကလည်း ရှင်း လမ်းကလည်း ရှင်းနေပြီ။

အလို…… မြတ်စွာဘုရား။ လမ်းလယ်ကောင်မှာ လူတစ် ယောက် မတ်တတ်ရပ်လို့ပါလား။

ကျုပ်ဟာ ကားဟွန်းကို အဆက်မပြတ်နှိပ်ရင်း အရှိန်ကို လျှော့ချတယ်။



ဟယ်…… မင်နီ။

အရှုးမကလေး။ လမ်းလယ်ကောင်မှာ ကလေးကိုပွေ့လို့ ာလုပ်နေပါလိမ့်။ ကျုပ်ရင်တွေ လှုပ်ခတ်လာတယ်။ သူကလည်း ယ်ဘူး။

"တိုက်ပစ်လိုက်…… တိုက်ပစ်လိုက်၊ မရပ်နဲ့"

ယက္ခက နောက်ကနေ အော်တယ်။

ကျုပ်က ဘရိတ်ကို ဆောင့်နင်းပြီး လမ်းဘေးကို ဆွဲချ ိုက်ရဲ့။ သို့ပေမယ့် ကားနောက်မြီးနဲ့ပွတ်ပြီး ရိုက်မိသွားရှာတယ်။ အခုတော့ ကားရပ်သွားပြီ။

ကျုပ်က ကားတံခါးကို ဖွင့်ပြီး ပြေးဆင်းလိုက်တယ်။ မင် ဟာ ကလေးကိုပွေ့ရင်း ပုံပုံကလေးခွေလို့။

"ဟေ့လူ ဒါဘာလုပ်တာလဲ တက်စမ်း။ အခု ပြန်တက်ပြီး မောင်းစမ်း"

ယက္ခအသံက ကျားဟိန်းသလိုပဲ။ သူ့လက်ထဲက လျှ က ကျုပ်အသည်းနှလုံးကို ဦးတည်လို့ရယ်ပေါ့။

ကျုပ်ဟာ ယက္ခကို ကျောခိုင်းလိုက်ပြီး မင်နီ့ဘေးမှာ ဒူး ထောက်ထိုင်ချလိုက်ပါတယ်။ မင်နီဟာ သူ့သားလေးကို ပွေ့လို့ သွးအိုင်ထဲမှာ လဲနေရှာတယ်။

"မင်နီ…… မင်နီ"

သူ့မျက်လုံးကလေးဟာ ပွင့်လာတယ်။

"အစ်ကိုလေ…… အစ်ကို၊ မှတ်မိလား။ အစ်ကို မင်နီ့ကို ားနဲ့ တိုက်လိုက်မိတာ၊ အစ်ကို့ကို ခွင့်လွှတ်ပါ မင်နီ"

"မှတ်…… မှတ်မိပါတယ်၊ မင်နီ အစ်ကို့ကို ခွင့်လွှတ်ပါ တယ်။ မင်နီ့သား…… သား…… သားကလေး"

မင်နီဟာ ကျုပ်ကို ယဲ့ယဲ့ကလေး ပြုံးပြရင်း ပြောသွား

www.burmeseclassic.com

www.burmeseclassic.com



ရှာတယ်။ အဲသည်အချိန်မှာ ရဲကား ဥသြဆွဲသံသဲ့သဲ့ ကြားလာရ ပြန်တယ်။

"ဟော့....... ဘခက်၊ ဒါ နောက်ခုံးယဲ။ ကားပေါ်တက် မလာ။ အသက်အသေခံမလား"

သည်တစ်ခါတော့ သူတကယ်ပစ်တော့မယ်ဆိုတာ ကျုပ် သိလိုက်ပါပြီ။ ကျုပ်ဟာ မေ့မြောနေတဲ့ မင်နီရှင်ခွင်ထဲက ပြုံးရယ် နေတဲ့ ကလေးကို ကြည့်မိတယ်။

ကျုပ်သေလို့ မဖြစ်သေးပါကလား။

ရဲကားအသံကလည်း နီးလာပြီ၊ ကျုပ်ဟာ အံကို တစ်ချက် ကြိတ်လိုက်ရင်း ကားပေါ်ကို ပြေးတက်ခဲ့တယ်။ ကျုပ်တို့ကားကြီး ဂူခနဲ ဆောင့်ထွက်ခဲ့ချိန်မှာ ရဲကားနဲ့ ကျည်တစ်ကမ်းအကွာကို ရောက် နေပြီ။ တဒိုင်းဒိုင်းအသံနဲ့အတူ ကျည်ဆန်တွေ ပလူပျံလာတယ်။

ကျုပ်က လီဗာကို စွတ်နင်းလိုက်တယ်။

ကားကြီးဟာ လေထုကို တဟဲဟဲ ထိုးခွဲပြီး ပြေးနေပြီပေါ့။

"ရှင် ဘယ့်နှယ်လုပ်တာလဲ ကိုဘခက်"

ရွှေစင်ရှိက မကျေမနပ်ဆိုတယ်။

ကျုပ်ရင်မှာ နင့်သွားတယ်။

"လူတစ်ယောက်လုံ ကားနဲ့တိုက်မိတာ မမြင်ဘူးလား။ မင်း မှာ အသည်းနှလုံး မပါဘူးလား ရွှေစင်ရှိ"

"ဟဲ....... အရေးထဲ အသည်းနှလုံးတွေ ဘာတွေ ပြောမနေ စမ်းပါနဲ့ ဘခက်ရာ၊ အခုဟာက သေရေးရှင်ရေးကွ"

ယက္ခက ဝင်ပြောတယ်။

"ဒါပေမယ့် ကျုပ်တို့က မသေသေးပါဘူး။ ဟိုသားအမိက သေသလား။ ရှင်သလားမသိဘူး"

ကျုပ်အသံက တုန်နေတယ်။



ကျုပ်ရင်မှာ ဆို့လို့နေတယ်။

"သေတော့ကော ဘာအရေးလဲ ကိုဘခက်၊ ကျုပ်တို့ကိစ္စ လောက် ဘယ်ဟာမှ အရေးမကြီးဘူး။ ကဲ....... ရဲကားကို ပြတ် အောင် မောင်းစမ်းကွာ"

ဝမ်းမောင်က မခံချိမခံသာဟန်ဖြင့် ဝင်ပြောလေရဲ့။

"တောက်......."

ကျုပ်က တောက်တစ်ချက် ပြင်းပြင်းခေါက်ရင်း လီဗာကို အဆုံးနင်းလိုက်တယ်။ ကဲ....... ဘုရားသာ တ,ထားကြပေတော့။

ကားကြီးဟာ လွှင့်ပြင်သာကို ဦးတည်ပြီး အစွမ်းကုန် ပြေး နေပြီ။ ရဲကားဟာ တဖြည်းဖြည်းနဲ့ ဝေးကျန်ခဲ့ပြီပေါ့။

သည်လမ်းကို ရွှေစင်ရှိနဲ့ကျုပ် အတူသွားခဲ့ဖူးပြီးသားဆို တော့ သိပ်မစိမ်းတော့ပါဘူး။ အဲ....... လမ်းပြောင်ကနေ ပထမဆုံး ကွေ့တစ်ခုကို ရောက်တဲ့အခါ ကျုပ်က ကားကို တအားဆွဲကွေ့ ပစ်လိုက်တယ်။

"အမယ်လေး......."

ရွှေစင်ရှိရဲ့အော်သံနဲ့အတူ ကားဟာ ဘီးနှစ်ဘီး ကြွပြီး မှောက်တော့မတတ် ဖြစ်သွားတယ်။

"ဒါ သဘောလောက်ရှိသေးတယ်နော်၊ ရှေ့မှာ မောင်နှံ နှစ်ဖော်ကွေ့ဆိုတာ ရှိသေးတယ်။ ကိုင်သာ ထားကြပေတော့"

သူတို့ မျက်လုံးပြူးကျန်ပြီ။

"ကို....... ဘခက် သိပ်မမောင်းနဲ့ဦးလေ၊ တော်ကြာ မှောက် သွားဦးမယ်"

"ဘာလဲ....... သေရမှာ ဒါလောက်ကြောက်နေသလား"

ကျုပ်က မေးလိုက်တယ်။

တစ်ခါတုန်းက သည်လမ်းမှာ ရှိပြောခဲ့ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနဲ့သာဆိုရင် ဘယ်ဘဝရောက်ရောက် လိုက်ရဲပါတယ်" တဲ့။

သည်စကားကလေးကို မမေ့သေးဘူးနဲ့ တူပါတယ်။

ရွှေစင်ရှိရဲ့မျက်နှာလေးဟာ ညှိုးသွားတယ်။

ကျုပ်ဟာ အံကိုကြိတ်ထားမိတယ်။ သားငယ်ကလေးကို ရင်မှာပွေ့ပြီး သွေးအိုင်ထဲမှာ လဲနေတဲ့ မင်နီရဲ့မျက်နှာဝိုင်းဝိုင်းကလေးကို မျက်လုံးထဲက ဖျောက်လို့မရတော့ဘူး။

"ကိုဘခက်....... ရှေ့မှာ....... ရှေ့မှာ၊ အမယ်လေး"

ရွှေစင်ရှိရဲ့အော်သံနဲ့အတူ မောင်နံ့ခုနစ်ဖော်ကွေ့ဟာ မိုးပေါ်က ကျလာတယ်။ ကဲ....... လာလေရော့။

ကျုပ်လက်တွေ၊ ခြေထောက်တွေဟာ စက်ရုပ်လို လှုပ်ရှားသွားကြတယ်။

ဟန်ဘားဟော့(စ်)ကားကြီးဟာ ဘယ်လူညာလှိမ့်နဲ့ အက်စ်တန်းကို ကျိုးကျိုးကျွံကျွံပြည်ရင်း ဖြတ်လာတယ်။ ဒါပေမယ့် နောက်ဆုံးကွေ့အဆုံးမှာ ဝိုင်းကြီးပတ်ချာလည်ရင်း စက်ရပ်သွားလေရဲ့။

ခေါင်းက မိုင်းမြိုင်၊ ဖင်က လွင်ပြင်သာ။

ကျုပ်က ဝူးခနဲ စက်ပြန်နှိုးပြီး ကားကို နောက်ပြန်ဆုတ်လို့ လွင်ပြင်သာကို ပြန်လည်ဦးတည်ပြီး မောင်းလိုက်တယ်။

"အင်း....... ခင်ဗျား ကားမောင်း ကျွင်လည်တယ်ဆိုတာ ယုံပြီ ကိုဘခက်၊ ဒီအတိုင်းဆိုရင် လွင်ပြင်သာကို ဖြတ်လိုက်ကာနဲ့ ကျုပ်တို့နောက်ကို ဂျက်လေယာဉ်နဲ့လိုက်တောင် မီတော့မှာ မဟုတ်ဘူး"

သူတို့ပြောတာ မှန်ပါတယ်။

လွင်ပြင်သာတောစပ်ရောက်တဲ့အထိ ကျုပ်တို့နောက်ကို လိုက်လာတဲ့ လင့်ရှိုဟာရဲ့အရိပ်အယောင်ကိုတောင် မမြင်ရသေးဘူး။



ကျုပ်က ကားကို လမ်းမပေါ်က ချိုးကွေ့လိုက်တယ်။

အခုတော့ ကျုပ်ကိုယ်တိုင် ဆယ်ရက်လုံးလုံး မနေမနား မြှုပ်တီထွင်ခဲ့တဲ့ ဟန်ဘားဟော့(စ်) ကားစုတ်ကြီးဟာ လွင်ပြင်သာ ခယောင်းတောကို တင့်ကားတစ်စီးလို ဖြတ်သန်းနေပါပြီ။

ကျင်းတွေ၊ ချိုင့်တွေ၊ တောင်စောင်းတွေ၊ ကမူတွေကို သည်းထိတ်ရင်ဖို ဖြတ်ခဲ့ပြီးတဲ့နောက် ရွှေစင်ရှိနဲ့ကျုပ် အသည်းချင်းထပ်ခဲ့တဲ့ နန်းကျချောင်းကို ရောက်လာပါပြီ။

"ကဲ....... သေသေချာချာသာ ကိုင်ထားကြပေတော့"

ကျုပ်က ကားအင်ဂျင်ကို စက်ကုန်ဖွင့်လိုက်ပြီး ချောင်းရိုးကို ဦးတိုက်လို့ မောင်းချလိုက်တယ်။

ရွှေစင်ရှိ မျက်လုံးပြူးနေပြီ။

ယက္ခနဲ့ဝမ်းမောင်က ခုံတွေကို တင်းတင်းကျပ်ကျပ် ကိုင်လို့။

ကားကြီးဟာ တဟဲဟဲအော်မြည်ရင်း အရှိန်ရလာလေရဲ့။ ကဲ....... ကွာ။

'ဝုန်း'ခနဲ အသံနဲ့အတူ ကားနောက်ဘီးအောက်က မြေနိုင်မြေခဲတွေ ပွဲကျသွားသလို ရင်ထဲမှာ အေးခနဲ ဖြစ်သွားတယ်။

အခုတော့ ဟိုဘက်ကမ်းရောက်ပြီ။

အင်း....... ဟန်ဘားဟော့(စ်)ဟာ မျောက်တစ်ကောင်လိုလည်း ခုန်နိုင်သေးသပ။ အခုတော့ အားလုံးသက်ပြင်းချနိုင်ပါပြီ။ ရွှေစင်ရှိတစ်ယောက်သာ ရင်မြှာတွေ လှိုင်းထနေတုန်း။

"လေးသုံးချောင်း ကျိုးသွားတယ်"

ကျုပ်က ကားအောက်ကိုဆင်းပြီး စစ်ဆေးရင်း ပြောလိုက်တယ်။

"ဆက်မောင်းလို့ ရပါဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"ရတာပေါ့.......သိပ်ရတာပေါ့"

"ဒါဖြင့်လဲ မောင်းလေဗျာ၊ ဒါ ပျော်ပွဲစားထွက်လာတာ မဟုတ်ဘဲ"

"အင်းပေါ့.......ဟုတ်တာပေါ့"

ကျုပ်ဟာ ဟန်းဘားပော့(စ်)ကားကြီးကို ဆက်ပြီး မော ခဲ့ပါတယ်။ ခယောင်းတောဟာ ကားဘီးတွေရဲ့အောက်မှာ အ အလိမ့် ကျန်ခဲ့သလို ဟိုရှေ့မှာ 'မဟာရာကမ်းပါး'။

"အင်း...... ခင်ဗျား ဒီလောက်မောင်းနိုင်တာ အံ့ဩ တောင် ကောင်းတယ်။ ကျုပ်တို့ မဟာရာကမ်းပါးမှာ တစ်ရေးထ မောအိပ်နေတောင် ဒီကောင်တွေ လိုက်လို့မီမှာ မဟုတ်ဘူး"

"ဒါကြောင့် ရှိ ပြောတယ်မဟုတ်လား ကိုယက္ခ၊ ကိုတခေ ကလွဲပြီး ဒီလမ်းကို မောင်းနိုင်တဲ့သူ မရှိဘူးဆိုတာလေ၊ အခု ရှိ လွတ်လွတ်ကျွတ်ကျွတ် သွားနိုင်ပါပြီ"

"အင်း.......ဒရိုင်ဘာခ တစ်သိန်းဆိုတာ အစကတော့ မျာ တယ်လို့ ကျုပ် ထင်ခဲ့မိပါတယ်။ အခုတော့ မများတဲ့အပြင် နည်း များ နည်းနေသေးသလားလို့"

ယက္ခရဲ့စကားကို ရွှေစင်ရှိက ထောက်ခံပြီး ဝမ်းမော သံယောင်လိုက်တယ်။

အင်း.......အတိုင်အဖောက်ကတော့ ညီပါပေ့။

"မဟာရာကမ်းပါးရောက်တာနဲ့ ကျုပ် တာဝန်ပြီးပြီနော်"

ကျုပ်က ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲ ပြောလိုက်မိတယ်

"ဟုတ်တာပေါ့ ကိုတခေါ်ရာ၊ မဟာရာကမ်းပါးရောက်တာ နဲ့ ခင်ဗျား ဘာမှဆက်လုပ်စရာမလိုတော့ပါဘူး။ ခင်ဗျား အနား ရတော့မှာပါ"

ယက္ခရဲ့စကားက အဓိပ္ပာယ်သားကလား။



ကျုပ်တို့ရဲ့ကားကြီးဟာ ခလုတ်ကန်သင်းတွေ၊ အနိမ့် အမြင့်၊ အပြေအလျော့တွေ ထူပြောလှတဲ့ ခယောင်းတောကို ဖြတ် ပြီး မဟာရာကမ်းပါးကို ဦးတိုက်မိပါပြီ။

နေခြည်က နုနေတယ်။

နှင်းမှုန်က ဝေ့နေတယ်။

လေက တဟူးဟူးတိုက်လို့။

မဟာရာဆိုတာ အသူတစ်ရာနက်တဲ့ ချောက်ကမ်းပါးပေပဲ ပေါ့။

ကတ္တရာလမ်းရဲ့ ဘေးမှာတော့ ဆေးအဖြူသုတ်ထားတဲ့ သစ်သားတန်းကလေးတစ်ခု ရှိနေတယ်။ အဲဒီ လမ်းဘေးမှာ အိုးဝ ရှူကားကြီးတစ်စီးက ရပ်ထားတယ်။

"သူတို့ ရောက်နေကြပြီ"

ယက္ခက ပြောတယ်။

"ဘယ်သူတွေလဲ ကိုယက္ခ"

"ကျုပ်တို့ လူတွေပါ"

"ဪ.......ဪ"

ရွှေစင်ရှိက ပြုံးလို့၊ သူက ကျုပ် မျက်နှာကို မကြာခဏ အကဲခတ်နေတယ်။ သူ့မျက်လုံးတွေဟာ ရွှန်းရွှန်းလက်လို့ နေပါ တယ်။

ကျုပ်ဟာ ဟန်းဘားပော့(စ်)ကားကြီးကို မဟာရာကမ်းပါး စောင်းကို မောင်းတင်လိုက်တယ်။ အဲဒီမယ် ကားကြီးတစ်စီးနဲ့ ဒရိုင် ဘာတစ်ယောက်။

သူတို့တစ်တွေ ဘာကိုများ ဆက်လုပ်ကြဦးမလဲ။

လေထုဟာ မဟာရာကမ်းပါးစောင်းက ချွန်မြတဲ့ ကျောက်ဆောင် ပင်ခက်တွေကို ထိုးခွဲဖြတ်တိုက်နေလေတော့ တရှဲရှဲ မြည်နေလေ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့။

ကျွန်တော်တို့အားလုံး ကားပေါ်က ဆင်းလိုက်ကြတယ်။ ယ
လက်ထဲမှာတော့ သိန်းနှစ်ဆယ်ကျော်တန်ဖိုးရှိတဲ့ ရတနာတွေ ထ
ထားတဲ့ လက်ကိုင်အိတ်ကလေးတစ်လုံး ရှိနေလေရဲ့။

"ဝမ်းသာလိုက်တာ ကိုဘခက်ရယ်"

ရွှေစင်ရှိက ဆိုတယ်။

ကျွန်တော်က သက်ပြင်းချရင်း ပြုံးမိရဲ့။ အဲ...... မရိုပြုံး ရို
တော့လေ။

လေက တဟူးဟူးတိုက်လို့ နေတယ်။

ယက္ခနဲ့ဝမ်းမောင် မျက်နှာတွေကလည်း ပြုံးလို့။

အခုတော့ ကျွန်တော်တို့တစ်တွေဟာ သိန်းနှစ်ဆယ်လော
တန်တဲ့ ရတနာတွေနဲ့အတူ လွတ်ရာကျွတ်ရာကို အေးအေးဆေ
ဆေး ပြေးနိုင်နေပါပြီ။

"ကဲ...... ကျွန်တော်အတွက် တန်ရာတန်ကြေးကလေးကို မှ
ပါဦး ကိုယက္ခ"

"နေပါဦးလေ၊ ခင်ဗျားတာဝန်က ပြီးသေးတာမှ မဟု
ဘဲ"

"ဘာ......"

ယက္ခက ဟက်ခနဲရယ်လိုက်သလို ဝမ်းမောင်မျက်နှာ
မချိုမချဉ်နဲ့။

"အား...... ဒီလိုပါ။ ကျွန်တော်တို့ဟာ အလုပ်တစ်ခုကို လု
ရင် ပိပိရိရိ တိတိကျကျလုပ်တတ်တယ်ဆိုတာ ကိုဘခက် သိပြီး
ပေါ့။ အခု ကျွန်တော်တို့ စီးလာတဲ့ ဟောဒီကားကြီးကို မဟူရာကမ်း
က တွန်းချလိုက်မယ်ဆိုရင် အဲ...... ရဲတွေ ရောက်လာတဲ့အခါမှ
ကျွန်တော်တို့နောက်ကို ဆက်လိုက်ဖို့ထက် ချောက်ထဲက ကားကြီး



ပြီး စိတ်ဝင်စားကြလိမ့်မယ်။ ကျွန်တော်တို့ကတော့ ဟောဒီ အိစုံးရုံး
ရှုန်တင်ကားကြီးနဲ့ ကိုယ်ယောင်ဖျောက်သွားကြမယ်လေ။ ဘယ့်
ယ်လဲ"

အင်း...... အင်မတန် သေသပ်ပိရိတဲ့ အစီအစဉ်ပါပဲ။

"အင်မတန်ကောင်းတဲ့ အကြံဉာဏ်ပါပဲ ကိုယက္ခ"

"ဒီလိုပဲ ဖြစ်ရမှာပေါ့လေ၊ ကဲ...... ဟောဒီ လမ်းဘေး
က ကာထားတဲ့ တန်းတွေကို တိုက်ပြီး ကားကြီးကို ချောက်ထဲ
မောင်းချလိုက်ပါဦး ကိုဘခက်၊ စက်နှိုးဂီယာသွင်းပြီး ခင်ဗျား ဆင်း
နေခဲ့ပေါ့။ တန်းတွေကိုလဲ တိုက်ချိုးပစ်လိုက်နော်၊ ရမလား"

"ရပါတယ်"

အဲဒီအချိန်မှာပဲ ရှိမျက်လုံးတွေက ဝေသွားတယ်။ စိုးရိမ်မှု
သောကနွယ်တဲ့အကြည့်နဲ့ ကျွန်တော်ကို ကြည့်နေရှာတယ်။ အင်း......
တတ်လည်းတတ်နိုင်ပါတဲ့ မရွှေစင်ရှိ။

"ကဲ...... ကိုဘခက်၊ အချိန်မရှိဘူး"

ယက္ခက ပြောတယ်။

ကျွန်တော်က ကမ်းပါးစောင်းကနေ အောက်ကို ကြည့်လိုက်မိ
တယ်။ နက်ကျောတဲ့ ကျောက်စိုင် ကျောက်ခဲတွေနဲ့ ပြွမ်းတီးနေတဲ့
မဟူရာချောက်ကမ်းပါးအောက်မှာတော့ အစ်ချည်မျှင်လို သေးငယ်
တဲ့ ချောင်းကလေးတစ်ခု ရှိနေလေရဲ့။

အခုတော့ ကျွန်တော် ဆယ်ရက်လုံးလုံး ပြုပြင်တီထွင်ခဲ့တဲ့ ဟန်း
ဘားဟော့(စ်)ကားကြီးဟာ မဟူရာချောက်ထဲမှာ ဇာတ်သိမ်းရတော့
မှာပါကလား။

ကျွန်တော်က ကားပေါ်ကို တက်ထိုင်ပြီး စက်နှိုးလိုက်တယ်။
ဂီယာသွင်းပြီး ဘီးလိမ့်တာနဲ့ အောက်ကို ဆင်းနေလိုက်ရုံပေါ့။ ဘာ
အပန်းကြီးတာ မှတ်လို့။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့်.......

ဘယ်လိုမှ မျှော်လင့်မထားတဲ့ ဖြစ်ရပ်တစ်ခုကို မြင်တွေ့လိုက်ရတယ်။

ယက္ခလက်ထဲမှာ သေနတ်တစ်လက် ဖျတ်ခနဲ ရောက်လာတယ်။ သူ့လက်စွဲတော် လျူဂါအော်တိုမစ်တစ် ပစ္စတိုပေါ့။ ပြောင်းဦးက ကျုပ်နှလုံးသားကို ဦးဆိုက်လို့။

ကျုပ် ရင်တွေ ဒိန်းခနဲ ခုန်သွားတယ်။

"ဒါ ဘာလုပ်တာလဲ ကိုယက္ခ၊ ရှင် သစ္စာမဲ့လှချည်လား"

စတင် လှုပ်ရှားလာသူကတော့ ရွှေစင်ရှိပါပဲ။

ယက္ခက ရွှေစင်ရှိ့စကားကို ဂရုမစိုက်လှပါဘူး။

"ကဲ....... ဘခက်၊ ကားကို ချောက်ထဲ မောင်းချလိုက်စမ်း။ အဲ....... ဒါပေမယ့် ဆင်းကျန်ရစ်မယ်တော့ စိတ်မကူးလေနဲ့။ မင်းပါ ချောက်ထဲ လိုက်သွား"

သူက တဟားဟားရယ်ရင်း ဆိုတယ်။

အလို....... မြတ်စွာဘုရား။

ခလုတ်ထိမှ အမိတဆိုသလို သူတို့အကြိုက ပက်စက်လှချည်ကလား။

"မင်းတို့အကြံ ပက်စက်လှချည်လား ယက္ခ....... ဟင်"

"ဟုတ်တယ် ကိုယက္ခ၊ ရှင် ဘယ့်နှယ် လုပ်တာလဲ၊ ဒီလို သစ္စာမဲ့တာမျိုးကို ရှိသဘောမတူဘူး"

ရွှေစင်ရှိ မျက်လုံးတွေ မီးဝင်းဝင်းတောက်နေတယ်။

"ဟဲ့ကောင်မ....... နင့်ပါးစပ် ပိတ်ထားစမ်း။ ဟေ့....... ဝမ်းမောင်၊ ဒီကောင်မကို ကားပေါ် ဆွဲတင်သွားစမ်း။ ငါလုပ်မိလိမ့်မယ်"

"အို....... အမယ်လေး"



ဝမ်းမောင်က ရွှေစင်ရှိ့ကို ဆောင့်ဆွဲလိုက်တယ်။ သူက ဝမ်းမောင် လက်က ရုန်းကန်နေတယ်။

"ကဲ....... ဘခက်၊ မင်းကို သုံးစက္ကန့်ပဲ အချိန်ပေးနိုင်လို့ ဝမ်းနည်းပါတယ်ကွာ၊ ကဲ....... မောင်းတော့ဟေ့"

သူ့အသံက ပကာတိ အေးစက်နေတယ်။

အခုတော့ ကျုပ်ရင်တွေ တဒိန်းဒိန်းခုန်နေပြီ။ နှလုံးတွေ ... ကုန်ပြီ။

ကျုပ် ရင်အုံထဲမှာ ဘရောင်နီပစ္စတို ရှိနေပေမယ့် သူတို့ ... လက်ဦးနေပြီကိုး။

"တစ်......."

ယက္ခရဲ့အသံဟာ တဟူးဟူး တိုက်ခတ်နေတဲ့ လေထုကို ... ဖောက်ထွင်းပြီး ကျုပ်နှလုံးသားကို ရိုက်ခတ်လာတယ်။

"နှစ်......."

ရွှေစင်ရှိဟာ ဝမ်းမောင်လက်က ဆောင့်ရုန်းလိုက်ပြီး ကျုပ်ကို မလှုပ်မယှက်ကြည့်လို့ရယ်။

သူ့မျက်လုံးတွေက ကျားသစ်ပျိုမလို အရောင်တောက်လာတယ်။

"သုံး......."

ကျုပ် ဂီယာသွင်းလိုက်တယ်။

ကားကို တဖြည်းဖြည်း ဘီးလိမ့်ရင်း မဟူရာကမ်းပါးကို ... ကာထားတဲ့ သစ်သားတန်းကို ဦးတည်လိုက်တယ်။ သို့ပေမယ့်လို့ ကျုပ်ဘေးက ကားတံခါးက ပွင့်နေတယ်။

ယက္ခရဲ့လက်ထဲက ပစ္စတိုကတော့ ကျုပ်ကို လိုက်ချိန်နေ ... တုန်းပေါ့။ ဝမ်းမောင်နဲ့ရွှေစင်ရှိဟာ ကျုပ်ကို မလှုပ်မယှက်ရပ်ကြည့် ... နေကြတယ်။ ကားရဲ့ဘန်ပါဟာ ချောက်ကို ကာထားတဲ့ သစ်

www.burmeseclassic.com

www.burmeseclassic.com



သားတန်းကို တွန်းချိုးနေပါပြီ။

ကျုပ်အတွက် နောက်ဆုံးအချိန်ပါပဲကလား။

"ကို"

"ကိုဘခက်"

ရွှေစင်ရှိဟာ အသည်းပေါက်မတတ် အော်လိုက်ပြီး ရ
ဆီကို လှစ်ခနဲ ပြေးအလာ ကျုပ်က သူ့ကို ကားထဲက တွန်းထု
ရင်း ရင်ဘတ်ထဲက ပစ္စတိုကို ဆွဲထုတ်လိုက်မိရဲ့။

"ဒိုင်း"

"အမယ်လေး"

လျှူဂါသေနတ်သံနဲ့အတူ ရွှေစင်ရှိဟာ ခွေကျသွားသ
ကျုပ်လက်က သေနတ်ကလည်း အသံထွက်သွားလေရဲ့။ ကာ
ဟာ ချောက်ထဲကို ဦးစိုက်ကျသွားတာနဲ့ ကျုပ်က ခုန်ဆင်းလို
တယ်။ ရင်ထဲမှာ အေးခနဲဖြစ်သွားပြီး လက်က ဆွဲမိဆွဲရာ ဖု
အခွဲလိုက်မှာ ကာထားတဲ့သစ်သားတန်းက တိုင်ကိုဆွဲမိပြီး တန်း
ကြီးဖြစ်သွားတဲ့ တိုင်အောင် ကျုပ်လက်က သေနတ်က ကျည်
တွေ ဒလဟော ပစ်ထုတ်နေတုန်း။

"အား"

ဝမ်းမောင်ရဲ့အော်သံနဲ့အတူ သူ့ကိုယ်ကြီးဟာ ဆတ်
လည်သွားတယ်။

ပြီးတော့ ရင်ဘတ်ကို လက်နဲ့အုပ်ပြီး ကားစက်ခေါင်း
ကို ပြေးသွားတယ်။ ယက္ခက ကားကို အကာအကွယ်ယူပြီး ကျ
ကို တစ်ချက် နှစ်ချက် ပြန်ခေါ်သေးတယ်။ အဲသည်အချိန်မှာ
ခွေးရူးကားကြီးဟာ စက်နိုးလာပြီး ကုန်းဆင်းကို လိမ့်စပြုပြီ။

ယက္ခဟာ ကားရှေ့ခန်းကို ခုန်တက်သွားလေရဲ့။

ကားကြီးဟာ ကျုပ်မြင်ကွင်းက တဖြည်းဖြည်း ဝေးသွ



ယ်။ တောက်......ကားဘီးကို ပစ်မဖောက်မိတာ နာတာပဲ။ သူ
ကိုယ်သေ မခွဲလိုက်ရလေခြင်း။

ကျုပ်တို့ရဲ့ ဟန်းဘားပော့(စ်)ကားကြီးကတော့ အသူတစ်
နက်တဲ့ မဟူရာချောက်ထဲကို ဦးစိုက်ကျွမ်းပြန် ကျသွားရင်း အုန်း
ပေါက်ကွဲမီးလောင်သွားလေရဲ့။

အဖြစ်အပျက်တွေဟာ စက္ကန့်ပိုင်းအတွင်း ပြီးဆုံးသွားသလို
ရတော့ အစစအရာအရာဟာ ပကတိငြိမ်သက်သွားပါပြီ။

အေးမြတဲ့လေကတော့ တဟူးဟူးတိုက်ခတ်နေတုန်း။

ဟုတ်ပါတယ်လေ။

အခုတော့ ကောက်ကျစ်စဉ်းလဲမှု၊ လိမ်လည်လှည့်ဖြားမှု၊
တ်စက်လိုမှုတွေရဲ့ အားပြိုင်ရာ 'မဟူရာ'ကမ်းပါးဟာ တခဏ ငြိမ်း
မ်းရေး ရသွားပြီပေါ့။ ကျုပ်ဟာ ကမ်းပါးစောင်းကို တွယ်ကပ်ပြီး
က်ခဲ့ပါတယ်။

ရှိ.......

ရွှေစင်ရှိဟာ လမ်းလယ်ကောင်မှာ ပုံပုံကလေးလဲလို့ သူ့
ပို့ကြားမှာတော့ နီရွေးတဲ့ သွေးတစ်ကွက်။ အင်း......အသက်နဲ့
င်ပြီး ချစ်ခြင်းမေတ္တာရဲ့ အဘိဓမ်အနက်ကို သက်သေပြသွားတဲ့
န်းကလေးတစ်ယောက်။

ကျုပ်ရင်ထဲမှာ နင့်နေတယ်။

သူ့မေတ္တာကို အထင်သေးခဲ့မိတဲ့ အဖြစ်ကိုလည်း ယူကျုံး
ဖြစ်မိပါတယ်။

"ရှိ.......မရွှေစင်ရှိ"

ကျုပ်က သူ့ကို ထွေးပွေ့ရင်း ဗိုးတိတ်ညင်သာစွာ ခေါ်
ပါတယ်။ ရှိ့မျက်လွှာနှစ်ချပ်ဟာ အသာအယာပွင့်လာတယ်။ ရီဝေ
တဲ့ မျက်ဝန်းနက်က ရွှန်းလဲ့နေပေမယ့် မျက်ရည်စတွေ လိမ့်ကျလို့။

www.burmeseclassic.com

www.burmeseclassic.com



အမယ်လေး....... ရှိရယ်၊ ဖြစ်မှဖြစ်ရပလေ။

သူ့မျက်နှာမှာ အပြုံးပန်းကလေးတစ်ပွင့် ပွင့်လို့ရယ်။

"ရှိ"

"အစ်....... ကို"

သူ့အသံက တိုးတိုးကလေး။ ယဲ့ယဲ့ကလေး။ ကြာ

ကလေး။

"ရှိ့မေတ္တာကို ယုံ....... ယုံပြီလားကိုရယ်....... ဟင်"တဲ့

"ကိုယ် ယုံပါပြီရှိရယ်....... ယုံပါပြီ"

"ရှိ သိဝ်ဝမ်းသာတာပဲ ကိုရယ်၊ ရှိ မသေခင်ပြောချင်တာ

ကလေးတွေ......."

"အို....... ရှိ မောနေမယ်ကွယ်"

ရှိက အံကြိတ်ရင်း ပြုံးလိုက်တယ်။

"ရှိ့ကိုယ်ရှိ သိပါတယ် ကိုရယ်။ ရှိ မနေရတော့ပါဘူး

သူတို့လေ သူတို့ ရတနာတွေကို ဆရာကြီးဆီကို......."

သူ့အသံက တိမ်ဝင်သွားတယ်။

"ဆရာကြီး....... ဟုတ်လား။ ဆရာကြီးဆိုတာ ဘယ်သူ

ရှိ"

"ဦး....... ဦးအောင်ဇော်"

"ဟင်....... မြနန္ဒာက ဦးအောင်ဇော်လား"

သူက ခေါင်းညိတ်လို့ ပြရှာတယ်။

အဲသည်အချိန်မှာပဲ ကွေးတွန့်တဲ့ ရှိ့ နှုတ်ခမ်းလွှာက သွေး

တွေ ပွက်ခနဲ ထွက်လာလေရဲ့။

"အို....... ရှိ....... ရှိရယ်"

ရှိ ပြန်ပြီး ခေါင်းထောင်လာတယ်။

ပြီးတော့ တိုးတိုးကလေး ကျုပ်ကို ပြောရှာတယ်။



"ရှိ့ကို ချစ်တယ်လို့ မ....... မပြောတော့ဘူးလား ကိုရယ်"

တဲ့။

ကျုပ်နှလုံးသားတွေဟာ အဆုတ်ဆုတ်အခြေခြေ အလှ

လိုက်ရသလို နာကျင်လာတယ်။ သူ့မျက်လုံးတွေဟာ ကျုပ်ပါး

က ထွက်လာမယ့်စကားကို အငမ်းမရ စောင့်ကြိုနေရှာတယ်။

"ရှိ့ကို ကိုယ်......."

ရှိ ဖက်ကျိုးကျသွားတယ်။ ကျုပ် ရင်ခွင်ထဲမှာ ပျော့ခွေ

သွားပါပြီ။

"ရှိ....... ရှိ"

သွားပါပြီ။

အသည်းစိုင်ကို ဆုပ်ညှစ်လိုက်သလို ခံစားလိုက်ရပါပြီ။

"ခြော်....... ရှိရယ်၊ ရှိကြားချင်တဲ့ ချစ်တယ်ဆိုတာကလေး

ကို ကြားအောင်များ စောင့်နားထောင်သွားပါတော့လားကွယ်၊ ရှိ့

ကို ကိုယ်ချစ်ပါတယ်"

သို့ပေမယ့် ကျုပ်စကားတွေကို သူမကြားနိုင်တော့ပါပြီ။

မရွှေစင်ရှိဟာ တစ်လဲဟစ်ကမ္ဘာကို လမ်းခွဲသွားလေပါ

ပြီကော။

အခုတော့ ကျုပ် တစ်ယောက်တည်း။

မဟူရာကမ်းပါးဟာ သတ်ကြ၊ ဖြတ်ကြ၊ နှလုံးသား ပျက်

ကြွေအောင် ရင်နင့်သွားကြရတဲ့ မနုဿလူသားတစ်စုရဲ့ ရက်စက်မှု

နဲ့ ကြင်နာမှုကို ဥပေက္ခာပြုနေပေမယ့်လို့.......

မလှုပ်မယှက်ငြိမ်သက်နေတဲ့ ရွှေစင်ရှိကတော့ သူ့မေတ္တာ

ကို အသက်နဲ့ရင်းပြီး သက်သေပြသွားပါပြီ။

ကျုပ်ဟာ သန့်ရှင်းလတ်ဆတ်တဲ့လေကို အဆုတ်ထဲကို

တအားရှိုက်သွင်းလိုက်ပြီး အားရပါးရ မှုတ်ထုတ်လိုက်တယ်။ ထို့

www.burmeseclassic.com

www.burmeseclassic.com



အတူပဲ နိုင်မာတဲ့ သန္နိဋ္ဌာန်တစ်ခုကို ချမှတ်လိုက်မိရဲ့။

အဲသည်ဆုံးဖြတ်ချက်အပြင် မကောင်းမှုဒုစရိုက်လောကကို ဥပဒေဘက်တော်သားတွေနဲ့ လက်တွဲပြီး အစွမ်းကုန် တိုက်ဖျက်ရမ်း ပြည်သူ့ဘက်တော်သားတစ်ယောက်အဖြစ် ခံယူတော့မယ်လို့။

သို့ကလိုမှ ကျုပ် ကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် မကျေပ် လေလျှင် တိုင်းပြည်က ပေးတဲ့အပြစ်ကို ရင်ကော့ပြီး ခံပါတော့မယ်။

ဒါပဲ....... ဒါပဲ....... ဒါပါပဲလေ။



## အခန်း (၁၁)

မကြာခင်မှာပဲ သူတို့တစ်တွေ ရောက်လာကြတယ်။

ပြည်သူ့ဘက်တော်သားတစ်သိုက်ရယ်ပေါ့။ ကျုပ်ကို တွေ့တော့ အံ့အားသင့်ကြတယ်။ ကျုပ်ပြောတဲ့စကားတွေကို ကြားရတော့ ရင်သပ်ရှုမောဖြစ်သွားကြတယ်။

"အချိန်တော့ သိပ်မရှိလှဘူး ကိုမင်းကြည်၊ ကျွန်တော်ပြောတာတွေကို ယုံတယ်ဆိုရင် ချက်ချင်းလိုက်မှ အလစ်မိမယ်။ အဲ..... လူသတ်မှုအတွက်တော့ နောက်ပိုင်း ကျုပ်ကို အရေးယူမှာပါ။ အခု လောလောဆယ်တော့ ယက္ခနဲ့ဦးအောင်ဇော်ကို အမိလိုက်မှ ဖြစ်လိမ့်မယ်"

ကျုပ်က လုံခြုံရေးမှူး ကိုမင်းကြည်ကို အကြောင်းစုံ ရှင်းပြပြီး အကူအညီတောင်းခံလိုက်တယ်။

သူကလည်း လူသွက်။

www.burmeseclassic.com

www.burmeseclassic.com



ထက်ထက်မြက်မြက်ကလည်း ရှိလိုက်ပါပေ့။ အင်း…… ဖောင်ကြီးသင်တန်းဆင်းပေကိုး။

"ကျွန်တော် နားလည်ပါပြီ ကိုဘခက်၊ ကဲ…… အလောင်းကို နီးရာဆေးရုံကို ဝင်ချပြီး အုပ်မိအောင် လိုက်ကြမယ်ကွာ"

ကိုမင်းကြည်က သူ့တပည့်ရဲသားလေးတွေကို တဆက်တည်း အမိန့်ပေးလိုက်တယ်။

ရွှေစင်ရှိရဲ့အလောင်းကို ကားပေါ်တင်ပြီးတာနဲ့ လင့်ရှိတကားကလေးဟာ မဟာ့ရာကမ်းပါးက မောင်းထွက်ခဲ့တယ်။

"အင်း…… ကိုဘခက်ပြောတဲ့ စကားတွေဟာ အမှန်တွေသာဆိုရင်တော့ ဦးအောင်ဇော်ဟာ အတော် ဉာဏ်သွားတဲ့လူကြီးပဲ"

လုံခြုံရေးမှူး ကိုမင်းကြည်က ဆိုတယ်။

"ဟုတ်တယ် ကိုမင်းကြည်၊ ခင်ဗျား စဉ်းစားကြည့်လေ၊ ဒီလူကြီးဟာ သူ့မော်တော်ကားဝပ်ရှော့နဲ့ အပြိုင်ဖြစ်တဲ့ ကျုပ်တို့ဝပ်ရှော့ကို ငြိုးထားတယ်၊ ကျုပ်ကို သူ့သမီးနဲ့မျှားပြီးတော့ အေးကျော်ကို သတ်မှုနဲ့ ဝရမ်းပြေးဖြစ်အောင် ဖန်တီးခဲ့တယ်။ အဲ…… အခုမြရတနာကုမ္ပဏီက ရတနာတွေကို အပိုင်စီးဖို့ ကျုပ်ကို မလှုပ်သာအောင် ကိုင်ပြီး အသုံးချခဲ့ပြန်တယ်"

"အေးကျော်ကို ခင်ဗျားမသတ်တာတော့ သေချာတယ်နော်"

လုံခြုံရေးမှူးက မေးတယ်။ ဒီအဖြေကိုတော့ ကျုပ် တိတိပပ မဖြေဝံ့တာ အမှန်ပဲ။

"အဲဒါကို ကျုပ်ကိုယ်နှိုက်က တိတိကျကျ မပြောရဲဘူး ကိုမင်းကြည်၊ ပြောခဲ့ပါပကော၊ အဲဒီအချိန်မှာ ကျုပ်ဟာ လူမှန်းသူမှန်းမသိအောင် မူးနေတယ်။ သေနတ်သံတစ်ချက် ကြားရပြီး



ဦးအောင်ဇော်ရဲ့ ပစ္စတိုက ကျုပ်လက်ထဲရောက်နေသလို သူ့သမီးညိုညိုဇော်က ကျုပ်ဘေးမှာ ရှိနေတယ်၊ သူကပဲ ထွက်ပြေးဖို့ တိုက်တွန်းခဲ့တယ်"

"ရွှေစင်ရှိနဲ့ယကွက်ကို ခင်ဗျား အရင်က သိဖူးသလား၊ သူတို့ဟာ အရင်ကတည်းက ဦးအောင်ဇော်နဲ့ အဆက်အသွယ်ရှိခဲ့သလား"

"ဒါတော့ မသိဘူး ကိုမင်းကြည်၊ ခုရိုက်နှယ်ဝင်တွေဟာ ဘေးကမသိပေမယ့် သူတို့ချင်းအဆက်အသွယ် ရှိချင်ရှိမှာပေါ့၊ ရွှေစင်ရှိဟာ မြနန္ဒာလမ်းပေါ်က ကျုပ်ကို ကယ်ပြီး သီတာ့ အရောက်ခေါ်လာတယ်။ ဆေးကုသပေးတယ်။ ဒါကို ဦးအောင်ဇော်သိသွားပြီး ကျုပ်ကို တစ်ချက်ခုတ် နှစ်ချက်ပြတ် အသုံးချလိုက်တာ ဖြစ်မယ် ထင်တယ်"

"အင်း….. ခင်ဗျားပြောတာ ဖြစ်နိုင်တယ် ကိုဘခက်၊ ယကွှဟာ ကြေးစားလူမိုက်တစ်ယောက်ဆိုတာ ရဲမှတ်တမ်းမှာ ရှိခဲ့ဖူးတယ်။ ဒီကောင်ဟာ ငွေသာရမယ်ဆိုရင် ဘ,နဖူး သိုက်တူးမယ့်ကောင်ပဲ"

ကျုပ် သက်ပြင်းချမိတယ်။

"အင်းလေ…… ဘာပဲပြောပြော ရွှေစင်ရှိဟာ ခုရိုက်ကမ္ဘာက ဖြစ်ပေမယ့် ခင်ဗျားကို အတော်တွယ်တာသားပဲ။ သူသာ မကယ်ရင် ခင်ဗျားတော့ မလွယ်ဘူး ကိုဘခက်"

"ဟုတ်ပါတယ် ကိုမင်းကြည်၊ ရှိဟာ အသက်နဲ့လဲပြီး ကျုပ်အပေါ်ကို……"

ကျုပ် ဆက်မပြောနိုင်တော့ပါဘူး။

ကိုမင်းကြည်က ကျုပ်ကိုကြည့်ပြီး ခပ်အေးအေး ပြောတယ်။

"ကျွန်တော် နားလည်ပါတယ် ကိုဘခက်၊ အင်း….. ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



လဲ ဒီကလေးမအတွက် ကိုယ့်ဘဝကိုပြန်ပြီး အမြန်မှန်ရပြီး ကျွန်တော်တို့ ရဲအဖွဲ့နဲ့ ပူးပေါင်းခဲ့တာ မဟုတ်လား ကိုဘခက်"

"အင်း....... ဒါကလဲ အဓိကပေါ့လေ နောက်ပြီးတော့ ကျုပ်ဟာ မလှုပ်သာ မရှုန်းသာအောင် အတုပ်အနှောင်ခံထားရလို့ ဒီကိစ္စကို ပါဝင်မိတာပါ။ ကျုပ်ဟာ တရားဥပဒေအမြင်က မကောင်းမှုမှန်သမျှကို စက်ဆုပ်ပါတယ် ကိုမင်းကြည်၊ အင်းလေ ဘာပဲဖြစ်ဖြစ်ပေါ့၊ အခု ကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် ကျုပ်ရင်ကို ကော့ပြီး ခံရပါတယ်။ ကျုပ်ရဲ့ မိုက်မှားမှုအတွက် ဘယ်လောက်ပဲ ပေးဆပ်ရပါစေ နောက်မတွန့်ပါဘူး"

ကျုပ်စကားကို သူက အလေးအနက်ထားပြီး ပြောတယ်။

"သိပ်လဲ ပူမနေပါနဲ့ ကိုဘခက်၊ ခင်ဗျားဟာ အခုလို ကျွန်တော်တို့နဲ့ လက်တွဲပြီး ဝိုင်းဝန်းကူညီတဲ့အတွက် ခင်ဗျားဘက်က တတ်စွမ်းသလောက် ရပ်တည်ပေးပါ့မယ်၊ ဘယ်နှယ်လဲ ကိုဘခက်"

အတော့်ကို အရည်အချင်းပြည့်ဝတဲ့ ရဲအရာရှိတစ်ဦးပါကလား။

သူ့စကားတွေက ကျုပ်ကို အားတက်လာစေတယ်။

"အင်မတန်ကောင်းတဲ့ အကြံဉာဏ်ပါပဲ ကိုမင်းကြည်၊ ကျုပ်ရတနာတွေကို ပြန်ရဖို့အတွက် အစွမ်းကုန် ကူညီပါ့မယ်"

ကျုပ်က ရဲရဲတွံ့တွံ့ ကတိပေးလိုက်မိတယ်။

အဲဒီလိုနဲ့ ကျုပ်တို့ရဲ့ လင့်ချ်မော်တာကားကလေးဟာ မြနန္ဒာကို မရောက်ခင် 'ယင်းမာပင်'ကို ဝင်ခဲ့တယ်။ မြို့ဝင်ဂိတ်မှာ စုံစမ်းလိုက်တော့ အီရုဒ္ဓကုန်တင်ကားကြီးတစ်စီး လွန်ခဲ့တဲ့တစ်နာရီလောက်က ဖြတ်သွားတဲ့အကြောင်း သိလိုက်ရတယ်။

"ကဲ....... ကိုဘခက်၊ ခင်ဗျား ရွှေစင်ရှိကို ဒီမြို့ကဆေးရုံမှာ ချခဲ့မယ် ဖြစ်မလား"



"ဖြစ်ပါတယ် ကိုမင်းကြည်၊ ဖြစ်ပါတယ်"

ကျုပ်အသံက မသိမသာ တုန်ယင်နေတယ်။

ရှီကို ကျုပ်ကိုယ်တိုင်ပွေ့လို့ ရဲခဲတိုက်ထဲက ကျောက်စားပွဲပေါ်မှာ တင်ခဲ့ပါတယ်။ နေရစ်တော့ ရှီ။

ဪ....... ဒုစရိုက်ကေရိမကလေးရဲ့ လမ်းစက သည်မှာပဲ ဆုံးလေပြီ မဟုတ်လား။

"ကဲ....... သွားကြရအောင်လား ကိုဘခက်"

လုံခြုံရေးမှူးကိုမင်းကြည်က ပြောတယ်။

ဟုတ်တာပေါ့၊ ဦးအောင်ဇော်ကို အမိအရ အုပ်နိုင်ဖို့က အရေးကြီးတယ် မဟုတ်လား။

ဂျစ်ကားဟာ ယင်းမာပင်ဆေးရုံဝင်းထဲက ခပ်ပြင်းပြင်း မောင်းထွက်ခဲ့တယ်။ လမ်းလယ်ကောင်လဲရောက်ရော တမှတ်မှတ်ဖြစ်လာတယ်။ ကားစက်သံကြားတာနဲ့ ဘာဖြစ်နေပြီဆိုတာ ကျုပ်ကလဲ သိလိုက်ပြီ။

"ခင်ဗျားတို့ကား ဆီမလိုက်တော့ဘူး"

"ဆီကုန်တာနဲ့တူတယ်၊ ကဲ....... ရဲဘော်၊ ရှေ့က ဓာတ်ဆီဆိုင်မှာ ရပ်ကွာ၊ အရေးထဲမှပဲ"

"ဟုတ်တယ် ဆရာ၊ ကျွန်တော် သိတဂူအထိပဲ အသွားအပြန်အတွက် ထည့်ထားတာ"

ဓာတ်ဆီဆိုင်ရှေ့ရောက်တာနဲ့ ဆီထည့်တဲ့ ကုလားလေးဟာ ပိုက်ကိုကိုင်ပြီး မေးလေရဲ့။

"ဘယ်နှစ်ဂါလံလဲ ဆရာ"

"ဆန့်သလောက် အပြည့်သာထည့်ပေ့"

အလို....... ဒီအသံကို ကြားဖူးပါတယ်။

ကျုပ် ဆီထည့်တဲ့ကုလားလေးရဲ့မျက်နှာကို အသေအချာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိရဲ့။ ဒီမျက်စွက်ကို သေတာတောင် မမေ့ဘူး။ စွပ်ပရားဆို တဲ့ ကုလားပေါ့။ ဒီအကောင် ကျုပ်ကို မမြင်သေးဘူး။ ကျုပ်က လုံ ခြုံရေးမှူးကိုမင်းကြည်ရဲ့နားကိုကပ်ပြီး ခပ်တိုးတိုး ပြောလိုက်တယ်။

"ရှစ်ဂါလံအစ်ကို"

"ရော့"

လုံခြုံရေးမှူးက ပိုက်ဆံထုတ်ပေးတယ်။ စွပ်ပရားဟာ ဆိုင် မန်နေဂျာဆီမှာ ပိုက်ဆံသွားရှင်းပြီး ပိုင်ငွေကို ပြန်ယူလာတယ်။

"ရော့ပါ ဆရာ"

"အေး...... မင်းပါ ကားပေါ်တက်"

ကုလားမျက်လုံးတွေက ဖီးကွက်ဖြစ်သွားတယ်။

"အား...... အစ်ကိုး...... အစ်ကိုး"

သူက ကျုပ်ကိုမြင်တော့ မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ပေါ့။ လုံခြုံရေးမှူး ကိုမင်းကြည်ဟာ ဓာတ်ဆီဆိုင်မန်နေဂျာကို အကျိုး အကြောင်း သင့်သလိုပြောပြပြီး ကုလားလေးစွပ်ပရားကို အပါ ခေါ် လာနိုင်ခဲ့ပါတယ်။ အခုတော့ ကျုပ်တို့ကားကလေးဟာ ခုစရိုက်ဘုရင် ကြီး ဦးအောင်ဇော်နေတဲ့ 'မြစနှာ'မြို့ကလေးကို ဇက်ကုန်မှင့်ခဲ့ပါပြီ။ ကို မင်းကြည်က ကားပေါ်မှာပဲ စွပ်ပရားကို စစ်တယ်။ သည်အကောင် သိပ်တောင်မမေးလိုက်ရပါဘူး။ နည်းနည်းပါးပါး ခြိမ်းလိုက် ခြောက် လိုက်တာနဲ့ ဘူးပေါ်သလို ပေါ်တော့တာပဲ။

"ကျွန်တော် ဘာမှမသိပါဘူး ဆရာ၊ ဆရာကြီးက ကိုအေး ကျော်နဲ့လိုက်သွားပြီး သူခိုင်းတာလုပ်ဆိုလို့ လုပ်ရတာပါ။ ကျွန်တော့် ကိုလဲ ငွေငါးရာပေးပြီး ဒီအကြောင်းပြောရင် သတ်ပစ်မယ်ဆိုပြီး နှင်ထုတ် လိုက်ပါတယ်"

ကုလားလေးက မျက်ရည်လည်ရွဲနဲ့ ဆိုတယ်။

"မီးခြစ် ခြစ်တာ မင်းမဟုတ်လား"



ကျုပ်က မေးလိုက်တယ်။

"ဟုတ်ပါတယ် အစ်ကို။ ကိုအေးကျော်က ခိုင်းတာပါ"

အင်း...... အခုတော့။

မှုန်ရီရိုးဝါးတဲ့အဖြစ်အပျက်တွေ၊ သရုပ်သကန်တွေဟာ ပီ ပြင်လာပါပြီ။ တိကျလာပါပြီ။

အောင်ဇော်ရေ...... ငါလာပြီဟေ့။

## အခန်း (၁၂)

'မြစနှာ'

သည်မြေ သည်ဒေသဟာ ကျုပ်ကို မွေးဖွားခဲ့တဲ့နေရာ။ ကျုပ်ဘဝကို အပြောင်းအလဲကြီး ပြောင်းလဲစေခဲ့တဲ့ နေရာ။ ကျုပ် မိဘတွေ မီးလောင်တိုက်အသွင်းခံရတဲ့ နေရာပေပေါ့။

အခုတော့ သည်မြေသည်ဒေသကို ပြန်လည်ခြေချမိပါပြီ။

ကျုပ်ရင်ဟာ လှုပ်ခတ်လာတယ်။ ရန်သူဟောင်းကို တရား ဥပဒေဘက်တော်သားတွေနဲ့ လက်တွဲပြီး တန်ရာတန်ကြေးကို ပေး ဆပ်ဖို့ ကျုပ်ရောက်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဇော်ရဲ့ မော်တော်ကားဝင်ရှေ့ဟာ သုသာန်တ မြင်လို့ တိတ်ဆိတ်လို့၊ သက်ရှိသတ္တဝါဆိုလို့ ခွေးတစ်ကောင် ကြေ တစ်မြီးတောင် မကျန်ခဲ့ပါဘူး။

“ခြေရာပျောက်သွားကြပြီ ကိုဘခက်”

“ဟုတ်တယ် ကိုမင်းကြည်၊ ဒီတစ်ခါတော့ အပြီးအပိုင် လစ်သွားတာ ဖြစ်လိမ့်မယ်”

လုံခြုံရေးမှူးကိုမင်းကြည်က ဦးအောင်ဇော်ရဲ့ဝင်ရှေ့ ပ ဝန်းကျင်ကို စုံစမ်းလိုက်တော့ လွန်ခဲ့တဲ့နာရီပိုင်းလောက်ကပဲ ဦး အောင်ဇော်တို့ကားတွေ ထွက်ခွာသွားတဲ့အကြောင်း သိလိုက်ရဲ့

“ဘယ်သွားမယ်ထင်သလဲ ကိုဘခက်”

“အင်း....... သံလွင်မြစ်ကိုဖြတ်ပြီး နယ်ခြားဘက်ကို လ လိမ့်မယ်ထင်တာပဲ။ ဦးအောင်ဇော်ပိုင်တဲ့ မော်တော်တစ်စင်းရှိတယ် ကိုမင်းကြည်”

“ခင်ဗျားပြောတာဖြစ်နိုင်တယ် ကိုဘခက်၊ ကုန်းလမ်း ဆိုရင် ဂိတ်တွေ၊ ရဲကင်းတွေ အများကြီးမဟုတ်လား။ ကဲ....... မြနန္ဒာ ရဲဌာနကို ရိုပို့ပေးပြီး ဆက်လိုက်ကြမယ်ဟေ့”

“စွပ်ပရားကိုလဲ ဒီမှာပဲ ထားခဲ့မယ်”

ကျုပ်တို့ဟာ မြနန္ဒာရဲစခန်းကို ဝင်ရောက်အကူအညီ တော ခံပြီး သံလွင်ဆိပ်ကမ်းကို တရကြမ်းမောင်းခဲ့ကြတယ်။ ဆိပ်ကမ်း ဦးအောင်ဇော်ရဲ့ကားကို တွေ့ရပေမယ့် သူ့မော်တော်ကတော့ လွ ခဲ့တဲ့ နာရီပိုင်းလောက်က ထွက်ခွာသွားကြောင့် စုံစမ်းသိရှိလိုက် ပါတယ်။

ပြေးလေဦးပေါ့ ဦးအောင်ဇော်။

ကျုပ်တို့ဟာ ဆိပ်ကမ်းမှာ အသင့်ရှိတဲ့ မော်တော်နဲ့ ဦး အောင်ဇော်နောက်ကို စက်ကုန်ဖွင့်ပြီး လိုက်ခဲ့ကြရဲ့။ မော်တော်



င်းဟာ ရေလျှာပြင်ကို ထိုးခွဲပြီး သံလွင်မြစ်ကြောကို ပြေးလွှားလို့ ယ်ပေါ့။

“မီနိုင်ပါ့မလား ကိုမင်းကြည်”

“သိပ်မီတာပေါ့၊ ကျုပ်တို့မော်တော်က မြင်းကောင်ရေအား ရှု့မော်တော်ထက် များတယ်”

ကျုပ်စကားကို မော်တော်မောင်းတဲ့ ရဲကြပ်ကလေးက ကြားဖြတ် အဖြေပေးလေရဲ့။

“တစ်ခုတော့ရှိတယ် ကိုဘခက်၊ ဦးအောင်ဇော်ဟာ ရတနာ သိန်းနှစ်ဆယ်ဖိုးလောက် ကိုင်ထားပြီး အမိခံမှာတော့ မဟုတ်ဘူး။ ဦးတော့ သူ့အနေနဲ့ လမ်းဆုံးကို ရောက်ပြီမဟုတ်လား။ ကျုပ်တို့ ကို ပြန်ခေါ်လိမ့်မယ်ထင်တယ်။ သူ့မှာ အင်အား ဘယ်လောက် မယ်ထင်သလဲ”

“အနည်းဆုံး လေးငါးခြောက်ယောက်လောက်တော့ ရှိ လိမ့်မယ်”

“အေးလေ၊ ပထမတော့ လက်နက်ချအညံ့ခံဖို့ မေတ္တာ ရပ်ခံရသေးတာပေါ့၊ ကျုပ်တို့မှာလဲ အင်အား တောင့်သားပဲ”

တစ်နာရီလောက် စက်ကုန်ဖွင့်လိုက်တာနဲ့ ရွှေလှေကမ်း ပါးကွေ့ကို ရောက်သွားတယ်။

“ဒီကွေ့ကျော်ရင်တော့ မြင်ရလိမ့်မယ် ထင်တာပဲ”

မော်တော်မောင်းသမားက ဆိုတယ်။

ဟုတ်တာပေါ့။ ရွှေလှေကမ်းပါးကို ကွေ့လိုက်တယ်ဆိုရင် ပဲ ရှေ့မှာ မောင်းနေတဲ့ မော်တော်ဟာ အားကောင်းလှတဲ့ မှန်ပြောင်း မှာ ထင်ဟပ်လာတယ်လေ။

“ရော့....... ကြည့်စမ်းပါဦး။ ဟုတ်ရဲ့လားလို့”

ကျုပ်က ကိုမင်းကြည်လက်က မှန်ပြောင်းကို ယူပြီး ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ မော်တော်ဦးပိုင်းမှာ ပဝါနက်လေး ခေါင်းမှာ ပေါင်း ထားတဲ့ မိန်းမချောရုပ်သွင်က ထင်ဟပ်လာလေရဲ့။

သူ....... သူ....... ညီ့ညီ့ဖော်။

"ဟုတ်တယ် ကိုမင်းကြည်၊ အဲဒါ ဦးအောင်ဇော်ရဲ့ မော်တော်ပဲ၊ သူ့သမီးလဲ ပါတယ်"

"ကဲဟေ့....... အဲဒီမော်တော်နောက် လိုက်စမ်း။ သေနတ်တွေ အဆင်သင့်လုပ်ထားဟေ့"

မကြာခင်မှာပဲ ကျုပ်တို့တစ်တွေ သူ့မော်တော်နောက်က လိုက်လာပြီဆိုတာ ဦးအောင်ဇော် သိသွားပုံပဲ။ သူ့မော်တော်ကို စက်ကုန်မြှင့်နေပြီ။

အခုတော့ မော်တော်နှစ်စင်း လိုက်တမ်းပြေးတမ်းကစား နေပြီလေ။ သို့ပေမယ့် ကျုပ်တို့ရဲ့ ရဲမော်တော်က စက်အားပိုကောင်း လေတော့ တဖြည်းဖြည်း နီးလာတယ်ပေါ့။ အခုတော့ ကိုက်နှစ်ရာ ထက် ပိုမဝေးတော့ပါ။ သံလွင်ဟာ ရေစီးသန်သလို လှိုင်းထန်တယ်။

လှိုင်းထဲလေထဲမှာ လောဘရမ္မက် ထုပြောလုပ်တဲ့ မနုဿ လူသားတစ်စုနဲ့ ဥပဒေဘက်တော်သားတွေ ဆုံကြပြီ။

စူးရှတဲ့သေနတ်သံက ဆီးကြိုလိုက်တယ်။ သူတို့က စပစ် ပြီပေါ့။ သွက်လက်ဖျတ်လတ်တဲ့ ပြည်သူ့ရဲတပ်သားတွေက မော်တော်ဦးမှာ မှောက်လျက် နေရာယူလိုက်ကြရဲ့။

"မပစ်နဲ့ဦးဟေ့၊ ငါ အမိန့်ပေးမှ ပစ်"

ကျုပ်နဲ့ ကိုမင်းကြည်ဟာ မော်တော်စက်ခန်းကို ကာဘာ ယူပြီး ဒူးထောက်ထိုင်လိုက်ကြရဲ့။ ကိုမင်းကြည် လက်ထဲမှာတော့ အမေရိကန် အသံချဲ့စက်ကလေးတစ်လုံး ကိုင်ထားတယ်။

"ဦးအောင်ဇော် လက်နက်ချပါ။ ကျုပ်တို့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေပဲ။ လက်နက်ချပြီး မော်တော်ကို စက်ရပ်လိုက်ပါ"



လော်စပီကာအသံဟာ လေထုထဲမှာ ပျံ့လွင့်သွားတယ်။

သူတို့က တဒိုင်းဒိုင်းသေနတ်သံတွေနဲ့ တုန့်ပြန်လိုက်ကြ ။ ကျည်ဆန်တွေဟာ ကျုပ်တို့မော်တော်ကို ပလူပျံလာပြီကပဲ။

"ဦးအောင်ဇော်၊ ဒါဟာ နောက်ဆုံးအကြိမ်ပဲ၊ လက်နက် ပါ"

ကိုမင်းကြည်ရဲ့ အသံဩအာအောကြီးက ထပ်မံပေါ်လာပြန် တယ်။ မော်တော်နှစ်စင်းရဲ့ အကွာအဝေးက ကိုက်တစ်ရာထက် ပို ဝေးတော့ဘူး။

ဦးအောင်ဇော်ရဲ့ မော်တော်ဟာ မြစ်လယ်ကနေ ကမ်းဘက် ကို ဦးတည်လိုက်တယ်။ ပြေးမလွတ်မှန်းသိလို့ ကမ်းကို ကပ်ပြီး ကုန်းပေါ် တက်ပြေးတော့မယ်ဆိုတာ ကျုပ်တို့ ရိပ်စားမိပါတယ်။

"လူတွေကို မထိစေနဲ့။ မော်တော်ကို ပစ်စမ်း"

ကျုပ်တို့ဘက်က စူးရှကျယ်လောင်တဲ့ ရိုင်ဖယ်သံတွေ ထွက် သွားတယ်။

"ဦးအောင်ဇော်....... ခင်ဗျား မော်တော်ကိုရပ်ပြီး အဖမ်း ခံပါ၊ ခင်ဗျား ကျုပ်တို့လက်က ပြေးလို့ မလွတ်တော့ပါဘူး"

ကိုမင်းကြည်က ထပ်မံ သတိပေးလိုက်ရဲ့။

အခုတော့ မော်တော်နှစ်စင်းရဲ့ အကွာအဝေးဟာ ကိုက် ငါးဆယ်ထက် ပိုမဝေးတော့ပါဘူး။ တစ်စင်းနဲ့တစ်စင်း ခပ်ကျယ် ကျယ် အော်ပြောလို့ရနေပြီ။ သို့ပေမယ်လို့ ဦးအောင်ဇော်ရဲ့မော်တော် ဟာ သံလွင်ကမ်းပါးစောင်းကို ဦးတည်လို့ ပြေးနေတုန်း။

ကျုပ်တို့ရဲ့ ရဲမော်တော်ဟာ ဘေးကနေ ပန်းပြီးတက်ဖို့ အကွေ့လိုက်မှာ ဦးအောင်ဇော်ဟာ ရတနာတွေထည့်ထားတဲ့ လက် ဆွဲအိတ်ကိုကိုင်ရင်း မော်တော်ဦးပိုင်းကို ခုန်တက်လာတယ်။

"မပစ်နဲ့....... မပစ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လက်က သေနတ်ခလုတ်ကို ခွဲညှစ်တော့မယ့်ဆဲဆဲမှာ ကိုမင်းကြည်က ဟန့်တားလိုက်တယ်။

"ရေထဲ ထိုးကျသွားရင် ရတနာတွေ ဆုံးသွားလိမ့်မယ် ကိုတခက်"

ကျုပ်လက်က ယားနေပြီ။

"မင်းတို့ ငါ့နောက်ကို ဆက်လိုက်ရင် ရတနာတွေကို ရေထဲ ပစ်ချလိုက်မယ်ဟေ့"

အဲသည်အချိန်မှာပဲ ဦးအောင်ဇော်ရဲ့အသံက ဟိန်းထွက်လာလေရဲ့။ သူ့အသွင်က တကယ်လုပ်တော့မယ် ပုံမျိုး။ နောက်ဆုံးအချိန် ရောက်နေပြီကိုး။

"ကြားလားဟေ့၊ ငါ့နောက် ဆက်လိုက်လာရင် ဟောဒီ ရတနာအိတ်ကို ရေထဲပစ်ချလိုက်ရမှာပဲ"

သူ့အသံက ဒုတိယမ္ဘိ ကြားရပြန်တယ်။

"ဘယ်လိုလုပ်မလဲ ကိုမင်းကြည်"

"အနုနည်းနဲ့ ကိုင်ရမှာပဲ ကိုတခက်၊ ရတနာတွေကိုတော့ အဆုံးရှုံးမခံနိုင်ဘူး။ ဒီရတနာတွေဟာ အခုနှစ်ရတနာပြပွဲမှာ တိုင်းပြည်အတွက် နိုင်ငံခြားငွေရအောင် ဖန်တီးပေးမယ့် ပစ္စည်းတွေဗျ။ ကဲ....... စိန်မြင့်ရေ စက်ရှိန်လျှော့ထားစမ်း"

ကိုမင်းကြည်က စက်ခန်းကို လှမ်းပြောလိုက်ရင်ပဲ ကျုပ်တို့မော်တော်ဟာ သိသိသာသာ နှေးသွားလေရဲ့။

"ဦးအောင်ဇော်၊ ခင်ဗျား ကျုပ်တို့လက်မှာ အသေတကြည် အဖမ်းခံပါ။ ခင်ဗျား မလွတ်နိုင်ပါဘူး"

ကိုမင်းကြည်က အသံချဲ့စက်ကလေးနဲ့ လှမ်းအော်လိုက်ပြန်တယ်။ သို့ပေမယ့် ဦးအောင်ဇော်ရဲ့ တဟားဟားအော်ရယ်လိုက်တဲ့ အသံသဲ့သဲ့သာ ကြားလိုက်ရပါတယ်။



အခုတော့ ဦးအောင်ဇော်ရဲ့ မော်တော်ဟာ ကျောက်ဆောင်ကျောက်စွန်းတွေ ထူပြောလှတဲ့ သံလွင်ကမ်းစပ်ကို ကွေ့ပတ်မောင်းနှင်ပြီး မော်တော်ကို ကမ်းကပ်ဖို့ ကြိုးစားနေသလို ကျုပ်တို့ မော်တော်ဟာ ကိုက်သုံးရာလောက် ပြတ်ကျန်နေပြီလေ။

"ကဲ....... စိန်မြင့်၊ ပါဝါတင်စမ်း။ လှမြင့်တို့က ဒီကောင်တွေ ကမ်းပေါ်ကို ခြေချမိတာနဲ့ ပစ်ပေတော့"

ကိုမင်းကြည်က သူ့လူတွေကို အမိန့်ပေးလိုက်ပါပြီ။

ပထမဆုံး ဦးအောင်ဇော်ဟာ ရတနာအိတ်ကို လက်တစ်ဖက်ကကိုင်၊ ညိုညိုဇော်ကို လက်တစ်ဖက်ကဆွဲပြီး မော်တော်ပေါ်က ခုန်ဆင်းပြီး ကျောက်ဆောင်အကွယ်မှာ လှစ်ခနဲ ပျောက်သွားတယ်။

ကျုပ်တို့ဆီက ကျည်ဆန်တွေ ပလူပျံသွားသလို သူတို့ဘက်ကလည်း ပြန်ပစ်ပြီး ကမ်းပေါ်ကို တက်ပြေးဖို့ ကြိုးစားကြလေရဲ့။ မော်တော်ဦးကို ပထမဆုံး ပြေးထွက်လာတဲ့ ဝမ်းမောင်ဟာ ရေထဲကို ကျွမ်းပြန်ကျသွားတယ်။ သို့ပေမယ့် လှိုင်းလူးနေတဲ့ မော်တော်ကြောင့် ချိန်သားမကိုက်လှဘူး။ ယကွနဲ့ ကျန်တဲ့နှစ်ယောက်ဟာ မော်တော်ပေါ်က ခုန်ချပြီး ကျောက်ဆောင်တွေကို အကာအကွယ်ယူရင်း ကျုပ်တို့ရဲ့ မော်တော်ကို ပစ်ခတ်ကြတယ်။

အင်း....... အသေးစား တိုက်ပွဲကလေးပေပဲ။

သူတို့က ပြောင်းတို၊ ကျုပ်တို့က ပြောင်းရှည်၊ ကျည်အားကလည်း ကွာပါဘိ။ ကျုပ်တို့ မော်တော်ဟာ လှိုင်းတွေကို ထိုးခွဲပြီး တဟဲဟဲပြေးလို့ ကမ်းကို ကပ်နေပြီ။ ကျည်ဆန်တွေ ဒလဟော ပစ်ခတ်ရင်း ကမ်းစပ်ကို ဦးတည်လို့နေပါပြီ။

ကျုပ်တို့ ကမ်းစပ်ကို ခြေချမိတဲ့အချိန်မှာတော့ သည်ကောင်တွေ လစ်ကြပြီပေါ့။ ထူထပ်လှတဲ့ ကျောက်ဆောင်၊ ကျောက်

www.burmeseclassic.com



ကမ်းပါးတွေ ကြားထဲမှာ သူတို့တစ်တွေ ခြေရာပျောက်သွားခဲ့ပေ ပြီ။

ကိုမင်းကြည်ဟာ မြေအနေအထားကို အကဲခတ်နေပုံ ဟုတ်တယ်...... ရုတ်တရက်အားဖြင့် ဘယ်ဘက်ကို ဆက်လိုက်ရ မယ်ဆိုတာ ခန့်မှန်းလို့ မလွယ်လောက်အောင် ကျောက်ဆောင် ကျောက်ကြားတွေက ရှေ့မှာ ဆီးကြိုနေလေရဲ့။

"ကဲ...... ဒီလိုလုပ်ရအောင်၊ ကျုပ်တို့နှစ်ယောက်တစ်တွဲ သုံးစုခွဲပြီး လိုက်ကြရအောင်၊ ဒီကောင်တွေ ဝေးဝေးလံလံတော့ မရောက်နိုင်သေးဘူး။ ဒါပေမယ့် မြေအနေအထားကတော့ သူတို့ ဘက်က အသာစီးရနေလို့ ဂရုတော့စိုက်ကြပေ့"

ကျုပ်တို့အားလုံး ခြောက်ယောက်။

ရိုင်ဖယ်ကိုင်ရဲသားကလေးတစ်ယောက်နဲ့ ကျုပ်ဟာ ကျောက်ကမ်းပါးစောင်းတစ်ခုကြားထဲက လမ်းအတိုင်း ခပ်သွက် သွက်ပြေးတက်ခဲ့ကြတယ်။ သို့ပေမယ့် ခြေရာဆိုတာမျိုးဟာ ကျောက် စိုင်ကျောက်သားမှာ ထင်ကျန်ရစ်တာမျိုး မဟုတ်လေတော့ အခက် သားကလား။

"မျက်စိကို ရှင်ရှင်ထားပြီး ခြေသံလုံလုံ နင်းပေတော့ပေ့"

ကျုပ်က ဘဲရောင်နီပစ္စတိုကို ခပ်ဖွဖွကိုင်ရင်း ရှေ့ကတက် ခဲ့တယ်။ အဲဒီလိုနဲ့ ပေသုံးလေးဆယ်လောက်မြင့်တဲ့ ကျောက်ဆောင် ကြီးနှစ်ခုအကြားကို ခြေချမိတယ်ဆိုရင်ပဲ ခဲလုံးတွေအပေါ်က လိမ့် ကျလာသံနဲ့အတူ စူးရှတဲ့သေနတ်သံတစ်ချက်ဟာ ကျောက်ကမ်းပါး တွေကို ပဲ့တင်ရိုက်ခတ်ပြီး ထွက်ပေါ်လာလေရဲ့။

"ဖစ်...... ဝဝ်"

ကျုပ်ဟာ ကျောက်တုံးတစ်ခုဘေးကို တစ်ကိုယ်လုံး ပစ် လှဲပြီး လိမ့်လိုက်တာနဲ့အတူ တဒိုင်းဒိုင်း ပစ်ခတ်သံတွေကို ဆက်



ဆိုက်ကြီး ထွက်ပေါ်လာလေရဲ့။

သတ်ကွင်းက လည်စင်း၍ ဝင်မိလေခြင်း။

"ကျွန်...... ကျွန်တော့်ခြေထောက်ကို ထိသွားပြီ"

ကျုပ်နဲ့ ဆယ်ပေလောက် အကွာမှာရှိတဲ့ ကျောက်တုံး အကွယ်က ရဲသားလေးရဲ့အသံ။

"ဟေ...... ဒဏ်ရာသိပ်များသလား"

"သိပ်မများပါဘူး"

"ဒါဖြင့် အဲဒီမှာပဲ ဝပ်နေ၊ ကျုပ်ရှေ့က ကျောက်ဆောင် ပေါ်ကို ပြေးတက်မယ်၊ မောင်ရင်က သေနတ်သံထွက်လာတဲ့နေရာ ကို ရိုင်ဖယ်နဲ့ ကူညီကာပစ်ပေး၊ ရမလား"

ကျုပ်ဟာ ကျောက်ဆောင်အကွယ်က ခေါင်းပြူပြီး အပေါ် ကို ကြည့်လိုက်တယ်။

"ဒိုင်း......"

ကျုပ်ခေါင်းဘေးက ကျောက်မှုန်ကျောက်စတွေ ဖွာထွက် သွားတယ်။

မြတ်စွာဘုရား...... ပေါ်စီးက ခေါ်နေပါပကောလား။ သို့ပေမယ့် ကျုပ်က မျက်ကန်း၊ ဘယ်နေရာက ကျည်ဆန်လာမှန်း အခုအထိ အတိအကျမသိ၊ ကျုပ်ဟာ ကျည်သုံးတောင့် ရမ်းလွှတ် လိုက်ပြီး ရဲသားကလေးကို ပြောလိုက်တယ်။

"အခု သေနတ်သံကြားရတဲ့နေရာကို မင်းဘက်က ကွယ် ပြီး ပစ်ပေးလို့ရမလား"

"ရပါတယ် ဆရာ"

သူ့စကားဆုံးတာနဲ့ ရိုင်ဖယ်သံ တဒိုင်းဒိုင်း ထွက်လာတာ နဲ့အတူ ကျုပ်ဟာ ဟင်းလင်းပြင်ကိုဖြတ်ပြီး သေပြေးရှင်ပြေး ပြေး ထွက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်း....... နိုင်း....... နိုင်း"

သေနတ်သံနဲ့ ပွဲတင်ရိုက်ခတ်သံတွေ ထွက်ပေါ်လာပြီး ကျည်သုံးတောင့်ဟာ ကျုပ် ဖနောင့်ချခဲ့တဲ့နေရာတွေ နောက်ကို လိုက်လာသေးရဲ့။

အခုတော့ အန္တရာယ်သတ်ကွင်းက လွတ်ခဲ့ပါပြီ။

ကျုပ်ဟာ ကျောက်ဆောင်ပေါ်ကို အမောတကော ပြေး တက်ခဲ့မိတယ်။

ဟယ်.......ဦးအောင်ဇော်နဲ့ ညိုညိုဇော်ပါကလား။

ဦးအောင်ဇော်ဟာ ညိုညိုဇော်ကို လက်ကဆွဲရင်း ကျုပ် ရှေ့က ပြေးလို့၊ သူ့လက်ထဲမှာတော့ သိန်းနှစ်ဆယ်တန် ရတနာ အိတ်ကလေးတစ်လုံး။

"ဦးအောင်ဇော်....... ဦးအောင်ဇော်"

ကျုပ်က နာနာကျည်းကျည်း ဟစ်ခေါ်လိုက်ရင်း သူတို့ နောက်ကို အတင်းလိုက်ခဲ့တယ်။

ကျုပ်အသံကိုလည်း သူတို့ ကြားသွားပြီ။

ကျုပ်ကိုလည်း သူတို့ မြင်သွားကြပြီ။

ပြေးလို့မလွတ်နိုင်ပြီဆိုတာလည်း ဦးအောင်ဇော် သိသွား ပါပြီ။ အဲဒီအချိန်မှာပဲ ခပ်ဝေးဝေးက သေနတ်သံသဲ့သဲ့တွေ ကြား ရတယ်။ ယက္ခတို့အဖွဲ့နဲ့ ပြည်သူ့ရဲတွေ တွေ့ကြပြီထင်တယ်။

ဦးအောင်ဇော်နဲ့ ညိုညိုဇော်ဟာ သူတို့အနားကို တစ်လှမ်း ချင်း ကပ်လာတဲ့ ကျုပ်ကို စိမ်းစိမ်းကြီး ရပ်ကြည့်နေကြတယ်။ သူ့ ခါးကြားမှာတော့ သေနတ်တစ်လက်။ သို့ပေမယ့် လက်တစ်ဖက် က ရတနာအိတ်။ လက်တစ်ဖက်က သူ့သမီးလေး ညိုညိုဇော်ကို ဆွဲလို့။

"ဦး....... ဦးဦး"



ညိုညိုဇော့်အသံက တုန်ယင်နေရှာတယ်။

"အင်း....... ဘခက်....... ဘခက်၊ မင်းနဲ့ငါ ပြန်ပြီး ဆုံရ ပြန်ပြီကိုး"

"ဟုတ်တာပေါ့ ဦးအောင်ဇော်၊ ကမ္ဘာမြေကြီးဟာ အကျဉ်း ကလေးပဲဟာ"

ကျုပ်က သေနတ်ကို တွဲလောင်းကိုင်ရင်း ခပ်အေးအေး ဆိုမိတယ်လေ။ ကမ္ဘာမကျေခဲ့တာတွေ ပေးချေဖို့အတွက် နောက် ဆုံး တွေ့ဆုံခြင်းပေပေါ့။

"အေး....... ဒါပေမယ့် ငါ့အနေနဲ့ကတော့ ကောင်းသော တွေ့ဆုံခြင်းဖြစ်ပါစေလို့ မျှော်လင့်တယ် ဘခက်၊ အရင်က ဖြစ်ခဲ့ တဲ့ အာဃာတတွေကို သင်ပုန်းချေလိုက်ကြစို့လား ဘခက်....... ဟင်"

အလို....... တယ်ဆိုတဲ့ စာပါကလား။

"ငါ့ညာဘက်လက်မှာ သိန်းနှစ်ဆယ်ကျော်တန်တဲ့ ရတနာ တွေ ရှိနေတယ်။ နိုင်ငံခြားကို ရောက်သွားမယ်ဆိုရင် သိန်းနှစ်ရာ မက တန်ချင်တန်မယ်။ အဲ....... ငါ့ဘယ်လက်မှာ ငါ့အချစ်ဆုံး သမီး ကလေး ညိုညိုဇော်လေ၊ တို့သုံးယောက် ဒီက ပြေးကြမယ်ဆိုရင် အချိန်တွေ အများကြီးရှိသေးတယ် ဘခက်"

ညိုညိုဇော့်မျက်လုံးတွေဟာ အရောင်တလက်လက် ဖြစ် လာတယ်။

ဦးအောင်ဇော်ဆိုလိုတဲ့ အဓိပ္ပာယ်ကို ကျုပ်သဘောပေါက် သလို ညိုညိုဇော်လည်း သိမှာပါပဲ။

သိန်းနှစ်ဆယ်၊ ညိုညိုဇော်....... ။

ပြီးတော့ ရန်သူတော်ကြီး ဦးအောင်ဇော်။

ဟား....... ဟား ရယ်ချင်လိုက်ပါဘိတော့။ ပြေး...လွှတ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



သိတော့ သမီးကို ဖန်ပြပြီး ရတနာတွေကို ဆွယ်ပြန်ပြီ။

"ဘယ်လိုလဲ ဘခက်၊ သိပ်စဉ်းစားမနေပါနဲ့ကွာ၊ ညိုညို ဇော်ဟာ မင်းအပေါ်မှာ ဘယ်လောက်တွယ်တာတယ်ဆိုတာ ဖခင် တစ်ယောက်အနေနဲ့ မပြောထိုက်ပါဘူး။ ကဲ...... အချိန်မရှိဘူး။ သွားကြရအောင်"

ကျုပ်ဟာ ကိုင်ထားတဲ့ ပစ္စတိုကို ခါးကြားထဲ ထိုးထည့် လိုက်ပါရဲ့။

"နေပါဦး ဦးအောင်ဇော်၊ ပြောစရာ နည်းနည်းပါးပါး ကျန် ပါသေးတယ်"

ညိုညိုဇော်ရဲ့ မျက်လုံးဝိုင်းဝိုင်းကြီးတွေဟာ မှိုင်းညို့လာ တယ်။ မျက်တောင်ကော့ကြီးတွေက တဖျပ်ဖျပ်ခပ်လာတယ်။

"ဘာ...... ဘာမှပြောမနေပါနဲ့တော့ ဦးဦး။ မိညို ဦးဦး ကို ချစ်သလို ဖေဖေ့ကိုလဲ မခွဲနိုင်ဘူး။ အဲဒီတော့ ဖေဖေပြောသလို ပြေးကြပါစို့"

သူ့အသံက အသည်းထဲ နှလုံးထဲက လှိုက်ထွက်လာပါ တယ်။ သို့ပေမယ်လို့ ဒါက နှလုံးသားကိစ္စ။

"ဟုတ်တယ် ဘခက်၊ အာဃာတတွေ ချေလိုက်ပါတော့ ကွာ။ ဒီကနေ တစ်မိုင်လောက်သွားလိုက်ရင် ဝံ့တပည့်တွေ ဖက်လှေ တစ်စီးနဲ့ အဆင်သင့်ရှိနေကြလိမ့်မယ်၊ သူတို့မလိုက်နိုင်ပါဘူး။ ကဲ...... "

သူက ညိုညိုဇော့်လက်ကို လွှတ်လိုက်တယ်။ မိညိုက ကျုပ်ကို လဲ့လဲ့ရွှန်းရွှန်းကြည့်လို့၊ ကျုပ် အံကြိတ်မိလိုက်ပါတယ်။ ပြီးတော့ တစ်ခွန်းချင်း ပြောမိရဲ့။

"ဒါပေမယ့် ဖမ္မရှားဝင်ရှောကို မီးတိုက်ခဲ့တာ ကျန်နေသေး တယ်၊ ဦးအောင်ဇော် ကျုပ်မိဘတွေကို အရှင်လတ်လတ် မီးလောင်



တိုက်သွင်းခဲ့တာကို သင်ပုန်းချေလိုက်ရမှာလား"

"ဘာ......"

"အေးကျော်ကို ကျုပ်သတ်သလို အကွက်ဆင်ပြီး ခင်ဗျား သတ်ပစ်ခဲ့ပေမယ့် စွပ်ပရားကတော့ ရဲအဖွဲ့မှာ အမှန်ကို အစစ်ခံ လိုက်ပြီ ဦးအောင်ဇော်"

ဦးအောင်ဇော်ရဲ့မျက်နှာကြီးဟာ ဆိုးဆိုးရွားရွား ပုံပျက်ပန်း ပျက် ဖြစ်သွားတယ်။ ညိုညိုဇော်ကတော့ အံ့အားသင့်လွန်းဟန်နဲ့ ပါးစပ်ကလေး ဟ,လို့။

အဲဒီအချိန်မှာပဲ သူ့လက်က ခါးမှာထိုးထားတဲ့ သေနတ် ဒင်ကို ဆတ်ခနဲ ဆွဲထုတ်လိုက်တယ်။ ကျုပ်ကလဲ ဒူးတစ်ဖက် ထောက် ချလိုက်ပြီး သူ့ရင်အုံထဲကို ခလုတ်ညှစ်ထည့်လိုက်ရဲ့။

"ဒေါက်"

"ဒိုင်း"

ကျုပ်တစ်ကိုယ်လုံး လည်ပတ်နေတဲ့ သွေးတွေ ရှာနိုးခနဲ ရပ်သွားသလို အကြောအချဉ်တွေ တင်းခနဲ တုန့်ဆွဲလိုက်သလို ခံ စားလိုက်ရတယ်။

သူ့ကျည်ဆန်က ကျုပ်နားထင်သားက ဖြတ်သွားပေမယ့် ကျုပ်သေနတ်က ကျည်မထွက်။

မှားလေခြင်း။

သည်သေနတ် ကျည်ဆန်ကုန်ခဲ့ပြီကို ကျုပ် မသိခဲ့လေ ခြင်း။

သို့ပေမယ့် သည်အမှားက ပြင်လို့မရတဲ့အမှား။ မဟာ အမှား။

ဦးအောင်ဇော်ဟာ အရူးတစ်ယောက်လို တဟားဟား အော် ရယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အခြေအနေကို ရိပ်စားမိသွားပြီ။ သူ့ရှေ့မှာ လည်စင်းပေးနေတဲ့ ကျွဲပ်ကို ဒုတိယမ္ပိ သေနတ်နဲ့ ချိန်လိုက်တယ်။

"အို…… ဖေဖေ။ ဦးဦးကို မသတ်ရဘူး မသတ်ရဘူး"

ညိုညိုဇော်ဟာ နှလုံးသားတွေ ကွဲစဉ်မတတ် အော်လိုက်ပြီး ကျွဲပ်ကို အတင်းဖက်ထားတယ်။

"မပစ်ပါနဲ့ ဖေဖေ၊ ဦးဦးကို မပစ်ပါနဲ့။ ဦးဦးကို မသတ်ပါနဲ့"

"ဖယ်စမ်း မိညို…… ဖယ်စမ်း"

ဦးအောင်ဇော်ဟာ သေနတ်တကားကားနဲ့ ကျွဲပ်ကို ပစ်ကွင်းရှာနေသလို သူ့မျက်နှာပေါ်မှာလည်း ရက်စက်တော့မယ့် အတိတ်နိမိတ်တွေ အထင်းသား ပေါ်နေတယ်။

"ဒိုင်း"

ပြင်းထန်တဲ့ ယမ်းအားပေါက်ကွဲသံနဲ့အတူ ကျွဲပ် နှလုံးသားတွေ လွင့်စဉ်သွားသလို ခံစားလိုက်ရတယ်။

"အမယ်လေး……"

မိညိုက ကျွဲပ်ကို ဖက်ရင်း အော်လိုက်တယ်။

ကျွဲပ်က သူ့ကိုပွေ့ထားမိရင်း သူ့ကျောနောက်က ဦးအောင်ဇော်ကို ကြည့်မိရဲ့။ ဦးအောင်ဇော်ရဲ့ ခန္ဓာကိုယ်ကြီးဟာ ဆတ်ခနဲ တွန့်သွားပြီး လက်ထဲက ရတနာအိတ်ကလေး လွတ်ကျသွားတယ်။

သူဟာ သေနတ်ကို အားခဲဆုပ်ရင်း ဒူးထောက်လျက် ကျသွားတယ်။ သို့ပေမယ့် သူမှာ သေနတ်တစ်လက်ရဲ့ခလုတ်ကို ဆွဲညှစ်ဖို့ အင်အားမရှိတော့ပါဘူး။

သူ့ကိုယ်ကြီးဟာ ကျောက်ဆောင်ပေါ်မှာ မှောက်လျက်ကြီး ငြိမ်သက်သွားလေရဲ့။

ကျွဲပ်ဟာ မိညိုကို အသာတွေးပွေ့ရင်း နောက်ကိုလှည့်ကြည့်မိတယ်။ ပေါင်ကို သေနတ်မှန်ထားတဲ့ ရဲသားကလေးဟာ နိုင်ဖယ်ကိုကိုင်ရင်း ထော့နဲ့ထော့နဲ့ လျှောက်လာလေရဲ့။

ရင်သိမ့်တုန်ခါဖွယ်ရာ ဖြစ်ရပ်တွေဟာ ရှည်ကြာတယ် ထင်ရပေမယ့်လို့ စက္ကန့်ပိုင်းအတွင်း ပြီးဆုံးသွားခဲ့ပြီ မဟုတ်ပါလား။

"ဟင်…… ဖေဖေ"

မိညိုဟာ ကျွဲပ်ရင်ခွင်ထဲက နောက်ကို လှည့်ကြည့်ရင်း အရူးမလေးလို သွေးရူးသွေးတန်း ဟစ်အော်လိုက်ပြီး ဦးအောင်ဇော်ဆီကို ပြေးသွားတယ်။

"ဖေဖေ…… ဖေဖေ သေပြီ အမယ်လေး…… ဖေဖေရယ်၊ ဒ ပိုးလေးကို ပစ်သွားပြီလား ဖေဖေရယ်……"

သူ့အသံတွေက မချိတင်ကဲ နိုင်လွန်းလှတယ်။

ဩော်…… ငါးရာ့နှစ်ဆယ့်ရှစ်နဲ့ တစ်ထောင့်ငါးရာမေတ္တာ ရှိန်ပွဲကို ဟိုဘက်ဒီဘက် အနိုင်မဆွဲနိုင်ခဲ့တဲ့ မိန်းကလေးရယ်။

ရဲရဲတောက်တောက် အရောင် တဖျတ်ဖျတ်လက်နေတဲ့ ကျောက်မြားတွေဟာ အိတ်ကလေးထဲက ပွင့်အန်ထွက်ကျနေသလို ရွှဲစိုနေတဲ့ သွေးတွေက ဦးအောင်ဇော်ရဲ့ ရင်အုံက ထွက်ကျနေပါတယ်။

လှိုင်းက ပုတ်နေသလို လေကလည်း တဟူးဟူးတိုက်လို့။

သံလွင်ကျောက်ဆောင်ကမ်းပါး အထက်မှာတော့ လောဘမှောက်ကို အသက်နဲ့လဲသွားတဲ့ လူသားတစ်ဦးနဲ့ နှလုံးသား ပျက်ကြွေမတတ် ရှိုက်ငင်နေတဲ့ မိန်းမလှလေးတစ်ယောက်၊ ကျွဲပ် ရင်မှာ တွယ်ခိုနေတဲ့ အငြိုး၊ အတေး၊ အမုန်းအတိ၊ နာကျည်းမှုတွေဟာ လွင့်စဉ်သွားပါပြီ။ ကျေအေးသွားပါပြီ။ ငြိမ်းချမ်းခဲ့ပါပြီ။

ဒါပါပဲလေ၊ မနုဿလူသားဆန်လိုက်တဲ့ ကျွဲပ်ပါ။

သို့ပေမယ့် သူ့ရင်ထဲမှာတော့ နေဆယ်စင်း။



www.burmeseclassic.com

www.burmeseclassic.com



"ငိုပါလေဦး...... မိန်းကလေးရယ်"

မကြာခင် လုံခြုံရေးမှူး ကိုမင်းကြည်နဲ့ ရဲအဖွဲ့ဝင်တွေ ရောက်လာကြပါတယ်။ ယက္ခနဲ့ ဦးအောင်ဇော်ရဲ့တပည့်တွေကိုလည်း လက်ရဖမ်းမိခဲ့ကြတယ်။ ယက္ခလက်မှာ ဒဏ်ရာနဲ့ပေါ့။

အခုတော့ သူတို့အတွက် နေဝင်ပါပြီ။ ဒုစရိုက်သမားတွေရဲ့ ခရီးဆုံးပါပြီ။

## အခန်း (၁၃)

ဟုတ်ပါတယ်လေ......

အခုတော့ အစစအရာရာဟာ ပြီးဆုံးခြင်း တိုင်ခဲ့ပါပြီ။

အားလုံး...... အားလုံးဟာ ပြီးဆုံးခဲ့ပြီကပဲ။

အေးကျော် အသတ်ခံရမှု၊ ဖမ္မုရုံးဝင်ရှော မီးရှို့ခံရမှု မိုင်းမြိုင်က ရတနာတွေကို အပိုင်စီးခံရမှု၊ ဒါတွေအားလုံး အဆုံးသတ်သွားပြီပေါ့။

ပထမဆုံး ကျုပ်ရဲ့မိဘနှစ်ပါးကို မီးလောင်တိုက်သွင်းခဲ့တဲ့ အမှုမှာ ဦးအောင်ဇော်ရဲ့ ခိုင်းစေချက်အရ အေးကျော်နဲ့ စွပ်ပရား ကျူးလွန်ခဲ့ကြောင်း စွပ်ပရားက ထွက်ချက်ပေးတယ်။ အေးကျော် အသတ်ခံရမှုမှာတော့ ကျေးရှူးရှင်မကလေး ညိုညိုဇော်က ဖြောင့် ချက်ပေးခဲ့တယ်။



"အဲဒီနေ့က ဦးဦးဟာ လူမှန်းမသိအောင် မူးနေပါတယ်။ ဦးဦးကို ကိုအေးကျော်က ကားနဲ့တင်ခေါ်လာပြီး ဖေဖေ့ရုံးခန်းကို ထမ်းပြီး ခေါ်လာခဲ့ပါတယ်။ ဒါကို အဲဒီညက အိပ်မပျော်နိုင်လို့ ပြတင်းပေါက်မှာ ထွက်ရပ်နေတဲ့ ကျွန်မတွေ့ခဲ့ပါတယ်။ ကျွန်မလဲ သက်မကောင်းဖြစ်ပြီး အိမ်အပေါ်ထပ်က အောက်ထပ်ကို တိတ်တဆိတ် ဆင်းလာခဲ့မိတယ်။ အချိန်က ဆယ်နာရီလောက် ရှိပါပြီ......

"ဖေဖေ့ရုံးခန်းဟာ မှန်ပြတင်းတွေ ကာထားလို့ အတွင်းကို လှေကားထိပ်ကနေ လှမ်းမြင်နေရပါတယ်။ အသံတွေကိုလဲ ကြားနေရပါတယ်ရှင်၊ ကိုအေးကျော်က ဖေဖေ့ကို ဘယ်လိုစီစဉ်လေ။ အကွက်ကောင်းတော့ တွေ့နေပြီ။ မြန်မြန်ကနေထဲကို ပစ်ချလိုက်ရအောင်လို့ ပြောတယ်။ ဖေဖေက နေဦး အေးကျော်၊ ဒီထက်ကောင်းတဲ့ အစီအစဉ်ရှိတယ်လို့ပြောပြီး အံဆွဲထဲက ပစ္စတိုကို ဆွဲထုတ်လိုက်ပါတယ်။ နောက်ပြီး ဘယ်လိုမှ မျှော်လင့်မထားတဲ့ ကိုအေးကျော်ကို ရုတ်တရက် ပစ်သတ်လိုက်တယ်။ ကျွန်မဟာ လှေကားပေါ်က လိမ့်ကျမတတ် တုန်လှုပ်မိပါတယ်......

"ဦးဦးဟာ သေနတ်သံကြောင့် သတိရလာသလိုပဲ။ ဒါပေမယ့် သူ့မျက်လုံးတွေဟာ မဖွင့်နိုင်သေးဘူး။ ဖေဖေဟာ သေနတ်သက်ကိုင်ကို အဝတ်နဲ့သုတ်ပြီး ဦးဦးလက်ထဲကို ထည့်လိုက်ပါတယ်။ ပြီးတော့ နောက်ဖေးပေါက်က ပြေးထွက်သွားခဲ့ပါတယ်ရှင်၊ ကျွန်မ ခြင်တွေဟာ အလိုလိုတုန်လာတယ်၊ ဖေဖေဟာ ဦးဦးကို လူသတ်ဖြစ်အောင် အကွက်ဆင်လိုက်တယ်ဆိုတာ ကျွန်မ ရိပ်စားမိပါပြီ"

ညိုညိုဇော်ဟာ ပြောရင်းနဲ့ ရှိုက်လာတယ်။

ရှိုက်ရင်းနဲ့ မျက်ရည်တွေ ကျလာတယ်။

"ဒါပေမယ့်လို့ တစ်ဖက်က ချစ်ခင်လေးစားရတဲ့ ကျေးဇူးရှင်၊ တစ်ဖက်ကလဲ ကျွန်မ အသည်းနှင့်...... နှင့်အောင် ချစ်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ"

သူ့အသံက တိမ်ဝင်သွားတယ်။

"နောက်ဆုံး ကြံရာမရတော့တဲ့အတွက် ဦးဦးကို သတိရအောင်လုပ်ပြီး 'မြနန္ဒာ'က ထွက်ပြေးဖြစ်အောင် လုပ်ခဲ့ရတာပါရှင်ကိုအားကျော်ကိုသတ်တာ ဖေဖေပါ၊ ဦးဦးမဟုတ်ပါဘူး။ အခုတော့ ဖေဖေဟာ သူ့လောဘဇောကို မသတ်နိုင်ခဲ့လို့......"

ညိုညိုဇော်ဟာ 'အိ'ခနဲ ငိုချလိုက်ပါတယ်။

ခရိုင်တရားသူကြီးနဲ့ ရဲအရာရှိတွေဟာ ညိုညိုဇော့် ထွက်ဆိုချက်ကို ရေးမှတ်ပြီး လက်မှတ်ထိုးခိုင်းခဲ့ပါတယ်။

ဩော်...... ကျေးရှူးရှင်မကလေး ညိုညိုဇော်ရယ်...... မိညိုရယ်။

မိညိုဟာ သူ့ဖခင်ကို အကာအကွယ်ပေးပြီး အမှန်အကန်မထွက်ဆိုခဲ့ရင် ကျုပ်ဟာ အားကျော်အသတ်ခံရမှုမှာ ကွင်းလုံးကျွတ်လွတ်စရာလမ်း မမြင်ပါဘူး။ အခုတော့ မင်းမေတ္တာကို ကိုယ်သိပါပြီ။

ကိုယ့်အပေါ်မှာထားရှိခဲ့တဲ့ မိညိုမေတ္တာ ကရုဏာကို လည်းမှန်းဆနိုင်ပါပြီ။ ဒါပေမယ့် မိညိုရေ...... လူဆိုတာ နှလုံးသားရဲ့ဆန္ဒကို ဦးနှောက်က မလိုက်လျောနိုင်တဲ့အပိုင်းတွေ အများကြီး ရှိနေပါတယ်ကွယ်။

ကိုယ် မိညိုကို ချစ်ပါတယ်။ မချစ်ဝံ့ပါဘူး။ ချစ်ချင်ပါတယ်၊ ချစ်ရမှာ လိပ်ပြာမသန့်တော့ပါဘူး။ အသည်းနှလုံးက ပုံအောပြီး ချစ်ပေမယ့် ဦးနှောက်က မချစ်ရဲတော့ပါဘူးကွယ်။ မိညိုရဲ့ အချစ်ဆုံးဖခင်ဟာ ကိုယ့်ပယောဂနဲ့ အသက်ဆုံးရပြီ မဟုတ်လား။

နေရစ်ခဲ့တော့ မိညိုရေ...... နေရစ်ခဲ့တော့။

ကိုယ့်မှာ နှလုံးသားရှိပေမယ့် အဲသည်နှလုံးသားထဲက မိညိုအပေါ်မှာ ချစ်ရတဲ့မေတ္တာတွေကို ရာသက်ပန် သိမ်းထားပါတော့မယ်။ မထိန်းချုပ်နိုင်လို့ ပေါက်ကွဲသွားရင်လည်း နှလုံးကွဲခံပါတော့မယ်။

"ကိုယ့်ကို ခွင့်လွှတ်ပါ မိညိုလေးရယ်"

မျက်ရည်သွယ်သွယ် ကျနေတဲ့ မိညိုကို ရင့်အနင့်ဆုံး နှုတ်ခွန်းဆက်ပြီး ဝေးရာသို့ ပြေးခဲ့မိပါတယ်။

မိညိုနဲ့ဝေးတဲ့နေရာ။

ပိုလို့ ပိုလို့သာ ဝေးတဲ့နေရာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

'မိုင်းမြို့င်'

ဟုတ်ပါတယ်။

ကျွန်ုပ်ဟာ မိုင်းမြို့င်ကို လုံခြုံရေးမှူး ကိုမင်းကြည်တို့ အတူ လိုက်ခဲ့ပါတယ်။ မြရတနာကုမ္ပဏီက ရတနာတွေကို ပြ လည်ရရှိဖို့အတွက် ပြည်သူ့ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး သက်စွန့်ဆံဖျာ လိုက်ပါဆောင်ရွက်ခဲ့တဲ့ ကျွန်ုပ်ကို ကျေးဇူးစ်သော ခွင့်လွှတ်ခြင်း ခွင့်လွှတ်ခဲ့ပါတယ်။

လမ်းများလိုက်ခဲ့မိတဲ့ကျွန်ုပ်ဟာ အချိန်မီ အမြင်မှန် ပြန် ခဲ့လို့ တိုင်းပြည်က ခွင့်လွှတ်ခဲ့ပါပြီ။ အမိနိုင်ငံဟာ အမြင်မှန်ရလာ တဲ့ သားဆိုးကို ကရုဏာအပြည့်နဲ့ ကျေချမ်းခွင့်လွှတ်နိုင်လျက် ကလာ။



အခုတော့ မိုင်းမြို့င်ရောက်လုပါပြီ။

မချွေစင်ရှိ....... ။

ကျွန်ုပ်ကို အသည်းနင့်အောင် ချစ်ပြသွားရှာတဲ့ ဒုစရိုက် ကာရီမကလေးလည်း မရှိပြီပေါ့။

မင်းနီ....... မင်းနီ။

အရှုးမကလေး မင်းနီ၊ ညည်း ဘယ်မှာလဲ။

ကျွန်ုပ်တို့ ကားဟာ မိုင်းမြို့င်မြို့စွန်ကို ရောက်လာတယ်။ သည်တော့ သူ့ကို သတိရလာတယ်။

ကျွန်ုပ်ကားနဲ့ တိုက်ပစ်ခဲ့တဲ့ အရူးမကလေးလေ။

သူ့သားကလေးကို ပွေ့ရင်း သွေးအိုင်ထဲမှာ လဲကျန်ရစ် ခဲ့တဲ့ ကံဆိုးမကလေးပေါ့။

သူ့မျက်နှာပိုင်းပိုင်းလှလှကလေးကို မြင်ယောင်လာတယ်။ ချိုသာ အေးဆေးလှတဲ့ သူ့အသံကလေးကို ကြားယောင်လာတယ်။

"လူသေတွေကို ဘာလို့ကြောက်ရမှာလဲ အစ်ကို၊ ကြောက် စရာကောင်းတာက လူရှင်တွေပါ။ လူရှင်တွေက ဒက်ဒီနဲ့မာမီကို သေ အောင်ကို သတ်ကြတာ။ ပြီးတော့ မင်းနီ့ကို......."

မင်းနီဟာ လူရှင်တွေရဲ့ လောဘ၊ ဒေါသ၊ မာနမာနတွေ၊ ရက်စက်ယုတ်မာမှုတွေကို ရင်နင့်အောင် ခံခဲ့ရသူကလေးတစ်ယောက်၊ ပြီးတော့ လူရှင်တွေက ရက်စက်ယုတ်မာခဲ့လို့ရတဲ့ သားကလေး ကို အသက်နဲ့လဲပြီး ကြင်နာယုယခဲ့တဲ့ မိခင်တစ်ယောက်။

မင်းနီဟာ လူဆန်တယ်။

ဟုတ်တယ် မင်းနီ။ မင်းနီ့ကို ကားနဲ့တိုက်ပြီး ပစ်ခဲ့တဲ့ ကိုယ် သာ လူမဆန်ခဲ့တာ။ သို့ပေမယ့် ကိုယ့်နှလုံးသားဟာ လူဆန်ပါတယ် မင်းနီရယ်။

"ကဲ....... ဘယ်မှာ ဆင်းမှာလဲ ကိုဘခက်"

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးမှူး ကိုမင်းကြည်က မေးတယ်။ သည်တော့မှ အတွေးကမ္ဘာမှာ အတိုင်းအဆမရှိ လွင့်မျောနေတဲ့ ကျုပ်ဟာ သတိ ရလာတယ်။

"သချိုင်းဝမှာ ချပေးပါ ကိုမင်းကြည်"

"ဗျာ......"

"မိုင်းမြို့င် သချိုင်းလေ"

ကျုပ်က ခပ်မာမာ ပြောလိုက်မိရဲ့။ သူက အံ့ဩဟန်ပြ တယ်။

"ကောင်းပါပြီဗျာ"

ကျုပ်ဟာ လင့်ရှိဗာပေါ်က ဆင်းလိုက်တယ်။

သူတို့က ကျုပ်ကို နားမလည်နိုင်သလို ကြည့်ရင်း ကားကို မောင်းထွက်သွားကြလေရဲ့။

ညနေချမ်းကလေးပါပဲ။

ကျုပ်ဟာ လောဘ၊ ဒေါသ၊ မာန်မာနတွေ မြေမြှုပ်ပစ် တဲ့ သချိုင်းထဲကို ဝင်ခဲ့ပါတယ်။ မင်းနီနေတဲ့ ဇရပ်ရောက်တော့ ကျုပ်ရင်မှာ ဆို့သွားရတယ်။

ရေအိုးကလေးကလည်း ကွဲလို့။

ဖျာစုတ်ကလေးကလည်း ဖုန်တသောသောနဲ့။

သူတို့သားအမိ မရှိကြတော့ပါကလား။

ကျုပ်ရင်မှာ လှိုက်မောသွားတယ်။ နုနုငယ်ငယ် ချစ်စဖွယ် မင်းနီ့မျက်နှာလေးကို မြင်မိတယ်။ နှီချိုထွားထွားကို အငမ်းမရ စို့ နေတဲ့ သားကလေးငယ်ရဲ့ မျက်နှာနီနီကလေးကို တွေးမိတယ်။

"မင်းနီရယ်...... ညည်း ဘယ်မှာလဲ"

စိတ်ထဲမှာ လေးလံနောက်ကျရပါပြီ။

ကျုပ်ဟာ ခြေဦးတည့်ရာကို လျှောက်ခဲ့ပါတယ်။ မိုင်းမြို့င်



မြို့လယ်ကောင်က မင်းနီနဲ့ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့တဲ့ လောက စီမာန်ကို ရောက်လာပါပြီ။ ဒါပေမယ့် ကျုပ်အတွက်တော့ လောက ငရဲ။

ကျုပ်ဟာ ရမ်တစ်ပိုင်းမှာပြီး စားပွဲတစ်လုံးမှာ ဝင်ထိုင် လိုက်တယ်။

"ဟ...... ကိုယ့်လူပါလား။ အတော်ပဲ ဒကာရှာနေတာ အခေါ်ကြာပြီ"

ဒေါက်တာ ဝင်းညို။

ရွှေစင်ရှိုဟာ ကျုပ်ကို မြန်နွှာလမ်းက ကားနဲ့တင်လာပြီး ဆေးကုသပေးခဲ့တဲ့ ဒေါက်တာဝင်းညိုပေါ့။ သူ့မျက်နှာကလည်း နီလို့။

"ကျုပ်ကို မှတ်မိသလား"

"အား...... မှတ်မိတာပေါ့ ဒေါက်တား သိပ်မှတ်မိတာပေါ့။ လာ...... ထိုင်ဗျာ၊ ခင်ဗျား ဘယ်လိုက ဘယ်လို သီတဂူကနေ ဒီ ကို ရောက်လာတာလဲ"

ကျုပ်က ဝမ်းပန်းတသာ ဖိတ်ခေါ်လိုက်မိတယ်။

"သီတဂူမှာ သိပ်မစားသာတော့ဘူးဗျာ၊ ဒါကြောင့် မိုင်း မြို့င်ကို ပြောင်းလာတာ"

သူက အရက်တစ်ခွက်ကို လည်ချောင်းထဲ သွန်ထည့်လိုက် ရင်းဆိုတယ်။ အင်း...... အရက် အရက်၊ လူတော်သလောက် အရက် ကို ကိုးကွယ်ခဲ့လို့ ဘဝပျက်နေရှာပါကလား။ ဒါပေမယ့် သူက ကျေးဇူးရှင်။

အရက်တစ်ခွက် ဝင်တယ်ဆိုရင်ပဲ သူ အာရှင်လာပြီ။

"မောင်ရင့်ကို ကျုပ် မျှော်မိသေးတယ်။ နှလုံးသားမှာ ကျည်ဆန်ဝင်လာရင် ခွဲပေးမလို့လေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ရယ်မိပါတယ်။

သို့ပေမယ့် ပျော်လို့ရယ်မိတာ မဟုတ်ပါဘူး။ ကျွန်ုပ် နှလုံးသားကို ဝင်နေတာက ကျည်ဆန်တဲ့။ အခံရခက်တဲ့ ခံစားမှုအတွေ့တွေ။

သူက နောက်တစ်ခွက် ထပ်သောက်တယ်။

"ဘယ့်နှယ်လဲ၊ မိုင်းမြို့မှာ ပြေလည်ရဲ့လား ဒေါက်တာ"

သူက ဟက်ခနဲ ရယ်လိုက်ပြီး.......

"အင်း.......ဆေးတော့ ကုရပါရဲ့။ ဒါပေမယ့် ကျွန်ုပ် ကုသရတဲ့ လူနာက အရွယ်ကလေးတစ်ယောက်ဗျ။ သူ့ကို ကားတစ်စီးက တိုက်ပြေးသွားလို့ သနားတာနဲ့ စေတနာနဲ့ ကုပေးနေတာ။ ပိုက်ဆံတော့ ဘယ်ရပ့ါမလဲ။ ဒါပေမယ့် ကျွန်ုပ်က ဆရာဝန်စိတ်ရှိတယ်။ သနားတတ်တယ်"

"ဗျာ.......အရွယ်ကလေး ဟုတ်လား"

"ဟုတ်တယ်.......မောင်ရင်၊ ကလေးတစ်ယောက်တောင် အသေစ်ပါလိုက်သေးတယ်။ အဲ.......ဒါပေမယ့် ဒီကောင်မလေးကို ကားတိုက်သွားတာ ခပ်ကောင်းကောင်းပဲ"

ကျွန်ုပ် အကြောအချဉ်တွေဟာ တင်းခနဲ ရှုံ့သွားတယ်။

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"အဲ.......ရှုရာက ပြန်ကောင်းလာတယ် ဆိုကြပါစို့။ ဒါပေမယ့် ပေါင်က ဒဏ်ရာက နည်းနည်းပြင်းတယ်။ ကျိုးပဲ့မသွားတာ ကံကောင်းတယ်လို့ ဆိုရမှာပဲ။ အခုတော့ စိတ်ချရပါပြီ။ တစ်ရက်နှစ်ရက်ဆို ကောင်းသွားမှာပါ"

"သူ....... သူ....... စိတ်ပြန်ကောင်းလာတယ်။ ပြီးတော့ ဘာ.......ဘာပြောသလဲ ဒေါက်တာ"

ကျွန်ုပ်အသံက တုန်ယင်နေတယ်။



ဒေါက်တာ ဝင်းညိုဟာ ကျွန်ုပ်ကို အံ့ဩသလို ကြည့်ရင်း ခပ်လေးလေး ပြောပါတယ်။

"သူ့အစ်ကိုက သူ့ကို ကားနဲ့တိုက်သွားတာတဲ့။ သူသေရင်လဲ သူ့အစ်ကိုကို ခွင့်လွှတ်တယ်လို့ ပြောလိုက်ပြီး သူ့သားကလေးကို စောင့်ရှောက်ရစ်ပါတဲ့ဗျာ။ သနားစရာကလေးပါ"

အို....... မင်းနီရယ်။

ကျွန်ုပ်ဟာ ကုလားထိုင်ပေါ်က ဝုန်းခနဲ ထလိုက်ပါတယ်။

"ဘာ....... ဘာဖြစ်တာလဲ မောင်ရင်"

"ကဲ.......ဒေါက်တာ၊ ခင်ဗျား ရမ်ဆယ်လုံးဝယ်ပြီး ခင်ဗျား အိမ်ကို မပြန်ချင်ဘူးလား"

"အသေအချာကို ပြန်ချင်ပါတယ် မောင်ရင်ရာ"

"ကဲ....... သွားစို့"

ကျွန်ုပ်နဲ့ဒေါက်တာဝင်းညိုဟာ မိုင်းမြို့မြို့အစွန်က အိမ်အိုကြီးတစ်လုံးအောက်ထပ်ကို ရောက်ခဲ့ကြတယ်။

သည်ညှ လ,မသာ။

အိမ်အောက်မှာလည်း လက်ဆွဲမှန်အိမ်ကလေးတစ်လုံး။

မီးရောင်ဟာ မှုန်ပျလှပေမယ့် သူတို့သားအမိကို ကျွန်ုပ် ကောင်းကောင်းကြီး မြင်ရပါတယ်။

မင်းနီဟာ ခုတင်ပေါ်မှာ ကွေးကွေးကလေးခွေလို့၊ သူ့ရင်ထဲမှာ သားကလေး။

"မင်းနီ"

သူ့မျက်လုံးတွေ ပွင့်လာတယ်။

"ရှင်....... အစ်ကို"

သို့အသံက ရင်ထဲကလာသလို သူ့အပြုံးက နှလုံးသားထဲက။

www.burmeseclassic.com



"အစ်ကိုရယ်၊ အစ်ကို မင်းနီ့ဆီကို လာတယ်နော်"

"ဒါပေါ့ မင်းနီရယ် ဒါပေါ့၊ မင်းနီ့ဆီကို အစ်ကို အပြီးအပိုင် ရောက်လာပါပြီကွယ်"

မင်းနီက ပြုံးလို့။

သူ့အပြုံးက လမင်းတစ်ရာ ဝင်းပသည်ထက်သာ......။

ဆွေလှိုင်ဦး

BURMESE CLASSIC

www.burmeseclassic.com